

တက္ကသိုလ်

# နေလင်းအောင်

စာစဉ်(၁)

# သိုင်းအိပ်မက်

စာမူခွင့်ပြုချက်အမှတ် - ၂၃၅/၂၀၀၄ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၄၇/၂၀၀၄ (၃)

•

ပထမအကြိမ်ပုံနှိပ်ခြင်း
၂၀၀၄ ခုနှစ်၊ ဇွန်လ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀ ကျပ်

•

ထုတ်ဝေသူ
ဒေါ်မိုးကေနိုင်(မျိုးတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

•

ပုံနှိပ်သူ
ဦးလှသိန်း၊ လှသိန်းဦးပုံနှိပ်တိုက်
အမှတ် (၁၂)၊ ဒေါနလမ်း၊ သာယာကုန်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

•

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း(မြဲ-၀၆၃၆၂)၊ ဖိုးဝအော့ဖ်ဆက်
အမှတ် ၁၄၇၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အခန်း [ ၁ ]

## စုစည်းမိသော မိတ်ဆွေများ

ချမ်းအန်းမြို့... ။

ချမ်းအန်းမြို့သည် ကြက်ပျံမကျ စည်ကားသိုက်မြိုက်လှသော မြို့တော်ကြီးဖြစ်သည်။

ခမ်းနားထည်ဝါသော အဆောက်အဦးကြီးများ၊ ညီညာဖြောင့်ဖြူးသော လမ်းမကြီးများ၊ စားသောက်ဆိုင်များ၊ ဈေးဆိုင်များရှိ၏။ ထိုမြို့တွင်း၌ ဝတ်ကောင်းစားလှ ဝတ်ဆင်ကာ ဥဒဟို သွားလာနေကြသူများ၊ စကားပြောသံ၊ ရယ်မောသံ၊ တေးသီချင်းသံများဖြင့် ဖုံးလွှမ်းလျက်ရှိနေပေသည်။ နေ့လည်း နေ့အလျောက်၊ ညလည်း ညအလျောက် လှုပ်ရှားနေသော မြို့ဖြစ်သဖြင့် နောက်ဆုံး၌ နေ့ကောညပါ သက်ဝင်လှုပ်ရှားနေသော မြို့တော်ကြီးအဖြစ် တွေ့မြင်ကြရတော့သည်... ။

ထို့ကြောင့်လည်းဟာန်ကျူးမြို့မှ သူဌေးသားလေး "ကျွန်းတင့်ရှီ"သည် ဖခင်၏ခွင့်ပြုချက်ဖြင့် အလည်အပတ်ခရီး ထွက်လာသောအခါ ညမအိပ်သော မြို့တော်ကြီးဆီသို့ ရောက်ရှိလာလေတော့၏။

ဆွေကျင့်လို တည်းခိုခန်း... ။

ဆွေကျင့်လို တည်းခိုခန်းသည် ချန်အန်းမြို့ရှိ တည်းခိုခန်းများတွင် အကောင်းဆုံး ဈေးအကြီးဆုံး ထိပ်တန်းတည်းခိုခန်းတစ်ခု ဖြစ်ပါသည်။ ထိပ်တန်းတည်းခိုခန်းကြီးအဖြစ် စာရင်းဝင်နိုင်ရန် အခန်းကောင်းရမည်။ အဆင်အပြင် သားနားရမည်။ အစားအသောက် ကောင်းရမည်။ သို့မှသာ ထိပ်တန်းတည်းခိုခန်းကြီး ဖြစ်နိုင်သည်။

ကျွန်းတင့်ရှီသည် တကယ့်သူဌေးသားဖြစ်သည်။ သာမန်ထက်ပိုသည့် သူဌေးသားမဟုတ်ပေ။ ထို့ကြောင့် သူသည် သာမည တည်းခိုခန်းတွင် မတည်းလိုပေ။ သူသည် တစ်ဦးတည်းလာသူ မဟုတ်ပေ။ သူ၏အိမ်ဖော် လုလင်တစ်ယောက်လည်း ပါလာသည်။

သူသည် ချန်အန်းမြို့သို့ ရောက်ရှိလာသောအခါ ဆွေကျင့်လို တည်းခိုခန်း၌ အခန်းငှားရမ်းကာ တည်းခိုခဲ့လေတော့သည်။

ကျွန်းတင့်ရှီသည် ရုပ်ရည်ချောမောခန့်ညားသော လူငယ်တစ်ယောက်ဖြစ်သကဲ့သို့ သဘောမနောကောင်းသူ၊ ယဉ်ကျေးသိမ်မွေ့သူလည်းဖြစ်သည်။

သူဌေးသားပီပီ ငွေကို ရေလိုသုံးနိုင်ပြီး ပေးကမ်းစွန့်ကြဲရာ၌လည်း ရက်ရောသူဖြစ်သည်။ သို့သော် သူဌေးသားတိုင်းတော့ ဤလို



လူမျိုးချည်း မဟုတ်ချေ။

ချန်အန်းမြို့သို့ အိမ်ဖော်လုလင် အားမုန်နှင့်အတူ လာရောက်လည်ပတ်ရင်း ရက်ပိုင်းအတွင်းမှာပင် "ကျူးပန်ရှင်း"၊ "ဝမ်းအင်းလင်"၊ "ဖန်းဟူ"ဆိုသော လူငယ်များနှင့် သိကျွမ်းကာ မိတ်ဆွေရင်းချာများပမာ ခင်မင်ရင်းနှီးခဲ့ကြလေတော့သည်။

"ကျူးပန်ရှင်း"သည် မင်းညီမင်းသား အမျိုးအနွယ်ဖြစ်သည်။ "ဝမ်းအင်းလင်"မှာ ကျိုက်ဖျိုတက် ချမ်းသာကြွယ်ဝသော သူဌေးကြီး ဝမ်းပေဝမ်း၏ သားဖြစ်သည်။

ဖန်းဟူသည်ကား ဗဟုသုတပြည့်စုံကာ နေရာတကာတွင် နှံ့နှံ့စပ်စပ်ရှိသူ ဖြစ်လေသည်။ အသိပညာနှင့် ပြည့်စုံသော ရှစ်စက ဂျင်ခြေလည်သူဟု ပြောဆိုနိုင်သူဖြစ်သည်။

အားမုန်နှင့် ခရီးထွက်လာသော ကျွန်းတင့်ရှီသည် မိတ်ဆွေသူငယ်ချင်းများ ရရှိလာသဖြင့် ချန်အန်းမြို့သို့ လာရောက်လည်ပတ်ရခြင်းကို နှစ်ထောင်းအားရ ဖြစ်နေမိလေပော့သည်။ မိတ်ကောင်းဆွေကောင်း ရရှိခြင်းဆိုသည်မှာ ရခဲသည့် ဒုလ္လဘတရားတစ်ခုပင်။

လူရည်လည်သော ဖန်းဟူသည် တစ်ရသောညနေခင်း၌ မကြာသေးမီကမှ သိကျွမ်းခင်မင်ခဲ့ကြသည့် လူငယ်သူငယ်ချင်းလေးယောက် ဝိုင်းဖွဲ့ထိုင်ကာ စားသောက်နေချိန်၌ တောင်းဆိုမှုတစ်ခု ပြုလုပ်လာလေ၏။

"ကျုပ်ကတော့... သည်မှာဝိုင်းဖွဲ့ စားသောက်ရတာ ထင်

သလောက် ပျော်ရွှင်မှုမရနိုင်ဘူးလို့ တွေးမိတယ်... သည်တော့ အားလုံးက ကျုပ်အပေါ်မှာ ခင်မင်ကြတယ်ဆိုရင်... ကျုပ်နဲ့ အလည်လိုက်ခဲ့စေချင်ပါတယ်... အင်မတန် ပျော်စရာကောင်းတဲ့နေရာတစ်ခုကို... ကျုပ်ခေါ်သွားပါရစေ... "

ထိုစကားကြောင့် ဝမ်းအင်းလင်၊ ကျန်းတင့်ရှီနှင့် ကျူးပန်ရှင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြ၏။

ထိုစဉ် ကျူးပန်ရှင်းက မေးလိုက်သည်။

"ကျုပ်တို့ကို... ဘယ်နေရာခေါ်သွားမယ်ဆိုတာလေးကို လောက်တော့ ဖွင့်ပြောမပြနိုင်ဘူးလားဗျာ... "

ဖန်းဟူက ရယ်မောလိုက်သည်။

"ဟား... ဟား... ဟား... ဒါက လျှို့ဝှက်ချက်ကြီးမှ မဟုတ်တာဘဲဗျာ... ကျုပ်က ဘာဖြစ်လို့ မပြောနိုင်ရမှာလဲ... ခင်ဗျားတို့ကို ခေါ်သွားမှာက ရေပေါ်နန်းတော်ဗျ... "

ထိုစကားကို ကြားမိသောအခါ ဝမ်းအင်းလင်မှာ ဟိုက်ခနဲ အော်မိလေ၏။

ရေပေါ်နန်းတော်...

ရေပေါ်နန်းတော်ဆိုသည်မှာ သာယာလှပသော ရေကန်ကျယ်ကြီးအတွင်း၌ ဖွင့်လှစ်ထားသော စားသောက်ဆိုင်ငယ်အမည် ဖြစ်ပါသည်။ ရေကန်ထဲ၌ လှပခမ်းနားစွာ ပြင်ဆင်ထားသော ရွက်လှေကြီးတစ်စီးကို ကျောက်ချရပ်နားထားပြီး ထိုလှေကြီးပေါ်တွင် ခမ်းခမ်းနားနား စားသောက်ဖွယ်ရာအခန်းများကို ပြင်ဆင်ထားခြင်း ဖြစ်ပါသည်။ ကုန်းပေါ်နှင့် ရေထဲ၌ တည်ရှိခြင်းတည်းဟူသော ခြားနားမှုက လူများ၏စိတ်ကို အထူးအဆန်း ဖြစ်စေသည်မဟုတ်ပါလား။

ရေပေါ်နန်းတော်တွင် ပုစွန်၊ ဂဏန်း၊ ပြည်ကြီးငါး အစရှိသော ရေထွက်စားသောက်ဖွယ်ရာများ ရရှိနိုင်သကဲ့သို့ သာယာငြိမ့်ညောင်းသော တေးသံသာများနှင့်အတူ လိပ်ပြာကလေးများ ပျံဝဲနေသည့် အလား လှပစွာ ကပြအသုံးတော်ခံနေသော ကချေသည် မိန်းမချောလေးများလည်း ရှိသည်။

စားသောက်ရင်း တေးသံသာများကို နားဆင်နိုင်သကဲ့သို့ မိန်းမချောလေးများ၏ ပြုစုယုယမှုကိုလည်း ခံယူနိုင်လေသည်။ ထိုရေပေါ်နန်းတော်တွင် အထူးအစီအစဉ်လည်း ရှိသည်။

ရေပေါ်နန်းတော် ရေယာဉ်ကြီးပေါ်၌ အများနှင့် ရောနှော စားသောက်ကာ စားသောက်ခြင်းမပြုလိုလျှင် သီးသန့်စီစဉ်ထားသော လှေငယ်ကလေးများဖြင့် ရေကန်ကြီးအတွင်း လှော်ခတ်ကာ လေညှင်းခံရင်း စားသောက်နိုင်သည်။

ရေပေါ်နန်းတော်သည် အပျော်အပါး ဝါသနာထုံသော ကြေးရတတ် လူငယ်လူရွယ်များကြား၌ အလွန်ထင်ပေါ်ကျော်ကြားလျက် ရှိပါတော့သည်။ ထိုရေပေါ်နန်းတော်ကို စိတ်ဝင်စားသူသည် ကျိုကျိုတက်ချမ်းသာပြီး ငွေကိုရေလိုသုံးဖြုန်းနိုင်သူ ဖြစ်ရပေလိမ့်မည်။

ဖန်းဟူက ရယ်မောလိုက်သည်။

"နောင်ကြီး ဝမ်းအင်းလင်က... ဘယ်လိုကြောင့်များ တအံ့တသြ ဖြစ်သွားရတာလဲဗျာ... "

ဝမ်းအင်းလင်က တဟားဟား ရယ်မောလိုက်သည်။

"ဪ... သည်လောက် ထင်ပေါ်ကျော်ကြားပြီး... ဈေးကြီးလှတဲ့ ရေပေါ်နန်းတော်မှာ ဧည့်ခံမယ်ဆိုလို့ အံ့ဩသွားမိတာပါဗျာ... ရေပေါ်နန်းတော်အကြောင်း ကြားသိဖူးသူတိုင်း... ကျွန်တော့်လို အံ့ဩမိကြမှာပါဗျာ... "

သူ၏စကားကြောင့် အားလုံးက ဝိုင်းရယ်လိုက်ကြလေသည်။ ထို့နောက် ရေပေါ်နန်းတော်သို့ သွားကြရန် စိုင်းပြင်းလိုက်ကြလေတော့သည်။

~~~~~~~~

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေ၏။

ကြယ်ပွင့်ကလေးများကလည်း အနက်ရောင် ကမ္ဘလာပေါ်၌ စိန်ပွင့်ကလေးများ ပက်ကြဲထားသည့်အလား ရှိနေသည်။

ကြာညိုနှံ့သင်းသော လေပြည်လေညှင်းက သုန်သုန်ညှင်းညှင်း တိုက်ခတ်နေပြီး ကန်ရေပြင်ဝယ် လှိုင်းကြက်ခွပ်ကလေးများ ထနေ၏။

သီးသန့်စားပွဲများ ခင်းကျင်းထားသော လှေငယ်လေးများသည် မီးရောင်မှိတ်တုတ်မှိတ်တုတ်ဖြင့် ရှိနေပြီး ပင်မစားသောက်ခန်းမကြီးရှိသော ရေပေါ်နန်းတော် (ဝါ) ရေယာဉ်ကြီးသည် မီးရောင်များ ထိန်ထိန်ညီးလျက် ခမ်းနားထည်ဝါစွာ ရှိနေ၏။



တေးသံသာများကလည်း လွင့်ပျံ့နေသည်။

ကျွန်းတင့်ရီတို့သည် ကူးတို့လှေကလေးတစ်စီးဖြင့် ရေပေါ်နန်းတော်ရှိရာ ရေယာဉ်ကြီးပေါ်သို့ ရောက်ရှိလာပြီဖြစ်ပါသည်။

လေးယောက်သား စားပွဲတစ်လုံး၌ နေရာယူကာ ရေထွက်အစားအစာ ဟင်းလျာများ မှာကြားစားသောက်လိုက်ကြ၏။

မှာကြားသည့် ဟင်းလျာများမှာ အလျှံပယ်ဖြစ်သည်။ သူတို့လေးယောက် စားမကုန်သော အစားအသောက်များဖြစ်သည်။

ဤရေယာဉ်ကြီး၌ ထူးဆန်းသော အရက်တစ်မျိုး ရှိသည်။ ထိုအရက်ကား ရေညှိပင်များမှ ချက်လုပ်ထားသော အရက်တစ်မျိုးပေတည်း။

ကျွန်းတင့်ရီတို့ကား ပူပင်သောက မြူမှုန်မျှမရှိ၊ အချိန်တိုင်း ပျော်လပ်စွာ ပျော်ပါးနိုင်သော လူငယ်လူရွယ်များ ဖြစ်နေကြပါတော့သည်။

ဝမ်းအင်းလင်နှင့် ကျူးပန်ရှင်းတို့သည် အပျော်အပါးမကင်းသော လူငယ်များဖြစ်၍ မထူးခြားသော်လည်း ကျွန်းတင့်ရီမှာ ယခုကဲ့သို့ မတွေ့အကြုံမျိုးကို ယခင်က မတွေ့ကြုံဘူးခဲ့သဖြင့် လွန်စွာမျက်နှာပွင့်နေသည်။ မျက်နှာမထားတတ်အောင် ဖြစ်နေသည်။

စားသောက်သည့်အခါ ဖိတ်စင်ကုန်သည်။

ပန်းကန်ခွက်ယောက်များ ကိုင်သောအခါ အယောင်ယောင်
~~~~~~~~

အမှားမှား ဖြစ်ကုန်သည်။

မိန်းမချောလေးများက အနီးကပ် ပြုစုပေးနေသည်ကို ကျွန်းတင့်ရီ မနေတတ်အောင် ဖြစ်နေသည်ကို တွေ့ရလေသောအခါ အားလုံးက တဝါးဝါးဖြင့် ပွဲကျနေကြလေတော့သည်။

ထိုစဉ်...

"ဒုန်း... "

ကျယ်လောင်သောအသံကြီး ထွက်ပေါ်လာလေ၏။

ရေပေါ်နန်းတော် ရေယာဉ်ကြီးအား တစ်စုံတစ်ခုသောအရာက ဝင်ဆောင့်မိလိုက်ပုံရသည်။

ဆူဆူညံညံ အသံများ ထွက်ပေါ်လာကာ တစ်စင်းလုံး လှုပ်ယမ်းသွားပြီး စားပွဲပေါ်ရှိ ပန်းကန်ခွက်ယောက်များ ကြမ်းပြင်ပေါ်သို့ လွင့်စင်ကျကုန်လေတော့သည်။

အဘယ်ကြောင့် ထိုသို့ ဖြစ်ရပါသနည်း... ။ ရေပေါ်နန်းတော်ကြီးအား တစ်စုံတစ်ခုက ဆောင့်မိခဲ့လေပြီ။

ရေပေါ်နန်းတော် ရေယာဉ်ကြီးက ကျောက်ချရပ်နားထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့်မည်သည့်အရာဝတ္ထုကိုမှ ဝင်တိုက်မိစရာ အကြောင်းမရှိပါချေ။

ရေပေါ်နန်းတော် ရေယာဉ်ကြီးကိုသာ တစ်စုံတစ်ရာက ဝင်ရောက်လိုက်ခြင်းဖြစ်ကြောင်း ထင်ရှားနေသည်။ အန္တရာယ်တစ်ခု တစ်ခု ကပ်ငြိလာခြင်းဖြစ်သည်ဟုလည်း ထင်မှတ်နိုင်သည်။



ထို့ကြောင့် အားမှန်က ဝေါက်ခနဲ ထရပ်လိုက်သည်။

အားမှန်သည် ရဲရင့်သော လူငယ်တစ်ယောက် ဖြစ်ပါသည်။ ကျွန်းတင့်ရီအပေါ်၌ အသက်ပေးကာ သစ္စာစောင့်သိသော အိမ်ဖော်လုလင်လေးလည်း ဖြစ်သည်။

အန္တရာယ်ကျရောက်လာလျှင် ကျွန်းတင့်ရီအားအကာအကွယ်ပေးရန် အသင့်ရှိနေခြင်း ဖြစ်တော့သည်။

အားမှန် ကြည့်လိုက်သောအခါ လှေငယ်တစ်စီးက ဝင်တိုက်လိုက်ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

ဝင်တိုက်လိုက်သည့် လှေငယ်ပေါ်၌ လူတစ်ယောက် မားမားမတ်မတ် ရပ်နေသည်ကို တွေ့ရသည်။

ထိုလူက လှေငယ်၏ လှေနံတစ်ဖက်ပေါ်၌ ခြေတစ်ချောင်းထောက်ကာရပ်နေပြီး ကျန်ခြေတစ်ဖက်ဖြင့် ရေပေါ်နန်းတော် ရေယာဉ်ကြီးအား ခြေထောက်ဖြင့် ကန်ကျောက်လိုက်ခြင်းဖြစ်သည်။ ရေပေါ်နန်းတော် ရေယာဉ်ကြီး သွက်သွက်ခါသွားရသည်ကို ကြည့်ခြင်းဖြင့် ထိုလူငယ်ခြေထောက်ကန်ချက် မည်မျှပြင်းထန်နေသည်ကို သိနိုင်သည်။

ကျွန်းတင့်ရီတို့လည်း ထိုလူငယ်လုပ်ရပ်ကို တွေ့လိုက်ရသောအခါ တအံ့တသြ ဖြစ်သွားကြလေသည်။

"အတော်ကို သန်မာတဲ့လူပါလား... "

ကျွန်းတင့်ရီ တီးတိုးရေရွတ်လိုက်မိသည်။

ရေပေါ်နန်းတော်ပေါ်မှ လူများကား မျက်စိမျက်နှာ ပျက်နေ

ကြသဖြင့် ကြောက်ရွံ့ထိတ်လန့်နေကြောင်း ထင်ရှားနေသည်။ တာဝန်ရှိသူတစ်ယောက်သည် ချက်ချင်းပင် အနီးသို့ ရောက်ရှိလာပြီး ဖန်းဟူကို ဦးညွတ်လိုက်လေသည်။

"ဆရာလေး ဖန်းဟူ... ဟိုလူက လာပြီးနှောင့်ယှက်နေပါပြီ... ကျေးဇူးပြုပြီး ဝင်ရှင်းပေးပါဦးဗျာ... "

ဟူ၍ တောင်းပန်ပြောဆိုလာလေသည်။

ထိုစကားကြောင့် ကျန်းတင်ရီတို့က ဖန်းဟူကို ဝိုင်းကြည့်လိုက်ကြလေ၏။

ယခု ဖြစ်ပေါ်လာသော ပြဿနာသည် ဖန်းဟူနှင့် တစ်နည်းတစ်ဖုံ ပတ်သက်နေရမည်ဟု သတိပြုမိလိုက်သည်။

ဖန်းဟူက တာဝန်ခံအား လက်ရှေ့ယမ်းပြလိုက်သည်။

"ခင်ဗျား ဘာမှမပူနဲ့... ကျုပ် ရှင်းပေးမယ်... ဟုတ်ပြီလား... ခင်ဗျား လုပ်စရာရှိတာကိုသာ သွားလုပ်နေပါ... "

"ကောင်းပါပြီဗျာ... ကောင်းပါပြီ... "

တာဝန်ခံလည်း ချက်ချင်းထွက်သွားသည်။ ဖန်းဟူက ကျန်းတင်ရီတို့ဘက်သို့လှည့်ကာ ပြုံးပြရင်း ရှင်းပြသည်။

"အမှန်တော့... သည်ရေပေါ်နန်းတော်ကို ဘယ်သူမဆို လာရောက်စားသောက်ပိုင်ခွင့်ရှိပါတယ်... ဒါပေမဲ့... ကျုပ်က သည်ကနေမှာ မိတ်ဆွေသူငယ်ချင်းတွေကို လွတ်လွတ်လပ်လပ် စားသောက်စေချင်လို့ သီးသန့်ငှားရမ်းလိုက်တာ... ပိုင်ရှင်က ကျုပ်တစ်ဦးတည်းကို



လက်ခံလိုက်ပါတယ်... ကျုပ်တစ်ဦးတည်းကို လက်ခံလိုက်တော့... တခြား ဘယ်သူ့ကိုမှ လက်မခံတော့ဘူးပေါ့... ဒါပေမဲ့... သည်ကနေ့မှ လူ တစ်ယောက်ကလည်း... သည်မှာလာပြီး စားသောက်ပျော်ပါးချင်နေတယ်... သူ့ကို လက်မခံတော့... ဒေါသဖြစ်ပြီး ရန်မူလာတာပေါ့လေ... "

သူ၏စကားကြောင့် မမျှော်လင့်ဘဲ ပြဿနာပေါ်ပေါက်လာပြီဖြစ်ကြောင်း အားလုံးနားလည်လိုက်ကြတော့သည်။ ဒီပြဿနာကို ဖန်းဟူ ဘယ်လိုရှင်းမှာပါလိမ့်ဟု အားလုံးက တွေးတောနေကြ၏။

ဖန်းဟူက ဆက်ပြောသည်။

"သည်ကနေ့... ကျုပ်က အိမ်ရှင်လိုဖြစ်နေတော့... ကျုပ်ပဲ တာဝန်ယူပြီး ဖြေရှင်းလိုက်ပါ့မယ်... မိတ်ဆွေတို့ အေးအေးဆေးဆေးသာ နေကြပါဗျာ... "

သူက ထိုင်ရာမှ ထလိုက်လေသည်။

မီးလောင်မည့် ပြဿနာအား ရေအေးလောင်း၍ ဖြေရှင်းလိုသော ကျူးပန်ရှင်းက ဝင်၍ပြောလိုက်၏။

"ပျော်စရာကောင်းတဲ့ ညချမ်းလေးမှာ ပြဿနာပေါ်လာမှာကို မလိုလားပါဘူးဗျာ... အခု ရောက်လာတဲ့လူက ခေမယ်မထင်ဘူး... ကျုပ်တို့အတွက် မိတ်ဆွေတစ်ယောက် တိုးလာတော့လည်း ပိုပြီးပျော်စရာကောင်းတာပေါ့ဗျာ... ကျုပ်တို့နဲ့အတူလာပြီး စားသောက်ဖို့ ဖိတ်ခေါ်လိုက်ပါလား... "

ဖန်းဟူက အခြားသူများကို အကဲခတ်လိုက်သည်။

ကျွန်းတင့်ရီကလည်း ပြဿနာ ဖြစ်ပေါ်လာမည်ထက် မိတ်ဆွေတစ်ယောက်တိုးလာခြင်းက ပိုကောင်းသည်ဟု ထောက်ခံလိုက်၏။ ဝမ်းအင်းလင်ကလည်း သဘောတူလိုက်ရာ ဖန်းဟူ လက်ခံလိုက်လေ၏။

"ကောင်းပြီ... မမျှော်လင့်ဘဲ ရောက်လာတဲ့ဧည့်သည်ကို ကျူပ်ဖိတ်ခေါ်လိုက်ပါ့မယ်ဗျာ... အားလုံးက အေးအေးချမ်းချမ်း ဖြစ်စေချင်တော့... အေးအေးချမ်းချမ်းပဲပေါ့... "

သူက လှေဦးသို့ လှမ်းထွက်လိုက်သည်။

ရေပေါ်နန်းတော် ရေယာဉ်ကြီးနှင့် ဘေးချင်းယှဉ်ကာ ရပ်ထားသည့် လှေငယ်လေးပေါ်မှ လူအား ဦးညွှတ်လိုက်သည်။

"မိတ်ဆွေ... ကျူပ်တို့နဲ့အတူ ပျော်ပျော်ပါးပါး စားသောက်ဖို့ အပေါ်ကို တက်ခဲ့ပါလို့ ဖိတ်ခေါ်ပါတယ်ဗျာ... "

သူ၏စကားအဆုံးတွင်...

"ကောင်းပြီ... "

ထိုလူ၏ခန္ဓာကိုယ်သည် လှေကလေးပေါ်မှ ကြွတက်ကာ ငှက်တစ်ကောင် ပျံဝဲလာသည့်အလား ရေယာဉ်ကြီးပေါ်သို့ ပေါ့ပါးစွာ ရောက်ရှိလာလေတော့သည်။

ထိုလူငယ် လှုပ်ရှားပုံကိုကြည့်ပြီး အားမုန်က လွတ်ခနဲ ချီးကျူးမိ၏။



"ကောင်းလိုက်တဲ့ ကိုယ်ဖော့ပညာ... "

ကျွန်းတင့်ရီက မျက်စောင်းထိုးကြည့်လိုက်သဖြင့် အားမုန် ပါးစပ်ပိတ်သွားလေ၏။

ရေပေါ်နန်းတော်သို့ ရောက်လာသူကား အသက်လေးဆယ်နီးပါးရှိပြီး ကြမ်းတမ်းခက်ထန်သည့် အသွင်သဏ္ဌာန်ရှိလေ၏။

ထိုလူရောက်လာသည်ကိုမြင်လျှင် ဆိုင်လုလင်များ ကပျာကယာ နောက်ဆုတ်လိုက်သည်။

အားလုံးသည် ထိုလူအား ကြောက်ရွံ့ထိတ်လန့်နေကြပုံ ပေါ်လွင်နေ၏။ ဆိုင်လုလင်တစ်ယောက်က စိတ်ပျက်လက်ပျက်လေး ညည်းတွားလိုက်သည်ကို ကျွန်းတင့်ရီ ကြားလိုက်မိလေသည်။

"သည်လူဟာ အတော်ကြောက်စရာကောင်းတယ်... အရင်လတုန်းကလည်း တစ်ခေါက်လာပြီး သောင်းကျန်းဖူးတယ်... သူသဘောမကျတဲ့ ဆိုင်လုလင်တွေကို ရိုက်နှက်ပြီး ရေထဲပစ်ချခဲ့တာ... ခုလည်း ရောက်လာပြန်ပြီ... ဘယ်လို သောင်းကျန်းဦးမလဲမသိဘူး... "

ကျွန်းတင့်ရီနှင့် အားမုန်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။

အားမုန်သည် ယခင်က ထိုလူကို ချီးကျူးခဲ့သော်လည်း ယခုမူ ကြောက်ရွံ့နေလေပြီ။

ကျွန်းတင့်ရီ ပြုံးပြလိုက်လေသည်။

"အားမုန်... မင်း သိုင်းပညာ သင်ထားတာပဲမဟုတ်လား...

ကြောက်စရာမလိုပါဘူးကွာ… သူလည်း သိုင်းပညာနဲ့ ဒီလေ့ပေါ် တက်လာတာကွ… "

အားမုန် ပန်းတွန့်ကား ဘာမှမပြောချေ။

ထိုစဉ် ဖန်းဟူက ထိုင်ရာမှထကာ နှုတ်ဆက်စကား ဆိုလိုက်သည်။

"သည်ကနေ့ဟာ… ကျုပ်တို့ သူငယ်ချင်းလေးယောက် ပျော်ပျော်ပါးပါး စားသောက်ချင်တာနဲ့ ရေပေါ်နန်းတော်ကို တစ်ညတာ ငှားရမ်းထားလိုက်တာပါဗျာ… နောင်ကြီးက ရေပေါ်နန်းတော်မှာပဲ ပျော်တယ်ဆိုရင်… ကျုပ်တို့ရဲ့ ဧည့်သည်အဖြစ် ကြွရောက်သုံးဆောင်ဖို့ ဖိတ်ကြားပါတယ်… ကျုပ်တို့နဲ့အတူ မိတ်ဖြစ်ဆွေဖြစ် ပျော်ပျော်ပါးပါး စားသောက်ဖို့ လေးလေးစားစား ဖိတ်ခေါ်ပါတယ်ဗျာ… "

ထိုလူသည် ဖန်းဟူ၏စကားကြားလျှင် မျက်မှောင်ကုတ်သွားပြီးမှ ခေါင်းမော့ကာ တဟားဟားရယ်မောလိုက်လေသည်။ အတွင်းအားကောင်းသူဖြစ်ရကား သူ၏ရယ်သံမှာ လိုဏ်သံပေါက်နေတော့သည်။

"ကောင်းတယ်… သိပ်ကောင်းတယ်… ကျုပ်တစ်ယောက်တည်း စားသောက်ရမှာထက်… မိတ်ဆွေအပေါင်းအသင်းတွေနဲ့ စားသောက်ရမှာဆိုတော့… ပိုပြီး ပျော်စရာကောင်းတာပေ့ါ… သည်ကနေ့ည ရေပေါ်နန်းတော်ကို လာရကျိုးနပ်သွားပြီ… "

ထိုလူက ဖန်းဟူ၏ ဖိတ်ကြားမှုကို လက်ခံလိုက်သည်။



"ကြွပါဗျာ… ကြွပါ… "

ဖန်းဟူကပင် နေရာထိုင်ခင်းပေးလိုက်၏။

ထိုလူသည် စားပွဲအနီးသို့ လျှောက်လာပြီး ထိုင်ခုံ၌ ထိုင်မချမီ ကျွန်းတင့်ရီတို့အားလုံးအား ဦးညွတ်လိုက်လေသည်။

"ကျုပ်နာမည် "ထားဝူ"လို့ ခေါ်ပါတယ်… ကုန်းမြင့်ဒေသက လာခဲ့တာပါ… မြင်းအရောင်းအဝယ်လုပ်ပါတယ်… သည်ကနေ့ည မမျှော်လင့်ဘဲ မိတ်ဆွေတို့နဲ့ ခင်မင်ရင်းနှီးရတာ ဝမ်းသာဂုဏ်ယူလို့ မဆုံးပါဘူး… "

ဖန်းဟူတို့ကလည်း ပြန်လည်မိတ်ဆက်လိုက်ကြလေသည်။

ကျွန်းတင့်ရီအတွက် မမျှော်လင့်ဘဲ နောက်ထပ်မိတ်ဆွေတစ်ယောက် ရရှိလိုက်ခြင်းဖြစ်လေသည်။

ထားဝူသည် ကြမ်းတမ်းမည့်အသွင်ရှိသော်လည်း ရန်မပြုသည့်အပြင် ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဆက်ဆံလာလေသည်။ ထို့ကြောင့် ဝိုင်းဖွဲ့စားသောက်ရင်း ပို၍ရင်းနှီးသွားကြလေတော့သည်။

အားလုံး ပျော်ပျော်ပါးပါး စားသောက်ကြပြီး ညဉ့်နက်မှ လူစုခွဲလိုက်ကြလေတော့သည်။

~~~~~~~~
~~~~~~~~

## အခန်း [ ၂ ]

## ခြောက်ကပ်သောမွေးနေ့ပွဲ

သန်းခေါင်ယံ... ။

ကျွန်းတင့်ရီနှင့် အားမုန်တို့သည် မြို့လယ်ရှိ တည်းခိုခန်းသို့ ပြန်လည်ရောက်ရှိလာကြလေ၏။

သို့သော် နှစ်ယောက်စလုံး အိပ်စက်အနားယူနိုင်ခြင်း မရှိကြသေးချေ။

ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ကျွန်းတင့်ရီက ပြန်လည်သုံးသပ်ပြနေ၏။

ကျွန်းတင့်ရီက အားမုန်ကို မေးသည်။

"အားမုန်... ထားဝူဆိုတဲ့လူကို... မင်း ဘယ်လိုသဘောရသလဲ... "

"ကျွန်တော်တော့ သဘောမကျဘူး သခင်လေး... သူဟာ



လူကောင်းတစ်ယောက် မဖြစ်နိုင်ဘူး... သူ့ပုံစံကလည်း ကြမ်းတမ်းတယ်... သခင်လေးတို့လို မနူးညံ့ မသိမ်မွေ့ဘူးဗျာ... "

အားမုန်က ချက်ချင်းပင် သူ့အမြင်ကို ပြော၏။

ကျွန်းတင့်ရီ ပြုံးလိုက်သည်။

"မင်း အရင်က... ဖန်းဟူ... ဝမ်းအင်းလင်... ကျူးပန်ရှင်းတို့ကိုလည်း လူကောင်းတွေမဟုတ်ဘူးလို့ ထင်ခဲ့တာပဲမဟုတ်လားကွ... "

အားမုန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ... သူတို့ဟာ လူဘော်ကျေဂွတွေပဲ မဟုတ်လား... အလုပ်အကိုင် ပြစရာမရှိဘူး... သုံးလိုက် ဖြုန်းလိုက်နဲ့ အပျော်အပါးပဲ လိုက်စားနေကြတာ... သူတို့ဟာ ဘယ်လိုလုပ်ပြီး တန်ဖိုးရှိတဲ့လူတွေဖြစ်နိုင်မှာလဲ... တန်ဖိုးရှိတဲ့လူဟာ... "

ကျွန်းတင့်ရီက နှုတ်ခမ်းတွင် လက်ညှိုးတေ့ကာ သတိပေးလိုက်ရလေ၏။

"ရှူး... တိုးတိုးပြောစမ်းပါကွာ... မင်းက အာပြဲကြီးနဲ့... "

အားမုန်က ပြုံးလိုက်၏။

"ပူစရာမလိုပါဘူး သခင်လေးရာ... စုချိန်လောက်ဆို သူတို့ တခေါခေါနဲ့ အိပ်မောကျနေပါပြီဗျ... "

"ခက်တာပဲ... သူတို့ဟာ ငါ့အပေါ် အတော်ကောင်းကြပါတယ်ကွာ... ချုန်အန်းကို ရောက်လာပြီး သူတို့နဲ့သာ အပေါင်းအသင်း မဖြစ်ခဲ့ရင်... အတော့်ကို ပျင်းစရာကောင်းမှာကွ... "

အားမှုန်သည် ထိုစကားကိုလည်း မကျေမနပ်ဖြစ်သွားသည်။

"သခင်လေးက ကျွန်တော်နဲ့ နှစ်ယောက်တည်း လျှောက်သွားနေရတာကို... ပျင်းနေပြီဟုတ်လား... သူများကို အဖော်ပြုရမှ ပျော်ရတော့မယ်ဆိုပါတော့... "

"ဟား... ဟား... ဟား... အားမှုန်... မင်း တော်တော်စကားတတ်နေပါလားကွ... "

ကျွန်းတင့်ရီသည် အားမှုန်က စကားနာထိုးလိုက်သည်ကို အပြစ်မယူသည့်အပြင် သဘောကျစွာ ရယ်မောနေပါတော့သည်။

အမှန်တော့... ကျွန်းတင့်ရီသည် ငယ်စဉ်ကပင် အားမှုန်ကို အဖော်ပြုခဲ့ရသည်။ အားမှုန်သည် သူ့ထက် အသက်နည်းနည်းကြီးသော်လည်း သခင်နှင့် အိမ်ဖော်ဖြစ်သဖြင့် အားမှုန်က ရိုကျိုးစွာ စကားပြောရသည်။ ဆော့ကစားလည်း အတူတူ၊ စာကျက်တော့လည်း အတူတူဖြစ်သည်။ အရွယ်ရလာသောအခါ ဖခင်ကြီးက အရင်းအနှီးထုတ်ပေးပြီး ကုန်ရောင်းကုန်ဝယ် ပြုလုပ်နိုင်းရာ၌လည်း အားမှုန်မှာ ကျွန်းတင့်ရီ၏ လက်ကတုံးတောင်ဝှေး ဖြစ်ခဲ့သည်။

အရောင်းအဝယ် လည်ပတ်သဖြင့် ငယ်ငယ်ရွယ်ရွယ်နှင့် အမြတ်အစွန်း အတော်များများရအောင် ရှာဖွေနိုင်ခဲ့သောအခါ ဖခင်ကြီးမှာ များစွာနှစ်ထောင်းအားရဖြစ်ကာ အတွေ့အကြုံဗဟုသုတ ကြွယ်ဝစေဖို့ အပျော်ခရီးထွက်ရန် ခွင့်ပြုခဲ့လေ၏။

ဤသို့ဖြင့်... ကျွန်းတင့်ရီနှင့် အားမှုန်တို့သည် နာမည်ကျော်



ချန်အန်းမြို့သို့ ရောက်ရှိလာခဲ့ကြခြင်း ဖြစ်လေတော့သည်။

ကျွန်းတင့်ရီက ချန်အန်းမြို့၌ သွားလာလည်ပတ်ရင်း ဖန်းဟူတို့နှင့် မိတ်ဆွေဖြစ်ခဲ့သောအခါ အားမှုန်နှင့် စိတ်အခန့်မသင့် ဖြစ်လာလေတော့၏။ အားမှုန်သည် အိမ်ဖော်လုလင်ဖြစ်သော်လည်း စိတ်ထားကောင်းမွန်သူဖြစ်သည်။

တစ်နေ့ တစ်နေ့ အလည်အပတ်နှင့် အပျော်အပါးကိုသာ ဦးစားပေးနေသော ဖန်းဟူတို့အား အားမှုန်က သဘောမကျခဲ့ပါချေ။

"သခင်လေး... ချန်အန်းမှာ ကျွန်တော်တို့ ရက်တွေအတော်ကြာနေပြီ... သခင်ကြီးလည်း စိတ်ပူနေတော့မယ်... အိမ်ပြန်ကြရင်ကောင်းမယ်... ကျွန်တော်တို့လုပ်တဲ့ အလုပ်တွေကလည်း တန်းစီနေတော့မှာပဲ... "

အားမှုန်က အိမ်ပြန်ရန် ပြောလာသောအခါ ကျွန်းတင့်ရီ ခေါင်းညိတ်လိုက်ရသည်။ သူတို့ ချန်အန်းမှာလည်း အတော်ကြာခဲ့လေပြီ။

"ဖေဖေ... စိတ်ပူနေမယ်ဆိုတာ ငါနားလည်ပါတယ်ကွာ... မကြာခင်... ဟန်ကျိုးကိုပြန်ဖို့ စဉ်းစားထားပါတယ်... "

အားမှုန်က ပြောလေ၏။

"မကြာခင်ဆိုတော့... ချက်ချင်းမပြန်သေးဘဲ သည်မှာနေဦးမယ်ပေါ့... ဒါမှမဟုတ်ရင် ဘယ်ကိုသွားမယ်များ စိတ်ကူးထားလို့လဲ... ကျွန်တော့်ကို ပြောပါဦး... "

ကျွန်းတင့်ရီ ခေါင်းခါယမ်းလိုက်သည်။

"ဘယ်မှမသွားပါဘူးကွာ... "ဝမ်းအင်းလင်"က သူ့အဖေရဲ့ မွေးနေ့ပွဲကို လာခဲ့ဖို့ ဖိတ်ထားတယ်မဟုတ်လား... မသွားလို့ ဘယ်ကောင်းပါ့မလဲ... မွေးနေ့ပွဲတက်ပြီးမှ အိမ်ပြန်ကြတာပေါ့... "

ကျွန်းတင့်ရီသည် မကြာမီက ဝမ်းအင်းလင်၏ဖခင် ဝမ်းပေဝမ်း၏မွေးနေ့ပွဲသို့ တက်ရောက်ရန် ဖိတ်ကြားခံထားရသည်။

အားမုန် သက်ပြင်းချလိုက်သည်။

"သခင်လေးက... သူတို့ကို မိတ်ဆွေသူငယ်ချင်းတွေလို ခင်မင်နေတော့လည်း ပြောရခက်ပါတယ်... ဝမ်းအင်းလင်ရဲ့အဖေနဲ့ ပတ်သက်ပြီး ကြားရတဲ့သတင်းတွေက မကောင်းဘူး... "

"ဟေ... "

ကျွန်းတင့်ရီ မျက်လုံးပြူးသွားလေ၏။

အားမုန်က တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်၏။

"ကျွန်တော် တကယ်ပြောတာ... သခင်လေးက သူတို့ကို ခင်နေလို့... သူများတွေ ပြောနေကြတဲ့စကားတွေ နားမဝင်တာဘဲ ဖြစ်ရမယ်... ကျွန်တော်ကြားရတဲ့ သတင်းတွေကတော့ နားနဲ့မဆန့်အောင်ပဲ... "

ကျွန်းတင့်ရီ စိတ်ဝင်စားသွားသည်။

"ဘာသတင်းတွေများလည်း... ငါ့ကို ပြောစမ်းပါဦးကွာ... တကယ်တော့... ငါလည်း ဘာသတင်းမှ မကြားခဲ့ရပါဘူးကွာ... "



အားမုန်က ရှင်းပြလိုက်သည်။

"ဝမ်းအင်းလင်ရဲ့အဖေ ဝမ်းပေဝမ်းဟာ... ကိုင်ကိုင်တက် ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးတစ်ယောက်လို့ လူတိုင်းသိကြတယ်... သူဟာ တစ်ချိန်က သိုင်းလောကမှာ အာမခံဌာနပိုင်ရှင်အဖြစ် ကျင်လည်ကျက်စားခဲ့တာကိုတော့ လူတွေ သိပ်မပြောကြဘူး... သတင်းတစ်ခုကတော့ ဝမ်းပေဝမ်းဟာ... လျှို့ဝှေထောင်ပေါင်းများစွာ တန်ဖိုးရှိတဲ့ အာမခံပစ္စည်းတွေ ပျောက်ဆုံးမှုကြီးတစ်ခုမှာ တာဝန်ရှိခဲ့တယ်... အဲသည့်နောက်ပိုင်း... သူဟာ အာမခံဌာနအလုပ်ကို မလုပ်တော့ဘဲ ဓာတ်မြှုပ်လိုက်တယ်... နှစ်အတော်ကြာမှ ချန်အန်းမှာ သူဌေးကြီးတစ်ယောက်အဖြစ် ပြန်ပေါ်လာခဲ့တာ... ကျွန်တော့်စိတ်ထဲမှာတော့ သူတို့ဟာ နောက်ကြောင်းရှင်းလှတာမဟုတ်ဘူး... ဒါကြောင့် မွေးနေ့ပွဲကို သခင်လေး မသွားဘဲနေတာ အကောင်းဆုံးဖြစ်လိမ့်မယ်... ကျွန်တော့်စေတနာကို သခင်လေးသိမှာပါ... "

ကျွန်းတင့်ရီ ရင်မောသွားလေ၏။

ချန်အန်းသို့ရောက်မှ တွေ့ဆုံရင်းနှီးခဲ့ရသည် ဖြစ်သော်လည်း ဝမ်းအင်းလင်၊ ဖန်းဟူနှင့် ကျူးပန်ရှင်းတို့အား မိတ်ဆွေရင်းချာများဟု သဘောထားခဲ့မိသည်။

ထို့ကြောင့် မကောင်းသောသတင်းများကို မကြားလိုသည့်အပြင် ရုတ်တရက် လက်မခံနိုင်အောင် ဖြစ်မိလေသည်။

အားမုန်က ရုတ်တရက် လှမ်းမေးလေ၏။

"ဘယ်လိုလဲ... သခင်လေး မသွားတော့ဘူးမဟုတ်လား..."

ကျွန်းတင့်ရီ သက်ပြင်းချလိုက်သည်။

"အားမုန်... တိကျခိုင်လုံမှုမရှိဘဲ အရမ်းမပြောနဲ့ကွာ... သူတစ်ပါး ထိခိုက်နစ်နာသွားရင်မကောင်းဘူး... ဝမ်းအင်းလင်ရဲ့အဖေဟာ ထိတ်ထိတ်ကြဲသူဌေးကြီးတစ်ယောက်ဖြစ်တယ်... မျက်နှာပျက်ရအောင်မလုပ်နဲ့... "

"သခင်လေး... "

"တော်ပါတော့ကွာ... ညဉ့်လည်းနက်လှပြီ... အိပ်ကြပါစို့..."

အားမုန် စိတ်ပျက်သွားသည်။

သူ၏စကားကို ကျွန်းတင့်ရီက လက်မခံသဖြင့် ခေါင်းငိုက်စိုက်ချကာ အခန်းတွင်းမှ ထွက်သွားလေတော့သည်။

ဝမ်းအင်းလင်မှာ သူဌေးကြီးဝမ်းပေဝမ်း၏ တစ်ဦးတည်းသောသားဖြစ်သည်။ ဖြစ်ပေါ်နေသော သတင်းစကားများအရ... ဝမ်းပေဝမ်းတို့ မျိုးရိုးသုံးဆက်တိတိ အာမခံလုပ်ငန်း လုပ်ကိုင်ခဲ့ပြီး ဝမ်းပေဝမ်း၏ လက်ထက်၌ မတရားမှုတစ်ခု ပြုလုပ်ခဲ့ပြီးနောက် အာမခံလုပ်ငန်းများ လုပ်ကိုင်ခြင်းမပြုတော့ဘဲ လုပ်ငန်းအားလုံး ဖျက်သိမ်းလိုက်သည်ဟု ပြောခဲ့ကြသည်။ ယခု ဝမ်းပေဝမ်းသည် အသက်ခြောက်ဆယ်ပြည့်မွေးနေ့ပွဲ ပြုလုပ်မည်ဖြစ်သည်။



ဝမ်းပေဝမ်းအိမ်တွင် မွေးနေ့ပွဲကျင်းပရန် ခမ်းနားစွာ ပြင်ဆင်ထားသည်။

မိတ်ဆွေသင်္ဂဟများအား ဖိတ်ကြားထားပြီး စားကောင်းသောက်ဖွယ်ရာများ ပြင်ဆင်ထားသည်။

ချန်အန်းမြို့ရှိ ကျင်းပခဲ့သော မွေးနေ့ပွဲများတွင် သူဌေးကြီးဝမ်းပေဝမ်း၏ မွေးနေ့ပွဲသည် အကြီးကျယ် အခမ်းနားဆုံးဖြစ်သည်ဟု ပြောစမှတ်တွင်ရလောက်သည်။

**သို့သော်...**

**စည်ကားသိုက်မြိုက်မှု** အကင်းမဲ့ဆုံး မွေးနေ့ပွဲဖြစ်သည်ဟုလည်း ပြော**စမှတ်တွင်**ခဲ့လေတော့သည်။

နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုးပျောက်ကွယ်သွားလေပြီ။

နေခြည်ကွယ်ပျောက်သွားကာ အမှောင်ထု လွှမ်းခြုံလိုက်သော်လည်း ချန်အန်းမြို့မှာ ကြက်ပျံမကျ စည်ကားသိုက်မြိုက်နေဆဲဖြစ်လေသည်။ ဤကား ချန်အန်းမြို့၏ ထုံးစံပေတည်း။

အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသူများ အုန်းအုန်းကျွက်ကျွက် သွားလာလှုပ်ရှားနေကြသည်။

စားသောက်ဆိုင်၊ ဈေးဆိုင်များမှာလည်း မီးရောင်ထိန်ထိန်ညီးအောင် ထွန်းညှိထားသလို လူများ စည်ကားနေ၏။

နတ်ဘုံနတ်နန်းအလား ပျော်စရာအတိပြီးသော ချန်အန်းမြို့

၏ ညချမ်းတွင် ဝတ်ကောင်းစားလှ ဝတ်ဆင်ထားကြသည့် ကျွန်းတင့်ရီနှင့် အားမုန့်တို့သည် ဝမ်းပေဝမ်း၏ အိမ်ဂေဟာသို့ ဦးတည်လာခဲ့ကြလေ၏။

သဘောမနောကောင်းပြီး စိတ်ထားဖြူစင်သည့် မိမိ၏သခင်လေးမှာ မိဘဝိုက်ဆံ သုံးဖြုန်းနေကြသည့် လူဘော်ကျော့ မသူတော်များနှင့် ပေါင်းသင်းမိနေပြီဟူ၍ အားမုန့်တစ်ယောက် တွေးပြီး မျက်နှာမသာမယာနှင့် လိုက်ပါလာခဲ့သည်။

မည်သို့ဆိုစေ... သူက ကျွန်းတင့်ရီအား ဟန့်တားနိုင်ခြင်းမရှိပါချေ။ ကျွန်းတင့်ရီက သခင်၊ သူက အိမ်ဖော်လုလင်သာ မဟုတ်ပါလော။

သူသည် ကျွန်းတင့်ရီနောက်သို့ လိုက်ပါလာခဲ့ရလေတော့သည်။

နှစ်ယောက်သား လူစည်ကားနေသော မင်းလမ်းမကြီးအတိုင်း လျှောက်လာခဲ့ကြရာ မကြာမီပင် သီးသန့်ခြံဝင်းကြီးများ ရှိနေသော လမ်းသွယ်တစ်ခုသို့ ရောက်ရှိလာလေတော့သည်။

ခြံဝင်းတစ်ခုတွင် မီးရောင်များ ထိန်ထိန်ညီးအောင် ထွန်းညှိထားသည်ကို တွေ့ရှိရသည်။

ထိုခြံဝင်းကား ဝမ်းပေဝမ်း၏ ခြံဝင်းကြီးပင် ဖြစ်ပါတော့သည်။

ကျွန်းတင့်ရီ အံ့သြသွား၏။

"ခြံဝင်းတစ်ခုလုံး... မီးထိန်ထိန်လင်းအောင် ထွန်းညှိထား



တယ်... မီးပုံးတွေ... အလှစိုက်ပန်းအိုးတွေနဲ့ အကျအန ပြင်ဆင်ထားတယ်... ဒါပေမဲ့... ဧည့်ပရိသတ်လည်း တစ်ယောက်မှ မတွေ့ရပါလား"

မှန်ပါသည်။ ခြံဝင်းအတွင်း၌ အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေလေသည်။ အသံပလံဟူ၍ ပုရစ်သံကလေးမျှပင် မကြားရပါ။

အားမုန့်က သတိပေးလိုက်သည်။

"သခင်လေး... ကျွန်တော် ပြောသားပဲ... သူတို့ကိုကြည့်ရတာ အခြေအနေမဟန်ဘူး... ပြန်ကြပါစို့ သခင်လေးရယ်... "

ကျွန်းတင့်ရီ၏စိတ်ထဲ စနောင့်စနင်း ဖြစ်သွားလေသည်။ အားမုန့်စကားကို လိုက်နာပြီး လှည့်ပြန်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်...

"ဟေး... ကျွန်းတင့်ရီ... မင်း နောက်ကျလှချည်လား... "

စကားသံနှင့်အတူ ဝမ်းအင်းလင်ကို တွေ့လိုက်ရသည်။

အားမုန့် စိတ်ပျက်သွားသည်။

ဝမ်းအင်းလင်ကိုယ်တိုင် လာရောက်ကြိုဆိုနေပြီဖြစ်ရာ နောက်ကြောင်းပြန်လှည့်သွားဖြစ်တော့မည် မဟုတ်ချေ။

"ဖန်းဟူတို့ ရောက်နေကြပြီလား... "

"အေး... ရောက်နေပြီ... လာ... လာ... "

ကျွန်းတင့်ရီက ဝမ်းအင်းလင်နှင့် လိုက်သွားသဖြင့် အားမုန့်လည်း တာမှမတတ်သာတော့ဘဲ လိုက်သွားရလေတော့သည်။

ဝမ်းပေဝမ်း၏ အိမ်ဂေဟာမှာ ကြီးကျယ်ခမ်းနားလှသည်။

ဝမ်းအင်းလင်က ခေါ်သွား၍ ကျန်းတင့်ရီတို့ ဧည့်ခန်းထဲသို့ ရောက်ရှိသွားလေသည်။

ဧည့်ခန်းအတွင်းရှိ ဟင်းလျာမျိုးစုံဖြင့် ပြင်ဆင်ထားသော စားပွဲများ အစီအရီရှိနေ၏။

စားပွဲသောက်ပွဲကြီးကို ခမ်းနားစွာ ကျင်းပမည့်သဘောဖြစ်သည်။

သို့သော်...

ဧည့်ခန်းအတွင်း၌ ဧည့်ပရိသတ်များဖြင့် စည်ကားသိုက်မြိုက်နေရမည့်အစား လူသူမရှိဘဲ အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်နေခြင်းမှာ အံ့ဩစရာကောင်းလှပေတော့သည်။

ဧည့်ခန်းဆောင်ရှိ စားပွဲတစ်လုံး၌ကား ငြိမ်သက်စွာ ထိုင်နေသူနှစ်ယောက် ရှိနေပါသည်။

ဖန်းဟူနှင့် ကျူးပန်ရှင်းတို့ ဖြစ်လေသည်။

ကျန်းတင့်ရီ ရောက်ရှိလာသည်ကိုမြင်လျှင် ဝမ်းသာအားရ နှုတ်ဆက်လိုက်ကြသည်။

"မင်း နောက်ကျတယ်နော်... "

"ဟဲ... ဟဲ... သူများတွေလို မလာရဲတော့ဘူးထင်နေတာ... "

ကျန်းတင့်ရီက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

"ကျူပ်... နည်းနည်းနောက်ကျသွားတာ ခွင့်လွှတ်ပါဗျာ... "



သူ၏စိတ်ထဲ၌ အခြားသူများကဲ့သို့ မလာရဲတော့ဟု ဝမ်းအင်းလင်က အဘယ်ကြောင့် ထင်ရသည်ကို ဝေခွဲမရဖြစ်သွား၏။

"သူများတွေက... ဘာကြောင့် မလာရဲကြတာလဲ... "

မည်သို့ဖြစ်စေ... ရောက်ပြီးမှတော့ ဘာကိုမှ မှုစရာမလိုတော့ချေ။

သူသည် အားမုန်ကိုခေါ်ကာ ဖန်းဟူတို့စားပွဲတွင် ဝင်ရောက်ထိုင်ချလိုက်လေ၏။

အားမုန်သည် ကျန်းတင့်ရီ၏အိမ်ဖော်လုလင် ဖြစ်ပါသည်။

သို့သော်...

ကျန်းတင့်ရီက တန်းတူရည်တူ ဆက်ဆံသည်။ ညီအစ်ကိုပမာ သဘောထားသည်။

ထို့ကြောင့်လည်း ဖန်းဟူတို့က တန်းတူရည်တူ ဆက်ဆံခဲ့ကြသည်။

သူဌေးကြီးဝမ်းပေဝမ်း၏ ဧည့်သည်များ တစ်ယောက်တလေမျှပင် ရောက်မလာကြပါ။

ဝမ်းအင်းလင်၏သူငယ်ချင်းများသာ ရောက်ရှိလာကြသည်။

ထို့ကြောင့်...

မွေးနေ့ပွဲနှင့်မတူသော မွေးနေ့ပွဲ ဖြစ်ခဲ့ရလေ၏။

ဝမ်းအင်းလင် မျက်နှာပျက်နေသည်။

အလွန်စည်ကားသိုက်မြိုက်ရမည့် မွေးနေ့ပွဲမှာ ချောက်ချား

ဖွယ်ကောင်းအောင် တိတ်ဆိတ်နေသည်မဟုတ်ပါလား။

အဘယ်ကြောင့် ထိုသို့ဖြစ်ရပါသနည်း။ အခြားသူများ၏ မွေးနေ့ပွဲများမှာ ဤသို့ပင် ဖြစ်တတ်ပါသလော။ မဟုတ်ပါ။ လုံးဝ မဟုတ်နိုင်ပါ။

ဝမ်းအင်းလင်သည် မနေနိုင်တော့ဘဲ ဖခင်ဖြစ်သူအား ဖွင့်ဟ မေးမြန်းလိုက်သည်။

"ဖေဖေ့ညီသည်တွေလည်း အခုအချိန်ထိ တစ်ယောက်မှ ရောက်မလာကြသေးပါလား... ဖိတ်တဲ့ရက်များ မှားနေလို့လားဟင်... "

ဝမ်းအင်းလင်သည် သူ့ဖခင် စာကြည့်ခန်းသို့အသွားတွင် နောက်မှလိုက်၍ မေးမြန်းလိုက်ခြင်းဖြစ်ပါသည်။

ဝမ်းပေဝမ်း သက်ပြင်းချလိုက်သည်။

မွေးနေ့ရှင်ဖြစ်သော ဝမ်းပေဝမ်းမှာ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသော်လည်း ပျော်ရွှင်ပုံမရဘဲ မျက်နှာမသာမယာ ဖြစ်နေ၏။

ဝမ်းအင်းလင်က မေးလိုက်သောအခါမှ မတွေးချင်သည်ကို ထပ်မံတွေးလိုက်ရသကဲ့သို့ ဖြစ်သွားသည်။

သူသည် သက်ပြင်းရှည်ကြီးချရင်း...

"ဟုတ်တယ်... ဘယ်သူမှ လာရဲကြမယ်မထင်ဘူး... "

ဝမ်းအင်းလင် အားမလိုအားမရဖြစ်သွားသည်။

"ဖေဖေ... ဘာကြောင့်မလာရဲကြတာလဲ... ဘာဖြစ်လို့လဲ... ကျွန်တော်တော့ နားမလည်နိုင်တော့ဘူး... "



ဝမ်းပေဝမ်းက ရီဝေသော မျက်လုံးများဖြင့် သားဖြစ်သူကို ငေးကြည့်လိုက်သည်။

"ငါ့သား... ချန်အန်းမြို့ထဲမှာ ဖေဖေ့အကြောင်းကို သူများတွေ ပြောနေကြတာ ကြားမိမှာပေါ့... "

ဝမ်းအင်းလင် မျက်မှောင်ကုတ်လိုက်သည်။

"ဖေဖေ... ဘာကိုဆိုလိုတာလဲ... "

"ဖေဖေဟာတစ်ချိန်က အာမခံလုပ်ငန်း လုပ်ကိုင်ခဲ့ဖူးတယ်... အဖိုးတန်အာမခံပစ္စည်းတချို့ ဆုံးရှုံးခဲ့ရတာ ဖေဖေ့မှာ တာဝန်ရှိတယ်... အာမခံဌာနကို ဖျက်သိမ်းပြီးတဲ့နောက်... မကြာခင်မှာဘဲ ချမ်းသာကြွယ်ဝလာခဲ့တယ်ဆိုတဲ့သတင်းတွေပေါ့... ဒီသတင်းတွေဟာ မြို့ထဲမှာ မကြားချင်အဆုံး ကြားနေရတဲ့ သတင်းတွေပဲ... "

"ကျွန်တော်... "

ဝမ်းအင်းလင် ဆက်မပြောနိုင်အောင် ဖြစ်သွားသည်။

ထိုသတင်းစကားများကို သူသည် နားနှင့်မဆန့်အောင် ကြားရပြီးပြီ။ ဟုတ်ပါလား။

ဝမ်းပေဝမ်းက တည်ကြည်စွာပြောသည်။

"အမျိုးမျိုးပြောနေကြတာတွေကို ဖေဖေ မဖြေရှင်းလိုပါဘူး... ဒါပေမဲ့... ဖေဖေ့ရဲ့ အာမခံဌာနကို ဖျက်သိမ်းပစ်ခဲ့ရတဲ့အကြောင်းအရင်းကိစ္စကိုတော့... သားသိအောင် ပြောချင်တယ်... သားသိအောင်ပေါ့ ကွယ်... "

ဝမ်းအင်းလင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... ကျွန်တော် သိချင်ပါတယ်ဖေဖေ... "

"ဝမ်းပေဝမ်း၏မျက်လုံးများ ပို၍ ရီဝေလာသည်။ သူ၏လေသံလည်း မသိမသာ တုန်ယင်နေ၏။

"ဖေဖေဟာ... အာမခံလုပ်ငန်းလုပ်ကိုင်ရင်း အန္တရာယ်အမျိုးမျိုး ကြုံတွေ့ခဲ့ပေမဲ့ မမှုခဲ့ပါဘူး... ဒါပေမဲ့... လေပွေညီနောင်နဲ့ ဆုံတွေ့ရတဲ့အခါ အာမခံလုပ်ငန်းကို စွန့်လွှတ်လိုက်ဖို့ ဆုံးဖြတ်မိခဲ့တာပါပဲ... "

ဝမ်းအင်းလင် မကျေမနပ် ဖြစ်သွားသည်။

"လေပွေညီနောင်က ဘာမို့လဲဖေဖေ... သူတို့ကို ကျွန်တော်တို့က ဂရုစိုက်ရမှာလား... "

ဝမ်းပေဝမ်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဟာ... ဘယ်လိုပြောလိုက်တာလဲ သားရယ်... အင်မတန်ကြောက်စရာကောင်းတဲ့ လူနှစ်ယောက်ပေါ့... သူတို့ရဲ့ တစ်ကိုယ်လုံးသံမဏိလို မာကျောအောင် လေ့ကျင့်ထားကြတယ်... တော်ရုံ ဓားလှံလက်နက်ကို မမှုကြဘူး... တစ်ယောက်ကို ရင်ဆိုင်နိုင်တယ်ထားဦး... နှစ်ယောက်စလုံးနဲ့ တွေ့ရရင် ကျိန်းသေဒုက္ခရောက်မှာပဲ... "

ဝမ်းအင်းလင်သည် သူတို့၏ အာမခံဌာနကြီးကို ဖျက်သိမ်းရလောက်အောင် ဖြစ်စေခဲ့သော လေပွေညီနောင်အား တွေ့ဆုံလိုစိတ် တဖွားဖွားဖြစ်ပေါ်လာလေ၏။

ဝမ်းပေဝမ်းက စကားလွှဲလိုက်သည်။



"ဒါထက်... သားရဲ့ မိတ်ဆွေသူငယ်ချင်းတွေ ရောက်နေတယ်ဆို... ဖေဖေနဲ့ မိတ်ဆက်ပေးပါဦး... "

ဝမ်းအင်းလင်က စိတ်လျှော့လိုက်သည်။ သူ့ဖခင်၏ ဘဝဇာတ်ကြောင်းကို သိလိုသော်လည်း ဆက်လက်မမေးတော့ပေ။

"ကောင်းပါပြီဖေဖေ... "

ထို့နောက်...

သားအဖနှစ်ယောက် စာဖတ်ခန်းအတွင်းမှ ထွက်လာခဲ့ကြလေသည်။

ဒေဝီလှ
၈၁၉၅

အခန်း [ ၃ ]

## ရောက်ရှိလာသည့်လေပွေ

မွေးနေ့ရှင် ဝမ်းပေဝမ်း ရောက်ရှိလာသဖြင့် ကျန်းတင့်ရီတို့က ထိုင်ရာမှထကာ ဂါရဝပြုလိုက်ကြလေသည်။

သက်တော်ရာကျော် ရှည်ပါစေဟုလည်း ဆုတောင်းလိုက်ကြသည်။

ဝမ်းပေဝမ်းက လက်ဝှေ့ယမ်းပြလိုက်သည်။

"ထိုင်ပါ... ထိုင်ပါ... ကျုပ်ရဲ့မွေးနေ့ပွဲကို လာပြီးချီးမြှင့်တဲ့အတွက် ကျေးဇူးတင်ပါတယ်ကွယ်... ဒါပေမဲ့... သည်အချိန်မှာ သည်နေရာကို မလာသင့်ဘူးလို့ ပြောချင်တယ်... "

သူ၏စကားကြောင့် ကျန်းတင့်ရီတို့မှာ ဟင်ခနဲ ဟာခနဲ ဖြစ်ကုန်ကြသည်။



ဝမ်းပေဝမ်းက တည်ကြည်သော မျက်နှာထားဖြင့် ဆက်ပြောလေ၏။

"ကျုပ်က မွေးနေ့ပွဲကို ခမ်းခမ်းနားနား ကျင်းပဖို့ စီစဉ်ထားခဲ့တယ်... ဒါပေမဲ့... ဧည့်သည်တစ်ယောက်တလေမှ ရောက်မလာကြဘူး... ဘာကြောင့်လဲဆိုရင် ကျုပ်နဲ့ပတ်သက်မိလို့ အန္တရာယ်ဖြစ်မှာကို စိုးရိမ်ကြလို့ပဲ... "

ကျန်းတင့်ရီတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေ၏။

ဝမ်းပေဝမ်း သက်ပြင်းချလိုက်သည်။

"မင်းတို့ လာခဲ့ကြတာကို ကျေးဇူးတင်ပါတယ်ကွယ်... ကျုပ်က အန္တရာယ်တောထဲကို... မင်းတို့ကို ရောက်စေချင်လို့ ဖိတ်ခဲ့တာမဟုတ်ပါဘူး... လူအများကြီးလာရင်တော့ ဒီအန္တရာယ်ဟာ မကျရောက်နိုင်ဘူးလို့ ထင်ခဲ့ပါတယ်... "

သူက ဆက်ပြောလေ၏။

"အခုတော့... ရှင်းသွားပြီ... မင်းတို့ကလွဲလို့ ဘယ်သူမှ မလာကြဘူး... ဒီတော့ အန္တရာယ်ကင်းရှင်းသွားအောင် မင်းတို့... ဒီဂေဟာက အမြန်ဆုံး ထွက်သွားပါလို့ တောင်းပန်ပါတယ်ကွယ်... "

ဝမ်းပေဝမ်းသည် မည်သို့သော အန္တရာယ်မျိုးနှင့် ကြုံတွေ့နေရပါသနည်း။

ကျန်းတင့်ရီတို့ သိလိုလာကြသည်။

ဝိုင်းဝန်းကူညီဖြေရှင်းပေးလိုစိတ်များ ဖြစ်ပေါ်လာသည်။

ထိုစဉ်...

"သခင်ကြီး... သခင်ကြီး... "

အိမ်ဖော်လုလင်တစ်ယောက်က အထိတ်တလန့်ခေါ်ရင်း ပြေးလွှားရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေ၏။

ဝမ်းပေဝမ်း မျက်မှောင်ကုတ်သွားသည်။

"ဘာကိစ္စလဲဟေ... "

အသံမာမာဖြင့် မေးလိုက်သောအခါ အိမ်ဖော်လုလင်သည် သူ၏ရှေ့၌ ဒူးထောက်ရင်း ဖိတ်စာတစ်စောင်ကို လက်နှစ်ဖက်ဖြင့် ရိုရို သေသေ ပေးလေသည်။

"လူတစ်ယောက်က... ဖိတ်စာတစ်စောင် လာပို့သွားပါတယ်... "

ဖိတ်စာတစ်စောင် ရောက်ရှိလာရုံဖြင့် အိမ်ဖော်လုလင်... အဘယ်ကြောင့် အထိတ်တလန့် ဖြစ်နေရပါသနည်း။

ဝမ်းပေဝမ်းက ဖိတ်စာကို ဖျတ်ခနဲဆွဲယူကာ ကြည့်လိုက်သည်။

"ပေးစမ်း... "

ဖိတ်စာမှာ အဖြူရောင်ဖြစ်ပြီး အရိုးခေါင်းပုံနှစ်ခုကို အနက်ရောင်ဖြင့် ရေးဆွဲထားၡ၏။

အရိုးခေါင်းတစ်လုံးမှာ ကြီး၍ ကျန်အရိုးခေါင်းတစ်လုံးမှာ



အနည်းငယ်သေး၏။

ထိုအရိုးခေါင်း အကြီးတစ်လုံး အသေးတစ်လုံးပုံ ဖိတ်စာကို မြတွေ့လိုက်ရသောအခါ ဝမ်းပေဝမ်းကိုယ်တိုင်ပင် အာမေဋိတ်သံဖြင့် လွှတ်ခနဲ အော်မိလေ၏။

"အမလေး... "

သူ၏ စူးရှသောအော်ဟစ်သံသည် အခန်းထဲ၌ လွင့်ပျံ့သွားမလေ၏။

ဝမ်းပေဝမ်းသည် အာမခံဌာနဖွင့်လှစ်ကာ သိုင်းလောက၌ ကျော်လည်ကျက်စားခဲ့သူဖြစ်ပါသည်။

သူသည် အတွေ့အကြုံ ဗဟုသုတရှိသလို တိုက်ပွဲများနှင့်လည်း စိမ်းသူမဟုတ်ကြောင်း ထင်ရှား၏။

ယခု...

လူရိုးခေါင်းပုံ ရေးဆွဲထားသောဖိတ်စာကို မြင်ရုံဖြင့် ဤမျှ မတည်နိုင်အောင် ဖြစ်သွားရသည်မှာ အံ့ဩစရာကောင်းနေပါတော့သည်။ အားလုံးလိုလိုပင် ထိတ်လန့်သွားကြ၏။

ကျွန်းတင့်ရီလည်း ရင်ထိတ်သွားသည်။

ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း နားလည်လိုက်လေသည်။

အားမုန်က စိုးရိမ်သောလေသံဖြင့် ပြောသည်။

"သခင်လေး... သည်မှာ ဘာတွေဖြစ်လာမယ် မပြောနိုင်

ဘူး… ကျွန်တော်တို့ သွားကြရင်ကောင်းမယ်… ”

ဤတွင် ကျူးပန်ရှင်းက တည်ကြည်သောမျက်နှာထားဖြင့် ရှင်းပြလေသည်။

“သူတို့မှာ အခက်အခဲတစ်ခု ကြုံတွေ့နေရပုံရတယ်… သည်အချိန်မှာ ထွက်သွားရင် မိတ်ဆွေမပီသတော့ဘူး… ”

ကျွန်းတင့်ရီ သက်ပြင်းချလိုက်သည်။

“ဟုတ်ပါတယ်ကွာ… ”

သူက အားမုန်ကို နှစ်သိမ့်လိုက်လေသည်။

“အားမုန်… လိုအပ်ရင် ဝမ်းအင်းလင်တို့ကို အကူအညီပေးရမယ်… တို့သွားဖို့ အချိန်မတန်သေးဘူး… ”

အားမုန် ပါးစပ်ပိတ်သွားလေတော့၏။

ဖန်းဟူသည် ကျွန်းတင့်ရီနှင့် ကျူးပန်ရှင်းတို့အားကြည့်ကာ ကျေနပ်စွာဖြင့် ခေါင်းတညိတ်ညိတ် လုပ်နေ၏။

ထိုစဉ်…

“ဖေဖေ… ဖေဖေ… ”

ဝမ်းအင်းလင်၏ စိုးရိမ်ပူပန်သောခေါ်သံ ထွက်ပေါ်နေသကဲ့သို့ ဝမ်းပေဝမ်းလည်း သတိဝင်လာသည်။

ချက်ချင်းပင် စားပွဲပေါ်ရှိ အဲသင့်ငှဲ့ထားသော အရက်တစ်ခွက်ကို သောက်လိုက်လေသည်။

“ဖေဖေ… သက်သာသွားပြီနော်… ”



ဝမ်းအင်းလင်က မေးသောအခါ သူ့ဖခင်က ခေါင်းညိတ်လိုက်သည်။

“သက်သာပါပြီ သားရယ်… တစ်နေ့ သူတို့ ရောက်လာကြမယ်ဆိုတာ ဖေဖေ သိပါတယ်… ဒါကိုတွေးပြီး ဖေဖေ စိတ်ပူနေခဲ့ရတာ နှစ်ပေါင်းအတော်ကြာခဲ့ပါပြီ… သည်ကနေ့ညမှာ ဖြန်းစားကြီး ရောက်လာကြတော့… အလန့်တကြား ဖြစ်မိတာပေါ့လေ… ”

သူက သက်ပြင်းချကာ ဆက်ပြောလေသည်။

“လေပွေညီနောင်ဟာ… အတော်ကို ကြောက်စရာကောင်းပါတယ်… သူတို့က ဖေဖေ့ကို ချမ်းသာပေးကြမှာမဟုတ်ဘူး… သားရဲ့ သူငယ်ချင်းတွေကို ပြန်လွှတ်လိုက်ပါ… မဆီမဆိုင် ဒုက္ခရောက်ရမှာကို ဖေဖေ မလိုလားဘူး… ”

ဝမ်းအင်းလင်က ကျွန်းတင့်ရီတို့အား လှမ်းကြည့်လိုက်သည်။ ကျွန်းတင့်ရီ၊ ကျူးပန်ရှင်းနှင့် ဖန်းဟူတို့လည်း တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ဝမ်းအင်းလင်က စိတ်မကောင်းသောလေသံဖြင့် ပြော၏။

“မိတ်ဆွေတို့ကို… သည်ကနေ့ည ကောင်းကောင်းမွန်မွန် ဧည့်မခံနိုင်တော့တဲ့အတွက် ဝမ်းနည်းပါတယ်… ကျုပ်ကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်… ”

ကျွန်းတင့်ရီ ပြုံးလိုက်သည်။ သူသည် အရေးကြုံသောအခါ မျှော်ကောင်းသူဖြစ်သည်။

"မိတ်ဆွေ... ကျုပ်တို့ကို တောင်းပန်စရာမလိုပါဘူးဗျာ... ကျုပ်တို့ သည်နေရာက ထွက်သွားကြမှာလည်း မဟုတ်ပါဘူး... မိတ်ဆွေမှာ ဘယ်လိုအခက်အခဲရှိနေသလဲဆိုတာ ပြောပါ... ကျုပ်တို့ အစွမ်းကုန် ကူညီသွားပါ့မယ်... "

"ဟုတ်ပါတယ်ဗျာ... "

ကျူးပန်ရှင်းကလည်း ထောက်ခံလိုက်လေသည်။

ဖန်းဟူက တည်ကြည်သောမျက်နှာထားဖြင့် ပြောလေသည်။

"ကျုပ်ဟာ... သိုင်းလောကမှာ လှည့်လည်သွားလာရင်း... ကတုံးပေါ်ထိပ်ကွက်တာတ်တဲ့ လေပွေညီနောင်အကြောင်းကို ကြားခဲ့ဖူးပါတယ်... ခင်ဗျားတို့နဲ့ ဘယ်လိုများ ပတ်သက်နေသလဲဆိုတာ ပြောပြပါလားဗျာ... "

ထိုစဉ်...

"လေပွေညီနောင်က ဘာဖြစ်လို့လဲ... "

စကားသံနှင့်အတူ ခြေနှန်းထဲသို့ လူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူကား ရေပေါ်နန်းတော်တွင် ကျန်းတင့်ရီတို့နှင့် ခင်မင်ရင်းနှီးခဲ့သည့် ထားဝူ ဖြစ်လေသည်။

ဝမ်းအင်းလင်က ထားဝူကိုလည်း ဖခင်၏မွေးနေ့ပွဲသို့ ဖိတ်ကြားထားခဲ့ရာ ယခုမှ ရောက်လာခြင်းဖြစ်လေသည်။

"နောင်ကြီး နောက်ကျတယ်ဗျို့... လာ... သည်မှာထိုင်ပါ"



နုတ်သွက်လျှာသွက်ရှိသော ဖန်းဟူက ဖိတ်ခေါ်လိုက်လေသည်။ ကျန်းတင့်ရီနှင့် ရင်းနှီးခဲ့သော မိတ်ဆွေသူငယ်ချင်းများတွင် ဖန်းဟူမှာ အလွန်ထူးခြားသူတစ်ယောက်ဟု အားမုန် ထင်မှတ်ခဲ့လေသည်။

ဖန်းဟူသည် သွေးရောင်ကဲ့သို့ရှိသော အနီရောင်အဝတ်အစားအား ဝတ်ဆင်လာခဲ့သည်။

ယောကျ်ားပီသစွာ တည်ကြည်ခန့်ညားသော ရုပ်သွင်ရှိသည်။ ပြုံးရွှင်သောမျက်နှာထားဖြင့် ပျော်ပျော်နေတတ်သော်လည်း အပြာရောင်သန်းနေသော သူ၏မျက်လုံးများနောက်ကွယ်တွင် လျှို့ဝှက်ချက်များ ရှိနေသည်ဟု အားမုန် ယုံကြည်ခဲ့သည်။

ထားဝူရောက်လာသဖြင့် ဝမ်းအင်းလင် အားတက်သွားသည်။

"နောင်ကြီးထားဝူ ရောက်လာတာကို ကြိုဆိုပါတယ်ဗျာ... ဒါပေမဲ့... သည်ညဟာ ကောင်းတဲ့ညမဖြစ်နိုင်တော့ပါဘူး... ကျုပ်အဖေရဲ့ မွေးနေ့ပွဲကို နှောင့်ယှက်မဲ့လူပေါ်လာတယ်လေ... "

ထားဝူ ခေါင်းညိတ်လိုက်သည်။

"လေပွေညီနောင်ဆိုတာလား... "

"ဟုတ်ပါတယ်ဗျာ... "

ထားဝူက ဖန်းဟူနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်ချလိုက်သည်။

"လေပွေညီနောင်ဟာ... ကိုယ့်သဘောနဲ့ကိုယ် ထင်ရာစိုင်းနေကြသူတွေပဲ... သူတို့ဟာ အမဲလိုက်မုဆိုးတွေလိုပဲ... သားကောင်နောက်

ကို လိုက်တတ်ကြတယ်… ခုလည်း သားကောင်အနံ့ကို ရလို့ဖြစ်မယ်"

ထိုစကားကြောင့် ဝမ်းအင်းလင် မကျေမနပ် ဖြစ်သွားလေသည်။

"ကျုပ်အဖေဟာ… သားကောင်မဟုတ်ပါဘူးဗျာ…"

ထားရှ လက်ကာပြလိုက်သည်။

"ဝမ်းအင်းလင်… မင်း စိတ်မဆိုးနဲ့… မင်းရဲ့အဖေဟာ လေပွေညီနောင်နဲ့ ပတ်သက်ဖူးလိမ့်မယ်… ဒါကြောင့် သူတို့က လာပြီးနှောင့်ယှက်ကြတာဖြစ်မယ်… ဟုတ် မဟုတ် မေးကြည့်လိုက်ရင်ကောင်းမယ်… "

ဤတွင် အားလုံးက ဝမ်းပေဝမ်းအား ဝိုင်းကြည့်လိုက်ကြလေသည်။ ဝမ်းအင်းလင်လည်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ဝမ်းပေဝမ်း သက်ပြင်းချလိုက်လေသည်။

"ဟုတ်တယ်… တစ်ချိန်က ကျုပ်ဟာ လေပွေညီနောင်နဲ့ ပတ်သက်ခဲ့ဖူးတယ်ကွာ… "

"ဖေဖေ… "

ဝမ်းအင်းလင် လွှတ်ခနဲ အော်လိုက်လေသည်။

ဖခင်တွင် လျှို့ဝှက်ချက်ရှိနေကြောင်း သူ သိရှိလိုက်လေပြီ။ လေပွေညီနောင်နှင့် ပတ်သက်ခဲ့ကြောင်း… သူ သိလိုက်ရလေပြီ။ ဝမ်းပေဝမ်းက ပင့်သက်ရှိုက်ရင်း ပြောလေတော့သည်။

"ကျုပ်ဟာ… တစ်ချိန်က အာမခံဌာန ထူထောင်ပြီး… သိုင်းလောကမှာ ကျင်လည်ကျက်စားခဲ့ပါတယ်… တစ်နေ့တော့… လျှိုငွေတစ်သောင်းတန်ဖိုးရှိတဲ့ ပစ္စည်းတွေကို ပို့ဆောင်ပေးခဲ့ရတယ်… အမှန်ကိုဝန်ခံရမယ်ဆိုရင်… အဲဒီကိစ္စမှာ ကျုပ်ဟာ ကိုယ်ကျိုးရှာလိုစိတ်နဲ့ အာမခံပစ္စည်းတွေကို လေပွေညီနောင်က လုယူသွားတယ်လို့ သတင်းလွှင့်လိုက်တယ်… အာမခံပစ္စည်းတွေကို ကျုပ်က အပိုင်စီးပြီး ခုတ်မြှုပ်ခဲ့တယ်… နောက်ပိုင်း သည်ငွေကို အရင်းအနှီးလုပ်ရင်း ခုလို ချမ်းသာကြွယ်ဝလာခဲ့တာပါပဲ… "



"ဖေဖေရယ်… "

ဖခင်၏ အတိတ်မှ မကောင်းသောလုပ်ရပ်များကို သိလိုက်ရသွင် ဝမ်းအင်းလင် ညည်းတွားလိုက်မိလေသည်။ မကောင်းမှုဆိုသည်မှာ နွားခြေရာနောက်သို့ လှည်းဘီးလိုက်သကဲ့သို့ လိုက်တတ်သည်ကို မှစ် မသိခဲ့ပါတကား။

ဝမ်းပေဝမ်းက ဆက်ပြောသည်။

"လေပွေညီနောင်ဟာ… တစ်ချိန်က သူတို့နာမည်ကို အလွဲသုံးစားလုပ်မိတာကြောင့်… ဖေဖော့ကို ခွင့်မလွှတ်ဘဲ ဒုက္ခပေးဖို့ လိုက်လာကြပြီ… "

သူက လက်ဝှေ့ယမ်းပြလိုက်သည်။

"ကဲ… သားရဲ့မိတ်ဆွေတွေကို ပြန်နိုင်းလိုက်ပါတော့… လေပွေညီနောင်ရောက်လာရင်… မဆိုင်ဘဲ ဒုက္ခရောက်မှာ ဖေဖေ မလိုလားပါဘူး… ဖေဖော့ထိုက်နဲ့ ဖေဖော့ကံပဲ ရှိပါစေတော့ကွယ်… "

"ကောင်းပါပြီ ဖေဖေ... "

ဝမ်းအင်းလင်က ကျွန်းတင့်ရီတို့အား ဦးညွှတ်လိုက်သည်။

"ကဲ... မိတ်ဆွေတို့ ကြားတဲ့အတိုင်းပဲ... ကျုပ်တို့မှာ မဖျော် လင့်တဲ့ ပြဿနာတချို့ ရှိနေပါတယ်... ဒါကြောင့် ဧည့်ဝတ်မကျေနိုင် တော့တာကို ခွင့်လွှတ်ကြပါဗျာ... "

ကျွန်းတင့်ရီတို့ စိတ်မကောင်းဖြစ်သွားကြလေသည်။

ဝမ်းအင်းလင်တို့အား ကူညီလိုသော်လည်း မည်သို့ကူညီရမှ မသိ ဖြစ်နေ၏။ သူတို့ဘက်က မှားယွင်းခဲ့သည်မဟုတ်ပါလော... ။

ထိုစဉ်...

ထားဝူက ထိုင်ရာမှ ထလိုက်သည်။

"သည်ကနေ့ဟာ... ကျုပ်ရဲ့မိတ်ဆွေလေး ဝမ်းအင်းလင် ဖခင် မွေးနေ့ပွဲကို... ကျုပ်က တက်ရောက်ဂါဝရပြုတာ ဖြစ်ပါတယ် အလောတကြီးလာခဲ့ရတာဆိုတော့ မွေးနေ့လက်ဆောင် ပါမလာ ဘူး... ကျုပ်က လေမွှေညီနောင်ရဲ့ နှောင့်ယှက်မှုကို ဖြေရှင်းပေးပါ့မ ... ဒါကို မွေးနေ့လက်ဆောင်အဖြစ် သတ်မှတ်စေချင်ပါတယ်... "

ထိုစကားကြားလျှင် အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွာ လေတော့၏။

ပရမ်းပတာနိုင်ပြီး ထင်ရာလုပ်တတ်ပုံရသော ထားဝူသ လေမွှေညီနောင်အား တားဆီးပေးမည်ဟု ပြောဆိုလာလေပြီ။

ရေပေါ်နန်းတော် ရေယာဉ်ကြီးအား လှေငယ်ဖြင့်ဝင်



ကာ လှုပ်ခါသွားစေနိုင်ခဲ့သော ထားဝူသည် ခေသူမဟုတ်ကြောင်း ထင် ရှားနေပါသည်။

ထားဝူ၏ အသက်အရွယ်သည် ကျွန်းတင့်ရီတို့ထက် ကြီး၏။ တဝအတွေ့အကြုံလည်း ကျွန်းတင့်ရီတို့ထက် များပုံရသည်။ ထို့ထက် ပိုသည်မှာ သိုင်းပညာကို ထိပ်တန်းမှ တတ်ကျွမ်းပုံ ရနေခြင်းဖြစ်သည်။ ထို့ကြောင့် လေမွှေညီနောင်ကို ကျွန်းတင့်ရီတို့ တားဆီးနိုင်မည်ဆိုခြင်း ထက် ထားဝူက ပို၍ တားဆီးနိုင်ပုံပေါက်သည်။

ထားဝူက လေမွှေညီနောင်အား တာဝန်ယူနိုင်မည်ဆိုလျှင် ဝမ်းသာစရာသတင်း ဖြစ်လေတော့သည်။

ထားဝူက ဝမ်းပေဝမ်းကို ဦးညွှတ်လိုက်သည်။

"ဦးကို တစ်ခုလောက် မေးပါရစေဗျာ... "

ဝမ်းပေဝမ်း ခေါင်းညိတ်လိုက်သည်။

"မေးပါ... မင်းက ဘာသိချင်လို့လဲ... "

"ဦးဟာ... လေမွှေညီနောင်ရဲ့ နာမည်ကို အလွဲသုံးစားလုပ်ပြီး လျှံငွေတစ်သောင်း ကိုယ်ကျိုးအတွက်ရယူခဲ့တယ် ဟုတ်လား... "

"ဟုတ်... ဟုတ်ပါတယ်ကွယ်... "

ဝမ်းပေဝမ်းက ဝန်ခံလိုက်လေသည်။

လျှံငွေတစ်သောင်းဟူသည် အလွန်တန်ဖိုးရှိပြီး မြေဧကပေါင်း ထောင်ချီရာကျော် ဝယ်ယူနိုင်သောငွေဖြစ်သည်။

ထားဝူ ပြုံးလိုက်သည်။

"လေပွေညီနောင်က... သူတို့အတွက် နစ်နာကြေးအနေနဲ့ လျှော်ငွေတစ်သိန်းပေးရမယ်လို့... ဦးဆီက တောင်းဆိုခဲ့ကြတယ်မဟုတ်လား... "

"ဟင်... မင်း... မင်းဘယ်လိုလုပ် သိသလဲ... "

ဝမ်းပေဝမ်း အံ့ဩနေ၏။

ထားဝူက ရှင်းပြလိုက်သည်။

"လေပွေညီနောင်ဟာ... သူတို့ဆီက ငွေတစ်ဆယ်ယူရင်... သူများဆီက ငွေတစ်ရာပြန်ရမှ ကျေနပ်ကြတဲ့လူစားမျိုးတွေပါ... ပြီးတော့... ဘာပဲလုပ်လုပ် ကြိုတင်အသိပေးပြီးမှ လုပ်လေ့ရှိတာပဲ... သူတို့အတွက် နစ်နာကြေး လျှော်ငွေတစ်သိန်းပေးဖို့ ဦးဆီကို ကြိုတင်အကြောင်းကြားခဲ့မှာ သေချာတယ်... "

"ဟင်... မင်း... မင်း ဘယ်လိုလုပ်ပြီး သိနေတာလဲ... "

ထားဝူက ရယ်မောလိုက်သည်။

"လေပွေညီနောင်ရဲ့အကြောင်းကို သိုင်းလောကသားတိုင်း... သိကြပါတယ်ဗျာ... ကဲ... ဒီကိစ္စအတွက် ဘာမှမပူပါနဲ့တော့... ကျုပ်ပဲ တာဝန်ယူလိုက်ပါ့မယ်... "

အားလုံးက အံ့ဩသွားကြသည်။

လေပွေညီနောင်နှင့်ပတ်သက်ပြီး ထားဝူက တာဝန်ယူမည်ဆိုသည်မှာ မယုံနိုင်စရာ ဖြစ်နေသည်။

ထားဝူ ရယ်မောလိုက်၏။



"ကျုပ် တကယ်ပြောတာပါ... လေပွေညီနောင်ရောက်လာတာနဲ့... ကျုပ် စကားတစ်ခွန်းပြောလိုက်ရင် သူတို့ ဘာမှလုပ်ကြတော့မှာမဟုတ်ပါဘူး... "

သူက ပိုင်နိုင်စွာပြောနေခြင်းကြောင့် ကျန်းတင့်ရီတို့ ပိုပြီး ကာအံ့တာဩ ဖြစ်သွားကြလေ၏။

ဝမ်းပေဝမ်း ခေါင်းခါယမ်းလိုက်သည်။

"ငါ့တူ... မင်းကူညီချင်တာကို ကျေးဇူးတင်ပါတယ်... ဒါပေမဲ့ လေပွေညီနောင်ဟာ အတော့်ကိုကြောက်စရာကောင်းပါတယ်ကွယ်... ဒါကြောင့်... ငါ့တူတို့ ဒုက္ခရောက်သွားမှာကို မလိုလားပါဘူး... မင်းတို့က ဦးထက်ငယ်ပါတယ်... လေပွေညီနောင်အကြောင်း ဦးထက် မင်းတို့ မသိပါဘူး... ပြန်ကြပါကွယ်... "

ထားဝူ လက်ကာပြလိုက်သည်။

"ကိစ္စမရှိပါဘူး... အခုရောက်လာမှာက လေပွေကလေးပါ... သူ့အစ်ကို လေပွေကြီးမပါပါဘူး... "

"ဟင်... "

"လေပွေညီနောင်ဟာ... နှစ်ယောက်ပေါင်းမှ ကြောက်စရာကောင်းတာပါ... တစ်ယောက်တည်း ရောက်လာရင် ဘာမှမှုစရာ မလိုပါဘူး... တစ်ခုတော့ရှိတယ်... ဒီကိစ္စကို ဖြေရှင်းတဲ့အခါ ငွေအနည်းငယ် ကုန်ရင် ကုန်ပါလိမ့်မယ်... ဦး ထုတ်ပေးနိုင်ပါ့မလား... "

ငွေထက် အသက်အန္တရာယ်က ပို၍အရေးကြီးသဖြင့် ဝမ်းပေ

ဝမ်းက ချက်ချင်းသဘောတူလိုက်လေသည်။

"ကိစ္စမရှိပါဘူး... ကျုပ် အကုန်အကျခံနိုင်တယ်... "

"ကောင်းပါပြီ... လေပွေညီနောင်ရဲ့ကိစ္စကို ဦးခေါင်းထဲ ထည့်မထားပါနဲ့တော့... ကဲ... ကျုပ်တို့ ပျော်ပျော်ပါးပါး စားသောက်လိုက်ကြရအောင်လား... "

ထားဝူက လောဆော်လိုက်သော်လည်း လေပွေညီနောင်အန္တရာယ်က ရှိနေသေးသဖြင့် မည်သူကမျှ စားသောက်ဖို့ စိတ်မဝင်စားကြပါချေ။ တကယ်တမ်းလည်း မည်သူကမျှ မစားသောက်နိုင်ကြချေ။

ထိုအချိန်မှာပင်...

"သခင်ကြီး... သခင်ကြီး... "

ကျယ်လောင်သော ခေါ်သံများနှင့်အတူ အိမ်ဖော်လုလင်တစ်ယောက် ပြေးလွှားဝင်ရောက်လာသည်ကို တွေ့လိုက်ရ၏။

ဝမ်းအင်းလင်က ငေါက်လိုက်သည်။

"ဟေ့... ဘာကြောင့် သည်လောက်တောင် အော်ကြီးဟစ်ကျယ်လုပ်နေရတာလဲ... ဘာဖြစ်လာတာလဲ ပြောစမ်း... "

လုလင်က ကြောက်ကြောက်လန့်လန့်ဖြင့် ဦးညွှတ်လိုက်၏။

"လူ... လူတစ်ယောက် ရောက်လာလို့ပါ... "

"ဘယ်သူလဲ... "

"ကျုပ်ပါ... "

အိမ်ဖော်လုလင်က ဖြေကြားခြင်းမဟုတ်ပါ။



အေးစက်သော စကားသံနှင့်အတူ လူတစ်ယောက်သည် မကောင်းဆိုးဝါးတစ်ကောင်ပမာ ဧည့်ခန်းဆောင်ထဲ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

အန္တရာယ်ကား အစပျိုးလာပြီဖြစ်လေသည်။

အခန်း [ ၄ ]

## အံ့ဩဖွယ်သတင်း

အေးစိမ့်သော လေတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာ၏။

လူတစ်ယောက်သည် မကောင်းဆိုးဝါးတစ်ကောင် လေနှင့်အတူ လွင့်မျောလာသည့်ပမာ ဧည့်ခန်းဆောင်ထဲသို့ ရောက်ရှိလာသည်။

ထိုလူ၏မျက်လုံးများ နီရဲနေကာ မျက်နှာဖြူဖတ်ဖြူလျော်ဖြစ်နေ၏။ သူ၏ရုပ်ရည်ပုံသဏ္ဌာန်မှာ မည်သို့မျှ ကျက်သရေမရှိချေ။

မကောင်းဆိုးဝါး လူသေအလောင်းတစ်လောင်း၏ မျက်နှာနှင့်ပင် တူနေသေးတော့သည်။

တွေ့လိုက်ရသူတိုင်း ကြက်သီးထအောင် ကျောချမ်းသွားကြလိမ့်မည်ဖြစ်သည်။

ဝမ်းပေဝမ်းမှာ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာ၏။



ကြမ်းပြင်ပေါ် လဲကျမသွားရလေအောင် ဝမ်းအင်းလင်က ထိန်းပေးထားရသည်။

တစ်ဖန် ဝမ်းအင်းလင်ကပင် ရောက်လာသည့် တစ္ဆေသရဲနှင့် တူသူအား ရင်ဆိုင်လိုက်ရလေသည်။

"ကျွန်တော့်အဖေရဲ့ မွေးနေ့ပွဲကို ကြွရောက်လာတဲ့ ဧည့်သည် ထင်ပါရဲ့... ကြွပါဗျာ... ကြွပါ... "

ထိုလူက ခြောက်ကပ်ကပ် ရယ်မောလိုက်သည်။

"ဟုတ်တယ်... ဟုတ်တယ်... ကျုပ်ဟာ မင်းအဖေရဲ့ဧည့်သည်ပဲ... ဒါပေမဲ့... မွေးနေ့ပွဲကိုလာတာမဟုတ်ဘူး... ဟိုတစ်ချိန်က အကြွေးကို လာတောင်းတာ... ဒီအကြွေးကို သူသိတယ်... "

"လက်စသတ်တော့... ခင်ဗျားဟာ လေပွေညီနောင်ထဲက လူတစ်ယောက်ကိုး... ကျွန်တော်တို့က နှစ်ယောက်လာမယ်ထင်နေတာ"

"ဟုတ်တယ်... လေပွေလေးဆိုတာ ကျုပ်ပဲ... "

"လေပွေကြီးကကော... လိုက်မလာဘူးလားဗျာ... "

ထားဝူပြောခဲ့သည့်စကားကြောင့် ဝမ်းအင်းလင်က မေးလိုက်ခြင်းဖြစ်လေသည်။ သူတို့သည် ထားဝူကြောင့်ပင် လေပွေညီနောင်အကြောင်း သိသင့်သမျှ သိထားခဲ့ကြလေပြီ။

"ဟား... ဟား... ဟား... "

လေပွေလေးက ရယ်မောလိုက်သည်။

"လေပွေကြီး ရောက်မလာတော့ကော... ဘာအရေးလဲ...

ကျွပ်ရောက်နေပြီပဲမဟုတ်လား... ဘယ်သူပဲ ရောက်လာရောက်လာ ရောက်လာဖို့ပဲ အရေးကြီးတယ်... "

သူသည် ဝမ်းပေဝမ်း၏ရှေ့တွင် လက်ဝါးဖြန့်လိုက်၏။

"ဝမ်းပေဝမ်း... ခင်ဗျားအကြောင်းကို ခင်ဗျားသိပါတယ်... ကျွပ်က ကြိုတင်သတိပေးပြီးပြီနော်... "

"ဟုတ်ပါတယ်... ဟုတ်ပါတယ်... "

ဝမ်းပေဝမ်း ကြောက်ကြောက်လန့်လန့်ဖြင့် ခေါင်းညိတ်လိုက်သည်။

တစ်ဖန်... လေပွေလေး တောင်းထားသည့် လျှံငွေတစ်သိန်း ပေးရန် ဆုံးဖြတ်လိုက်သည်။

လျှံငွေတစ်သိန်းဆိုသည်ကား အလွန်များပြားသော ငွေပမာဏဖြစ်လေသည်။

ထိုငွေကို ပေးလိုက်ရလျှင် ဝမ်းပေဝမ်းမှာ သူဆင်းရဲဘဝသို့ ချက်ချင်းရောက်သွားလိမ့်မည်ဖြစ်သည်။

အားလုံးက ထားဝူကို ကြည့်လိုက်ကြသည်။

ထားဝူသည် လေပွေလေးရောက်လာလျှင် ဖြေရှင်းပေးမည်ဟု တာဝန်ယူခဲ့သည်မဟုတ်လား... ။

ယခု... လေပွေလေး ရောက်လာပြီဖြစ်ပါသည်။

ထားဝူက မည်သို့ ဝင်ရှင်းမည်နည်း။

ထိုစဉ်...



"အဟမ်း... "

ထားဝူက ချောင်းတစ်ချက် ဟန့်လိုက်၏။

ပတ်ဝန်းကျင်မှာ တိတ်ဆိတ်နေသဖြင့် သူ၏ချောင်းဟန့်သံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

လေပွေလေးကား ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။

ထားဝူကိုမြင်သည်နှင့် ...

"ဟာ... "

သူသည် အကြီးအကျယ် မျက်နှာပျက်သွားလေ၏။

ထို့နောက် ကပျာကယာ နောက်ဆုတ်သွားလေတော့သည်။

ကျန်းတင်ရီတို့ စိတ်လှုပ်ရှားသွားကြလေသည်။

လေပွေလေးသည် ထားဝူအား အထူးသတိပြုမိသွားလေပြီ။

ရှေ့ဆက် မည်သို့ဖြစ်လာမည်နည်း။ ကျွားနှင့်ဆင် လယ်ပြင်မှာ တွေ့နေကြလေပြီ။

ထားဝူနှင့် လေပွေလေးတို့ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြ၏။

ထို့နောက်...

"ဟား... ဟား... ဟား... "

"ဟား... ဟား... ဟား... "

နှစ်ယောက်သား ပြိုင်တူရယ်မောလိုက်ကြလေတော့သည်။

"ဟင်... "

ခေတ်လူ
၈၁

"ဟာ... "

ကျန်းတင့်ရီတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

လေပွေလေးနှင့် ထားဝူတို့ မည်သို့ပတ်သက်နေကြပါသနည်း။

လေပွေလေးက ရယ်မောနေခြင်းကိုရပ်ကာ ထားဝူအား မေး လိုက်လေသည်။

"အစ်ကိုကြီးက ဘယ်လိုလုပ်ပြီး... သည်နေရာကို ရောက်နေ တာလဲ... "

ထားဝူသည် ကျန်းတင့်ရီတို့နှင့် တစ်ဝိုင်းထဲထိုင်ကာ စား သောက်နေခဲ့သည်ကို သတိပြုသွားပြီး ထပ်မေးလိုက်ခြင်းဖြစ်သည်။

"သည်လူတွေဟာ အစ်ကိုကြီးရဲ့ မိတ်ဆွေတွေလား... "

ထားဝူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... သည်ကနေ့ ညီလေး နည်းနည်းလောက် စိတ် လျှော့လိုက်ရင်ကောင်းမယ်... "

လေပွေလေး မျက်မှောင်ကုတ်သွားသည်။

"အစ်ကိုကြီးသဘောက... "

"သူဌေးကြီး ဝမ်းပေဝမ်းဟာ... ငါ့ရဲ့မိတ်ဆွေ ဝမ်းအင်းလင် ရဲ့ အဖေဖြစ်နေတယ်... "

"ဩော်... "

လေပွေလေး ခေါင်းညိတ်လိုက်သည်။

"အင်း... အစ်ကိုကြီးရဲ့ မိတ်ဆွေတွေ ဖြစ်နေတယ်ဆိုရင်...



ကျုပ် စိတ်လျှော့လိုက်ဖို့ ဝန်မလေးပါဘူးဗျာ... ဒါပေမဲ့... ဝမ်းပေဝမ်း ဟာ တစ်ချိန်က ကျုပ်တို့ညီအစ်ကိုရဲ့နာမည်ကို အသုံးချပြီး... ကိုယ်ကျိုး ရှာခဲ့တဲ့ကိစ္စကို မဖြေရှင်းဘဲနေရမယ်ဆိုရင်... ကျုပ်ရဲ့စိတ်ထဲ အောင့် သည်းအောင့်သက် ဖြစ်နေမိမှာ အမှန်ပဲဗျာ... "

လေပွေလေးသည် သူ၏သဘောထားကို ပွင့်ပွင့်လင်းလင်း ပြောသည်။

ထားဝူလည်း သက်ပြင်းချလိုက်လေ၏။

"သည်ကိစ္စဟာ ကြာခဲ့ပြီပဲ... လူတွေကလည်း မေ့လောက်ပါ ပြီလေ... ကျုပ်ရဲ့မျက်နှာကို ထောက်ထားပြီး... ညီလေး သည်ကိစ္စတွေ ကို မေ့လိုက်ပါတော့... "

"ကျုပ်က... "

"ညီလေး... လက်မခံနိုင်ဘူးလား... "

လေပွေလေး သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ... ကျုပ်က အစ်ကိုကြီးမျက်နှာကို ထောက် ထားပြီး... သည်ကိစ္စကို မေ့လိုက်ပါတော့မယ်... "

သူက ဝမ်းပေဝမ်းနှင့် ဝမ်းအင်းလင်တို့သားအဖနှစ်ယောက် ...ကို လှည့်ပြောလိုက်သည်။

"တစ်ချိန်ကကိစ္စတွေကို... ကျုပ် မေ့လိုက်ပါပြီဗျာ... "

ထိုစကားကြားလျှင် အားလုံး ဝမ်းသာသွားကြလေသည်။

ထားဝူ၏စကားကို လေပွေလေးက လက်ခံသည်မှာ မယုံနိုင်

စရာကောင်းလှပေတော့သည်။

အဘယ်ကြောင့်ပါနည်း... ။

လေပွေလေးက အားလုံးကို ငေးကြည့်လိုက်၏။

တစ်ဖန်...

"အစ်ကိုကြီးရဲ့မိတ်ဆွေတွေဆိုရင်... ကျုပ်ရဲ့မိတ်ဆွေတွေပဲပေါ့... ကျုပ်နဲ့ မိတ်ဆက်ပေးပါလား... "

သူက တစ်ဦးချင်းအား အကဲခတ်နေသည်။

ထားဝ ရယ်မောလိုက်သည်။

ကျွန်းတင့်ရီတို့ဘက်သို့လှည့်ကာ ပြောလေသည်။

"ကဲ... မိတ်ဆွေတို့... သူဟာ ကျုပ်ရဲ့ညီ လေပွေလေးပါ... 'ကျုပ်ကို မိတ်ဆွေလို သဘောထားရင်... သူ့ကိုလည်း မိတ်ဆွေတစ်ယောက်လို သဘောထားစေချင်ပါတယ်... "

သူက လေပွေလေးနှင့် ကျွန်းတင့်ရီတို့အား မိတ်ဆက်ပေးလိုက်လေသည်။

ဝမ်းပေဝမ်းအား ဒုက္ခမပေးတော့၍ လည်းကောင်း၊ ထားဝ၏မိတ်ဆွေဖြစ်နေခြင်းကြောင့်လည်းကောင်း ကျွန်းတင့်ရီတို့သည် လေပွေလေးအား ဝမ်းသာအားရ လက်ခံလိုက်ကြလေသည်။

ဝမ်းအင်းလင်က မနေနိုင်တော့ဘဲ မေးလိုက်လေသည်။

"နောင်ကြီးထားဝက... "

ထားဝ ရယ်မောလိုက်သည်။



"လေပွေကြီးဆိုတာ... ကျုပ်ပါပဲဗျာ... "

ထိုစကားကြားလျှင် ဝမ်းအင်းလင် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

ခေတ်လူ
၈၁၉၀

[ [ [

လေပွေညီနောင်...

လေပွေညီနောင်သည် ဓားလှံလက်နက်ကိုမမှီသော သံမဏိသိုင်းပညာ လေ့ကျင့်အောင်မြင်ထားသူများ ဖြစ်ကြပြီး သိုင်းလောက၌ ကိုယ့်သဘောနှင့်ကိုယ် ကျင်လည်ကျက်စားနေကြသူများ ဖြစ်သည်။ ဂိုဏ်းဂဏမရှိ၊ အဖွဲ့အစည်းမရှိ တစ်ကိုယ်တော် လူစွန့်စားများ ဖြစ်ကြသည်။

လေပွေညီနောင်ဟူသော အမည်ကြားလျှင် သိုင်းလောကသားများ ခေါင်းကိုက်သွားကြသည့်ချည်းဖြစ်သည်။

ထို့ကြောင့် ဝမ်းပေဝမ်းသည် လေပွေညီနောင်၏အမည်ကို ကြားရုံမျှဖြင့် ကိုယ်ကျိုးရှာခဲ့ခြင်း ဖြစ်သည်။

ကံကောင်းထောက်မပြီး ဖန်းဟူနှင့် စတင်ရင်းနှီးခဲ့သော ထားဝမှာ လေပွေကြီး ဖြစ်နေ၏။

လေပွေကြီးက ဝမ်းအင်းလင်၊ ကျွန်းတင့်ရီတို့အား မိတ်ဆွေအဖြစ် သဘောထားလိုက်သောအခါ ဝမ်းပေဝမ်း၏ပြဿနာကို ဝင်ရှင်းပြီးသား ဖြစ်သွားတော့သည်။

"ဟူး... တော်ပါသေးရဲ့... "

တစ်ချိန်လုံး ရင်တထိတ်ထိတ် ဖြစ်နေခဲ့သော ကျွန်းတင့်ရီ တီးတိုးသက်ပြင်းချလိုက်မိသည်။ သို့သော်... အားမုန်ကတော့ ဖြစ်ပျက်နေမှုများကို မနှစ်မြို့နိုင်ဘဲ ဖြစ်နေသည်။

"သူတို့ဟာ မကောင်းတဲ့လူတွေပါလို့... ကျွန်တော်ပြောထားတာကို သခင်လေးမှ မယုံတာကိုး... အခုကြည့်လေ ထားဝူဟာ နာမည်ကြီးတဲ့ လေပွေကြီးဆိုတဲ့လူ ဖြစ်နေပြီ... ကျွန်တဲ့လူတွေကကော ဘယ်သူတွေ ဖြစ်နေဦးမလဲမသိဘူး... "

ကျွန်းတင့်ရီ ပြုံးလိုက်သည်။

"အားမုန်ရယ်... မင်းက ဘယ်သူ့ကိုမှ ကောင်းတယ်လို့ မထင်တော့ဘူးလား... ကောင်းတဲ့လူလို့ မထင်တော့ဘူးလား... "

"ဘယ်သူတွေကကော ကောင်းလို့လဲသခင်လေး... ကျွန်တော်တို့ အိမ်ကထွက်လာတဲ့ လမ်းတစ်လျှောက်မှာ ဆူပူသောင်းကျန်းမှု အမျိုးမျိုးကို တွေ့ခဲ့ရတာပဲမဟုတ်လား... ခုလို အချိန်အခါမျိုးမှာ ဘယ်သူ့ကို ယုံကြည်ရမလဲ... လူကောင်းဆိုတာ ဘယ်မှာလဲ... လူဆိုးဆိုတာ ချိုပေါက်နေတာ မဟုတ်ပါဘူး သခင်လေး... "

ကျွန်းတင့်ရီသည် အားမုန်ကို အပြစ်မဆိုရက်ချေ။ အဘယ်ကြောင့်ဆိုသော် တိုင်းပြည်အခြေအနေကို သူ့အနေဖြင့် သိသင့်သမျှ သိနေသောကြောင့်ပေတည်း။

အားမုန်က ဘာကိုမျှ စိတ်မချနိုင်အောင် ဖြစ်နေသည်ကို



အပြစ်မဆိုရက်ပါချေ။

အခြေအနေ အရပ်ရပ်ကလည်း စိတ်ပျက်စရာကောင်းနေသည်မဟုတ်ပါလား... ။

တရုတ်ပြည်တွင် ကျုံကျင်ဘုရင် ထီးနန်းစိုးစံသော အချိန်ကာလဖြစ်သည်။ နန်းတွင်း၌ မင်းညီမင်းသားများ မှူးကြီးမတ်ရာများမှာ အချင်းချင်း စိတ်ဝမ်းကွဲကာ မသင့်မမြတ်ဖြစ်နေကြသကဲ့သို့ နယ်စပ်ဒေသ၌လည်း တိုင်းတစ်ပါးသား မန်ချူးများက နယ်ချဲ့ကျူးကျော်ရန်စနေကြ၏။

တောမီးလောင် တောကြောင် လက်ခမောင်းခတ်ဆိုသကဲ့သို့ လူဆိုးဓားပြများ၊ တောပုန်းများ၊ တောကြောင်များ ထကြွနေသကဲ့သို့ မြို့စားနယ်စားများသည်လည်း ကိုယ့်သဘောနှင့်ကိုယ် သူတလူ ငါ တစ်မင်း အုပ်ချုပ်နေကြ၏။

တရုတ်ပြည်ကြီး ဝါးအစည်းပြေသကဲ့သို့ ဖရိုဖရဲ ဖြစ်နေသော အချိန်ကာလဖြစ်နေသည်။

တိုင်းပြည်တနံတလျား၌ ရှိနေကြသော သိုင်းသမားများသည် အချို့က နယ်ချဲ့မန်ချူးများနှင့် ပူးပေါင်းကြ၏။

အချို့က နယ်စား မြို့စားများနှင့် ပူးပေါင်းကြ၏။

မင်းညီမင်းသား မှူးမတ်များအား သစ္စာခံကြသူများလည်း ရှိကြ၏။

ထို့အပြင် ကိုယ့်သဘောနှင့်ကိုယ် ကျင်လည်ကျက်စားနေသူ

များ၊ အများအကျိုး တိုင်းပြည်အကျိုး ဆောင်ရွက်လိုသူများလည်း ရှိ နေပါသေး၏။ စိတ်ကောင်းရှိသော သိုင်းသမားတိုင်းသည် မတရား သည့် ဖြစ်ရပ်များကို စက်ဆုပ်ရွံရှာသည့်အလျောက် မတရားမှုများ တွင် ဝင်ရောက်တားဆီးနေကြသည်။

တရုတ်ပြည်တစ်ဝှမ်းတွင် ဆူပူသောင်းကျန်းမှုများ၊ တိုက်ပွဲ များ နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်နေသော အချိန်ကာလမျိုးကြီး၌ ကျန်းတင့်ရီ တို့က အပျော်ခရီးထွက်လာခဲ့ကြမိခြင်း ဖြစ်ပါတော့သည်။

တကယ်တော့ သူတို့ ခရီးထွက်ခြင်းမှာ အချိန်အခါမဟုတ်ပေ။

ကျန်းတင့်ရီတို့ ဟန်ကျူးနယ်မှာ အခြားအရပ်ဒေသများထက် ပို၍ အေးချမ်းတည်ငြိမ်မှု ရှိပေသည်။

ထို့ကြောင့်... ဆူပူမှုများ သတင်းကြားမိသော်လည်း မှုစရာ မလိုဟု ပေါ့ပေါ့တန်တန်တွေးကာ ကျန်းတင့်ရီတို့ ထွက်လာမိခဲ့ကြခြင်း ဖြစ်သည်။

ဟန်ကျူးနယ် ပြင်ပသို့ရောက်မှ ဆိုးသွမ်းသောင်းကျန်းမှုများ ကို လက်တွေ့မြင်တွေ့ခဲ့ရတော့သည်။

ကျန်းတင့်ရီတို့မှာ ကုန်ရောင်းကုန်ဝယ် ထွက်ခဲ့စဉ်က အားလုံး အေးအေးချမ်းချမ်းရှိခဲ့သည်ကိုပင် ကံကောင်းသည်ဟု ဆိုရမည်ဖြစ် သည်။ တကယ်တော့... အားမုန်သည် ကျန်းတင့်ရီထက် လျှင်သည်၊ သူလည်ပတ်၍သာ သူတို့ ကုန်ရောင်းကုန်ဝယ် မထိခိုက်ခဲ့ခြင်းဖြစ် သည်။



မငြိမ်သက်သော အခြေအနေကြောင့် အားမုန်က အိမ်ပြန်ရန် တိုက်တွန်းခဲ့သည့်တိုင် ကျန်းတင့်ရီက ဇွတ်အတင်း ရှေ့ဆက်ခဲ့ခြင်း လည်း ဖြစ်လေသည်။

ချန်အန်းသို့အလာခရီးတွင် နာမည်ကျော်နေသော သိုင်းသမား များ၏အမည်များကိုလည်း ကြားခဲ့ရသည်။

ကျန်းတင့်ရီတို့ ကြားခဲ့သမျှထဲ၌ ရွှေမင်းသားတုံးဖန်းလှိုင်သည် နာမည်အကြီးဆုံး ဖြစ်နေလေသည်။

ဝမ်းအင်းလင်၊ ကျူးပန်ရှင်း၊ ဖန်းဟူတို့နှင့် တွေ့ဆုံရင်းနှီးခဲ့ ပြီးနောက်... လေပွေညီနောင်နှင့် ပတ်သက်ခဲ့ရသည်။

ရေပေါ်နန်းတော်၌ ရင်းနှီးခဲ့ရသော လူကြမ်းကြီးထားဝူမှာ နာမည်ကျော် လေပွေကြီးဖြစ်နေသည်ကို သိလိုက်ရပြီဖြစ်သည်။

အားမုန်က ဆက်ပြောလိုက်သည်။

"ထားဝူက လေပွေကြီးဖြစ်နေရင်... ကျန်တဲ့လူတွေကကော ဘယ်သူတွေဖြစ်မလဲ သခင်လေး... ကျွန်တော်တို့ အိမ်ပြန်ကြတာ... အကောင်းဆုံးဖြစ်မယ်... ကျွန်တော့်စိတ်ထင်တော့ ကျန်တဲ့လူတွေ လည်း တစ်ယောက်ပြီးတစ်ယောက် မဟုတ်မဟတ်လူတွေဖြစ်လာမှာ လို့ ထင်နေတယ်... "

"အေးလေ... အချိန်တန်တော့လည်း တို့အိမ်ပြန်ကြတာပေါ့"

"အခုကော သခင်လေး... ကျွန်တော်တို့ အိမ်ပြန်သင့်တာ [illegible]နေပါပြီ... အခု ပြန်သင့်ပြီလို့ မထင်ဘူးလား... "

"ခုတော့... "

ကျွန်းတင့်ရီ၏ စကားမဆုံးမီ...

"ဟော့... သောက်လေ... မင်းက ဘာသဘောလဲကွ... "

ကျယ်လောင်သော အော်ငေါက်သံနှင့်အတူ ဧည့်ခန်းအတွင်းသို့ လူတစ်ယောက် ခုန်ဝင်လာသည်ကို တွေ့လိုက်ရလေတော့သည်။

သူ ခုန်ဝင်လာသည်မှာ လွန်စွာပေါ့ပါး၏။ ကျွန်းတင့်ရီတို့ တအံ့တဩဖြင့် ကြည့်မိကြသည်။

သိမ်းငှက်မျက်နှာကဲ့သို့ မျက်နှာပေါက်ရှိ လူတစ်ယောက်ပေတည်း။

နှာတံကောက်ကောက်၊ မျက်တွင်းနက်နက်၊ မျက်ခုံးမွေးနှစ်ခုကြား၌ မှဲ့နက်ကြီးတစ်လုံးရှိသေး၏။ သူ၏ရုပ်ရည်မှာ လုံးဝမသိမ်မွေ့ချေ။ အလွန်တရာ ရက်စက်ကြမ်းကြုတ်မည့် ရုပ်ရည်မျိုးဖြစ်သည်။

သူ၏နောက်ကျော၌ ဓားတစ်ချောင်း လွယ်ထားသေး၏။

ထိုလူသည် ဧည့်ခန်းဆောင်ကြီးအတွင်း ရောက်ရှိလာသည်နှင့် လေပွေလေးအား အော်ပြောလိုက်သည်။

"လေပွေလေး... မင်း ဘာကြောင့် သည်လောက်တောင် ကြာနေတာလဲ... ရတဲ့ငွေတွေကို အပိုင်စီးပြီး တခြားတစ်နေရာကို ထွက်သွားပြီထင်လို့... ငါလိုက်လာခဲ့တာ... ဟင်း... ဟင်း... ဒီလိုတော့ လုပ်လို့မရဘူးနော်... ဝေစားမျှစားပဲ... "

သူ၏စကားမှာ မယုံကြည်သည့်သဘော၊ မနာလိုမရှုဆိတ်



သည့်သဘော အထင်းသားပေါ်လွင်နေသည်။

ထားဝူ (ဝါ) လေပွေကြီးသည် ထိုလူကိုမြင်လျှင် တီးတိုး ရေရွတ်လိုက်လေ၏။

"ဘယ်သူများလည်း မှတ်တယ်... 'သိမ်းငှက်မည်းရှိကျား'ပါလား... "

သူက ညီဖြစ်သူ လေပွေလေးအား တီးတိုးလှမ်းမေးလိုက်သည်။

"ညီလေး... ရှိကျားနဲ့ ဘယ်လိုပတ်သက်ခဲ့တာလဲ... ပြောစမ်းပါဦး... "

လေပွေလေးက ရှင်းပြလေ၏။

"အစ်ကိုကြီးက ဘယ်ရောက်နေမှန်းလဲမသိဘူး... ကျုပ်က ရှန်းမန်းကို လာရမယ်ဆိုတော့... တစ်ယောက်တည်း ဖြစ်နေတာနဲ့... လမ်းမှာတွေ့ခဲ့တဲ့ သိမ်းငှက်မည်းကို အဖော်လုပ်လာခဲ့တာ... "

သိမ်းငှက်မည်းရှိကျားက ကြားဝင်ပြောလိုက်သည်။

"ဟော့... ဟော့... ငါ့ကိုဝေစုပေးမယ်ဆိုပြီး ခေါ်လာတာနော်... ဝေစုမရလို့က... ငါ ကျေနပ်မှာမဟုတ်ဘူး... "

ရှိကျားသည် သူရမည့်ဝေစုအကြောင်းသာ တဖွဖွပြောနေ၏။

ရှိကျားသည် ကိုယ်ကျိုးအတွက် ရှေ့တန်းတင်သူဖြစ်ကြောင်း ပေါ်လွင်နေသည်။

ထားဝှ (ဝါ) လေပွေကြီး စိတ်ပျက်သွားလေ၏။

"ညီလေးရယ်... သိုင်းလောကထဲမှာ ကျင်လည်ကျက်စားနေ
ပြီးတော့... သည်လောက်တောင် မတွေးတတ်တော့ဘူးလား... တခြား
လူကို အဖော်လုပ်ရင်တောင် တော်သေးတယ်... သိမ်းငှက်မည်းကိုမှ
အဖော်လုပ်မိတာ မှားတာပဲ... မင်း တကယ်ညံ့တယ်... "

ရှိုကျား မကျေမနပ် ဖြစ်သွား၏။

"လေပွေကြီး... မင်းစကားကြည့်ပြောပါကွ... ငါ့ကို မစော်
ကားပါနဲ့... "

လေပွေကြီး မဲ့ပြုံးပြုံးလိုက်သည်။

"သိမ်းငှက်မည်း... ချန်အန်းမှာ သတင်းထူးတစ်ခု ရောက်နေ
လို့ မင်းလာခဲ့တာ မဟုတ်လား... လမ်းမှာ ငါ့ညီနဲ့ဆုံမိတော့... တစ်ချက်
ခုတ် နှစ်ချက်ပြတ်... ငွေရပေါက်ရှာလိုက်တာ မဟုတ်လား... မင်
အကြောင်း မသိရင်ခက်မယ်... "

ရှိုကျားက အော်လိုက်သည်။

"လေပွေကြီး... မင်းရဲ့ညီက သူနဲ့ပူးပေါင်းရင် ဝေစုတစ်ဝ
ရမယ်လို့ပြောခဲ့တာပဲ... ငါ လာတောင်းတာမှမဟုတ်တာ... သူ့စကာ
သူ ပေးစရာရှိတာ ပေးရမှာပေါ့... ဟေ့... လေပွေလေး... မင်းက က
ဖျက်မလို့လား... "

လေပွေလေးက ပခုံးတွန့်လိုက်သည်။

"ငါဟာ... သည်နေရာမှာ ငွေရပေါက်ရှိတာ အမှန်ပဲကွ...



ပေမဲ့... သည်ကလူတွေဟာ ငါ့အစ်ကိုရဲ့မိတ်ဆွေ ဖြစ်နေကြတယ်...
ဒါကြောင့်... ငါ့အနေနဲ့ ငွေတောင်းလို့ကောင်းပါတော့မလားကွ... မင်းပဲ
ငါ့နေရာက စဉ်းစားကြည့်ပေါ့ကွာ... "

"မလိုချင်ဘူး... ငါ့ဝေစုမရရင် ငါမကျေနပ်ဘူး... "

လေပွေလေးက အစ်ကိုဖြစ်သူ လေပွေကြီးအား လှမ်းကြည့်
ပြီး ပြောလိုက်သည်။ သူ့စကားများက သူ့အတွက် ဖြေရှင်းချက် ထုတ်
ပြခြင်းပင်ဖြစ်သည်။

"ချန်အန်းမှာ... သတင်းထူးတွေ ဖြစ်ပေါ်နေတာကြောင့်...
အစ်ကိုကြီးက အရင်သွားနှင့်တာ ကျုပ်ဘယ်သိပ့်မလဲ... သိုင်းလောက
သား အတော်များများဟာ ချန်အန်းမြို့ကို ရောက်လာကြတော့... ကျုပ်
တစ်ယောက်တည်းနဲ့ စိတ်မချရတော့ဘူးလေ... ဒါကြောင့် သိမ်းငှက်
မည်းကြီးကို အဖော်ပြုခဲ့ရတာ... "

ကျန်းတင့်ရှိနှင့် အားမှန်တို့ တစ်ယောက်ကိုတစ်ယောက်
ကြည့်လိုက်ကြလေသည်။

ချန်အန်းမြို့သို့ သိုင်းလောကသားများ ရောက်လာကြပြီး
ယခုနာတစ်စုံတစ်ရာ ရှိနေပြီဟု နားလည်လိုက်ကြလေသည်။

လေပွေကြီးက...

"မကြာသေးခင်က... ကျောက်ထပ်တောင် ရတနာသိုက်နဲ့
ပတ်သက်ပြီး သတင်းထူးတွေ ဖြစ်ပေါ်လာတယ်... ဒါကြောင့် သူဌေးကြီး
ဖန်ရဲ့ကိစ္စဟာ မပြောပလောက်တော့ပါဘူး... ညီလေး နားလည်တယ်

မဟုတ်လား... "

"ကျွန်တော် နားလည်ပါတယ် အစ်ကိုကြီး... "

ဤတွင် သိမ်းငှက်မည်းက ကြားဖြတ်အော်လိုက်သည်။

"ခင်ဗျားတို့ ဘာပြောနေပြောနေ... ကျုပ် ဂရုမစိုက်ဘူး... ကျုပ်နဲ့ လေပွေလေး ကတိထားခဲ့ကြတဲ့အတိုင်း... ကျုပ်ရဲ့ဝေစု ရမှ ဖြစ်မယ်... "

လေပွေကြီး ဒေါသထွက်သွားလေ၏။

ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

"မင်းလိုချင်ရင် လက်သီးပဲရမယ်... ငွေတော့ မရဘူးကွ... ငွေမျက်နှာပဲ ကြည့်နေတဲ့ကောင်... "

"ဟား... ဟား... ဟား... "

"မင်း... ဘာရယ်တာလဲ... "

လေပွေကြီးက မေးလိုက်၏။

"ခင်ဗျား... တကယ်သိချင်သလား... "

"မင်းမပြောရင်... မင်းမျက်နှာကို ငါ လက်သီးနဲ့ ထိုးမိမယ်"

ရှီကျားက ဟားတိုက်ရယ်မောရင်း...

"လေပွေကြီး... ကျုပ်ကို ဒီလိုခြိမ်းခြောက်လို့ မရဘူး... ခင်ဗျား ရဲ့ သံမဏိလက်သီးနဲ့ ကျုပ်ရဲ့ သိမ်းငှက်လက်သည်း... ဘယ်ဟာက ပိုပြီးအစွမ်းထက်သလဲဆိုတာ ကြည့်သေးတာပေါ့... အပြောနဲ့မဟုတ်ဘဲ လက်တွေ့စမ်းကြတာပေါ့... "



မမျှော်လင့်ဘဲ တိုက်ပွဲဖြစ်ပွားရန် တာဆူလာသည်။

အားမုန်က ထရပ်မည်ပြုသဖြင့် ကျွန်းတင့်ရီက လက်ဆွဲပြီး ထိုင်ခိုင်းထားလိုက်ရသည်။ မလိုအပ်ဘဲ အဘယ်ကြောင့် ဝင်ပါရမည်နည်း။ ကိုယ်နှင့် ထိပ်တိုက်ဖြစ်သောကိစ္စလည်း မဟုတ်ပေ။

အားမုန်မှာ သိုင်းပညာ အနည်းငယ်တတ်မြောက်ထားသည်။ တကယ်တော့ ရန်လိုပြီး ထခြင်းမဟုတ်ပါ။

အန္တရာယ်ပေါ်ပေါက်လာလျှင် ကျွန်းတင့်ရီကို ကာကွယ်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်လေသည်။

လေပွေကြီးနှင့် ရှီကျားတို့ ထိပ်တိုက်ရင်ဆိုင်မိသောအခါ လေပွေလေးမှာ လက်ပိုက်ကြည့်မနေနိုင်တော့ချေ။

"ငါတို့က ငွေတွေရပြီး မပေးချင်လို့... မင်းကို ပြောနေတာ မဟုတ်ဘူး... ကောင်းကောင်းမွန်မွန်ပြောတာကို... မင်း လက်မခံဘူး ဆိုရင် ငါကလည်း ဝင်ပါရမှာပဲ... "

ရှီကျား မျက်နှာပျက်သွားသည်။

နာမည်ကျော် လေပွေညီနောင်အား တစ်ယောက်ချင်း ရင်ဆိုင် မျှော် သူက မှုမည်မဟုတ်ပါချေ။

တစ်ယောက်ချင်း ကောင်းကောင်းယှဉ်ရဲသည်။

နှစ်ယောက် တစ်ယောက် ရင်ဆိုင်ရမည်ဆိုပါက မလွယ်မှန်း နားလည်ထားသဖြင့် အောင့်သက်သက်ဖြင့် အလျှော့ပေးလိုက်ရသည်။

"အားလေ... လေပွေညီနောင်ရဲ့ မိတ်ဆွေတွေဖြစ်နေလို့...

ကျုပ်အတွက် ဝေစုမရနိုင်တော့ဘူးဆိုရင်လည်း... ဘာမှမပြောလိုတော့ပါဘူး... ဒါပေမဲ့... သည်ကနေ့ ကျုပ်က အပင်ပန်းခံပြီး ကူညီဖို့လိုက်လာခဲ့ရတာ... ဒါကိုတော့ အကြွေးတစ်ခုလို့ မှတ်ထားရတော့မယ်... "

လေပွေညီနောင် အချင်းချင်း ကြည့်လိုက်ကြသည်။

သိမ်းငှက်မည်းနှင့် ပတ်သက်မိသဖြင့် အကြွေးတစ်ခု တင်သွားပြီဖြစ်သည်။ ဤသည်မှာ လေပွေကလေး မိတ်ဆွေ မရွေးတတ်သောကြောင့် ဖြစ်ပါသည်။

သူတို့ ဘာမှမပြောလိုကြတော့ပါ။ သိမ်းငှက်မည်းက အကြွေးမှတ်လျှင်လည်း မှတ်ပါစေတော့။

ထိုစဉ် ဖန်းဟူက ရယ်မောလိုက်လေ၏။

"ဟား... ဟား... ဟား... "

"ခင်ဗျားကို ကြည့်ရတာ... ကျောက်ထပ်တောင်ကိစ္စနဲ့ပတ်သက်ပြီး အကူအညီလိုလာရင်... လေပွေညီနောင်ဆီက အကြွေးတောင်းမဲ့သဘောမျိုးထင်ပါတယ်... "

ရှီကျား နှာခေါင်းရှုံ့လိုက်သည်။

ဖန်းဟူအား အရေးမစိုက်သည့်လေသံဖြင့် ပြောလိုက်သည်။

"ဟုတ်တော့ ဘာဖြစ်သလဲ... မဟုတ်တော့ ဘာဖြစ်သလဲ... လူတွေဟာ ကိုယ့်ကိစ္စကိုပဲ ကိုယ်စိတ်ဝင်စားတယ်... အဲဒီတော့ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို ဝင်မရှုပ်နဲ့... ဝင်ရှုပ်ရင် ဒုက္ခဖြစ်သွားလိမ့်မယ်... လူတိုင်း ကိုယ့်အခြေအနေ ကိုယ်သိသင့်တယ်... အေးအေးဆေးဆေးနေစမ်းပါ... "

ဖန်းဟူ ရယ်မောလိုက်လေ၏။

"ကျုပ်က ဒုက္ခရောက်မယ်... ဟုတ်လား... ကောင်းပြီ... "

သူက ထိုင်ရာမှ ထလိုက်သည်။

ကွမ်းတင့်ရီ လှုပ်လှုပ်ရှားရှားဖြစ်သွားလေ၏။

"နောင်ကြီးဖန်းဟူ သတိထားပါဗျာ... သူတို့ဟာ သိုင်းလောကမှာ ကျင်လည်ကျက်စားနေကြသူတွေပါ... နောင်ကြီးကတော့ အေးအေးဆေးဆေးနေတဲ့လူပါ... နောင်ကြီး သူတို့ကို မယှဉ်နိုင်ပါဘူး... "

သူ၏စကားမဆုံးမီ ဖန်းဟူက ကြားဖြတ်ပြောလိုက်လေသည်။

"ညီလေးကျွန်းတင့်ရီ... ဘာမှမပူပါနဲ့... ကျုပ်လည်း သိုင်းလောကသားတစ်ယောက်ပါပဲ... "

"ဗျာ... "

ကျွန်းတင့်ရီ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

ဖန်းဟူက သိမ်းငှက်မည်းရှီကျားအား စိုက်ကြည့်လိုက်လေသည်။

"ခင်ဗျားဟာ... ကိုယ့်ကိုယ်ကို သိုင်းလောကမှာ အရေရောက်ပါတယ်လို့ထင်နေရင်... ရွှေမင်းသား'တုံးဖန်းလှိုင်'ဆိုတဲ့နာမည်ကို ကြားဖူးမှာပေါ့... "

ရှီကျား မဲ့ပြုံးပြုံးလိုက်သည်။

"ကြားဖူးသားပဲ... ဘာလဲ... ခင်ဗျားက ရွှေမင်းသားတုံးဖန်း

လှိုင်ဖြစ်နေလို့လား... "

"ဟား... ဟား... ဟား... "

ဖန်းဟွာက တစ်ခွန်းတည်း ပြတ်သားစွာ ပြောလိုက်လေ၏။

"ဟုတ်တယ်... "

ဖန်းဟွာ၏ စကားအဆုံးတွင် ရှိကျား ကပျာကယာ နောက်ဆုတ်သွားလေတော့သည်။

~~~~~~ ~

အခန်း [ ၅ ]

## အခကြေးငွေ

ကျယ်ဝန်းလှသော ဧည့်ခန်းမဆောင်ကြီးအတွင်း၌ အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်သွားသည်ဟု ထင်ရသည်။

ရှိကျားသာမက... လေမွှေညီနောင်ပါ ဖန်းဟွာကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေပါကြသည်။

အားမုန်က ကျန်းတင့်ရီကို တီးတိုးပြောလိုက်သည်။

"သခင်လေး... ထားဝူဟာ လေမွှေကြီး ဖြစ်နေတယ်... ဟောဖန်းဟွာကျတော့ ရွှေမင်းသားဖြစ်နေပြန်ပြီ... ကျူးပန်ရှင်းနဲ့ ဝမ်းအင်းလင်တို့ကကော ဘယ်လိုလူစားတွေ ဖြစ်နေမလဲ... "

ကျန်းတင့်ရီ ကျွဲမြီးတိုသွားသည်။ အားမုန်၏စကားမှာ အမှန်တကယ် တွေးတောစရာကောင်းသော်လည်း အချိန်အခါမဟုတ်သဖြင့် ကျန်းတင့်ရီက ငေါက်လိုက်၏။
~~~~~~

"မင်း... အသာနေစမ်းပါကွာ... "

ရွှေမင်းသားတုံးဖန်းလှိုင်ဟူသော အမည်သည် ကျွန်းတင့်ရီအား တုန်လှုပ်သွားစေခဲ့သည်။

အဘယ်ကြောင့်ဆိုသော်...

ချုန်အန်းမြို့သို့ လာရာလမ်းတစ်လျှောက်တွင် "ရွှေမင်းသားလေး"ဟူသောအမည်ကို နားမဆံ့အောင် ကြားခဲ့ရသောကြောင့်ပေတည်း။

ရွှေမင်းသားလေးသည် သိုင်းလောက၏ လူထူးလူဆန်းတစ်ယောက်ပမာ ဖြစ်နေ၏။

အချို့က သူ့အား မိန်းမပွေသည့် လူဆိုးတစ်ယောက်ဟု ပြောကြသည်။

အချို့က သိုင်းပညာအားကိုးပြီး ထင်ရာစိုင်းနေသူဟု ဆိုကြသည်။

တချို့ကမူ သိုင်းလောကသူရဲကောင်းတစ်ယောက်ဟု သတ်မှတ်ကြ၏။

ဤသို့ ဝေဖန်ပြောဆိုမှုများ အကွဲကွဲအပြားပြား ဖြစ်နေသော်လည်း အချက်တစ်ချက်ကိုတော့ တညီတညွတ်တည်း အားလုံးသဘောတူကြသည်။ ထိုအချက်မှာ...

သူ၏သိုင်းပညာမှာ အလွန်ထက်မြက်သည်ဟူသော အချက်ပင်တည်း။



လျှို့ဝှက်ပြီး ပဟေဠိဆန်လှသော ရွှေမင်းသားလေးမှာ မိမိနှင့်ခင်မင်ရင်းနှီးခဲ့သူ ဖန်းဟူဖြစ်နေသောအခါ ကျွန်းတင့်ရီမှာ တွေဝေငေးမောသွားရလေတော့သည်။

ထိုစဉ်...

"ဟား... ဟား... ဟား... "

ရှီကျား၏ ဟားတိုက်ရယ်မောသံ ထွက်ပေါ်လာသည်။

"ရာရာစစ... မင်းကများ တုံးဖန်းလှိုင်တဲ့လား... "

ဖန်းဟူ ခေါင်းညိတ်လိုက်သည်။ သူ့အသံက တည်ငြိမ်လှသည်။

"ဟုတ်တယ်... "

ခေတ်လူ
၈၁

သူက လေပွေကြီးအား လှမ်းမေးလိုက်သည်။

"ကျောက်ထပ်တောင် ရတနာသိုက်ကိစ္စ... ခင်ဗျားကို ဘယ်သူသတင်းပေးတာလဲ... "

လေပွေကြီး မျက်မှောင်ကုတ်သွားသည်။

"ရတနာသိုက်ကို ရှာဖွေချင်ရင် ချုန်အန်းကိုလာဖို့... ရွှေမင်းသားက ဖိတ်လိုက်တဲ့ စာတစ်စောင်ကို ကျုပ်ရခဲ့ပါတယ်... ဒါပေမဲ့"

ဖန်းဟူ ပြုံးလိုက်သည်။

"ကျောက်ထပ်တောင်ကိစ္စဟာ... အတော့်ကို ရှုပ်ထွေးနေတယ်... ဒါကြောင့် ကျုပ်နဲ့အတူ ပူးပေါင်းဆောင်ရွက်ချင်သူတွေက ကမ်းလှမ်းလာကြတယ် လေပွေကြီး... သည်ကိစ္စမှာ ကျုပ်ကို ဦးဆောင်

စချောင်တဲ့သူတွေထဲမှာ ခင်ဗျားလည်း ပါတယ်မဟုတ်လား... "

လေပွေကြီး ခေါင်းညိတ်လိုက်သည်။

"ရွှေမင်းသားလေးသာ ဦးဆောင်မယ်ဆိုရင်... အောင်မြင်လိမ့်မယ်လို့ ကျုပ် ယုံကြည်ပါတယ်... ဘာဖြစ်လို့လဲဆိုတော့... "

ဖန်းဟူက လက်ဝါးကာပြသည်။ ဆက်မပြောနှင့်တော့ဟူသည့်သဘောပင်။ လေပွေကြီးလည်း ပါးစပ်ပိတ်သွားလေ၏။

ဖန်းဟူက ရှီကျားအား လှမ်းကြည့်ပြီး မေးလိုက်၏။

"ခင်ဗျားကကော... "

ရှီကျားက မှဲ့မှဲ့ရွှဲရွှဲဖြင့် ပြော၏။

"ကျုပ်သဘောကို ပြောရမှာလား... အင်း... မေးတော့လဲ ပြောရတာပေါ့ကွာ... ရွှေမင်းသားလေး ဦးဆောင်တာကို... ကျုပ်အနေနဲ့ လက်မခံနိုင်စရာအကြောင်း... ဘာမှမရှိဘူး... ရွှေမင်းသားလေးအကြောင်း တစ်တိုင်းပြည်လုံး သိနေတာပဲ... ဒါပေမဲ့... မင်းဦးဆောင်မယ်ဆိုတာတော့... "

သူသည် ခေတ္တစကားဖြတ်ပြီး...

"မင်းက ဘာကောင်းမို့လို့လဲ... "

ရှီကျားက ပြန်မေးခွန်းထုတ်လိုက်လေ၏။

ထိုအခါ ဖန်းဟူက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ... "

သူသည် သူ၏လက်နှစ်ဖက်ကို ရှစ်ဝိုက်လိုက်၏။ ပြီးမှ...



လက်ယာလက်ကို ဆန့်ထုတ်လိုက်သည်။

"ဝှန်း... "

"အား... "

ရှီကျားသည် နောက်ဘက်သို့ လွင့်စဉ်သွားပြီး အခန်းနံရံနှင့် ရိုက်ကာ ရပ်တန့်သွားတော့သည်။

ကျန်းတင်ဂီသည် မမျှော်လင့်ဘဲ နာမည်ကျော်သိုင်းသမားများနှင့် တွေ့ဆုံနေရသဖြင့် တအံ့တဩဖြစ်နေလေ၏။

အားမှန်ကမူ သိုင်းလောကသားများနှင့် မပတ်သက်လိုဘဲ အိမ်ပြန်ချင်နေသည်။ သူတို့ကိုယ်တိုင် သိုင်းလောကသားများ ဖြစ်မနေခြင်းကြောင့် ဤသို့ ပြန်ချင်နေခြင်းဖြစ်သည်။

ကျန်းတင်ဂီက အိမ်ပြန်ဖို့ လုံးဝမစဉ်းစားသေးသဖြင့် စိတ်ပျက်နေရသည်။

လေပွေညီနောင်သည် သိုင်းလောက၌ အတော်ကျင်လည်ခဲ့သူများဖြစ်သည်။ သို့ရာတွင် ဖန်းဟူသည် 'ရွှေမင်းသား'ဖြစ်နေသည်ကို တွေ့ရသည့်အခါတွင်မူ ပါးစပ်အပေါင်းသား ဖြစ်သွားကြတော့သည်။

ရွှေမင်းသားဟူသော အမည်မှာ သိုင်းလောက၌ မသိသူမရှိသလောက် ဖြစ်လေသည်။

တိုင်းပြည် ဖရိုဖရဲဖြစ်နေချိန်တွင် သိုင်းလောကသားများသည်လည်း ကိုယ့်သဘောနှင့်ကိုယ် ကိုယ့်ခံယူချက်နှင့်ကိုယ် ကွဲကွဲပြားပြား ဖြစ်နေကြ၏။

ဖန်းဟူ (ဝါ) တုံးဖန်းလှိုင်မှာ နယ်ချဲ့တိုင်းတစ်ပါးသားများအား လိုလားသူမဟုတ်ပါ။ တိုင်းပြည်အပေါ် တကယ်သစ္စာရှိသူဖြစ်သည်။

သောင်းကျန်းမင်းမူနေကြသော မြို့စားနယ်စားများအားသစ္စာခံသူမဟုတ်ပါ။

ရှုပ်ထွေးပွေလီလှသော နန်းတွင်းနှင့်လည်း ပတ်သက်ခြင်းမရှိပါ။

သီးခြား လွတ်လပ်သော သိုင်းလောကသားတစ်ယောက်အဖြစ် ရပ်တည်နေသူဖြစ်သည်။

သူ၏ ထက်မြက်သော သိုင်းပညာကြောင့် နယ်ချဲ့များ၊ မြို့စားနယ်စားများနှင့် နန်းတွင်း၏ စိတ်ဝင်စားမှုကိုပါ ခံရသူဖြစ်သည်။

ထူးဆန်းသည်မှာ... သိုင်းလောက လူငယ်လူရွယ်များတွင် သတင်းအကြီးဆုံးဖြစ်သော ရွှေမင်းသားတုံးဖန်းလှိုင်သည် ကျွန်းတင့်ရီတို့နှင့် မမျှော်လင့်ဘဲ တွေ့ဆုံခင်မင်မိသော ဖန်းဟူဖြစ်နေသည်။

တုံးဖန်းလှိုင်က ရှီကျားကိုကြည့်၍ ရယ်မောလိုက်သည်။

"ဘယ်လိုလဲ... ခင်ဗျား ယုံပြီလား... "

ရှီကျားမှာ မကျေမနပ်ဖြစ်နေသော်လည်း တိုက်ခိုက်ရန် မကြိုးစားတော့ချေ။

လေပွေကြီး သက်ပြင်းချလိုက်သည်။

"ကျောက်ထပ်တောင်ကိစ္စ ပေါ်ပေါက်လာတဲ့အခါ... အခ်ိက



တာဝန်ရှိသူတွေဟာ စိတ်ဝမ်းကွဲသွားကြတယ်... ဒါပေမဲ့... တချို့လူတွေက တုံးဖန်းလှိုင်က ဦးဆောင်ရင် အောင်မြင်လိမ့်မယ်လို့ ယုံကြည်ကြတယ်... ဒါကြောင့် ကျောက်ထပ်တောင်မှာ ပွဲစည်လာအောင်... တုံးဖန်းလှိုင်ရဲ့ နာမည်ကို အသုံးချပြီး... တခြား အရည်အချင်းရှိတဲ့သူတွေကို ဖိတ်ခေါ်ကြတယ်လို့ ကျုပ် သိခဲ့ရတယ်... "

တုံးဖန်းလှိုင်၏မျက်နှာ တည်သွားလေ၏။

"လက်စသတ်တော့... ခင်ဗျားလည်း ဒါတွေကို ရိပ်မိထားတာကိုး... "

လေပွေကြီး ခေါင်းညိတ်လိုက်သည်။

"ကျုပ်လို... ပမွှားတစ်ယောက်ကို တုံးဖန်းလှိုင်က ဖိတ်ခေါ်စရာအကြောင်းမရှိဘူးလို့ နားလည်ထားပါတယ်ဗျာ... ဘာဖြစ်လို့လဲဆိုတော့... ကျုပ်က နာမည်ကြီးတဲ့လူမှမဟုတ်တာ... "

လေပွေလေး မျက်မှောင်ကုတ်သွားသည်။

"ဒါဖြင့်... ဘယ်သူကများ တုံးဖန်းလှိုင်ရဲ့နာမည်ကို အသုံးချပြီး လူတကာကို ဖိတ်ခေါ်နေရတာလည်း... "

တုံးဖန်းလှိုင်က ရှင်းပြလိုက်သည်။

"အမှန်တော့... ကျောက်ထပ်တောင်ကိစ္စဟာ ရှောင်လင်ကျောင်းနဲ့ ဝူတန်းဂိုဏ်းတို့ရဲ့ ပြဿနာပါ... မဆိုင်တဲ့ သိုင်းလောကသားတွေ ပါဝင်လာကြရင် အခြေအနေ ရှုပ်ထွေးသွားမယ်... ဒါဆို ရတနာတွေကိုရဖို့ အခွင့်အရေးပေါ်လာနိုင်တယ်လို့တွေးပြီး... တစ်ယောက်

ယောက်က ပွဲဆူအောင် ကြံစည်လိုက်တာဖြစ်ပါလိမ့်မယ်... "

လေပွေလေးက...

"ဘယ်သူလက်ချက်လဲဆိုတာ... ခင်ဗျားသိသလား... "

တုံးဖန်းလှိုင် ခေါင်းခါယမ်းလိုက်သည်။

"ဘယ်သူပဲဖြစ်ဖြစ် ကျုပ် စိတ်မဝင်စားတော့ပါဘူး... တကယ်လို့ ဘယ်သူဘယ်ဝါရဲ့ လက်ချက်ဆိုတာ သိရရင်လည်း... ကျုပ်က အပြစ်မတင်တဲ့အပြင် ကျေးဇူးတောင်တင်ဦးမှာပါ... "

သူ၏စကားကို အားလုံး နားမလည်နိုင်အောင် ဖြစ်သွားကြသည်။

တုံးဖန်းလှိုင်က ရှင်းပြလိုက်သည်။

"သူ့ကြောင့် မဆိုင်တဲ့လူတွေ ရောက်လာကြတာ... ရှုပ်ထွေးလာတော့ အခွင့်အရေးပေါ်လာနိုင်တယ်... ဒါကြောင့် ကျုပ်က ကျေးဇူးတင်တာပါ... "

လေပွေကြီးက မေးလေ၏။

"ခင်ဗျားကိုယ်တိုင် ရောက်လာပြီဆိုတော့... ကျောက်ထပ်တောင်ကိစ္စမှာ... တကယ်ပဲ ပါဝင်ပတ်သက်တော့မယ်ဆိုပါတော့... "

"ဟုတ်တယ်... ကျုပ်ရောက်လာပြီးမှ အကျိုးအမြတ်မရလို့ မဖြစ်ဘူး... ကဲ... ခင်ဗျားတို့သုံးယောက် ကျုပ်ကို လျှံငွေတစ်သောင်းစီ ပေးရမယ်... "

"ဟင်... "



"ဟာ... "

"ဘာပြောတယ်... "

"ငွေတစ်သောင်း ပေးရမယ်... ဟုတ်လား... ဘာဆိုင်လို့လဲဗျ... "

တုံးဖန်းလှိုင်က...

"ခင်ဗျားတို့ဟာ တုံးဖန်းလှိုင်ဆိုတဲ့ နာမည်ကြောင့်... ရောက်လာခဲ့ကြတော့... ကျုပ်နာမည်ကို အားထားတာ ပေါ်လွင်နေတယ်... ဒါကြောင့်... ကျုပ်ကို ငွေတစ်သောင်းစီပေးရမယ်... "

လေပွေညီနောင်နှင့် ရှိကျားတို့မှာ ဝမ်းပေဝမ်းထဲမှ ငွေမရနိုင်သည့်အပြင် တုံးဖန်းလှိုင်အား ငွေတစ်သောင်းပေးရမည့်အခြေအနေဖြစ်သွား၏။ အခြေအနေ ပြောင်းပြန်ဖြစ်သွားလေပြီ။

သူတို့ မပေးဘဲ နေနိုင်ပါမည်လော... ။

ယနေ့ည မွေးနေ့ရှင်မှာ သူဌေးကြီးဝမ်းပေဝမ်းဖြစ်သော်လည်း ဝမ်းပေဝမ်းမှာ ဘေးရောက်နေပြီး တုံးဖန်းလှိုင်၏ပွဲ ဖြစ်သွားခဲ့လေသည်။

## အခန်း [ ၆ ]

## ညှိုးယှဖမ်းစားသူ

ရက်လိုစားသောက်ဆိုင်... ။

ရက်လိုစားသောက်ဆိုင်မှ အသားကင်သည် ချမ်းအန်းမြို့တွင် နာမည်အကြီးဆုံးဖြစ်သည်။

လေပွေညီနောင်နှင့် ရှိုကျားတို့သည် လျှံငွေတစ်သောင်းစီရအောင် အမြန်ဆုံးရှာဖွေပြီး တုံးဖန်းလှိုင်အား ပေးလိုက်ကြ၏။ သူတို့ရှာလည်း ရှာဖွေနိုင်ကြသည်။

ဤမျှ များပြားသောငွေများကို သူတို့ မည်သို့ရှာကြသနည်းဟု ကျွန်းတင့်ရီ အံ့ဩနေမိသည်။

တုံးဖန်းလှိုင်က ငွေရသည်နှင့် အားလုံးကို ရက်လိုအသားကင်ဆိုင်သို့ ဖိတ်ခေါ်ကာ အလျှံပယ်ကျွေးမွေးခဲ့လေသည်။



ကျွန်းတင့်ရီသည် သူတို့ကို သဘောကျနေ၏။ သူတို့သည် ဘာကိုမျှ မတွေးချေ။ လွတ်လပ်စွာ နေကြသည်။ ပျော်ပါးကြသည်။ သူတို့ကိုကြည့်ပြီး ကျွန်းတင့်ရီ အားကျလာလေ၏။

သို့သော်... သူကိုယ်တိုင်မူ သိုင်းပညာသင်ကြားရန် စိတ်မဝင်စားချေ။ သိုင်းပညာသည် သူနှင့်မဆိုင်ဟု... သူ ယူဆထားသည်။

တစ်ချိန်က... အခွင့်အရေးကြုံကြိုက်ခဲ့သဖြင့် သိုင်းပညာသင်ကြားခွင့် ပေါ်ပေါက်ခဲ့သော်လည်း သူကိုယ်တိုင် သင်ကြားခြင်းမပြုဘဲ အားမုန်ကိုသာ သင်စေခဲ့သည်။ ထို့ကြောင့် အားမုန်သည် ချန်ရင်ဆက်ကိုသည့် သိုင်းသမားကြီးထံ၌ သုံးနှစ်တိတိ သိုင်းပညာသင်ကြားခဲ့ဖူးခြင်း ဖြစ်သည်။

ရက်လိုအသားကင်ဆိုင်၌ လူစုံသောအခါ အခွင့်အရေးကို မျှော်ကိုးသည့် ရှိုကျားက စကားစလာလေ၏။ သူက တုံးဖန်းလှိုင်အား ကြည့်ပြီး အလွန်ရိုသေလေးစားသော အမူအရာဖြင့်ပြောသည်။ ယခင်ကလို မလေးမစားမလုပ်တော့ချေ။

"မိတ်ဆွေလေး တုံးဖန်းလှိုင်... ကျုပ်တို့ဟာ မိတ်ဆွေနဲ့ သိမှမဲ့ ငွေတစ်သောင်းစီပေးပြီးပါပြီ... ကျောက်ထပ်တောင်ကိစ္စမှာ... ကျုပ်တို့နဲ့ မိတ်ဆွေလေးဟာ တစ်စိတ်တစ်ဝမ်းတည်း ရှိသင့်ပါတယ်"

လေပွေညီနောင်ကလည်း ထောက်ခံလိုက်လေ၏။

"ဟုတ်တယ်... ကျုပ်တို့အနေနဲ့ မိတ်ဆွေလေးရဲ့ ဦးဆောင်မှုကို လိုလားကြပါတယ်... ဒါမှလည်း အောင်မြင်မှာလေ... "

သူတို့သည် တုံးဖန်းလှိုင်အား ရှေ့တန်းတင်ခြင်းဖြင့် အကျိုးစီးပွား ဖြစ်ထွန်းမည်ဟု ယုံကြည်ထားပုံရ၏။

ကျွန်းတွင်ရှိ မျက်မှောင်ကုတ်သွားသည်။

"သူတို့အားလုံးဟာ... တုံးဖန်းလှိုင်ကို ဦးစားပေးနေကြတယ်... သူတို့မှာ အကြံအစည်တစ်ခုတော့ ရှိလိမ့်မယ်... ကျောက်ထပ်တောင်ရတနာသိုက်ဆိုတာ... ဘယ်လိုကိစ္စမျိုးပါလိမ့်"

ဟူ၍ စိတ်ထဲတွေးနေမိလေသည်။

တုံးဖန်းလှိုင်က လက်ဝှေ့ယမ်းပြလိုက်သည်။

"သည်နှစ်တော့... ကျောက်ထပ်တောင်မှာ အတော်ကို စည်စည်ကားကားရှိလိမ့်မယ်... တကယ့်ထိပ်သီးတွေ ရောက်လာနိုင်တယ်... ဘာဖြစ်လို့လဲဆိုတော့ အားလုံးက စိတ်ဝင်စားနေကြတာကိုး... ကျုပ်တို့သာ စည်းလုံးညီညွတ်ကြရင် အောင်မြင်မှုရမှာပါ... ကဲ... ကဲ... နောက်မှ အသေးစိတ် တိုင်ပင်ဆွေးနွေးကြတာပေါ့... ခုချိန်မှာတော့ ပျော်ပျော်ပါးပါး စားသောက်လိုက်ကြရအောင်ပေါ့... ကဲ... စားကြဗျူ... ခင်ဗျားတို့ငွေနဲ့ ခင်ဗျားတို့ကို ကျွေးတာနော်... "

"ကောင်းတယ်ဗျို့... "

"ချန်အန်းရောက်မှ သည်ဆိုင်က အသားကင်ကိုစားရတာ... စားရခဲတယ်... အားရပါးရစားလိုက်ဦးမယ်... "

ထို့နောက်...

အားလုံးပျော်ပါးစွာ စားသောက်နေကြတော့သည်။



ကျွန်းတင့်ရှိသည် သိုင်းလောကတွင် အစိမ်းသက်သက် လူတစ်ယောက်ဖြစ်ကြောင်း တုံးဖန်းလှိုင် နားလည်ထားသည်။ ထို့ကြောင့် ဦးစားပေးဆက်ဆံကာ ကျွေးမွေးသည်။

သူက ရယ်ရယ်မောမောဖြင့် မေးလိုက်သည်။

"ဘယ်လိုလဲ ညီလေး... သိုင်းလောကသားတွေနဲ့ နဖူးတိုက် ဒူးတိုက်တွေ့တော့မှ... တယ်လည်း စိတ်ပျက်စရာ ကောင်းပါလားလို့ စိတ်ပျက်မသွားဘူးလား... ဟား... ဟား... ဟား... ဘာဖြစ်လို့လဲဆိုတော့... ငါညီပေါင်းခဲ့တဲ့ အပေါင်းအသင်းတွေက ဒီလို ဗရုတ်သုတ်ခ ...မှုတွေ ရှိခဲ့မှာမဟုတ်ဘူး... "

"ကျွန်တော့်စိတ်ရင်းကိုပြောရင် နောင်ကြီးတို့ ယုံမလား... "

"ပြောပါဗျာ... ပြောပါ... "

"ကျွန်တော် စိတ်မပျက်ပါဘူးဗျူ... နောင်ကြီးတို့နဲ့ မိတ်ဆွေဖြစ်ရတာကို ဝမ်းတောင် သာမိပါသေးတယ်... "

"မဟုတ်သေးဘူး ညီလေး... ကျုပ်တို့ဟာ ကိုယ့်အကြံနဲ့ကိုယ် ...မှန်းကို ရောက်လာခဲ့ကြတာ... အဲဒါကို သဘောပေါက်... "

ကျွန်းတင့်ရှိသည် ကျောက်ထပ်တောင်ကိစ္စလားဟု မေးလိုသော်လည်း မမေးဘဲနေလိုက်လေသည်။

တုံးဖန်းလှိုင်က ရှင်းပြသည်။

"ဘာပဲဖြစ်ဖြစ်... ညီလေးကို ကျုပ် တကယ်ပဲ ခင်မင်မိပါတယ်... ကျုပ်တို့ သွေးသောက်ညီအစ်ကိုတွေလို သဘောထားကြရင်

မကောင်းဘူးလား... "

ကျွန်းတင့်ရီ လွန်စွာဝမ်းသာသွား၏။

"ဟာ... ကောင်းတာပေါ့ နောင်ကြီးရ... တကယ်ကောင်းတယ်... "

ကျွန်းတင့်ရီက လက်ခံလိုက်သည်။

သို့ဖြင့် ကျွန်းတင့်ရီ၊ တုံးဖန်းလှိုင်၊ ကျူးပန်ရှင်းနှင့် ဝမ်းအင်းလင်တို့မှာ သွေးသောက်ညီအစ်ကို ဖွဲ့လိုက်ကြတော့သည်။

တုံးဖန်းလှိုင်သည် လေပွေညီနောင်နှင့် ရှိကျားတို့ကို လျစ်လျူရှုထား၏။ သူတို့ကို လုံးဝအလေးမထားပေ။

ပျော်ပျော်ပါးပါး စားသောက်ပြီးစီးကြလျှင် လူစုခွဲလိုက်ကြလေသည်။ ပထမဆုံး တုံးဖန်းလှိုင်က ထွက်သွား၏။ ဒုတိယ လေပွေညီနောင်နှင့် ရှိကျားတို့ ထွက်သွား၏။ တတိယ ကျူးပန်ရှင်းနှင့် ဝမ်းအင်းလင်တို့ ထွက်ခွာသွားကြလေ၏။

နောက်ဆုံးတွင်... ကျွန်းတင့်ရီတို့ ဆရာတပည့်နှစ်ယောက်သာ ကျန်ရစ်သည်။ တကယ်တော့ သူတို့လည်း ထပြန်ကြမည်သာ သို့သော်... မပြန်ရအကြောင်းက ဖန်လာလေ၏။

စားစရာ သောက်စရာများလည်း စားသောက်ပြီးကြပြီ အပေါင်းအသင်းများကလည်း ပြန်သွားပြီ။ သူတို့ ဘာကိုစောင့်နေမည်နည်း။

"လာလေ... အားမုန် ပြန်ကြရို... "



သို့သော်... ကျွန်းတင့်ရီကပင် အားမုန်ကို ပြန်ထိုင်ခိုင်းရလေ၏။

"ပြန်ထိုင်ဦး အားမုန်... "

နောက်ဆုံးတွင် ကျွန်းတင့်ရီနှင့် အားမုန်တို့နှစ်ယောက် ပြန်ထိုင်လိုက်ကြ၏။

ကျွန်းတင့်ရီသည် အများနည်းတူ ထွက်သွားရန်ဖြစ်သော်လည်း ရုတ်တရက် ထွက်မသွားဖြစ်အောင် အကြောင်းကဖန်လာ၏။

ဆိုင်ထဲသို့ဝင်လာသည့် သားအဖနှစ်ယောက်ကြောင့် ဖြစ်လေသည်။

အသက်ငါးဆယ်ခန့်ရှိသူတစ်ယောက်နှင့် အသက်ဆယ့်ရှစ်နှစ်ဆယ့်ကိုးနှစ်ခန့်ရှိသော မိန်းကလေးတစ်ယောက်တို့ ဖြစ်ကြသည်။

မိန်းကလေးမှာ မျက်လုံးဝိုင်းဝိုင်း၊ နှာတံပေါ်ပေါ်၊ ပါးချိုင့်ခွက်ကလေးဖြင့် လွန်စွာချောမောသူလေး ဖြစ်သည်။ ထိုမိန်းကလေးအား တွေ့ရလျှင် ကျွန်းတင့်ရီ၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာသည်။ ဟန်ကျူးတွင် မိန်းမချောလေးများစွာ တွေ့မြင်ခဲ့ဖူးသော်လည်း စိတ်မဝင်စားခဲ့ပါ။

ယခုမှ တစ်သက်နှင့်တစ်ကိုယ် မခံစားဘူးသော ထူးခြားသည့် ခံစားချက်များ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ကျွန်းတင့်ရီသည် စပါးကြီးမြွေ၏ ညှို့ယူဖမ်းစားခြင်းခံရသော သားကောင်ပမာ ငေးငိုင်၍ ကြည့်နေမြင်းဖြစ်တော့သည်။

ခေတ်လူ

"ဖေဖေ... ထိုင်လေ... "

"သမီးထိုင်ပါ... "

သားအဖနှစ်ယောက်စလုံး စားပွဲတစ်လုံးတွင် ဝင်ထိုင်ကြလေ၏။

ကျွန်းတင့်ရီသည် ဖခင်ဖြစ်သူကို အကဲခတ်လိုက်၏။ ဖခင်၏ မျက်နှာတွင် တစ်စုံတစ်ခုကို အလိုမကျဟန်ဖြင့် ညှိုညစ်နေသည်။

မိန်းကလေးက စားပွဲထိုးအား လှမ်းခေါ်သည်။

"ဘာများ မှာကြားမလို့လဲ အစ်မလေး... "

"အရက်တစ်အိုးနဲ့... အသားကင်ပေါ့... ရှင်တို့ဆိုင်က အသားကင်ပဲ နာမည်ကျော်တော့ အသားကင်ပဲ မှာရတာပေါ့... "

စားပွဲထိုးက ပြုံးရွှင်စွာ ခေါင်းညိတ်သည်။

"အစ်မလေးပြောတာ မှန်ပါတယ် ခင်ဗျာ... ဒီဆိုင်က အသားကင်ဟာ တစ်မြို့လုံးမှာ အကောင်းဆုံးပါ... မကြာခင်မှာပဲ အစ်မလေးတို့ မှာကြားတာတွေ ရောက်လာရပါစေမယ်... "

"စားပွဲထိုးကလေး ထွက်သွားလေ၏။

မိန်းကလေးသည် ဖခင်အား အကဲခတ်ရင်း မေးလိုက်သည်။

"ဖေဖေ တစ်လမ်းလုံး အကောင်းပါ... ဒီဆိုင်ကို ရောက်မှ ဘယ်လိုဖြစ်သွားရတာလဲ... "

ဖခင်က...

"ဟိုလူရမ်းကားလေးယောက်ကို တွေ့လိုက်ရတာ... ကျက်



သရေကိုမရှိဘူး... "

"ဖေဖေဆိုလိုတာက... "

"ရွှေမင်းသားတုံးဖန်းလှိုင်ဆိုတဲ့ ကောင်ပေါ့... "

သူတို့၏စကားများ ကြားရလျှင် ကျွန်းတင့်ရီ အံ့ဩသွားရလေ၏။ ထိုသားအဖသည် တုံးဖန်းလှိုင်တို့အား သိနေကြသည့်အပြင် မကျေမနပ်ဖြစ်နေပုံရှိသည် မဟုတ်ပါလား... ။

မိန်းမချောလေးအား စိတ်ဝင်စားနေသော ကျွန်းတင့်ရီမှာ ထိုင်ရာမှ မထဖြစ်တော့ချေ။

အားမုန့်သည် ငူငူကြီးဖြစ်နေသော ကျွန်းတင့်ရီကို ပြောလိုက်၏။

"သခင်လေး... ကျွန်တော်တို့လည်း ပြန်ကြပါစို့... "

ကျွန်းတင့်ရီ လက်ကာပြလိုက်သည်။

"ခဏနေပါဦး... ခဏကလေးပါကွာ... "

အားမုန့် စိတ်ဆိုးသွားပြီး ဘာမှမပြောတော့ချေ။

ထိုစဉ်...

မိန်းမချောလေး၏အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရပြန်သည်။

"ရွှေမင်းသားတုံးဖန်းလှိုင်ဟာ ရုပ်လည်းချောတယ်... သိုင်းပညာလည်းတော်တယ်လို့ နာမည်ကြီးနေတယ်... သူက ဘာဖြစ်လို့လဲ ဖေဖေ... "

"ဘာဖြစ်ရမလဲ... လူယုတ်မာတစ်ယောက် ဖြစ်နေလို့ပေါ့..."

"ဟင်... "

မိန်းကလေး အံ့သြသွား၏။ ဖခင်ဖြစ်သူက...

"တုံးဖန်းလှိုင်ဟာ... တိုင်းပြည် ရုတ်ရုတ်သဲသဲဖြစ်နေချိန်မှ သိုင်းလောကသားတာဝန်မကျေဘူး... စိတ်ထင်ရာ လျှောက်လုပ် တယ်... တကယ်ဆို ဆိုးသွမ်းနေတဲ့ နယ်စားတွေ... နယ်ချဲ့တွေကို နှိမ်နင်းရာမှာ နေပြည်တော်က တပ်မှူးတွေနဲ့ လက်တွဲနေတဲ့ တခြား သိုင်းသမားတွေနဲ့ ပူးပေါင်းသင့်တယ်... ခုတော့ သူဟာ ကိုယ်ကျိုးရှာ သမားဖြစ်နေတယ်... "

ထိုလူသည် တုံးဖန်းလှိုင်အကြောင်း ကောင်းကောင်းသိထား ရလေသည်။ သူပြောပုံအရ တုံးဖန်းလှိုင်သည် တစ်ကိုယ်ကောင်းသမား ဖြစ်နေလေ၏။

မိန်းကလေးက သက်ပြင်းချလိုက်၏။ သူ၏ပြောပုံအရ သူ သည် အရာရာကို အေးအေးချမ်းချမ်း ကြည့်မြင်ပုံရသည်။ ယော သောမနထိကာရဖြင့် နှလုံးသွင်းတတ်ပုံရသည်။ သူမနှင့်တွေ့သူတို့ အား ကောင်းသည်လည်း မတွေး၊ မကောင်းသည်လည်း မတွေးပုံမျိုး ဖြစ်သည်။

"တချို့သူတွေဟာ ကိုယ့်သဘောနဲ့ကိုယ်... လွတ်လပ်စွာ ကြလေ့ရှိပါတယ် ဖေဖေ... တုံးဖန်းလှိုင်ဟာ... "

"မဟုတ်သေးဘူး သမီး... ဖေဖေ့စိတ်ထဲမှာ နန်းတွင်း



ရှုပ်ထွေးနေတာကိုပဲ... သူက သဘောကျသလို ရှိနေတာ... ဖေဖေ သိတယ်... သူ့ရဲ့မိဘဘိုးဘွားတွေဟာ ကျုံကျင်ဘုရင် နန်းတက်လာတဲ့ အချိန်မှာ... တခြား ထီးပြိုင်နန်းပြိုင် မင်းသားကြီးတစ်ပါးကို ထောက်ခံ ခဲ့ကြလို့ မင်းပြစ်မင်းဒဏ်သင့်ဖူးတယ်... "

"ဒါဆို... တုံးဖန်းလှိုင်ဟာ ပြစ်ဒဏ်ကင်းတဲ့ လူမဟုတ်ဘူးပေါ့"

"ဟုတ်တယ်... ကြည့်ပါလား... သူနဲ့အတူ ထွက်သွားကြတဲ့ လေပွေညီနောင်နဲ့ ရှိုကျားတို့ဟာ လူကောင်းတွေမှမဟုတ်တာ... "

ထိုလူ၏အကြည့်သည် ကျန်းတင့်ရီထံသို့ ရောက်ရှိလာလေ သည်။

"ခုလည်း... ဘာတွေ ကြံစည်နေသလဲမသိဘူး... ခုတလော ကျောက်ထပ်တောင်ဟာ အတော်သတင်းကြီးနေတယ်... ဒီကိစ္စကြောင့် သူတို့ ရောက်လာကြတာပဲ ဖြစ်လိမ့်မယ်... "

ကျန်းတင့်ရီ ပို၍ ရင်လေးလာသည်။

သူက တုံးဖန်းလှိုင်တို့နှင့် ပတ်သက်နေမှန်းသိသွားလျှင် အထင်သေးသွားမည်ကို စိုးရိမ်မိ၏။

မိန်းမချောလေးအား တစ်ချိန်လုံး ထိုင်၍ငေးကြည့်နေလိုပါ သော်လည်း မနေဝံ့တော့ဘဲ အားမုန်ကိုခေါ်ကာ ဆိုင်ထဲမှ ထွက်လာခဲ့ လေတော့သည်။

~~~~~~~
~~~~~~~

အခန်း [ ၇ ]

## ရတနာသိုက်သဲလွန်စ

နံနက်အရုဏ်သည် လှပစွာ ဖူးပွင့်လာလေ၏။

လူအားလုံးလိုလို ထထကြွကြွ ရှိလာကြသည်။

အားမှန်က နားပူနားဆာလုပ်လွန်းသဖြင့် ကျန်းတင့်ရီသည် အိမ်ပြန်ရန် ဆုံးဖြတ်လိုက်သည်။ အမှန်တော့ ယခင်ကပင် ဤဆုံးဖြတ်ချက်ကို ချသင့်သည်။ သူတို့ အိမ်မှထွက်လာခဲ့သည်မှာလည်း အတော်ကြာပြီမဟုတ်ပါလား... ။

သူက သိုင်းလောကသား မဟုတ်သော်လည်း သိုင်းလောကသည် အလွန်ရှုပ်ထွေးပွေလီကြောင်း နားလည်နေပြီဖြစ်၏။ တုံးဖန်းလှိုင်မှာ မည်သို့သောလူစားဖြစ်ပါစေ သွေးသောက်မိတ်ဆွေဖြစ်သည်ကို ကျေနပ်မိသည်။



ဟန်ကျူးသို့ပြန်ရန် ဆုံးဖြတ်ပြီးနောက် တုံးဖန်းလှိုင်အား သွားရောက်နှုတ်ဆက်လိုက်သည်။

တုံးဖန်းလှိုင်က ဝမ်းအင်းလင်၏အိမ်၌ တည်းခိုနေ၏။

ကျန်းတင့်ရီ ရောက်သွားသောအခါ လေပွေညီနောင်နှင့် ရှိကျားတို့လည်း ရောက်ရှိနေသည်ကို တွေ့ရ၏။

ကျူးပန်ရှင်းလည်း ရှိနေသည်။

ကျန်းတင့်ရီကိုမြင်လျှင် တုံးဖန်းလှိုင်က ဝမ်းသာအားရ ကြိုဆိုနှုတ်ဆက်၏။ ဤအချက်ကပင် တုံးဖန်းလှိုင်သည် ခင်မင်စရာကောင်းနေ၏။

"ညီလေး... မင်းနောက်ကျတယ်... ညက အိပ်ရေးပျက်သွားလို့ဖြစ်မယ်... လာ... လာ... တို့ သည်မှာ အရေးကြီးတာလေးတွေ ပြောကြမယ်... "

ကျန်းတင့်ရီ အားနာသွားပြီး လာရောက်နှုတ်ဆက်သည့်အကြောင်းကို ရုတ်တရက် ပြောမထွက်တော့ချေ။

တုံးဖန်းလှိုင်တို့နှင့်အတူ ဝိုင်းဖွဲ့ထိုင်လိုက်ရသည်။

တုံးဖန်းလှိုင်က ပြောလက်စဖြစ်ပုံရသော စကားကို ဆက်၍ပြော၏။

"မင်မင်းဆက်ရဲ့ အရိုက်အရာကို ဆက်ခံဖို့... ကျုံကျင်နဲ့ ကျုံဝမ်းဆိုတဲ့ မင်းသားကြီးနှစ်ပါး အားပြိုင်ခဲ့ကြတာကို အားလုံး သိလိမ့်မယ်... ဖြို့စားနယ်စားတွေ သိုင်းလောကသားတွေဟာ ကိုယ်နှစ်သက်

တဲ့ဘက်က ရပ်တည်ခဲ့ကြတယ်... ဝူတန်းဂိုဏ်းနဲ့ ကျုပ်ရဲ့ မိဘဘိုးဘွား တွေဟာ ကျုံဝမ်းမင်းသားကြီးရဲ့ဘက်တော်သားတွေ ဖြစ်ခဲ့ကြတယ်... ဒါပေမဲ့... ကျုံကျင်ဘုရင်ဟာ ထီးနန်းရသွားလို့ ကျုံဝမ်းမင်းသားနဲ့ နောက်လိုက်တွေ ကွပ်မျက်ခံခဲ့ရတယ်... "

ကျန်းတင့်ရီနှင့် အားမုန်တို့ အချင်းချင်း ကြည့်လိုက်မိကြလေသည်။

သူတို့သည် တိုင်းပြည်ရေးရာများကို စိတ်မဝင်စားကြဘဲ ပျော်ပျော်ပါးပါးနေသော လူငယ်များဖြစ်ကြသည်။

တုံးဖန်းလှိုင်မှာမူ နန်းတွင်းရေးရာများနှင့် ပတ်သက်နေသူ ဖြစ်ပုံရ၏။

ကိုယ်နှင့်မဆိုင်သောကိစ္စများအား ဝေးဝေးရှောင်ရမည်ဟု ဖခင်ဖြစ်သူက သတိပေးမှာကြားလိုက်သည်ကို ကျန်းတင့်ရီ မမေ့ပါ။

"မင်းတို့ ကိုယ်နဲ့မဆိုင်တဲ့ ဘယ်ကိစ္စမဆို ဝင်မပါကြနဲ့... ပါလို့ ရှင်းရတဲ့အခါ... ဒီပြဿနာက မပြီးတော့ဘူး... "

တုံးဖန်းလှိုင်အား ခင်မင်မိသော်လည်း နှုတ်ဆက်လမ်းခွဲရန် ကျန်းတင့်ရီ ဆုံးဖြတ်လိုက်သည်။

တုံးဖန်းလှိုင်သည် အားလုံးကို အကဲခတ်လိုက်၏။ လူအားလုံး သူ့စကားကို စိတ်ဝင်စားနေကြောင်း တွေ့ရသည်။ ကျန်းတင့်ရီသော်မှ သူ့စကားကို စိတ်ဝင်စားနေပုံရသည်။ ထို့ကြောင့် သူက စကားဆက် လိုက်၏။



"ကျုပ်ဟာ... ဘယ်သူလဲဆိုတာ ခင်ဗျားတို့အားလုံး သိကြတယ်... ကျုပ်ဟာ ကျုံဝမ်းမင်းသားကြီးရဲ့ အဆက်အနွယ်ပဲ... အဲဒီ နန်းလုတဲ့ကိစ္စ ဖြစ်ပွားပြီးတဲ့နောက်... ကျုံဝမ်းမင်းသားကြီးဘက်မှာ ပြဿနာကြီးတစ်ခု ပေါ်လာတယ်... ပြဿနာက တကယ့်ပြဿနာနော် လူတိုင်း လောဘတက်နိုင်တဲ့ပြဿနာ... "

ကျန်းတင့်ရီနှင့် အားမုန်တို့မှတစ်ပါး အခြားသူများ၏ မျက်လုံးများသည် အရောင်တောက်လာသည်။

"ကျုံဝမ်းမင်းသားကြီး ကွယ်လွန်သွားပြီးတဲ့နောက်... ရတနာ တွေ ချန်ထားပစ်ခဲ့တယ်ဆိုတဲ့ သတင်းစကား ကြားရတော့တာပဲ... ဖြစ်လည်း ဖြစ်နိုင်ပါတယ်... ကျုံဝမ်းမင်းသားကြီးဟာ လူသူအင်အား တောင်းတဲ့အခါ ရွှေငွေအများကြီး ထုတ်သုံးခဲ့ရတယ်... သူထုတ်သုံး တဲ့ ရတနာတွေ ဘယ်လောက်များသလဲဆိုတော့... သူ့ဆီမှာ ရှိသမျှ သုံးပုံတစ်ပုံလောက်သာ ကုန်ခန်းသွားတယ်လို့ပြောကြတယ်... အဲဒီ နေရာကို အမှန်ဆုံး အမြန်ဆုံး ကြားသိနိုင်ခွင့်ရှိတဲ့ လူကတော့... ကျုပ် ပေါ့... "

အားလုံး ခေါင်းတညိတ်ညိတ် ဖြစ်ကုန်၏။

"ကျုပ်ရဲ့ မျိုးနွယ်တွေအားလုံး... သိုင်းသမားတွေအားလုံး... သတင်းကြားပြီး အဲဒီရတနာသိုက်ကို လိုက်ရှာကြတာပဲ... ကျုပ်လည်း လိုက်သောကြားတယ်... ရတနာသိုက် ဘယ်မှာရှိမှန်းမသိပါဘူး... အဲ... ဟိုးသေးခင်ကမှ အဲဒီ... အခုတော့ ကျောက်ထပ်တောင်မှာ ရှိနေ

တယ်လို့ ကြားရတော့တာပဲ... ခင်ဗျားတို့ပဲ စဉ်းစားကြပါ... ကျုပ် ဒီပစ္စည်းတွေကို အလွတ်ပေးရမလား... ဘယ်နည်းနဲ့မှ အလွတ်မ နိုင်ဘူး... "

လေပွေညီနောင်နှင့် ရှိကျားတို့၏ မျက်လုံးများ အ တဖိတ်ဖိတ် ဝင်းလက်တောက်ပလာကြလေသည်။

လေပွေကြီးက မေးလိုက်သည်။

"ကျုပ် ကြားခဲ့တဲ့သတင်းအရတော့... ရွှေတွေ အတော် တယ်ဆိုပဲ... "

တုံးဖန်းလှိုင် ခေါင်းညိတ်လိုက်သည်။

**"ဟုတ်တယ်... ရွှေသေတ္တာဆယ်လုံး အပြည့်ရှိတယ်...** အချိန်ဝိသာ **တစ်ထောင်လောက်ရှိမယ်... "**

**လေပွေကြီးတို့၏ မျက်နှာများ** ပြုံးရွှင်သွားကြသည်။

ရွှေအချိန်တစ်ရာသာ ရမည်ဆိုပါလျှင် အသက်စွန့်ဖို့ပင် ဝန်လေးကြမည်မဟုတ်ပါချေ။

တစ်သက်မပြောနှင့် ဆယ်သက် စားမကုန်အောင် ဖြ သည်မဟုတ်ပါလား... ။

"ကျုပ်တို့ ကျောက်ထပ်တောင်ကို သွားကြမယ်... ရွှေသေ တွေကို ရအောင်ရှာယူကြမယ်... "

သူ၏စကားအဆုံးတွင် ကျူးပန်ရှင်းက ထိုင်ရာမှ ထ သည်။



သူက အားလုံးကို ဦးညွတ်နှုတ်ဆက်လိုက်သည်။

"ကျုပ်က ရောင်းရင်းတို့အားလုံးကို ခင်မင်မိပါတယ်... ဒါပေမဲ့ ရှပ်ထွေးတဲ့ပြဿနာတွေထဲမှာတော့ မပါဝင်ချင်ပါဘူး... အထူးသဖြင့် နန်းတွင်းနဲ့ ပတ်သက်တဲ့ကိစ္စတွေမှာ ဝေးဝေးရှောင်တာ အကောင်းဆုံး လို့ ယူဆပါတယ်... ကဲ... ကျုပ်ကို ခွင့်ပြုကြပါဦးဗျာ... "

သူသည် နန်းတွင်းနှင့်ပတ်သက်နေသော မင်းညီမင်းသားမျိုး နွယ်ဖြစ်သည်။

ထို့ကြောင့်လည်း တုံးဖန်းလှိုင်က ဟန့်တားခြင်းမပြုတော့ချေ။

ကျူးပန်ရှင်းသည် ကျန်းတင့်ရီထက်ဦးအောင် နှုတ်ဆက်ကာ ထွက်ခွာသွားလေတော့သည်။

တုံးဖန်းလှိုင်က ကျန်းတင့်ရီအား ပြုံးပြလိုက်သည်။

"ညီလေး... မင်းလည်း ဟန်ကျူးကို ပြန်တော့မလို့ လာပြီး နှုတ်ဆက်တာမဟုတ်လား... "

"ဗျာ... "

တုံးဖန်းလှိုင်က သူ၏ မနောစိတ်အကြံကိုသိနေ၍ ကျန်းတင့်ရီ ငိုင်သွားလေ၏။

"ညီလေးဟာ... ရိုးရိုးသားသား အေးအေးချမ်းချမ်းနေတဲ့ လူငယ်လေးဆိုတာ ကျုပ် သိပါတယ်... ခုချိန်မှာ အခြေအနေတွေက တင်းမာလာပြီး ပိုဆိုးလာနေတယ်... ညီလေးရဲ့ အိမ်အပြန်လမ်းဟာ ဘေးကင်းမှုမှာမဟုတ်ဘူး... "

ကျန်းတင့်ရီ သက်ပြင်းချလိုက်သည်။

တုံးဖန်းလှိုင်က ဆက်ပြောၡ၏။

"ညီလေးရဲ့ အပြန်ခရီး စိတ်ချရအောင်... ပစ္စည်းလေးတစ်ခု ကျွပ်ပေးလိုက်ပါမယ်... အခက်အခဲကြုံလာရင် အဲသည်ပစ္စည်းလေးကို သာ ထုတ်ပြလိုက်ပါ... အားလုံး ပြေလည်သွားပါလိမ့်မယ်... "

စကားဆုံးလျှင် ငွေဒင်္ဂါးပြားလေးတစ်ခု ထုတ်ပေးသည်။

ထိုဒင်္ဂါးပြားပေါ်၌ မြားတစ်စင်းပုံ အမှတ်တံဆိပ်ပါရှိနေ၏။ ကျန်းတင့်ရီက ရိုရိုသေသေပင်ယူကာ သိမ်းဆည်းထားလိုက်သည်။

"ကျေးဇူးတင်ပါတယ် နောင်ကြီး... ကျွန်တော်တို့ ပြန်ပြီး ဆုံတွေ့ကြသေးတာပေါ့... "

ထို့နောက် တုံးဖန်းလှိုင်နှင့်တကွ အားလုံးကိုနှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

~~~~~~~~

ချန်အန်းမြို့သည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့လေပြီ။

ကျန်းတင့်ရီနှင့် အားမုန်တို့သည် လှပသော ချန်အန်းကိုလည်းကောင်း၊ သိုင်းလောကမိတ်ဆွေများကိုလည်းကောင်း ထားရစ်ခဲ့ကာ အိမ်အပြန်ခရီးနှင်ခဲ့ပြီဖြစ်လေသည်။

တစ်ရက်... ။



နှစ်ရက်... ။

သုံးရက်... ။

သုံးရက်မြောက်သောနေ့တွင် ချိန်တူမြို့သို့ ရောက်ရှိလာခဲ့ကြသည်။

လမ်းခရီးတစ်လျှောက် အနှောင့်အယှက် မတွေ့ရဘဲ အေးအေးချမ်းချမ်းရှိခဲ့သည်။

ချိန်တူမြို့မှာ စည်ကားသိုက်မြိုက်သော မြို့တစ်မြို့ဖြစ်သည်။

ကျန်းတင့်ရီ၏ဖခင်နှင့် ရင်းနှီးသောမိတ်ဆွေတစ်ယောက်လည်း ဤမြို့တွင် နေထိုင်သဖြင့် သူတို့ တည်းခိုခန်းအတွက် ပူရန်မရှိပေ။

ထိုလူ၏ အမည်မှာ ဝမ်ရီမင်း ဖြစ်လေသည်။

ဝမ်ရီမင်းသည် ရာထူးရာခံရှိပြီး ဩဇာတိက္ကမ ကြီးမားသူဖြစ်ပေလေ၏။

ကျန်းတင့်ရီ အိမ်မှထွက်လာစဉ် အခက်အခဲရှိပါက ချိန်တူမြို့မှ ဝမ်ရီမင်းထံ၌ ဝင်ရောက်အကူအညီတောင်းနိုင်ကြောင်း ဖခင်က မှာကြားလိုက်သည်။ သို့သော် ကျန်းတင့်ရီမှာ လူငယ်ဖြစ်သည်။ တည်းခိုခန်း၌သာ တည်းခိုလိုပေမည်။

ကျန်းတင့်ရီသည် ဝမ်ရီမင်းအား သတိရလိုက်သော်လည်း အကြောင်းကြီးငယ် တစ်စုံတစ်ရာမရှိသဖြင့် ဝင်ရောက်တွေ့ဆုံခြင်းမပြုရန် ဆုံးဖြတ်လိုက်သည်။
~~~~~~~~

ချိန်တူမြို့သို့ ရောက်ရှိလာချိန်မှာ ညနေစောင်းနေပြီဖြစ်ရာ တည်းခိုခန်းတစ်ခုတွင် တစ်ညအနားယူပြီး မနက်မိုးလင်းသည်နှင့် ခရီးဆက်ရန် စီစဉ်လေတော့၏။

သူတို့သည် တည်းခိုခန်း၌ပင် အနားယူလိုက်ကြလေ၏။

"တုံ… တုံ… "

အဝေးမှ အုန်းမောင်းခေါက်သံနှစ်ချက် ထွက်ပေါ်လာလေ၏။

ခရီးပန်းလာသဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့သော ကျွန်းတင့်ရီမှာ ညဥ့်နှစ်ချက်တီးအချိန်တွင် တစ်ရေးနိုးလာသည်။

သူက ပြန်လည်အိပ်စက်ရန် ကြိုးစားလိုက်သော်လည်း စိတ်ထဲ မသိုးမသန့်ဖြစ်သွား၍ ထထိုင်လိုက်သည်။

အမှောင်ထဲ၌ အသာငြိမ်ကာ နားစွင့်နေလိုက်ရာ အခန်းတွင်းမှ လှုပ်ရှားသံသဲ့သဲ့ကို ကြားလိုက်ရသည်။ တစ်စုံတစ်ယောက်မှာ သူ၏ အခန်းအတွင်းသို့ ရောက်ရှိနေချေပြီ။ သူ ပြန်မအိပ်မီသည်ကိုပင် ကျေးဇူးတင်နေရသေး၏။ အခန်းထဲသို့ ခိုးကြောင်ခိုးဝှက် ဝင်သူသည် မည်သူဖြစ်သနည်း… ။

ညဥ့်အချိန်မတော် ကျူးကျော်ဝင်ရောက်လာသူကား ဘယ်နည်းနှင့်မျှ လူကောင်းမဖြစ်နိုင်တော့ပါ။

"ကေနှ့ သူခိုးပဲဖြစ်ရမယ်… "

ကျွန်းတင့်ရီက ခုတင်ပေါ်မှ ခုန်ဆင်းလိုက်သည်။

"ဟေ့… ဘယ်သူလဲ… "



သူက အော်မေးလိုက်သောအခါ… လူတစ်ယောက်သည် ပြတင်းပေါက်ရှိရာသို့ တစ်ဟုန်ထိုးပြေးသွားပြီး ပြတင်းတံခါးကို တွန်းဖွင့်ကာ အပြင်ဘက် ခုန်ထွက်သွားလေ၏။ ကျွန်းတင့်ရီလည်း ပြေးလိုက်သွားရာ အပြင်ဘက်၌ ဖြာကျနေသော လရောင်ဖြင့် မိန်းကလေးတစ်ယောက် ထွက်ပြေးသွားသည်ကို တွေ့လိုက်ရသည်။

ကျွန်းတင့်ရီ အံ့ဩသွားသည်။

"မိန်းကလေးတစ်ယောက်ပါလား… "

အမှတ်မထင် "ရက်လိုအသားကင်ဆိုင်" ၌ တွေ့ခဲ့ရသော မိန်းမချောလေးအား သတိရမိလိုက်လေသည်။

ထွက်ပြေးသွားသော မိန်းကလေးမှာ ပျောက်ကွယ်သွားပြီဖြစ်သည်။

ကျွန်းတင့်ရီ သက်ပြင်းချလိုက်သည်။

မီးထွန်း၍ အားမှန်ကိုရှူးကာ အခန်းတွင်း၌ စစ်ဆေးကြည့်လိုက်လျှင် ငွေနှင့် အဝတ်အစားများ ထည့်ထားသော ခရီးဆောင်အိတ်ပျောက်ဆုံးနေကြောင်း သိလိုက်ရလေတော့သည်။

"ဒုက္ခပါပဲ သခင်လေးရယ်… ငွေနဲ့ အဝတ်အစားတွေ မရှိတော့ ကျွန်တော်တို့ ဘယ်လိုခရီးဆက်ကြတော့မလဲ… "

ကျွန်းတင့်ရီလည်း အခက်ကြုံသွား၏။

အမျိုးမျိုးတွေးတောစဉ်းစားပြီးမှ ဝမ်ရှီမင်းကို သတိရလာသည်။

နံနက်မိုးလင်းလျှင် ဝမ်ရီမင်းထံ သွားရောက်တွေ့ဆုံကာ အကူအညီတောင်းရန် ဆုံးဖြတ်လိုက်လေတော့သည်။

သူတို့နှစ်ယောက် စိတ်မကောင်းခြင်းကြီးစွာဖြင့် ပြန်အိပ်လိုက်ကြ၏။

နံနက်မိုးလင်းသော် ဝမ်ရီမင်း၏အိမ်သို့ သွားကြသည်။

ဝမ်ရီမင်းသည် ချိန်တူမြို့၏ တရားစီရင်ရေးဌာန၌ မုံသမာဓိ လူကြီးမင်းဖြစ်ကာ ဩဇာအလွန်ကြီးသူ ဖြစ်လေသည်။ ဝမ်ရီမင်းနှင့် ကျွန်းတင့်ရီ၏ဖခင်သည် ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြသည်။

ဝမ်ရီမင်းက ဟန်ကျူးရှိ ကျွန်းတင့်ရီတို့၏အိမ်သို့ လာရောက်လည်ပတ်ခဲ့ဖူးသေး၏။ နားနေအိပ်စက်ခဲ့ဖူးသည်။

ကျွန်းတင့်ရီ သွားရောက်တွေ့ဆုံသောအခါ ချက်ချင်းမှတ်မိသည်။

ကျွန်းတင့်ရီ၏ဖခင် သာကြောင်းမာကြောင်းကို အရင်ဆုံးမေးပြီးမှ လာတွေ့ရသည့်အကြောင်းကိစ္စကို မေးလေသည်။

ကျွန်းတင့်ရီကလည်း ငွေနှင့်အဝတ်အစားများ သူခိုးခိုးခံရ၍ လာရောက်အကူအညီတောင်းခြင်းဖြစ်ကြောင်း ပြောပြလိုက်သည်။

ဝမ်ရီမင်း စိတ်မကောင်းဖြစ်သွား၏။ မိတ်ဆွေရင်း၏ သားဖြစ်၍ သူသည် စိတ်ပါလက်ပါ ကူညီသည်။

"ကဲ... ငါတူ... ဘာမှအားမငယ်နဲ့... ဟန်ကျူးနဲ့ အနီးဆုံးမြို့ကို ရောက်တဲ့အထိ... ဘာမှ လိုလေသေးမရှိအောင် ကျုပ် စီစဉ်ပေး



လိုက်မယ်... ဟိုရောက်မှ ကိုယ့်ဘာကိုယ် ခရီးဆက်ပေါ့... အဲဒါဆို အဆင်ပြေမယ်မဟုတ်လား... "

"ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ်ခင်ဗျာ... "

"အေး... မကြာခင်မှာ ချိန်တူမြို့ကနေ ချူကွမ်းမြို့ကိုသွားမဲ့ အာမခံအဖွဲ့တစ်ခုရှိတယ်... အဖွဲ့ခေါင်းဆောင် ဝမ်ပိုလော့ဟာ... ကျုပ်စကားကို ပယ်ရှားဝံ့တဲ့လူမဟုတ်ဘူး... ငါ့တူအတွက် အစစအရာရာ တာဝန်ယူလိမ့်မယ်... ချူကွမ်းကနေ ဟန်ကျူးကို ခရီးဆက်ဖို့လည်း... သူပဲ ကြည့်စီစဉ်ပေးလိမ့်မယ်... သည်လိုဆိုရင် ငါ့တူ ဘာမှပူစရာမရှိတော့ဘူးပေါ့... "

ဝမ်ရီမင်းသည် စိတ်မပါလက်မပါဖြင့် ကူညီခြင်းမဟုတ်ပေ။ စိတ်ပါလက်ပါဖြင့် ကူညီခြင်းဖြစ်သည်။ မိတ်ဆွေကောင်း ရှိအပ်သည်ကို ကျွန်းတင့်ရီ ခံစားမိ၏။ သူ့ဖခင်၏ မိတ်ဆွေကောင်း ပေါင်းဖော်မှု ကျေးဇူးကို သူ သိရှိရသည်။

ဝမ်ရီမင်းက လိုလိုလားလား ကူညီနေသဖြင့် ကျွန်းတင့်ရီ ကျေးဇူးတင်သွားရလေ၏။

"အဆင်ပြေပါတယ် ခင်ဗျာ... ဦးရဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး... "

ဝမ်ရီမင်း လက်ကာပြလိုက်သည်။

"ငါ့ကို ကျေးဇူးတင်ရင်... မင်း လျှောက်သွားမနေနဲ့တော့... အိမ်ကိုပဲ ပြန်ပါ... အခြေအနေတွေက သိပ်ကောင်းတာမဟုတ်ဘူး...

အိမ်ကိုပဲပြန်ပါ... "

"ဟုတ်ကဲ့ ခင်ဗျာ... ကျွန်တော် အိမ်ပြန်တော့မှာပါ... "

သို့ဖြင့် ဝမ်ရီမင်းသည် ကျွန်းတင့်ရီအား ကျိုလင်အာမခံဌာန သို့ ခေါ်ဆောင်သွားကာ ပိုင်ရှင်ဝမ်ပိုလော့ထံ၌ အပ်နှံပေးသည်။ ဝမ်ရီမင်းပြောသည့်အတိုင်းပင် ဝမ်ပိုလော့သည် သူတို့အား ပျူငှာလှိုက်လှဲစွာ ကြိုဆိုသည်။ အစစအရာရာ ကူညီမည်ဖြစ်ကြောင်း ကတိပေးသည်။

ထို့နောက် ခရီးထွက်မည့်အချိန်နှင့် နေရာကို ပြောပြသည်။

ကျွန်းတင့်ရီလည်း အစီအစဉ်များ ပြုလုပ်ပြီးနောက် တည်းခိုခန်းသို့ ပြန်ခဲ့ကြလေတော့၏။

ကျွန်းတင့်ရီတို့သည် ထွက်ရမည့်အချိန်၌ တည်းခိုခန်းမှ ထွက်ခဲ့သည်။ ဆရာတပည့်နှစ်ယောက်သည် ကျိုလင်အာမခံဌာနနှင့် အတူ လိုက်ပါလာခဲ့ကြလေ၏။

တစ်ရက်... ။

နှစ်ရက်... ။

သုံးရက်... ။

ခရီးထွက်လာခဲ့ကြသည်မှာ သုံးရက်ရှိသွားလေပြီ။

လမ်းခရီး၌ အနှောင့်အယှက် အတားအဆီးများ မကြုံခဲ့ရဘဲ ချောချောမောမော ခရီးနှင်နိုင်ခဲ့သည်။

အာမခံဌာနနှင့် လိုက်လာရသော ကျွန်းတင့်ရီတို့သည် အတွေ့အကြုံသစ်ဖြစ်နေ၍ လူငယ်များပီပီ ပျော်ရွှင်နေကြသည်။



သို့သော်... လေးရက်မြောက်သောနေ့တွင် သူတို့၏ ပျော်ရွှင်မှုများ နိဂုံးချုပ်သွားခဲ့ရလေ၏။

အာမခံဌာနတစ်ခု အန္တရာယ်များလှပုံကို လက်တွေ့သိရှိလိုက်ရလေတော့သည်။

အခန်း [ ၈ ]

## မြားတံဆိပ်မြား၏အစွမ်း

နေမင်းကြီးသည် ဦးခေါင်းပေါ်တည့်တည့် ရောက်နေ၏။ မွန်းတည့်ချိန်ပင်... ။

ဝမ်ပိုလော့ဦးဆောင်သော ကျိုလင်အာမခံဌာနမှ မြင်းလှည်းများသည် တောလမ်းမှ ဖြတ်သန်းရင်း ရွက်ယင်တောအုပ်သို့ ရောက်ရှိလာခဲ့ကြသည်။

ဝမ်ပိုလော့သည် ကျန်းတင့်ရီအား ဂရုစိုက်သည့်အနေဖြင့် ရှေ့ဆုံးမှ သူ၏မြင်းလှည်းပေါ်တွင်တင်၍ ခေါ်ဆောင်လာခဲ့သည်။

လမ်းခရီးတစ်လျှောက်လုံး အာမခံလုပ်ငန်းအကြောင်းနှင့် ဒေသန္တရဗဟုသုတများ ပြောပြလာသည်။

သူတို့ သိကျွမ်းကြသည်မှာ မကြာလှပါ။ သို့သော်... ရင်းရင်းနှီးနှီး ဖြစ်လာကြ၏။



ကျန်းတင့်ရီသည် ဝမ်ပိုလော့အား ဟန်ကျူးရှိ သူ၏အိမ်သို့ လာရောက်လည်ပတ်ရန်ပင် ဖိတ်ခေါ်ခဲ့သည်။

ရွက်ယင်တောအုပ်သို့ ရောက်လာသောအခါ ဝမ်ပိုလော့၏ မျက်နှာ လေးနက်တည်ကြည်သွားသည်။

"အားလုံး သတိထားကြရမယ်... ဒီတောအုပ်က နာမည်ကြီးတယ်... ဒီလိုတောအုပ်မျိုးကို သူခိုးဓားပြတွေက အကြိုက်ဆုံးပဲ... "

သူသည် တီးတိုးရေရွတ်ပြီး ကျန်းတင့်ရီဘက်သို့လှည့်ကာ ပြောလေသည်။

"မပြောကောင်းမဆိုကောင်း... ကျုပ်တို့ဟာ လူဆိုးဓားပြတွေနဲ့ တွေ့နိုင်တယ်... တစ်ခုခုဖြစ်လာခဲ့ရင် မြင်းလှည်းပေါ်မှာပဲနေပါ... အောက်ကို မဆင်းပါနဲ့... "

သူက အကြောင်းရှိ၍ မှာကြားနေမှန်း ကျန်းတင့်ရီ နားလည်လိုက်သည်။ လူငယ်ဖြစ်သော်လည်း ဉာဏ်မြူတော့ ကျန်းတင့်ရီ နားလည်ပါသည်။

"ဟုတ်ကဲ့... စိတ်ချပါ... ကျွန်တော် မြင်းလှည်းပေါ်မှာပဲနေပါ့မယ်ဗျာ... "

ဝမ်ပိုလော့သည် အခြေအနေ စနည်းနာရန် အဖွဲ့သားသုံးယောက်အား တောအုပ်ထဲသို့ ဦးစွာစေလွှတ်လိုက်သည်။

အဖွဲ့သားသုံးယောက်က မြင်းခုန်းစိုင်း၍ တောအုပ်ထဲ ဝင်ရောက်သွားကြသည်။ သူတို့သည် အတွေ့အကြုံရှိသော အဖွဲ့သားများ

ဖြစ်ကြသည်။

သို့သော်...

"အား... "

"အွန်... "

"အမယ်လေး... "

စူးရှသော အော်ဟစ်သံများ ပေါ်ထွက်လာပြီးနောက်... မြင်းသုံးကောင်မှာ စီးသူမပါဘဲ ပြန်လည် ပြေးထွက်လာသည်ကို တွေ့လိုက်ရလေတော့သည်။

ကျွန်းတင့်ရီ ရင်ထိတ်သွားလေသည်။

"အားမုန်... တောအုပ်ထဲမှာ လူဆိုးဓားပြတွေ ရှိနေပြီကွ... "

အားမုန်မှာ ထိတ်လန့်နေလေသည်။

"အစ်ကိုလေး... ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ... ထွက်ပြေးကြရင် ကောင်းမလား... "

"မဖြစ်ဘူး... တို့ကို မြင်းလှည်းပေါ်က မဆင်းနဲ့လို့ ဆရာကြီး ဝမ်ပိုလော့က မှာထားတယ်... "

ထိုအချိန်တွင် ဝမ်ပိုလော့သည် မြင်းလှည်းပေါ်မှ ခုန်ဆင်းကာ သူ၏ အာမခံအဖွဲ့သားများအား အော်ဟစ်အမိန့်ပေးနေ၏။

အာမခံအဖွဲ့သားများမှာ ရုတ်ရုတ်သဲသဲ ဖြစ်နေကြ၏။

လက်နက်ကိုယ်စီ ဆွဲကိုင်ကာ တိုက်ပွဲဝင်ရန် ပြင်ဆင်နေကြသည်။



ဝမ်ပိုလော့က အမိန့်ပေးလိုက်သည်။

"ဟေ့... နောက်ထပ်သုံးယောက်လောက် တောအုပ်ထဲကို လိုက်သွားကြစမ်း... "

သူ၏စကားအဆုံးတွင် သိုင်းသမားသုံးယောက်က တောအုပ်ထဲသို့ ပြေးဝင်သွားကြပြန်သည်။ ယခုသုံးယောက်မှာ ယခင်သုံးယောက်ထက် အဆင့်မြင့်သူများ ဖြစ်ကြသည်။

"ဝုန်း... "

"အား... "

"အမယ်လေး... "

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာပြန်သည်။

တောအုပ်ထဲသို့ ဝင်သွားသူသုံးယောက် ပြန်ထွက်မလာတော့ချေ။

ဝမ်ပိုလော့ မျက်နှာပျက်နေသည်။

တောအုပ်ထဲသို့ထပ်မလွှတ်တော့ပါ။ သူ၏လူခြောက်ယောက် ကျဆုံးသွားရပြီ မဟုတ်ပါလား... ။

"အားလုံး အသင့်ပြင်ထားကြ... တို့က ဝင်မသွားဘူးဆိုရင် သူတို့ ထွက်လာကြလိမ့်မယ်... သူတို့ အင်အားဘယ်လောက်ရှိသလဲ ဆိုတာ ငါတို့မသိရဘူး... "

သူတို့သည် ရန်သူထွက်ပေါ်လာမည့်အချိန်ကို စောင့်မျှော်နေလိုက်ကြလေသည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

မြင်းများ၏ နှာမှုတ်သံ၊ ခွာယက်သံများ တစ်ချက်တစ်ချက် ထွက်ပေါ်နေ၏။

ကျွန်းတင့်ရီတို့ ရင်တထိတ်ထိတ် ဖြစ်နေကြသည်။

အပျော်ခရီးထွက်လာသည့်တစ်လျှောက်လုံး ယခုမှ တိုက်ပွဲနှင့် ကြုံရတော့မည်မဟုတ်ပါလား။ အပွဲပွဲနွှဲလာသမျှ သည်တစ်ပွဲမှ ဒုက္ခကြုံရတော့မည်ထင်သည်။

စောင့်ဆိုင်းနေရသည်မှာ ကြာရှည်လွန်းလှသည်။

ဓားပြများသည် ယခုတိုင် ထွက်မလာသေးပေ… ။

သို့သော်…

"ဟေး… ဟေး… ဟေး… "

အော်ဟစ်ကြွေးကြော်သံပေးပုံမှာ ကြောက်မက်ဖွယ်ကောင်းလှသည်။

ကျွန်းတင့်ရီတို့ ကြည့်နေစဉ် အနက်ရောင်ဝတ်ဆင်ကာ လက်နက်ကိုယ်စီကိုင်ဆောင်ထားကြသူများ အရပ်လေးမျက်နှာမှ ထွက်ပေါ်လာသည်။

လမ်းဓားပြများ ရောက်ရှိလာပြီ ဖြစ်ပါသည်။

ဝမ်ပိုလော့ မျက်နှာပျက်သွားသည်။

ဓားပြများ၏ အင်အားကလည်း အတော်များပြားသည်။

သူ၏အဖွဲ့သားများအား အဖွဲ့လေးဖွဲ့ ခွဲလိုက်သည်။

မြင်းလှည်းများကို အလယ်၌ စုရုံးစေပြီး လေးဘက်လေးတ…



မှ စောင့်ကြပ်စေ၏။ မည်သို့ပင်ဖြစ်စေ သူတို့ အသေအကြေ ကာကွယ်ရတော့မည်ဖြစ်ပေသည်။

လမ်းဓားပြများသည် တဟေးဟေး… တဟားဟား ကြွေးကြော်သံပေးရင်း တစ်ဟုန်ထိုး ဝင်ရောက်တိုက်ခိုက်လာကြလေ၏။

"တိုက်ကြ… "

ဝမ်ပိုလော့က အမိန့်ပေးလိုက်လျှင် အာမခံအဖွဲ့သားများလည်း စည်းကမ်းစနစ်တကျဖြင့် ပြန်လည်ခုခံတိုက်ခိုက်ကြသည်။ ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

အားမုန်မှာ သိုင်းပညာ သင်ထားသူဖြစ်သော်လည်း ယခုကဲ့သို့ အစုအဝေးနှင့်တိုက်ခိုက်မှုကို မကြုံဘူးသဖြင့် လွန်စွာထိတ်လန့်နေ၏။

ကျွန်းတင့်ရီက ဝေါက်လိုက်ရ၏။

"အားမုန်… မင်း ဘယ်လိုဖြစ်နေတာလဲ… "

ထိုအခါမှ ထိန်းလာနိုင်သည်။ သူသည်… သာမန်လူမဟုတ် သိုင်းပညာသင်ထားသူဖြစ်ကြောင်း သတိဝင်လာသည်။

"သခင်လေး ဘာမှမပူနဲ့… ကျွန်တော်က သိုင်းပညာသင်ထားတာပဲ… လူဆိုးတွေရဲ့ အန္တရာယ်ကို ကာကွယ်ပေးပါ့မယ်… "

သူ၏စကားကြောင့် ကျွန်းတင့်ရီမှာ ငိုအားထက် ရယ်အားသန် ဖြစ်ရလေသည်။

မည်သို့ဆိုစေ… အမှန်တကယ် ရယ်မောနိုင်သည်တော့ မဟုတ်ပါ။

ပြင်းထန်သော တိုက်ပွဲကြီးက ခြောက်လှန့်နေသည်မဟုတ်ပါလား... ။

လမ်းစားပြများနှင့် အာမခံအဖွဲ့သားများမှာ ပြင်းထန်စွာ တိုက်ခိုက်နေကြသည်။ လမ်းစားပြများ ကျဆုံးသည်လည်း ရှိသည်။ အာမခံအဖွဲ့သားများ ကျဆုံးသည်လည်းရှိသည်။

သို့သော်...

လမ်းစားပြများမှာ အင်အားကောင်းပြီး သိုင်းပညာထက်မြက်နေသဖြင့် အာမခံအဖွဲ့သားများ တဖြည်းဖြည်း အရေးနိမ့်လာသည်။

စုစုစည်းစည်း မနေနိုင်တော့ဘဲ ဖရိုဖရဲ တကွဲတပြားဖြစ်လာကြ၏။

ဝမ်ပိုလော့လည်း ကိုယ်တိုင် တိုက်ပွဲဝင်နေရသည်။

ဝမ်ပိုလော့၏သိုင်းပညာ မခေသဖြင့် လမ်းစားပြများမှာ အာမခံပစ္စည်းတင်ဆောင်ထားသော မြင်းလှည်းများအနီးသို့ မချဉ်းကပ်နိုင်အောင် ဖြစ်နေ၏။

အသာစီးရခဲ့သော်လည်း အပြီးအပြတ် အနိုင်မယူနိုင်ဘဲ လိပ်ခဲတည်းလည်း ဖြစ်နေ၏။

ထိုစဉ်...

"အသုံးမကျတဲ့ကောင်တွေ... ဘေးဖယ်လိုက်ကြစမ်း... "

ကျယ်လောင်သော အသံဝါကြီး ထွက်ပေါ်လာ၏။ မည်သူ့အသံနည်း။



လမ်းစားပြများ ဘေးသို့ရှဲသွားကြ၏။

ကျန်းတင့်ရီ ကြည့်လိုက်သောအခါ အလွန်သန်မာထွားကျိုင်းသော လူ့ဘီလူးကြီးတစ်ယောက်သည် စားပြများအကြားမှ ထွက်ပေါ်လာလေ၏။

"စားဘီလူး... "

ဝမ်ပိုလော့ လွှတ်ခနဲ ရေရွတ်လိုက်သည်။

ကျန်းတင့်ရီသည် စားဘီလူးဟူသော အမည်ကို ကြားရသောအခါ စိတ်ဝင်စားသွားလေ၏။

လမ်းခရီး၌ ကျန်းတင့်ရီကို ဝမ်ပိုလော့က ဗဟုသုတအဖြစ် ပြောပြခဲ့ရာ၌ ရှက်ယင်ဒေသ၌ သောင်းကျန်းနေသော စားဘီလူးအကြောင်းလည်း ပါဝင်ခဲ့သည်။ ကျန်းတင့်ရီသည် ဝမ်ပိုလော့မှ ကြားသိခဲ့ရသည့်ဗဟုသုတများ အတော်များသည်။

စားဘီလူးသည် ကွပ်မျက်ခံရသော မင်းသားကြီးကျုံဝမ်း၏ သစ္စာခံ တိမ်ဖြူအဖွဲ့၏ နောက်လိုက်တစ်ယောက်ဖြစ်၏။

ကျုံကျင်ဘုရင်၏ သစ္စာခံများအား အငြိုးထားပြီး တိုက်ခိုက်နေသူလည်း ဖြစ်သည်။

ဝမ်ပိုလော့၏ ရေရွတ်သံကို ကြားလိုက်ရသောအခါ ကျန်းတင့်ရီလည်း စိုးရိမ်သွားသည်။ သူ့အသံကလည်း စိုးရိမ်နေသည့်အသံပင် မဟုတ်ပါလော။

စားဘီလူးသည် ရှေ့သို့လှမ်းထွက်လာပြီး ဝမ်ပိုလော့နှင့် ရင်

ဆိုင်လိုက်လေသည်။

"ဝမ်ပိုလော့... မင်းဟာ ကျုပ်ရဲ့ပြိုင်ဘက်မဟုတ်ဘူး... မသေချင်ရင် အာမခံပစ္စည်းတွေထားပြီး ထွက်သွားပါ... "

ဝမ်ပိုလော့ ခေါင်းခါယမ်းလိုက်လေသည်။

"ဓားဘီလူး... ကျုပ် သယ်ဆောင်လာတဲ့ ပစ္စည်းတွေဟာ... ပုန်ကန်ထကြွနေတဲ့ နယ်စားရှာစားတွေကို နှိမ်နင်းနေကြတဲ့ တပ်ဖွဲ့တွေအတွက် ရိက္ခာအထောက်အပံ့ပဲဖြစ်တယ်... ဝေးဝေးကရှောင်တာကောင်းမယ်... "

"ဟား... ဟား... ဟား... "

ဓားဘီလူးက ကျယ်လောင်စွာ ရယ်မောလိုက်လေသည်။

"ကောင်းတယ်... သိပ်ကောင်းတယ်... ကျုပ်က တိမ်ဖြူဂိုဏ်းရဲ့ကိစ္စကို မမေ့နိုင်သေးဘူး... မင်း သယ်လာတဲ့ပစ္စည်းတွေကို ရအောင်ယူရမှာပဲ... "

သူ့အား တားဆီး၍မရနိုင်မှန်း ဝမ်ပိုလော့ နားလည်လိုက်လေသည်။

"ခင်ဗျားလိုချင်တယ်ဆိုရင်... ကျုပ်ရဲ့ဓားကို မေးကြည့်ပါဦး"

ဓားဝှေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်သည်။

ဓားဘီလူးသည်လည်း အလွန်ကြီးမားသော ဓားပြားကြီးတစ်လက်ဖြင့် ပြင်းထန်စွာ တိုက်ခိုက်သည်။

ခေါင်းဆောင်နှစ်ယောက် သူတပြန် ကိုယ်တပြန် တိုက်ခိုက်



နေကြသည်ကို နှစ်ဖက်ငယ်သားများက စောင့်ကြည့်နေကြသည်။

အားမုန်က ကျန်းတင့်ရီအား လက်ကုတ်လိုက်သည်။

"သခင်လေး... အခြေအနေမဟန်ဘူး... ကျွန်တော်တို့ ပြေးရအောင်... "

"ဘာဖြစ်လို့လဲကွ... "

"ဓားဘီလူးရဲ့ သိုင်းပညာက ပိုသာတယ်... ဝမ်ပိုလော့ ကြောခင် ရှုံးသွားလိမ့်မယ်... "

"သြော်... မင်းက သိုင်းပညာအခြေခံရှိတော့... အခုလို အကဲခတ်နိုင်တာပေါ့လေ... "

"သည်လောက်လည်း မဟုတ်သေးပါဘူး သခင်လေးရာ... "

အားမုန်က စိတ်ပျက်စွာ ညည်းတွားလိုက်၏။

ထိုစဉ်...

"ဂုန်း... "

"ချွမ်း... ချွမ်... "

ကျယ်လောင်သောအသံများ ထွက်ပေါ်လာကာ ဝမ်ပိုလော့မှာ တယီးတယိုင်ဖြင့် နောက်ဆုတ်သွားရလေ၏။

သူ၏လက်ထဲမှ ဓားမှာလည်း အဝေးသို့ လွင့်စဉ်သွားပြီဖြစ်သည်။

ဝမ်ပိုလော့သည် ဓားဘီလူးအား မယှဉ်နိုင်ဘဲ အရေးနိမ့်သွားပြီဖြစ်ပါသည်။

"ဟား... ဟား... ဟား... "

ဓားဘီလူးက သဘောကျစွာ ရယ်မောလိုက်၏။

"ဝမ်ပိုလော့... မင်း မသွားသေးဘူးလား... "

ဝမ်ပိုလော့ အံကြိတ်လိုက်သည်။

"ဓားဘီလူး... သည်ကနေ့ကိစ္စကြောင့် ခင်ဗျားတို့တစ်ဖွဲ့လုံး ကြီးလေးတဲ့အပြစ်ဒဏ် ခံရလိမ့်မယ်... "

ဓားဘီလူး ခေါင်းခါယမ်းလိုက်သည်။

"အပိုတွေပြောမနေနဲ့... မြန်မြန်သာ သွားပေတော့... "

ဝမ်ပိုလော့သည် စိတ်ပျက်စွာဖြင့် သူ၏ အဖွဲ့သားများအား ပစ္စည်းများထားကာ ထွက်သွားရန် အမိန့်ပေးလိုက်သည်။

ကျွန်းတင့်ရီကိုလည်း တောင်းပန်လိုက်သည်။

"မိတ်ဆွေလေး ကျွန်းတင့်ရီ... ကျုပ်ဟာ ဓားဘီလူးတို့အဖွဲ့ကို မနိုင်ခဲ့ဘူး... ဆက်ပြီး ခုခံနေမယ်ဆိုရင် အဖွဲ့သားတွေရဲ့အသက် အလဟဿ သေဆုံးကုန်လိမ့်မယ်... ကျုပ် တာဝန်မကျေသလို... မိတ်ဆွေလေးကိုလည်း လိုက်ပို့နိုင်တော့မှာ မဟုတ်ဘူး... "

ကျွန်းတင့်ရီ စိတ်မကောင်း ဖြစ်သွားလေသည်။

တာဝန်မကျေသူများအပေါ် နန်းတွင်းမှ ကြီးလေးသော အပြစ်ပေးခံရမည်မှာ သေချာ၏။

သူ့အား ကူညီခဲ့ပြီး သဘောကောင်းသော ဝမ်ပိုလော့အား ပြန်လည်ကူညီလိုစိတ်များ ဖြစ်ပေါ်လာ၏။



သူက မည်သို့ကူညီနိုင်မည်နည်း။

ရုတ်တရက်...

တုံးဖန်းလျှိုင်၏ မြားတံဆိပ်ကို သတိရလာလေသည်။

ကျွန်းတင့်ရီ ဝမ်းသာသွားသည်။

သူ့အား မြင်းလှည်းပေါ်မှမဆင်းရန် ဝမ်ပိုလော့ မှာကြားထားသည့်ကိုပင် အမှုမထားနိုင်ဘဲ မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်သည်။

သူသည် ဓားဘီလူးကို လှမ်းခေါ်လိုက်၏။

"ဓားဘီလူး... လာပါဦးဗျာ... "

ဓားဘီလူးလည်း ရပ်သွား၏။ ထို့နောက်... ကျွန်းတင့်ရီကို လှည့်ကြည့်သည်။

"မိတ်ဆွေလေး... ကိုယ့်အသက်ကို ကိုယ်ဂရုစိုက်ပါ... "

ဝမ်ပိုလော့က အထိတ်တလန့် ရေရွတ်လိုက်သည်။

ဓားဘီလူးကလည်း မျက်မှောင်ကုတ်ကာ ကြည့်လိုက်သည်။

ကျွန်းတင့်ရီသည် ဓားဘီလူးရှေ့သို့ရောက်လျှင် ဦးညွှတ်လိုက်သည်။

"မိတ်ဆွေ... တုံးဖန်းလျှိုင်ဆိုတဲ့နာမည်ကို ကြားဖူးသလားဗျာ... "

ဓားဘီလူး အံ့ဩသွားသည်။

"ရွှေမင်းသားတုံးဖန်းလျှိုင်ကို ပြောတာလား... "

"ဟုတ်ပါတယ်ဗျာ... "

"အေး... အဲဒါ ဘာဖြစ်သလဲ... "

"ကျွန်တော်ဟာ... သူ့ရဲ့ မိတ်ဆွေဖြစ်နေလို့ပါ... "

တုံးဖန်းလှိုင်မှာ နာမည်ကြီးလှသူဖြစ်ရာ... သူ၏ မိတ်ဆွေဆိုလျှင် မည်သူမှ နှောင့်ယှက်ရဲမည်မဟုတ်ဟု ကျွန်းတင့်ရီ ယုံကြည်ထားသည်။ ထို့ကြောင့် တုံးဖန်းလှိုင်၏စကားကို လိုက်နာပြီး ဆောင်ရွက်လိုက်ခြင်းဖြစ်သည်။

သူ၏အတွေး မှန်ကန်နေပါသည်။

"မင်းဟာ... တုံးဖန်းလှိုင်ရဲ့မိတ်ဆွေ ဟုတ်လား... "

"ဟုတ်ပါတယ်ဗျာ... ပြောသည်မှာ ကြည့်ပါ... "

ကျွန်းတင့်ရီက မြားတံဆိပ်ပြားလေးကို ထုတ်ပြလိုက်လေ၏။

ဓားဘီလူးက ယူပြီးစစ်ဆေးကြည့်လိုက်သည်။

တုံးဖန်းလှိုင်၏ တံဆိပ်အစစ်ဖြစ်ကြောင်း တွေ့ရသည်။

"လက်စသတ်တော့... ရွှေမင်းသားရဲ့ မိတ်ဆွေတစ်ယောက်ပါလာတာကိုး... ကောင်းပြီ... ကျုပ် ဘာလုပ်ပေးရမလဲပြောပါ... "

ကျွန်းတင့်ရီက အခွင့်အရေးကို လက်လွှတ်မခံပါချေ။

"ကိုလင်အာမခံဌာနကို မနှောင့်ယှက်ဖို့... မေတ္တာရပ်ခံချင်ပါတယ်... "

ဓားဘီလူး တွေဝေသွားလေသည်။

ဝမ်ပိုလော့က မျက်မှောင်ကုတ်ကာ အကဲခတ်ကြည့်နေ၏။ အတော်ကလေးကြာတော့မှ ဓားဘီလူး သက်ပြင်းချလိုက်လေသည်။



"အင်း... ကျုပ်သဘောနဲ့ဆိုရင် ကိုလင်အာမခံဌာနကို လွှတ်ပေးမှာမဟုတ်ဘူး... ဒါပေမဲ့... ရွှေမင်းသားနဲ့ပတ်သက်နေတော့လည်း ကျုပ် စိတ်လျှော့လိုက်ပါပြီ... သူနဲ့တွေ့ရင် သည်အကြောင်းကို ပြောပြလိုက်ပါ... "

ဓားဘီလူးက အလွယ်တကူ လိုက်လျောလိုက်သဖြင့် ကျွန်းတင့်ရီ အံ့ဩနေ၏။ ကိုလင်အာမခံဌာနမှာ အံ့ဩဖွယ်ကောင်းလောက်အောင် ဓားဘီလူးလက်အောက်မှ လွတ်မြောက်ခဲ့လေပြီ။

ဝမ်ပိုလော့လည်း စကားမပြောနိုင်အောင် ဖြစ်နေသည်။

ဓားဘီလူးက သူ၏ လူများကို လက်ဝှေ့ယမ်းပြလိုက်သည်။

"သွားကြမယ်ဟေ့... "

သူကိုယ်တိုင် ဦးဆောင်၍ ထွက်သွားသောအခါ သူ၏လူများလည်း တိတ်ဆိတ်စွာ လိုက်ပါသွားကြလေတော့သည်။

## အခန်း [ ၉ ]

## လျှို့ဝှက်စွမ်းအင်

ဓားဘီလူးတို့လူစုသည် စိတ်ပျက်လက်ပျက် ထွက်ခွာသွားကြလေ၏။

ကျွန်းတင့်ရီတို့မှာ အာမခံပစ္စည်းများနှင့်အတူ အန္တရာယ်မှ လွတ်မြောက်လာပြီဖြစ်၍ ဝမ်းသာနေကြ၏။

"နောင်ကြီး... ဘာမှမစိုးရိမ်ပါနဲ့တော့... သူတို့ ဒုက္ခမပေးဝံ့တော့ပါဘူး... "

ဝမ်ပိုလော့ ခေါင်းညိတ်လိုက်သည်။

"ကျေးဇူးပါပဲကွယ်... မင်းဟာ ရွှေမင်းသားနဲ့ပတ်သက်နေတယ်... ဟုတ်လား... "

"ဟုတ်ပါတယ်... ရွှေမင်းသားဟာ ကျွန်တော့်ရဲ့ မိတ်ဆွေပါပဲ"



"ဪ... "

ဝမ်ပိုလော့၏ အမူအရာနှင့် စကားသံမှာ ထူးခြားနေသည်ဟု ကျွန်းတင့်ရီ သတိပြုမိလိုက်သည်။

"ဓားဘီလူး ထွက်သွားပေမဲ့ စိတ်ချရသေးတာမဟုတ်ဘူး... ပြန်လာရင်ခက်မယ်... သွားကြရအောင်... "

"ကောင်းပါပြီဗျာ... "

ထို့နောက်... သူတို့ရှေ့ခရီးဆက်လိုက်ကြလေ၏။

ဝမ်ပိုလော့သည် ကျွန်ခရီးစဉ်တစ်လျှောက်တွင် ကျွန်းတင့်ရီကို စကားဟက်ဟက်ပက်ပက် မပြောတော့ပါ။ အလွန်နှုတ်ဆိတ်သွားသည်။

ခင်မင်ရင်းနှီးမှုများလည်း မရှိတော့ပါ။

တစ်စုံတစ်ရာသော အကြောင်းကြောင့် သူ့အား ခပ်ရှောင်ရှောင် လုပ်နေကြောင်း ကျွန်းတင့်ရီသိ၏။

ကျွန်းတင့်ရီ စိတ်မကောင်းဖြစ်မိသော်လည်း ဘာမှမတတ်နိုင်တော့ချေ။

သို့ဖြင့် ဒိုကြူးမြို့သို့ ရောက်ရှိသွားကြလေတော့သည်။

ဒိုကြူးမြို့သည် ကိုလင်အာမခံဌာနအတွက် ခရီးလမ်းဆုံး မြို့ဖြစ်လေသည်။

ဝမ်ပိုလော့က မြို့အဝင်တွင် ကျွန်းတင့်ရီတို့အား ချပေးသည်။ ဟန်ကျူးသို့ ခရီးဆက်နိုင်ရန် လမ်းစရိတ်များ ထုတ်ပေး

သည်။

"ကျုပ်ကိုယ်တိုင် လိုက်မပို့နိုင်တာကို ခွင့်လွှတ်စေချင်ပါတယ်... ပစ္စည်းတွေအစ်နဲ့ဖို့ အရေးကြီးနေလို့ပါ... "

ကျွန်းတင့်ရီလည်း ဝမ်ပိုလော့၏ တာဝန်မသေးကြောင်း နားလည်ထားသည်။

"ကိစ္စမရှိပါဘူး... ခင်ဗျားနဲ့ လမ်းကြုံလိုက်ခဲ့ရတာကိုပဲ ကျေးဇူးတင်လှပါပြီ... "

ကျွန်းတင့်ရီက လမ်းကြုံလိုက်လာ၍လည်း ဝမ်ပိုလော့အား ကူညီနိုင်ခဲ့ခြင်း ဖြစ်လေသည်။

သို့တိုင် နှုတ်ဆက်လမ်းခွဲခါနီး၌ ဝမ်ပိုလော့သည် ကျေးဇူးတင်စကားကို မဆိုခဲ့ချေ။

ကျွန်းတင့်ရီတို့ ဆင်းသွားသည်နှင့် ဝမ်ပိုလော့တို့သည် မြင်းလှည်းများကို အပြင်းမောင်းနှင်သွားလေတော့သည်။

အားမုန်ကလည်း ရိပ်မိသွားသည်။

"သူ့ကိုကြည့်ရတာ အရင်ကနဲ့မတူဘူး... အတော်ကို ပြောင်းလဲသွားတယ်... "

"ဟုတ်တယ်... ကျေနော် ရွှေမင်းသားနဲ့ပတ်သက်တာကို ဘုရင်ကြီးရဲ့လူတွေက သဘောမကျဘူး... ဝမ်ရီမင်းတို့ ဝမ်ပိုလော့တို့ဟာ... ဒီလိုလူစားတွေပဲ... "

အားမုန်က...



"သခင်လေး... တော်ကြာ ကျွန်တော်တို့က ရွှေမင်းသားနဲ့ ပတ်သက်နေတယ်ဆိုပြီး အပြစ်တင်ခံရမယ်ထင်တယ်... "

ဟူ၍ စိုးရွံ့စွာ ပြောလာလေသည်။

ကျွန်းတင့်ရီ မျက်နှာပျက်သွားသည်။

"ကံတရားပေါ့ကွာ... တို့က ရိုးရိုးသားသားပဲမဟုတ်လား... ဘာတတ်နိုင်မှာလဲ... "

သူတို့ရောက်ရှိလာချိန်မှာ ညနေစောင်းနေပြီဖြစ်သည်။

ထို့ကြောင့် ခရီးဆက်လျှင် လမ်းတစ်ဝက်မှာပင် မိုးချုပ်သွားမည်ဖြစ်သည်။

ဓားဘီလူးတို့နှင့် ဆုံတွေ့ပြီးနောက် ကျွန်းတင့်ရီမှာ မပေါ့ဆတ့်တော့ပါ...။ အခြေအနေအရပ်အရပ် ရှုပ်ထွေးနေပြီး အန္တရာယ်များနှင့် ကြုံရနိုင်ကြောင်း ကျွန်းတင့်ရီတို့ ကောင်းစွာနားလည်ထားပြီ ဖြစ်ပါသည်။ ညဘက် အနားယူပြီး မနက်မှ ခရီးဆက်ရန် ဆုံးဖြတ်လိုက်၏။

မြို့ထဲသို့ဝင်ကာ တည်းခိုခန်းတစ်ခု၌ တစ်ညတာတည်းခိုလိုက်ကြလေတော့သည်။

ကျွန်းတင့်ရီနှင့်အားမုန်တို့သည် ဧကြူးမြို့တွင်းသို့ လှည့်လည်ကြည့်ရှုကြပြီး ညဥ့်နက်သောအခါ တည်းခိုခန်းသို့ ပြန်လာခဲ့ကြသည်။

သည်ညကုန်ဆုံးပြီး မိုးလင်းလျှင်တော့ ဟန်ကျူးသို့ ပြန်ကြမည်ဖြစ်သည်။

အိမ်ပြန်ရောက်လျှင် နောက်တစ်ကြိမ် အပြင်ထွက်ဖို့ မလွယ်

တော့ချေ။

ယနေ့ညသည် အပျော်ခရီးထွက်ခြင်း၏ နောက်ဆုံးနေ့ဖြစ်တော့သည်။

နှစ်ယောက်သား ငှားရမ်းထားသောအခန်းသို့ ရောက်သောအခါ ဦးစွာ အားမုန်က အခန်းတွင်းသို့ ဝင်ရောက်သွားလေသည်။

ထို့နောက်... ကျွန်းတင့်ရီ လိုက်ဝင်သွားသည်။

"ဒုန်း... "

အခန်းတံခါး ချက်ချင်းပြန်ပိတ်သွားလေ၏။

ကျွန်းတင့်ရီ ကြောင်အမ်းအမ်းဖြစ်သွား၏။

လေမတိုက်ဘဲ အဘယ်ကြောင့် တံခါးပိတ်သွားရပါသနည်း။

ကျွန်းတင့်ရီ၏စိတ်ထဲ၌ ကြောက်ရွံ့မှုပေါ်လာသည်။ ကျောရိုးထဲကပင် စိမ့်လာသည်။ ဤလို ကြောက်ရွံ့မှုမျိုးမှာ တော်ရုံတန်ရုံနှင့် မဖြစ်ပေါ်ပေ။ ကျွန်းတင့်ရီက မြန်မြန်အမိန့်ပေးလိုက်၏။

"အားမုန်... မီးမြန်မြန်ထွန်းလိုက်စမ်း... "

"ဟုတ်ကဲ့ သခင်လေး... "

မရှေးမနှောင်းမှာပင် မီးရောင်ထွက်ပေါ်လာ၏။

ကျွန်းတင့်ရီ ချာခနဲ လှည့်ကြည့်လိုက်၏။

ဤတွင် တံခါးကို ကျောဖြင့်မှီ၍ ပိတ်ထားကာ ခပ်စိမ်းစိမ်းကြည့်နေသော မိန်းကလေးတစ်ယောက်အား တွေ့လိုက်ရလေသည်။ ထိုမိန်းကလေး၏လက်ထဲ၌ ကိုင်ထားသောဓားမှာ အရောင်တဖိတ်ဖိတ်



ဝင်းလက်တောက်ပနေပါတော့သည်။

ဓားကိုင်ထားသော မိန်းမချောလေးတစ်ယောက် ဖြစ်သည်။

ဓားမှာ ဝင်းလက်တောက်ပြောင်နေသကဲ့သို့ သူမ၏ မျက်လုံးများလည်း တောက်ပနေ၏။

"ဟင်... မင်း... မင်း... "

ကျွန်းတင့်ရီ အံ့ဩသွားသည်။ သူ စကားမပြောနိုင်အောင် ဖြစ်သွားပါသည်။

ထိုမိန်းကလေးမှာ ရက်လိုစားသောက်ဆိုင်၌ တွေ့ခဲ့ရသော မိန်းကလေးပင် ဖြစ်ပါသည်။

သူ၏ အသည်းနှလုံးကို ညှို့ယူဖမ်းစားနိုင်ခဲ့သော မိန်းကလေးလည်း ဖြစ်ပါသည်။

သူမ မည်သူမည်ဝါဆိုသည်ကို မသိရပါ။

သူမအား ပြန်လည်ဆုံတွေ့လိုစိတ်များ ကျွန်းတင့်ရီ၏ ရင်ထဲတွင် လွှမ်းမိုးနေသည်။

ယခုတော့ မမျှော်လင့်ဘဲ ပြန်လည်ဆုံတွေ့လိုက်ရပြီ ဖြစ်လေသည်။ အားမုန်က မေးလိုက်လေသည်။

"ခင်ဗျား ဘယ်သူလဲ... ဘာကြောင့် ကျုပ်တို့အခန်းထဲကို ဝင်နေရတာလဲ... "

သူမသည် သူတို့အား ရှုံ့ရှာမုန်းတီးစက်ဆုပ်စွာ ကြည့်နေ၏။

သူချစ်သော မိန်းကလေးက သူ့အား ရှုံ့ရှာမုန်းတီးစွာ ကြည့်

နေသည်ကို မြင်ရသောအခါ ကျွန်းတင့်ရီ ရင်နာမိသည်။ သူမက နှာခေါင်းရှုံ့ပြီး ပြောလိုက်၏။

"ဘာကိုမေးတာလဲ... "

"ကျုပ်တို့အခန်းထဲကို စည်းမဲ့ကမ်းမဲ့ ဘာကြောင့်ဝင်နေတာလဲလို့ မေးနေတာဗျ... "

"ရှင်တို့ဟာ... လူရိုးလူကောင်းတွေမှမဟုတ်တာ... ဒီလို လူဆိုးလူယုတ်မာတွေကို ဆုံးမဖို့ကိစ္စမှာ... ကျွန်မက ဘာစည်းကမ်းတွေကို ထိန်းသိမ်းစောင့်ရှောက်နေရမှာလဲ... "

အားမုန် မျက်လုံးပြူးသွားသည်။

"ဘာ... ကျုပ်တို့ဟာ လူဆိုးလူယုတ်မာတွေ... ဘာဖြစ်လို့ ခင်ဗျားက အခြောက်တိုက် စွပ်စွဲရတာလဲ... "

မိန်းကလေးက ရယ်လိုက်၏။ သူမသည် ကျွန်းတင့်ရီနှင့် အားမုန်ကို လုံးဝဂရုစိုက်ပုံမရပေ။

"ရှင်တို့ မှတ်မိသလား... ဟိုတစ်နေ့က စားသောက်ဆိုင်မှာ ရှင်တို့နဲ့ တွေ့ခဲ့တယ်လေ... "

ကျွန်းတင့်ရီက ကပျာကယာ ဝင်ပြောလေ၏။

"မှတ်မိပါတယ်... ကောင်းကောင်းမှတ်မိပါတယ်... "

မိန်းကလေးက...

"အဲဒီနေ့ကတည်းက... ရှင်တို့ကို လူကောင်းတွေမဟုတ်ကြောင်း ကျွန်မသိခဲ့တယ်... လူဆိုးလူယုတ်မာတွေကို ကျွန်မက ရိုးရိုး



သားသား ဆက်ဆံနေရမှာလား... "

ကျွန်းတင့်ရီက စိတ်မကောင်းဖြစ်သွားလေသည်။

သူ စွဲလမ်းမိသော မိန်းကလေးမှာ သူ့အား လူဆိုးဓားပြတစ်ယောက်ဟု အထင်မှားနေပြီမဟုတ်ပါလား... ။

ထို့ကြောင့် မနေနိုင်တော့ဘဲ ကြားဝင်ဖြေရှင်းလိုက်သည်။

"ညီမ လူမှားနေပြီထင်ပါတယ်... ကျုပ်တို့ဟာ လူဆိုးတွေမဟုတ်ကြပါဘူး... "

မိန်းမချောလေးက ရယ်မောလိုက်သည်။

"လူဆိုးမဟုတ်ရင်... ရွှေမင်းသားတို့... လေပွေညီနောင်တို့ကို ...ကာ ရှင် ဘာပြောမလဲ... "

"ဗျာ... "

လေပွေညီနောင်အား ကျွန်းတင့်ရီက ဘာမှမပြောလိုပါ။

ရွှေမင်းသားတုံးဖန်းလှိုင်ကိုမူ အချို့က လူကောင်းဟုဆိုကြ...ပြီ။ အချို့က လူဆိုးဟု ဆိုကြသည်မှာ အဘယ်ကြောင့်ဆိုသည်ကို ...ကျွန်းတင့်ရီ နားလည်သကဲ့သို့ ရှိနေပါပြီ။

သူကမူ တုံးဖန်းလှိုင်အား လူကောင်းတစ်ယောက်ဟု လက်ခံ...ထားသည်။

မိန်းမချောလေးမှာမူ တုံးဖန်းလှိုင်ကို လူဆိုးတစ်ယောက်ဟု ...နားလည်ထားသည်မဟုတ်ပါလား... ။

"ရှင်တို့ဟာ... ရက်လိုအသားကင်ဆိုင်မှာ စုရုံးပြီး... ဆရာဝမ်

တာဝန်ယူထားတဲ့ ငွေဒင်္ဂါးသုံးသောင်းကို လုယူသွားကြတယ်မဟုတ်လား... "

ကျန်းတင့်ရှိ ရင်မောသွားလေသည်။

"ညီမ ဘာတွေပြောနေတာလဲ... ဆရာဝမ်ဆိုတာကော ဘယ်သူလဲ... ကျုပ်တို့ ဘာမှမသိရပါလား... "

"ဩော်... ခုတော့ ရှင်က မသိချင်ဟန်ဆောင်နေပြီပေါ့... ဟုတ်လား... ဆရာဝမ်ဆိုတာ ကျွန်မရဲ့ဦးလေး ဝမ်ကျန်းထိုက်ကိုပြော တာပဲ... သူ တာဝန်ယူထားရတဲ့ ဘဏ္ဍာငွေတွေကို... လေပွေညီနော် နဲ့ ရှိကျားတို့က လုယူသွားကြတယ်... ကဲ... ရှင် ဘာပြောမလဲ... "

ကျန်းတင့်ရှိ 'ဟာခနဲ' အော်လိုက်မိလေသည်။

ရွှေမင်းသားတုံးဖန်းလှိုင်က လေပွေညီနောင်တို့အား သူ နောက်လိုက်ဖြစ်လိုလျှင် ဆရာတင်ခ ငွေတစ်သောင်းစီ ပေးရန်ပြော သည်။ လေပွေညီနောင်တို့ကလည်း ကျောက်ထပ်တောင်ရတနာမျ အား မက်မောကာ တုံးဖန်းလှိုင်ကို ဆရာတင်ပြီး ငွေတစ်သောင်း အပူတပြင်း ရှာပေးခဲ့ကြလေသည်။

တုံးဖန်းလှိုင်က ထိုငွေဖြင့် ရက်လိုအသားကင်ဆိုင်၌ သူ အား ကျွေးမွေးခဲ့သေးသည်မဟုတ်ပါလား... ။

"လက်စသတ်တော့... လေပွေညီနောင်က သူများငွေ သွားလုလာခဲ့ကြတာကိုး... "

အပေါင်းအသင်းကိုကြည့်၍ လူကို ဆုံးဖြတ်ကြသည်ဟူသေ



စကားကို သူ သတိရမိသည်။

သူတို့နှင့် ပေါင်းမိသဖြင့် မိမိကိုလည်း လူဆိုးတစ်ယောက် ဟု မှတ်ယူသွားကြောင်း ကျန်းတင့်ရှိ နားလည်သွားလေတော့သည်။

မိန်းကလေးက ခါးငွေယမ်းလိုက်သည်။

"ရှင့်ရဲ့အဖော်တွေ ဘယ်မှာလဲ... ရှင် ဝေစုရတဲ့ငွေကို ထုတ်ပေးပါ... "

ကျန်းတင့်ရှိ ခေါင်းခါယမ်းလိုက်သည်။

"ဝမ်းနည်းပါတယ်ဗျာ... ကျုပ် ဘာမှမသိပါဘူး... ကျုပ်နဲ့လည်း မဆိုင်ပါဘူး... လေပွေညီနောင်နဲ့ သွားပြီးရှင်းသင့်ပါတယ်... "

သူတို့အား လူဆိုးဓားပြများဟု စွပ်စွဲလာသဖြင့် အားမှန် ဒေါသထွက်နေ၏။

"ကျုပ်ရဲ့သခင်လေးဟာ... ဟန်ကျုံးက သူဌေးကြီးကျန်းပိုရဲ့ တစ်ဦးတည်းသောသားပဲဖြစ်တယ်... သူများရဲ့ငွေကို လုယူစရာ အကြောင်းမရှိဘူး... ခင်ဗျား အခုချက်ချင်း အခန်းထဲက ထွက်သွားပါ"

မိန်းမချောလေး မျက်မှောင်ကုတ်သွားသည်။

သူဌေးကြီးကျန်းပို၏အမည်မှာ တိုင်းပြည်နှင့်အဝှမ်း ကျော်ကြားမှုရှိလေသည်။

မိန်းမချောလေးမှာလည်း ကျန်းပို၏အမည်ကို ကြားဖူးထား၏။

ကျန်းတင့်ရှိ၏ ချမ်းသာကြွယ်ဝမှုအဆင့်အတန်းဖြင့် ငွေဒင်္ဂါး

သုံးသောင်း လုယူစရာအကြောင်းမရှိဟု တွေးမိသည်။ ထိုကိစ္စမှာ ကျွန်းတင့်ရီနှင့်မဆိုင်ဘဲ လေပွေညီနောင်တို့နှင့်သာ ပတ်သက်ရမည်ဟု သဘောပေါက်သွားလေတော့သည်။ သို့တိုင်...

"လူဆိုးတွေနဲ့ ပေါင်းနေတော့... ရှင်တို့လည်း လူဆိုးပဲ ဖြစ်ရမှာပေါ့... "

အလျှော့မပေးဘဲ ပြောလိုက်၏။

အားမုန်မှာ ဒေါသကို မထိန်းနိုင်တော့ပါ။

"စော်ကားလိုက်တာ... သေဖို့သာ ပြင်ထား... "

အော်ဟစ်ရင်း ထိုင်ခုံတစ်လုံးဆွဲယူပြီး မိန်းကလေးအား ရိုက်နက်တိုက်ခိုက်လိုက်လေသည်။

"ဝုန်း... "

မိန်းကလေးက အသာအယာ ရှောင်တိမ်းသွား၏။

အားမုန် ဝိုပြီးစိတ်ဆိုးသွားသည်။

"မင်း ဘယ်ပြေးမလဲ... "

သူက လိုက်လံတိုက်ခိုက်ပါသော်လည်း မိန်းကလေးက ရှောင်တိမ်းပေးနေသဖြင့် သူမ၏အင်္ကျီစကိုပင် ထိအောင်မတိုက်ခိုက်နိုင်ခဲ့ချေ။

အားမုန် ကျွဲမြီးတိုသွားလေသည်။

"သူခိုးဗျို့... သူခိုး... "

အမြင်ကတ်ကတ်ဖြင့် ကျယ်လောင်စွာ အော်ဟစ်လိုက်လေတော့သည်။



တိတ်ဆိတ်နေသော ညဥ့်ယံတွင် ဆူဆူညံညံအသံများ ထွက်ပေါ်လာ၏။

မိန်းကလေး ရင်ထိတ်သွားသည်။

"ရှင့်ပါးစပ် ပိတ်ထားလိုက်စမ်း... "

သူမသည် အားမုန်ထံသို့ ခုန်ဝင်သွားကာ ပါးရိုက်ချလိုက်လေသည်။

"ဖြန်း... "

အားမုန်၏ပါးမှာ ပူစပ်ပူလောင် ဖြစ်သွား၏။

ကျွန်းတင့်ရီ စိုးရိမ်ပူပန်သွားသည်။

"မလုပ်ပါနဲ့ဗျာ... "

အားမုန်၏ရှေ့သို့ ခုန်ဝင်၍ အကာအကွယ်ပြုထားလိုက်သည်။ မိန်းကလေး၏လက်ချက်ဖြင့် အားမုန် ထိခိုက်မိမည်ကို ပူပန်မိလေသည်။

"ဘေးဖယ်လိုက်စမ်း... "

မိန်းကလေးက လက်ဝါးဖြင့် ရိုက်ချလိုက်၏။

ကျွန်းတင့်ရီ မျက်လုံးပြူးသွားသည်။

"မင်း... ဘယ်လိုလုပ်လိုက်တာလဲ... "

ကြောက်အားလန့်အားနှင့် လက်နှစ်ဖက်ဖြင့် ကာလိုက်၏။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်...

"ဝုန်း... "

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

မိန်းမချောလေး ကပျာကယာ နောက်ဆုတ်သွားသည်။

သူမသည် ကျွန်းတင့်ရီအား မကျေမနပ် ဖြစ်သွားသည်။

"ရှင်... ရှင်... "

ထိုစဉ်...

"သူခိုး... သူခိုး... "

အားမုန်က ထပ်မံအော်ဟစ်လိုက်သောအခါ မိန်းကလေးမှာ မနေဝံ့တော့ဘဲ အခန်းအတွင်းမှ ပြေးထွက်သွားလေတော့သည်။

ကျွန်းတင့်ရီ ငူငူကြီး ရပ်နေ၏။

သူ၏ လက်ဝါးနှစ်ဖက်ကို မယုံကြည်နိုင်စွာ ကြည့်နေ၏။

သူက သိုင်းပညာမတတ်ပါ... ။

သို့သော်...

သိုင်းပညာမဲ့သော မိန်းကလေးတစ်ယောက်ကို ထိပ်တိုက်ရင်ဆိုင်နိုင်သည့်အပြင် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားစေနိုင်ခဲ့သည်။

အဘယ်ကြောင့်ပါနည်း... ။

ကျွန်းတင့်ရီသည်... လွန်ခဲ့သော သုံးနှစ်က ကြုံတွေ့ခဲ့ရသည့် ထူးဆန်းသော အဖြစ်အပျက်တစ်ခုကို ပြန်လည်အမှတ်ရမိလိုက်လေသည်။

~~~~~~~

အခန်း [ ၁၀ ]

## ခွန်အားရှိစေခဲ့သော အကြောင်းရင်း

ဟန်ကျူးနယ်... ။

ဟန်ကျူးနယ်မှာ သာယာလှပသော ရှုမျှော်ခင်းများဖြင့် တိုင်းသိပြည်သိထင်ရှားသော ပြည်နယ်တစ်ခုဖြစ်ပါသည်။

ဟန်ကျူးမြို့ပြင် မနီးမဝေးတွင်ရှိသော စီးဝူကန်တော်ကြီးမှာ ခေတ်အဆက်ဆက်မှ စာဆိုတော်များ စိတ်ကူးညဏ်ကွန့်မြူးရာ နေရာတစ်ခုဖြစ်သည်။

ဟန်ကျူးတွင် သူဌေးကြီးကျွန်းပိုသည် မြို့မျက်နှာဖုံးစာရင်းဝင် လူကုံထံတစ်ယောက်ဖြစ်သည်။

ကျွန်းပိုတို့မျိုးရိုးစဉ်ဆက်မှာ ဘုရင့်အမှုထမ်းများဖြစ်ကြပြီး ကျွန်းပိုသည်လည်း ငယ်ရွယ်စဉ် အမှုတော်ထမ်းရွက်သူတစ်ယောက် ဖြစ်ခဲ့သည်။
~~~~~~~

အသက်အရွယ်ကြီးရင့်လာတော့မှ မင်းမှုထမ်းဘဝမှ အနားယူကာ ဟန်ကျူးတွင် အခြေစိုက်၍ အေးချမ်းစွာ နေထိုင်ခဲ့ခြင်းဖြစ်ပါသည်။

သူ့ငွေးကြီးကျွန်းပိုတွင် ကျွန်းတင့်ရီဆိုသည့် တစ်ဦးတည်းသော သားတစ်ယောက်ရှိသည်။

ကျွန်းတင့်ရီသည် လိမ္မာရေးခြားရှိပြီး စာပေပညာဝါသနာပါသော လူငယ်တစ်ယောက်ဖြစ်သည်။

ငယ်စဉ်ကပင် ထူးချွန်ခဲ့ပြီး အသက်ဆယ့်လေးနှစ်သားအရွယ်တွင် တကယ့်စာဆိုတော်ကြီးများနှင့်ပင် ယှဉ်ပြိုင်စာပွဲ့နိုင်စွမ်း ရှိခဲ့သည်။

ကျွင်းတင့်ရီသည် အနေအထိုင်အပြောအဆို နူးညံ့သိမ်မွေ့သည်။ သူ၏မျက်နှာတွင် အားမာန်ပြည့်သော သတ္တိရှိသော အငွေ့အသက်များ မသိအသာပေါ်လွင်နေ၏။

ငယ်စဉ်ကပင် အခြားချမ်းသာကြွယ်ဝသောလူကုံထံအသိုင်းအဝိုင်းမှ ကလေးသူငယ်များနှင့် ရောနှောခြင်းမပြုဘဲ လယ်သမား၊ ယာသမားတို့၏သားသမီးများနှင့်သာ အပေါင်းပြု၍ ရင်းရင်းနှီးနှီးနေခဲ့သည်။

အားလပ်ချိန်များတွင် စီးဝှကန်တော်သို့သွား၍ လှေအပျော်စီးလိုက် ငါးများလိုက်ဖြင့် အချိန်ဖြုန်းတတ်သည်။

ထို့ကြောင့်လည်း မမျှော်လင့်သောတစ်နေ့တွင် သူ၏ဘဝကိုပြောင်းလဲဖြစ်စေမည့် ထူးခြားသောကိစ္စတစ်ခုနှင့် ကြုံတွေ့ခဲ့ရလေ



တော့သည်။

တစ်နေ့...

ကျွန်းတင့်ရီသည် စာဖတ်ခန်းထဲ၌ထိုင်ကာ ပျင်းရိနေချိန် အိမ်ဖော်လုလင် အားမုန် ရောက်ရှိလာကာ တီးတိုးပြောလိုက်သည်။

"သခင်လေး... လှေငှားလို့ရပြီ... ကျွန်တော်က တံတားအောက်မှာ စောင့်နေဖို့ သူ့ကိုပြောခဲ့တယ်... "

ယခုတစ်လော စီးဝှရေကန်၌ လှေမှောက်မှုများဖြစ်ပေါ်နေ၍ လှေအပျော်စီးခြင်းမပြုရန် ဖခင်ဖြစ်သူက တားမြစ်ထား၏။

ထိုအခါမှ ကျွန်းတင့်ရီမှာ လှေအပျော်စီးလိုစိတ်များ ထိန်းမနိုင် သိမ်းမရဖြစ်လာ၍ ဖခင်မသိအောင် အားမုန်ကို တိုးတိုးတိတ်တိတ်စီစဉ်ခိုင်းခဲ့ခြင်းဖြစ်သည်။

"အားမုန်... တို့ရဲ့ အစီအစဉ်ကို ဖေဖေရိပ်မိနိုင်မလား... "

အားမုန် ခေါင်းယမ်းလိုက်သည်။

"မရိပ်မိနိုင်ပါဘူး... သခင်ကြီးဟာ ကိစ္စရှိလို့ ဧည့်သည်တစ်ယောက်နဲ့အတူ အပြင်ထွက်သွားပါတယ်... ညမိုးချုပ်မှ ပြန်ရောက်လာလိမ့်မယ်... "

"ဟား... ဟား... ဟား... ဒါဆိုရင် ဖေဖေ ဘယ်လိုမှ မရိပ်မိနိုင်ဘူး... မင်းတော်တယ်... တို့ အခုပဲသွားကြရအောင်... "

ထိုနောက် သူတို့သည် လှေရှိရာ မြို့ပြင်တံတားအောက်သို့ ထွက်လာခဲ့ကြသည်။

တစ်ဖန် လှေငယ်ကိုချောင်းရိုးအတိုင်း လှော်ခတ်၍ စီးဂူကန်တော်ကြီးအတွင်းသို့ ထွက်လာခဲ့ကြလေတော့သည်။

ကျွန်းတင့်ရီနှင့် အားမုန်တို့သည် လှေအပျော်စီးရင်း ငါးမျှားကြသည်။

သူတို့၏ အကြောင်းကို ဖခင်ကြီးသိသွားမည်ကို စိုးရိမ်သဖြင့် လူမြင်ကွင်း၌ မနေရဲကြချေ။

လူရှင်းပြီး ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းထားသည့် ချောင်းရိုးတစ်ခုအတွင်း၌ အချိန်ဖြုန်းခဲ့ကြခြင်းဖြစ်သည်။

ချောင်းရိုး၏တစ်ဖက်တွင် တောအုပ်များရှိနေပြီး ကျန်တစ်ဖက်တွင် မြင့်မားသော တောင်တန်းကြီးများကို တွေ့မြင်ခဲ့ရသည်။

အတန်ကြာအောင် လှေစီးပြီး ငါးမျှားပြီးနောက် ခေတ္တအနားယူရန် စီစဉ်လိုက်ကြ၏။

သူတို့အတွက် စားစရာသောက်စရာနှင့် ရေဘူးကို ကြိုတင်ပြင်ဆင်ကာ ယူဆောင်လာခဲ့ပြီးဖြစ်သည်

ခါတိုင်းကဲ့သို့ လူရှင်းသောနေရာတွင် ကမ်းကပ်ပြီး ကမ်းပေါ်တက်လိုက်ကြတော့မှ မလှမ်းမကမ်းတစ်နေရာ၌ လူတစ်ယောက်ရှိနေသည်ကို တွေ့လိုက်ရသည်။

တော်တန်ရုံသူရောက်မလာနိုင်သော နေရာ၌လူတစ်ယောက်ရောက်နေသဖြင့် ကျွန်းတင့်ရီတို့ အံ့သြသွားကြသည်။

သူတို့သည် သေသေချာချာပင် အကဲခတ်လိုက်မိကြသည်။



ထိုလူမှာ မြက်ခမောက်ကြီးဆောင်းကာ ဆေးတံကို ဖွာရှိုက်ရင်း ကမ်းပါးတစ်နေရာ၌ မလှုပ်မယှက်ထိုင်နေ၏။

အားမုန်က ကျွန်းတင့်ရီအား တီးတိုးပြောလေသည်။

"အစ်ကိုလေး... ကြည့်စမ်းပါ... ဒီလူကြီးထိုင်နေတဲ့ ကမ်းပါးအောက်ဖက်မှာ ကလိုင်ပေါက်ကြီးတစ်ခုရှိနေတယ်... "

ကျွန်းတင့်ရီကြည့်လိုက်သောအခါ ထိုလူမှာ ကလိုင်ပေါက်ကြီးအပေါ်တည့်တည့်၌ထိုင်ကာ ကလိုင်ပေါက်ကြီးဆီသို့ မျက်တောင်မခတ်ကြည့်နေသည်ကို တွေ့ရ၏။

မြေအောက်မှ စိမ့်စမ်းရေများသည် ကလိုင်ပေါက်ထဲမှ တိုးထွက်ကာ ချောင်းထဲသို့ စီးဝင်နေ၏။

ဤနေရာသို့ ကျွန်းတင့်ရီတို့ မကြာခဏရောက်ခဲ့ဖူးသည်။

လူရှင်းပြီး ပတ်ဝန်းကျင်မှာသာယာလှပနေသဖြင့်လှေအပျော်စီးထွက်လာတိုင်း ဤနေရာ၌ အနားယူနေကျဖြစ်သည်။

ယနေ့မှ ငုပ်တုတ်ထိုင်နေသူတစ်ယောက်ကို တွေ့ရသလို ကလိုင်ပေါက်ကြီးမှ ထူးထူးဆန်းဆန်းမြင်ကွင်းတစ်ခုကိုလည်း တွေ့မြင်လိုက်ကြရသည်။

"ဟင်... "

"ဟာ... "

ကျွန်းတင့်ရီနှင့် အားမုန်တို့ တအံ့တသြဖြစ်သွားကြ၏။

အဘယ်ကြောင့်ဆိုသော် ကလိုင်ပေါက်ထဲမှ များစွာသော

ရေမြွေများသည် တစ်ကောင်၏အမြီးကို တစ်ကောင်ကိုက်၍ ရေစီးအတိုင်း ရေကန်ထဲသို့ ဝင်လာကြသည်ကို တွေ့မြင်ရခြင်းကြောင့်ပေတည်း။

"ရေမြွေတွေပါလား သည်လောက်အများကြီး ဘယ်ကနေရောက်လာတာလဲ... "

ကျွန်းတင့်ရီတို့ လှုပ်လှုပ်ရှားရှားဖြစ်နေသည်ကို ကျောက်ရပ်ပမာ ထိုင်နေသူက သဘောကျပုံမရချေ။

ထိုလူ၏နံဘေး၌ ပိုက်ကွန်တစ်ခုရှိနေ၏။

သူက ရေမြွေဖမ်းမည်ဆိုလျှင် ဖမ်းရုံသာရှိပြီး ထိုင်စောင့်နေစရာလိုမည် မဟုတ်ပါချေ။

ကျွန်းတင့်ရီသည် စိတ်လှုပ်ရှားစွာဖြင့် အော်ပြောလိုက်လေသည်။

"ဗျို့ ဦးကြီး... ရေမြွေတွေ အန္တရာယ်ပေးနိုင်တယ် အဲသည့်နေရာမှာ ထိုင်မနေပါနဲ့... "

ထိုလူက ကျွန်းတင့်ရီကို လှည့်ကြည့်လိုက်သည်။

"ရေမြွေဆိုတာ အဆိပ်မှုမရှိတာဘဲကွ... သည်ကောင်တွေက လူကို မကိုက်တတ်ဘူး... နေ့တိုင်း နေ့လည်ချိန်ဆို သည်လိုပဲ အစာရှာထွက်တတ်ကြတယ်... "

ကျွန်းတင့်ရီ အံ့သြသွားသည်။

"သည်မြွေတွေအကြောင်း သိနေတယ် ဟုတ်လား... ဒါဆိုမြွေဖမ်းဖို့ ထိုင်စောင့်နေတာလား... "



ထိုလူကြီးသည် ကျွန်းတင့်ရီ၏ ပွင့်လင်းရိုးသားပုံကိုတွေ့ရလျှင် မျက်နှာထားပျော့ပျောင်းသွားသည်

ရုပ်ရှုပ်ပွေပွေလုပ်တတ်သည့် လူငယ်မဟုတ်ကြောင်း သူသိလိုက်သည်။

ထို့ကြောင့် သူက ...

"ကျုပ်က ရေမြွေဘုရင်ထွက်လာတာကို စောင့်နေတာကွ"

ကျွန်းတင့်ရီနှင့် အားမှန်တို့ အချင်းချင်း ကြည့်လိုက်မိကြသည်။

လူငယ်များပီပီ ထူးဆန်းသောကိစ္စနှင့် ကြုံတွေ့လိုက်ရသဖြင့် စိတ်ဝင်စားသွားကြ၏။

"ရေမြွေဘုရင်ဆိုပါလား... "

"ဟုတ်တယ်... သခင်လေး... ကျွန်တော်တော့ မကြားဖူးဘူး တော်တော် ထူးဆန်းတာပဲ... "

"အေးကွ... တော်တော်ကြီးမယ်ထင်တယ်... "

"ကျွန်တော်လည်း တွေ့ချင်လိုက်တာ... "

သူတို့၏ စကားကြားရလျှင် ထိုလူရယ်မောလိုက်သည်။

ထိုလူကြီးအား တွေ့ခါစက သဘောထားဆိုးမည်ထင်ရသော်လည်း အမှန်တော့ သဘောကောင်းသူဖြစ်ကြောင်း ပေါ်လာ၏။

သူက ကျွန်းတင့်ရီအား ရှင်းပြသည်။

"ရေမြွေဘုရင်ဆိုတော့ အရွယ်အစားပိုပြီးကြီးတာပေါ့... သည်

ကောင်မျိုးက တွေ့ရခဲ့တယ်... သိပ်ပြီးအသုံးဝယ်တယ်... ကျုပ်ကသည်ဘက်ကိုလာရင်း တစ်ကောင်ရဲ့ အမြီးကိုတစ်ကောင်ကိုက်ပြီး ရေစီးထဲမှာ ပျော်မြူးနေတဲ့ ရေမြွေတွေကို တွေ့တော့... သူတို့ရဲ့ ရေမြွေဘုရင်ကြီးက သေချာပေါက်ရှိမယ်ဆိုတာ သိလိုက်တယ်လေ... သည်လိုအဖြစ်မျိုးက နှစ်ပေါင်းတစ်ရာမှာ တစ်ခါကြုံဖို့ မလွယ်ဘူး... ဒါကြောင့် ရေမြွေဘုရင်လာဖမ်းဖို့ ငါသည်မှာလာထိုင်စောင့်နေတာ သုံးရက်ရှိသွားပြီ ... "

ကျွန်းတင့်ရီတို့သည် မမျှော်လင့်ဘဲ ရေမြွေဘုရင်အကြောင်းကို ကြားသိရပြီး ထူးဆန်းသောလူကြီးနှင့် ခင်မင်ရင်းနှီးသွားခဲ့ကြသည်။

သူတို့သည် ထိုလူကြီးနှင့်အတူ ညနေစောင်းသည့်တိုင် စောင့်မျှော်နေကြသော်လည်း ရေမြွေဘုရင်ထွက်လာတာကို မတွေ့ရချေ။

ထို့ကြောင့် အိမ်သို့ပြန်ချိန်တန်သောအခါ နှုတ်ဆက်ကာ ပြန်ခဲ့ကြလေတော့သည်။

~~~~~~~

သုံးလေးရက်ဟူသော အချိန်ထပ်မံကုန်ဆုံးသွားသည်။

ယခုရက်ပိုင်းအတွင်း၌ ကျွန်းတင့်ရီတို့လည်း ကံကောင်းနေသည်ဟု ဆိုရမည်ဖြစ်သည်။

ဖခင် သူဌေးကြီးကျွန်းပိုသည် အလုပ်ကိစ္စများရှုပ်နေသဖြင့် မိုးလင်းက မိုးချုပ်အပြင်ထွက်နေရသဖြင့် ကျွန်းတင့်ရီသည် အားမုန်ကို



ခေါ်ကာ မြွေဘုရင်ဖမ်းပွဲသို့ သွားကြည့်နေနိုင်ကြလေသည်။

ထိုလူကြီးသည် မြွေဘုရင်ကို ဖမ်းမိနိုင်ရန် မျှော်လင့်ချက်ကြီးစွာ ဖွဲ့နဘဲဖြင့် စောင့်ဆိုင်းနေ၏။

ကျွန်းတင့်ရီတို့သည် ထိုလူကြီးအတွက် စားသောက်စရာများ ယူသွားပေးသလို ရေမြွေဘုရင်လွတ်ထွက်မသွားရလေအောင် ဝိုင်းဝန်းစောင့်ကြည့်ပေးကြသည်။

ထို့ကြောင့် သူတို့သည် တဖြည်းဖြည်းခင်မင်ရင်းနှီးလာခဲ့ကြလေတော့သည်။ အချိန်များသာ ကုန်ဆုံးသွားပြီး ထိုလူကြီးပြောသည့် မြွေဘုရင်က ထွက်ပေါ်လာခြင်း မရှိသေးချေ။

ထူးခြားမှုမရှိလေသောကြောင့် ကျွန်းတင့်ရီတို့သည် စိတ်ဝင်စားမှုလျော့ပါးလာကြသည်။

သို့ဖြင့်... နောက်တစ်နေ့တွင် ကျွန်းတင့်ရီက ထိုလူကြီးထံသို့ မသွားတော့ဘဲ အိမ်မှာပင် အနားယူနေလိုက်ကြသည်။

ထူးထူးခြားခြား ထိုနေ့မှာပင် ရေမြွေဘုရင်နှင့် ကြုံတွေ့စရာအကြောင်းဖန်လာလေတော့သည်။

ကျွန်းတင့်ရီသည် မိုးလင်းကတည်းက စာဖတ်ခန်းသို့ဝင်ကာ စာဖတ်နေသည်။

အားမုန်က ရေမြွေဘုရင်သွားစောင့်ရန် လာခေါ်သည်ကိုပင် ငြင်းလိုက်သည်။

အားမုန်တစ်ယောက်တည်း သွားလိုက သွားရန် ခွင့်ပြုလိုက်
~~~~~~~

၏။ တစ်နေ့တာ အချိန်သည်ပျင်းရိလေးတွဲစွာ ကုန်ဆုံးလာလေသည်။

မွန်းလွဲပိုင်းအချိန်သို့ ရောက်လာလျှင် ကျွန်းတင့်ရီမှာ ဗိုက်ဆာလာသဖြင့် စာဖတ်ခန်းထဲမှ ထွက်ကာ ထမင်းစားခန်းသို့ လာသည်။

အလုပ်များနေသော စားဖိုမှူးသည် ကျွန်းတင့်ရီကို မြင်သောအခါ လျှင်မြန်စွာပြောလိုက်လေသည်။

"သခင်လေးရောက်လာတာနဲ့ အတော်ပဲ... သခင်လေးအတွက် ချက်ထားတဲ့ဟင်းက အခုမှကျက်တာ... ကျက်ကျက်ခြင်း စားလို့ရအောင် စာဖတ်ခန်းကို လာပို့မလို့ပါဘဲ... တစ်မနက်လုံး ဘာမှမစားသေးဘဲ... စောင့်နေမှန်းသိလို့ အကောင်းဆုံးဖြစ်အောင် ချက်ထားပါတယ်... "

ကျွန်းတင့်ရီမှာ စားဖိုမှူးကြီး၏ စကားကိုကောင်းစွာနားမရှင်းပါချေ။

သူဘာပြောသည်ကို မသိချေ။

စားဖိုမှူးကြီးသည် စကားမများစဖူး များနေသည်ဟုသာ ထင်သည်။

ဗိုက်ဆာနေပြီဖြစ်၍ ပြန်မပြောတော့ဘဲ စားပွဲ၌ နေရာယူလိုက်သည်။

စားဖိုမှူးကြီးကလည်း သွက်သွက်လက်လက်ပင် ပြင်ဆင်ပေးသည်။

ယခင်ကဆိုလျှင် သူဌေးအိမ်ဖြစ်၍ အနည်းဆုံးဟင်းလျာလေး



ငါးမျိုးပါပြီး စုံစုံလင်လင်ရှိသေးသည်။ ယနေ့တွင်မူ ဟင်းတစ်ခွက်တည်းသာ ရှိနေ၏။

ဖွယ်ဖွယ်ရာရာမရှိသဖြင့် ကျွန်းတင့်ရီက စားဖိုမှူးကြီးအား မေးမည်ပြုပြီးမှ ထိုဟင်းလျာမှ မွှေးကြိုင်လှသောရနံ့များကြောင့် သွားရည်ကျလာပြီး အားရပါးရစားသောက်မိလိုက်လေတော့သည်။

ဟင်းတစ်တုံးစားမိသည်နှင့် နောက်တစ်တုံးစားချင်လာပြီး နောက်ဆုံး ဟင်းတစ်ပန်းကန်လုံး တက်တက်စင်ပြောင်အောင် စားပစ်လိုက်မိတော့သည်။

စားသောက်ပြီး ဗိုက်ပြည့်သွားသကဲ့သို့ ကျေနပ်အားရမိလေသည်။

"သည်နေ့ ဟင်းတစ်မျိုးတည်းနဲ့ပဲ စားရပေမဲ့ စားလို့ သိပ်ကောင်းတယ်... စားဖိုမှူးကြီး သိပ်တော်တယ်... "

စားဖိုမှူးကြီးအား ချီးကျူးကာ ထမင်းစားခန်းမှ ထွက်လာခဲ့သည်။

ဗိုက်ပြည့်သွားပြီဖြစ်ရာ မျက်တောင်များစင်းကာ ငိုက်မြည်းလာလေသည်။

သို့ဖြင့်... အိပ်ခန်းထဲသို့ ဝင်ကာ အိပ်စက်အနားယူလိုက်၏။

နောက်နေ့ မိုးစင်စင်လင်းမှ အိပ်ရာမှနိုးလေတော့သည်။

ကျွန်းတင့်ရီ အိပ်ခန်းထဲမှထွက်လာချိန်မှာ နေအတော်မြင့်နေပြီဖြစ်သည်။

အခန်းအပြင်ဘက်သို့ရောက်သည်နှင့် စိုးရိမ်တကြီးရှိနေသော အားမုန်ကို တွေ့လိုက်ရသည်။

အားမုန်သည် ချက်ချင်းပင် အနီးသို့ပြေးလာကာ ကျွန်းတင့်ရီ၏လက်မောင်းကို ဆုပ်ကိုင်ရင်း ပြောလေသည်။

"သခင်လေး... သခင်လေး ဘာမှမဖြစ်ဘူးနော်... "

ကျွန်းတင့်ရီ အံ့ဩသွားသည်။

"နေစမ်းပါဦး... ငါက ဘာဖြစ်ရမှာလဲ... "

"သ... သခင်လေး... "

"အားမုန်... မင်းကိုကြည့်ရတာ ငါတစ်ခုခုဖြစ်သွားတော့မယ်လို့ ထင်နေပုံရတယ်... ဟုတ်လား... "

"ဟုတ်... ဟုတ်ပါတယ် သခင်လေး... "

အားမုန်၏ မပွင့်တပွင့်စကားကြောင့် ကျွန်းတင့်ရီ ကျွဲမြီးတိုသွားလေသည်။

"ဘာဟုတ်တာလဲ... ငါက ဘာဖြစ်ရမလဲ ပြောစမ်း... "

အသံမာမာဖြင့် ငေါက်လိုက်ရာ အားမုန်ကြောက်လန့်သွားပြီး အပြည့်အစုံ ပြောပြလေတော့သည်။

"ရေ... ရေမြွေဘုရင်ရဲ့အသားကို စားပြီး သခင်လေးတစ်ခုခု ဖြစ်သွားမလား ကျွန်တော်စိုးရိမ်နေတာပါ... "

"ဘာ... ဘာပြောတယ်... "

ကျွန်းတင့်ရီ မျက်လုံးပြူးသွားလေ၏။



ရေမြွေဘုရင်၏အသားကို သူစားခဲ့ရသည်ဟု အားမုန်က ပြောနေ၏။

"အားမုန်... မင်းဘာတွေပြောနေတာလဲ... ဘယ်က ရေမြွေဘုရင်ရဲ့အသားကို ငါစားရမှာလဲ... "

"ဟို... ဟို မနေ့က စားဖို့မှူးကြီးချက်ကျွေးတာလေ... "

အလွန်နူးညံ့မွေးကြိုင်ပြီး အရသာရှိလှသော ဟင်းတစ်ခွက် စားခဲ့ရသည်ကို သူမမေ့ပါ။

ထိုဟင်းကိုစားပြီး အိပ်ပျော်သွားခဲ့သည်။

အိပ်ရာမှနိုးထလာသောအခါ တစ်ကိုယ်လုံးပေါ့ပါးလန်းဆန်းနေသည်။

သူစားခဲ့ရသော ဟင်းလျာသည် ရေမြွေဘုရင်၏အသားဟု သိလိုက်ရပြီဖြစ်သည်။

"နေပါဦး... မင်း ဘယ်က ဘယ်လိုရတာလဲ... ဘာကြောင့် ငါ့ကိုချက်ကျွေးတာလဲ... "

အားမုန်က ရှင်းပြလိုက်လေသည်။

"ကျွန်တော်တို့... ဟိုလူထူးလူဆန်းကြီးကိုတွေ့ခဲ့တာ... သခင်လေး မှတ်မိမှာပေါ့... "

ကျွန်းတင့်ရီသည် ကလိုဏ်ပေါက်အတွင်းမှ ရေမြွေများထွက်လာသည်ကို လည်းကောင်း၊ ရေမြွေဘုရင်အား ဖမ်းဆီးရန် ပိုက်ကွန်တစ်လက်ဖြင့် ဖွဲ့ရှိရှိ စောင့်ဆိုင်းနေသော လူထူးဆန်းကိုလည်းကောင်း

ပြန်လည်မြင်ယောင်လာလေသည်။

"မနေ့က သခင်လေးမလိုက်ပေမဲ့ ကျွန်တော်က မနေနိုင်လို့ သွားခဲ့မိတယ်... ဟိုရောက်တော့ လူထူးဆန်းကြီးကို တွေ့ရတယ်... သူဟာ နေ့ရောညပါ စောင့်ကြည့်နေရလို့ အတော်ပင်ပန်းနွမ်းနယ်နေတယ်... ကျွန်တော် ရောက်လာတော့ သူ့ကိုယ်စားခဏစောင့်ပေးဖို့ပြောတယ်... ကျွန်တော်လည်း သဘောတူလိုက်တယ်... "

ကျွန်းတင့်ရီ သက်ပြင်းချလိုက်မိသည်။

သူမလိုက်သွားသည့်နေ့မှ ထူးခြားသောအဖြစ်အပျက်ပေါ် ပေါက်လာကြောင်း နားလည်မိလိုက်လေတော့သည်။

"လူထူးဆန်းကြီးက သူ့ကိုယ်စား ကျွန်တော့်ကို ထားခဲ့ပြီး ထွက်သွားတယ်... ကျွန်တော်တစ်ယောက်တည်း စောင့်နေတုန်း မကြာပါဘူး... "

အားမုန်က ဆက်လက်ရှင်းပြလေ၏။

အားမုန်သည် ရေမြွေဘုရင်ဆိုသည်ကို အလွန်ပင်စိတ်ဝင်စားမိခဲ့လေသည်။

ထို့ကြောင့်... စိတ်ရှည်လက်ရှည်စောင့်ကြည့်နေခဲ့မိ၏။

တိုက်တိုက်ဆိုင်ဆိုင်ပင် သူတစ်ယောက်တည်း ကျန်ရစ်ခဲ့တော့မှ ရေမြွေဘုရင်လည်း ထွက်ပေါ်လာခဲ့သည်။

ကလိုဏ်ပေါက်မှ ဒလဟောစီးထွက်နေသော ရေများကို တစ်ချိန်လုံးစောင့်ကြည့်နေခဲ့ရသည်မှာ ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှသည်။



အားမုန်က ဝိုက်မြည်းလာသည်။

ထိုစဉ်...

"ဗွမ်း... ဗွမ်း... "

ရေပွက်ထသံများ ဖြန်းစားကြီးထွက်ပေါ်လာသဖြင့် အားမုန် ဖျတ်ခနဲ သတိဝင်လာသည်။

သူကြည့်လိုက်သောအခါ ကလိုဏ်ပေါက်အတွင်းမှ တိုးထွက်လာသော သတ္တဝါတစ်ကောင်ကို တွေ့မြင်လိုက်ရသည်။

လက်မောင်းလုံးခန့်ရှိသော အစိမ်းရောင်မြွေကြီးတစ်ကောင် ထွက်လာသည်။

မြွေကြီး၏မျက်လုံးများမှာ ရွှေရောင်ဖြစ်ပြီး ဦးခေါင်းပေါ်၌ အနီရောင်အမောက်ရှိနေ၏။

"ဒါ... ဒါ မြွေဘုရင်ပဲ... "

အားမုန် ထခုန်လိုက်လေ၏။

မြွေဘုရင်သည် ရေစီးနှင့်အတူ ကန်ထဲသို့ တိုးဝင်လာလေ၏။

လူထူးဆန်းကြီးက စောင့်ကြည့်ရန် မှာထားသော်လည်း တွေ့လျှင် မည်သို့ဖမ်းဆီးရမည်ကို ပြောမပြခဲ့ပါ။

ဆက်၍ စောင့်ကြည့်နေလျှင် မြွေဘုရင်လွတ်သွားတော့မည်ဖြစ်ရာ အားမုန်သည် ချက်ချင်းဆုံးဖြတ်ပြီး တစ်စုံတစ်ရာပြုလုပ်လိုက်၏။

"ကဲကွာ... "

အားမုန်သည် ကြံရာမရဖြင့် အနီးရှိ ကျောက်ခဲတစ်လုံးကို ကောက်ယူကာ ပစ်ပေါက်လိုက်လေသည်။

"ဖွမ်း... "

အားမုန်ကဲ့ကောင်းသွားသည်။

သူပစ်ပေါက်လိုက်သော ကျောက်ခဲမှာ ရေမြွေဘုရင်၏ ဦးခေါင်းကို တည့်တည့်မတ်မတ်ထိမှန်သွားသည်။

"ဝုန်း... ဝုန်း... "

ရေမြွေဘုရင်မှာ ချက်ကောင်းထိသွားသဖြင့် ရေထဲ၌ ဝရုန်းသုန်းကားဖြစ်သွားသည်။

ကလိုဏ့်ပေါက်အတွင်းသို့ တိုးဝင်သွားဖို့ အတင်းပင် ကြိုးစားနေလေသည်။

အားမုန်သည် မြေမကိုင်မိ လက်မကိုင်မိဖြစ်နေလေတော့သည်။ ရေမြွေဘုရင်လွတ်မြောက်သွားမည်ကို အားမုန်အလွန်စိုးရိမ်သည်။

"ကဲကွာ... ကဲကွာ... "

ကျောက်ခဲများကောက်ယူကာ တရစပ်ပစ်ပေါက်လိုက်လေသည်။

"ဝုန်း... ဝုန်း... ဝုန်း... "

ကျောက်ခဲများသည် ရေမြွေဘုရင်၏ ဦးခေါင်းကိုပင် သုံးလေးချက်မက ဆက်တိုက်ထိမှန်သွားပြန်သည်။



ဤတွင် ကလေးငိုသံကဲ့သို့ ထူးခြားသောအသံတစ်ချက်ထွက်ပေါ်လာသည်။

ထိုနောက် ရေမြွေဘုရင်မှာ လူးလွန့်လှုပ်ရှားခြင်းမရှိတော့ဘဲ ရေပေါ်သို့ ပေါလောပေါ်လာတော့သည်။

အားမုန်၏လက်ချက်ဖြင့် ရေမြွေဘုရင်သေဆုံးသွားချေပြီ။

ရေစီးနှင့်အတူ မျောပါသွားပြီး ချောင်းထဲရောက်သွားမည်ကို စိုးရိမ်သဖြင့် အားမုန်က ရေထဲသို့ ကပျာကယာခုန်ဆင်းကာ ရေမြွေဘုရင်ကို ဆယ်ယူထားလိုက်လေ၏။

လူထူးဆန်းကြီး အလွန်လိုချင်မက်မောနေသော ရေမြွေဘုရင်ကို အားမုန်မမျှော်လင့်ဘဲ ရခဲ့ပြီဖြစ်ပါသည်။

အားမုန်သည် ရေမြွေဘုရင်ကို ကိုင်ကာမည်သို့ပြုလုပ်ရမှန်းမသိဖြစ်နေ၏။

ရုတ်တရက် သူ၏ဦးခေါင်းထဲသို့ အတွေးတစ်ခုဝင်ရောက်လာသည်။

"ရေမြွေဘုရင်ရဲ့ အသွေးအသားတွေကို စားရရင်... ခွန်အားကြီးမားလာမယ်... အဆိပ်အမျိုးမျိုးနဲ့ အဖျားအနာကို မှုစရာမလိုတော့ဘူး... ငါ့ရဲ့ သခင်လေးကို ချက်ကျွေးလိုက်ရင်ကောင်းမယ်... "

ထိုသို့တွေးမိလျှင် လူထူးဆန်းကြီးပြန်ရောက်မလာမီ ရေမြွေဘုရင်ကိုယူကာ အိမ်သို့အမြန်ဆုံးပြန်လာခဲ့လေသည်။

အားမုန်၏ရှင်းပြချက်များကိုနားထောင်ပြီးနောက် ကျွန်းတင်

ရှိပါးစပ်အပေါင်းသားဖြစ်သွားလေ၏။

အားမုန်၏ကြိုးပမ်းမှုဖြင့် သူက ရေမြေ့ဘုရင်၏အသားကို စားခဲ့မိလေပြီ။ စေတနာကောင်းဖြင့် ကျွေးသောအသားဖြစ်သော်လည်း သူမနှစ်မြို့သောအသားဖြစ်နေသည်။

ထိုစဉ်က စားကောင်းကောင်းနှင့်စားခဲ့သော်လည်း ယခုမူ အန်ချင်လာသည်။

"ဝေါ့... "

အန်ချလိုက်သော်လည်း ဘာမှထွက်မလာတော့ပါ။

"အားမုန်... မင်းဘယ်လိုလုပ်လိုက်တာလဲ... "

"ကျွန်... ကျွန်တော်... "

"မင်း... ငါ့ကို ဒုက္ခပေးတာပဲ... ငါ မြွေသားကိုမှ မကြိုက်တာဘဲကွ... "

"မြွေသားတော့ မကြိုက်ဘူး ဒါပေမဲ့... သခင်လေး မြွေသားကို နှစ်နှစ်ခြိုက်ခြိုက်စားခဲ့ပြီးပါပြီ... ကျွန်တော်ကလည်း သခင်လေးကို လုပ်ကြံတာမဟုတ်ပါဘူး... စေတနာနဲ့ ခွန်အားတိုးပွားစေချင်လို့ပါ... "

ကျွန်းတင့်ရီမှာ နေမထိ ထိုင်မသာဖြစ်နေ၏။

ရေမြွေဘုရင်၏အသားကိုစားမိခဲ့ခြင်းကြောင့် အပြစ်တစ်ခု ကျူးလွန်မိသကဲ့သို့ ခံစားနေရ၏။

ထိုစဉ် အိမ်အပြင်ဘက်မှ ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။



အိမ်ဖော်လုလင်တစ်ယောက်က ပြေးလာ၏။

"သခင်လေး... သခင်လေး... "

ကျွန်းတင့်ရီ မျက်မှောင်ကုတ်သွား၏။

"ဟေ့... ဘာတွေဖြစ်နေတာလဲ... ငါ ဒီမှာရှိတယ်... "

အိမ်ဖော်လုလင်သည် ကျွန်းတင့်ရီကိုတွေ့မြင်သွားပြီး ကမျာကယာဦးညွှတ်လိုက်သည်။

"သခင်လေး... အိမ်ရှေ့မှာ လူကြီးတစ်ယောက်လာပြီး သောင်းကျန်းနေပါတယ်... "

"ဟေ... "

တစ်သက်နှင့်တစ်ကိုယ် မကြုံဖူးသောအဖြစ်ကြောင့် ကျွန်းတင့်ရီလည်း အားမုန်ကိုခေါ်ကာ အိမ်ထဲမှထွက်ခဲ့လေတော့သည်။

သူတို့ အံ့သြသွားသည်။ အိမ်ရှေ့၌ သောင်းကျန်းနေသောလူကြီးမှာ စီးပွားကန်တော်ကြီး၌ ရေမြွေဘုရင်အား ဖမ်းဆီးရန် စောင့်ဆိုင်းနေသော လူကြီးပေတည်း။

လူထူးဆန်း၏အမည်မှာ ချန်ရင်ဆက်ဖြစ်သည်။

ချန်ရင်ဆက်သည် ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်သည်။

သိုင်းလောကအကျိုး အများအကျိုးသယ်ပိုးဆောင်ရွက်နေသူလည်းဖြစ်သည်။ အထက်လမ်းသိုင်းလောကသားတစ်ယောက်ဖြစ်သည်။

သိုင်းလောကအတွင်း လှည့်လည်သွားရင်း တစ်နေ့တွင် အသက်တစ်ရာကျော်ရှိသော အဘိုးအိုတစ်ယောက်နှင့် ဆုံတွေ့ခဲ့ရသည်။

အလွန်ဆေးဖက်ဝင်သော ရေမြွေဘုရင်အကြောင်းကို သိခဲ့ရပြီး ဟန်ကျူးနယ်တွင်ရှိကြောင်း သိရသဖြင့် လာရောက်ရှာဖွေခြင်းဖြစ်လေသည်။

သူက ကံကောင်းထောက်မစွာဖြင့် ရေမြွေဘုရင်ရှိသည့်နေရာကို တွေ့ခဲ့ရသော်လည်း ကံဆိုးစွာဖြင့် ရေမြွေဘုရင်ကို လက်လွတ်ဆုံးရှုံးလိုက်ရသည်။ အဓိကတရားခံမှာ အားမုန်ဖြစ်သည်။ အားမုန်သည် သူ့အား ရေမြွေဘုရင်အားဆုံးရှုံးစေခဲ့သူဖြစ်သည်။

ရေမြွေဘုရင်အား အားမုန်ဖမ်းဆီးယူဆောင်သွားကြောင်း ရိပ်မိ၍ လိုက်လာခဲ့ခြင်းဖြစ်သည်။

ကျွန်းတင့်ရီက ချန်ရင်ဆက်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

အားမုန်မှာ အပြစ်ရှိသူပီပီ ကျွန်းတင့်ရီနောက်ကျောဘက်၌ မသိမသာ ပုန်းကွယ်နေလိုက်၏။

ကျွန်းတင့်ရီက ချန်ရင်ဆက်အား ဦးညွတ်လိုက်သည်။

"ဦးရောက်လာတာကို... ကျွန်တော်တို့ ကျွန်းအိမ်တော်က ကြိုဆိုပါတယ်ဗျာ... "

ချန်ရင်ဆက် ခေါင်းခါယမ်းလိုက်သည်။

"မင်းတို့အိမ်ကို အလည်လာတာ မဟုတ်ဘူး... မင်းတို့ကို မေးရာရှိလို့ လာခဲ့တာ... ငါမေးတာကို မှန်မှန်ဖြေကွာ... "

"ဟုတ်ကဲ့... မေးပါ ခင်ဗျာ... "

"ရေမြွေဘုရင်ကို မင်းတို့ရသွားတယ် မဟုတ်လား... "

"ဟုတ်ပါတယ် ခင်ဗျာ... "

"အခု ဘယ်မှာလဲ... "

"ချက်စားလိုက်ပါပြီ... "

ချန်ရင်ဆက်သည် ကြက်ကြီးလည်လိမ်လိုက်သကဲ့သို့ဖြစ်သွားသည်။

ကျွန်းတင့်ရီသည် မလိမ်ဘဲ အမှန်အတိုင်းဝန်ခံပြောလိုက်သဖြင့် ချန်ရင်ဆက် သိပ်ပြီးစိတ်မဆိုးတော့ပါ။

"သွားပြီ... ငါက အပင်ပန်းခံစောင့်ရကျိုး မနပ်တော့ဘူးပေါ့ အင်း... ရေမြွေဘုရင်ကို လမ်းညွှန်ပေးတဲ့ အဘိုးအိုကတော့ ပြောခဲ့ဖူးတယ်... ထိုက်မှရမယ်တဲ့ အင်းလေ... မင်းတို့နဲ့ ထိုက်လို့ မင်းတို့ရသွားတာလို့ သဘောထားရတော့မှာပေါ့... "

ချန်ရင်ဆက်က စိတ်လျှော့လိုက်သဖြင့် ကျွန်းတင့်ရီတို့ ဝမ်းသာသွားကြသည်။ ဤသို့မဟုတ်ဘဲ ချန်ရင်ဆက်က ရန်ပြုနေလျှင် အခက်ပင် မဟုတ်ပါလား။

အားမုန်က တောင်းပန်လိုက်သည်။

"ရေမြွေဘုရင်ကို ချက်စားရင် ခွန်အားကောင်းမယ်ဆိုလို့... ကျွန်တော့်ရဲ့ သခင်လေးကို ချက်ကျွေးမိလိုက်တာ ဦးကို တောင်းပန်

ပါတယ် ခင်ဗျား... "

ချွန်ရင်ဆက် ပြုံးလိုက်လေသည်။

"မင်းဟာ ကိုယ့်ရဲ့သခင်လေးအပေါ် **သိတတ်တာပဲ** မင်းမှာ အပြစ်မရှိပါဘူး... မင်းကို အပြစ်မတင်တော့ပါဘူး... အမှန်ပြောရရင် ရေမြွေဘုရင်ဟာ မင်းတို့လို လူငယ်လူရွယ်တွေနဲ့ပဲ ထိုက်တန်ပါတယ်"

သူက ကျွန်းတင့်ရီနှင့် အားမုန်တို့နှစ်ယောက်အား သေသေချာချာအကဲခတ်ကြည့်လိုက်သည်။

ရေမြွေဘုရင်ကိုစားသုံးခဲ့ရသဖြင့် ကျွန်းတင့်ရီမှာ အတွင်းအားအလွန်ကောင်းသူဖြစ်လာပေလိမ့်မည်။

ကျွန်းတင့်ရီက သိုင်းပညာသင်ကြားမည်ဆိုလျှင် နှစ်အနည်းငယ်အတွင်း ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်လာမည်မှာ သေချာလှသည်။

ချွန်ရင်ဆက်သည် ကျွန်းတင့်ရီ၏ ရုပ်ဆင်းအင်္ဂါကို လေ့လာပြီးနောက် ပြောလိုက်လေတော့၏။

"ရေမြွေဘုရင်ရဲ့အသားကိုစားသောက်လိုက်ရလို့ ခွန်အားကောင်းတဲ့လူတစ်ယောက်ဖြစ်လာမှာ သေချာတယ်... မင်းရဲ့ခွန်အားကို နည်းမှန်လမ်းမှန်အသုံးချနိုင်အောင် သိုင်းပညာသင်ဖို့ လိုလိမ့်မယ်... ကျုပ်က မင်းကို သိုင်းပညာသင်ကြားပေးနိုင်ပါတယ်... "

ချွန်ရင်ဆက်သည် ကျွန်းတင့်ရီအား တပည့်မွေးရန် ဆုံးဖြတ်လိုက်လေသည်။



ကျွန်းတင့်ရီသည် သူ့ထံ၌တပည့်ခံကာ **သိုင်းပညာသင်ကြား**မည်ဆိုပါလျှင် ရေမြွေဘုရင်အသား**စားသောက်ခဲ့သည်ကို** စာရင်းထဲထည့်စရာလိုတော့မည် မဟုတ်ပါ။

သို့သော် ကျွန်းတင့်ရီက သိုင်းပညာသင်ကြားရန်စိတ်မပါဘဲဖြစ်နေ၏။

"ဦးက သိုင်းပညာသင်ပေးချင်တာကို ကျေးဇူးတင်ပါတယ် ခင်ဗျား... ဒါပေမဲ့ ကျွန်တော်က ဝါသနာမပါတာကြောင့် မသင်ပါရစေနဲ့လို့ တောင်းပန်ပါတယ် ခင်ဗျား... "

"ဩော်... မင်းက သိုင်းပညာဝါသနာမပါဘဲကိုး... "

"ဟုတ်ပါတယ် ခင်ဗျား... "

"မင်း... သိုင်းပညာဝါသနာမပါရင်တော့ ရေမြွေဘုရင်ကို စားသောက်ခဲ့ရပေမဲ့ အကျိုးကျေးဇူးခံစားရတော့မှာ မဟုတ်ဘူး... မင်းရဲ့ ခန္ဓာကိုယ်မှာ ဖြစ်ပေါ်လာမဲ့ ခွန်အားတွေဟာ သိုင်းပညာအသုံးပြုရာမှာ အထောက်အပံ့ဖြစ်စေလိမ့်မယ်... သိုင်းမသင်ရင်... မတတ်ရင်... ခွန်အားတွေကို မှန်မှန်ကန်ကန်အသုံးချနိုင်မှာမဟုတ်ဘူး... မင်းဟာ အားကောင်းမောင်းသန်ယောက်ျားတစ်ယောက်အဖြစ်ထက်ပိုတော့မှာမဟုတ်ဘူး... ကျုပ်ရဲ့သဘောကတော့ မင်းကိုသိုင်းပညာသင်ပေးချင်တယ် ဒါမှ... တစ်နေ့ကျရင် လျှမ်းလျှမ်းတောက်ကျော်ကြားတဲ့ သိုင်းသမားတစ်ယောက်ဖြစ်လာမှာ အသေအချာပဲ... "

ကျွန်းတင့်ရီက အလိုက်အထိုက်ပြောလိုက်ရလေသည်။

“ကောင်းပါပြီ ခင်ဗျာ... တစ်နေ့ကျရင် သိုင်းသင်ဖြစ်အောင် ကျွန်တော်ကြိုးစားပါ့မယ်... အခုတော့ မသင်ဖြစ်သေးတာ ကျွန်တော့်ကို ခွင့်လွှတ်စေချင်ပါတယ်... ”

“ကောင်းပြီ... ကောင်းပြီ... ”

ချန်ဆက်ရင်သည်လည်း ကျန်းတင့်ရှီက စိတ်မပါသဖြင့် အတင်းအကျပ် တိုက်တွန်းခြင်းမပြုတော့ချေ။ ပညာဆိုသည်ကလည်း လိုချင်သူမှသာ အလွယ်တကူတတ်မြောက်ကြသည် မဟုတ်ပါလား။

ထိုစဉ် အားမုန်က ဝင်ပြောလာလေသည်။

“ဦး... သခင်လေးက ဝါသနာမပါပေမဲ့ ကျွန်တော်ကတော့ ဝါသနာပါပါတယ်... ကျွန်တော့်ကို သင်ပေးပါလား ခင်ဗျာ... ”

ကျန်းတင့်ရှီ ရင်ထဲထိတ်သွား၏။

“အားမုန်... ”

ကပျာကယာ ဟန့်လိုက်သည်

ချန်ရင်ဆက် ရယ်မောလိုက်သည်။

“သူ့ကို မဟန့်ပါနဲ့လေ... ဝါသနာပါတာ ကောင်းတာပေါ့... သိုင်းပညာဆိုတာ တတ်မြောက်ထားသင့်တဲ့ ပညာရပ်တစ်မျိုးပါပဲ... အရေးကြုံရင် သက်လုံကောင်းရမှာပေါ့... မင်းတို့နှစ်ယောက်နဲ့ ဆုံတွေ့ရပြီးမှ တစ်ယောက်ကိုပဲ ရွေးပြီးသင်ပေးမယ်ဆိုရင်... ကျုပ်အနေနဲ့ မတရားရာကျမှာပေါ့... မင်းသင်ချင်တယ်ဆိုရင် ကျုပ်သင်ပေးပါ့မယ်...”

ချန်ရင်ဆက်ကတော့ သဘောတူနေလေပြီ။ အားမုန်ဝမ်းသာ



အားရဖြစ်သွားသည်။

ကျန်းတင့်ရှီကိုလည်း သိုင်းပညာသင်ခွင့်ပြုပါရန် တောင်းပန်သောအကြည့်ဖြင့် လှမ်းကြည့်လိုက်လေသည်။

“သခင်လေး... ကျွန်တော်... ”

“အားမုန်... မင်း ဘာဖြစ်နေတာလဲ... မင်းကို သိုင်းပညာသင်ပေးမဲ့ ဆရာရှိနေပြီလေ... မင်း ဘာကြောင့် ဂါရဝမပြုသေးတာလဲ”

ကျန်းတင့်ရှီ၏စကားသည် ချန်ရင်ဆက်ထံမှ သိုင်းပညာသင်ကြားရန် ခွင့်ပြုသော စကားဖြစ်နေသဖြင့် အားမုန်လွန်စွာ ဝမ်းသာသွားတော့သည်။

ချက်ချင်းပင်... ချန်ရင်ဆက်ရှေ့၌ ဒူးထောက်ချကာ ‘ဆရာ’ဟု ခေါ်ပြီး အကြိမ်ကြိမ် ဂါရဝပြုလေတော့သည်။

ဤသို့ဖြင့်...

ချန်ရင်ဆက်သည် ပြောထားသောကတိစကားအတိုင်း အားမုန်အား သုံးနှစ်တိတိ သိုင်းပညာသင်ကြားပေးခဲ့သည်။

သုံးနှစ်ပြည့်၍ အခြေခံသိုင်းပညာစုံလင်ပြီဆိုမှ နှုတ်ဆက်လမ်းခွဲကာ ဟန်ကျုံးမြို့မှ ထွက်သွားတော့သည်။

မကြာမီ ကျန်းတင့်ရှီနှင့် အားမုန်တို့သည်လည်း အပြင်ခရီးထွက်ရန် အကြောင်းဖန်လာလေတော့သည်။

အခန်း [ ၁၁ ]

## ဖခင်၏ မိတ်ဆွေဟောင်း

ကျွန်းတင့်ရှိသည် အခန်းနံရံကို ကျောမှီကာ ငူငူကြီးရပ်နေမိသည်။

သူ့အပေါ် အထင်လွဲနေသောမိန်းမချောကလေးနှင့် ရင်ဆိုင်ခဲ့ရပြီး သူ၏ခွန်အားများ မယုံနိုင်စရာကောင်းလောက်အောင် ကြီးမားစွာဖြစ်ပေါ်လျက်ရှိသည်ကို သိရပြီး အဘယ်ကြောင့် ထိုသို့ခွန်အားကြီးလာရသည်ကို ပြန်ပြောင်းတွေးတောမိလိုက်ခြင်းသာဖြစ်သည်။

သူသည် ရေမြွေဘုရင်၏အသားကို မမျှော်လင့်ဘဲစားခဲ့ရပြီး မယုံစရာကောင်းလောက်အောင်ပင် ခွန်အားကြီးမားလာခဲ့ခြင်းဖြစ်ပါသည်။

သူ ဤမျှခွန်အားကြီးနေခြင်းကို သူပင်မသိပါ... ။



အားမုန်မှာ ကျွန်းတင့်ရှိက မိန်းမချောလေးအား မောင်းထုတ်နိုင်ခြင်းကြောင့် ဝမ်းသာအားရဖြစ်နေ၏။

"တော်တော်ဆိုးတဲ့ မိန်းကလေးပဲ... သခင်လေးသာ မောင်းမထုတ်ခဲ့ဘူးဆိုရင် မလွယ်ဘူး... "

ကျွန်းတင့်ရှိမှာ တွေဝေငေးမောကာ ဘာမှမပြောနိုင်ဘဲဖြစ်နေ၏။

အားမုန်မျက်မှောင်ကြုတ်သွားသည်။

"သခင်လေး ဘယ်လိုဖြစ်နေတာလဲ... ဘာတွေ တွေးနေတာလဲ... "

ထိုအခါမှ ကျွန်းတင့်ရှိ သတိဝင်လာသည်။

"သူက ငါတို့ကို လူဆိုးတွေလို့ အထင်မှားနေတာကွ... တုံးဓန်းလှိုင်တို့နဲ့ပေါင်းသင်းတာကို သဘောကျပုံ မရဘူး... "

"ဒါတော့ မပြောနဲ့ သခင်လေး... ကျွန်တော်လည်း သဘောမကျဘူး... "

"ဟာ... မင်းက ဘယ်လိုဖြစ်ရတာလဲ... "

"သခင်လေး စဉ်းစားကြည့်လေ... သူတို့ဟာ သိုင်းလောကသားတွေဗျ... နောက်ပြီး သူတို့ကိစ္စတွေက ရှုပ်ထွေးနေဘာပဲ... ကျွန်တော်တို့ ရှုံးသွားလိမ့်မယ်... "

ကျွန်းတင့်ရှိ ရယ်မောလိုက်သည်။

"ငါက သဘောကျတယ် ဆိုရင်ကောကွာ... "

"ဟာ... သခင်လေးကလည်း... "

"မင်းစည်းစားကြည့်လေ တုံးဖန်းလှိုင်ရဲ့မိတ်ဆွေ ဖြစ်ခဲ့လို့ တိမ်ဖြူလမ်း ခါးပြအဖွဲ့နဲ့တွေ့တဲ့အခါ ကံကောင်းသွားတာပေါ့... "

အားမုန် လက်မခံပါ။

"ဒါလည်း... ကံကောင်းတယ်လို့ မပြောနိုင်သေးပါဘူး... "

"ဘာဖြစ်လို့လဲ... "

"သခင်လေး စဉ်းစားကြည့်လေ... ဝမ်ပိုလော့က အထင်မှားသွားတာ သိသာထင်ရှားနေတာပဲ... သူ နောက်ပိုင်းမှာ စကားမှ မပြောတော့တာ... "

ကျန်းတင့်ရီ ငိုင်သွားသည်။

တုံးဖန်းလှိုင်နှင့်ပတ်သက်နေ၍ သူလည်း လူကောင်းတစ်ယောက်မဟုတ်ဟု ဝမ်ပိုလော့က အထင်မှားသွားသည်လော။

ထိုစဉ် အပြင်ဘက်မှ ဆူဆူညံညံအသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ အားမုန်က သူခိုး သူခိုးဟုအော်လိုက်သဖြင့် ဆိုင်မှ တာဝန်ရှိသူများပြေးလာသည်လား မဆိုနိုင်ပေ။

"ဒုန်း... ဒုန်း... "

တံခါးခေါက်သံများလည်း ထွက်ပေါ်လာသည်။

"မိတ်ဆွေလေးတို့ တံခါးဖွင့်ပါဦး... "

ဆိုင်တာဝန်ခံ၏အသံဖြစ်သည်။

မိမိတို့အခန်းမှ ညဥ့်နက်သန်းခေါင်ဆူညံနေခြင်းကြောင့် ဆိုင်



တာဝန်ခံရောက်လာခြင်းဖြစ်ကြောင်း ကျန်းတင့်ရီနားလည်မိသဖြင့် ချက်ချင်းပင် တံခါးဖွင့်ပေးလိုက်သည်။

ထိုအခါ ဆိုင်တာဝန်ခံနှင့်အတူ မြို့တော်ဝန်ဂေဟာမှ တာဝန်ရှိသည့် ချန်းမင်းနှင့် လက်နက်ကိုင်တပည့်များပါလာသည်ကို တွေ့ရလေသည်။

ဆိုင်တာဝန်ခံသည် ကျန်းတင့်ရီအား ညွှန်ပြကာပြောလိုက်သည်။

"ဆရာချန်မင်းမေးတဲ့ ကျန်းတင့်ရီဆိုတာ ဟောဒီက မိတ်ဆွေလေးပါပဲ... "

ချန်းမင်းက ရှေ့တိုးလာပြီး ဦးညွှတ်လိုက်သည်။

"ညီလေးကျန်းတင့်ရီဟာ သူဌေးကြီးကျန်းပိုရဲ့သား မဟုတ်လား... "

ကျန်းတင့်ရီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ... "

"ကောင်းပြီ... ညီလေးကို သတိပေးစရာရှိလို့ လာခဲ့တာပါ စုတစ်လော နေရာအနှံ့အပြားမှာ လူဆိုးခါးပြတွေ သောင်းကျန်းနေတယ်... မကြာသေးခင်ကပဲ လေပွေဓားညီနောင်နဲ့ သိမ်းငှက်မည်းတို့ဟာ နေပြည်တော်က ဘဏ္ဍာငွေအချို့တာဝန်ယူထားတဲ့ ဆရာဝမ်ကျန်းထိုက်ကို လုယက်ခဲ့ပါတယ်... သည်ကိစ္စနဲ့ပတ်သက်ပြီး သိုင်းဆရာကြီးလျှိုချန်းဝါနဲ့ သမီးဖြစ်သူ လျှိုချင်းတို့က လိုက်ပြီးစုံစမ်းနေကြတယ်...

မိတ်ဆွေလေးနဲ့ မပတ်သက်ဘူးဆိုတာ ကျုပ်တို့ယုံကြည်ပါတယ်... ဒါ ပေမဲ့ မကောင်းတဲ့လူတွေကို ဝေးဝေးရှောင်စေချင်ပါတယ်... အိမ်ကို သာ အမြန်ဆုံးပြန်တော့ပါဗျာ... "

ကျွန်းတင့်ရီ စိတ်ပျက်သွားလေသည်။

တုံးဖန်းလှိုင်တို့နှင့် ပေါင်းသင်းဆက်ဆံမိခြင်းက အပြစ်တစ်ခု လိုဖြစ်နေသည် မဟုတ်လား။ သူ့အမြင်တွင် တုံးဖန်းလှိုင်သည် လူဆိုး မဟုတ်ပေ။

သူ့အား မပေါင်းသင်းရန် ဝိုင်းဝန်းပြောဆိုနေကြသည့် ကြားမှ သူက ရှေ့ဆက်ပေါင်းသင်းသွားရန် ကျွန်းတင့်ရီက ဆုံးဖြတ်လိုက်သည်။

ချန်းမင်းက...

"မိတ်ဆွေလေးရဲ့ ဖခင်ဟာ လူသိများထင်ရှားတဲ့ သူဌေးကြီး တစ်ဦးပါပဲ... နေပြည်တော်ကိုလည်းဝင်ဆံ့ပါတယ်... သူ့မျက်နှာပျက်ရမဲ့ အလုပ်မျိုးကို မလုပ်သင့်ပါဘူး... "

"ကျွန်တော်... "

"မြို့တော်ဝန်ဟာ ဆရာကြီးဝမ်းရှီမင်းနဲ့ ရင်းနှီးပါတယ်... ဝမ် ပိုလေ့နဲ့ လျှို့ချင်းတို့သားအဖပြောပြလို့ အားလုံးသိပြီးပါပြီ... အမှားထဲ ကို ခြေမကျွံခင် အိမ်ပြန်ပါတော့... ကဲ... ကျုပ်ကို ခွင့်ပြုပါဦး... "

ချန်းမင်းသည် လာရင်းကိစ္စကိုပြောပြီးသည်နှင့် ပြန်လည် ထွက်ခွာသွားလေတော့သည်။

ကျွန်းတင့်ရီကာ မကျေမနပ်ဖြစ်မိသည်။



"လက်စသပ်တော့ လျှို့ချင်းဆိုတဲ့မိန်းကလေးဟာ အားလုံးနဲ့ အဆက်အသွယ်ရှိနေတာကိုး... သူ့ဦးလေးရဲ့ ငွေဆုံးရှုံးရတဲ့ကိစ္စဟာ လေပွေညီနောင်တို့နဲ့အတူ ငါလည်းပါဝင်ပတ်သက်တယ်လို့ ယုံကြည် နေတယ်... သည်ကိစ္စကို ဖြေရှင်းမှဖြစ်မယ်... "

သူက အားမုန်အား လှမ်းမေးလိုက်သည်။

"အားမုန် မင်းကော ဘယ်လိုသဘောရသလဲ... "

အားမုန်က ချက်ချင်းထောက်ခံလိုက်သည်။

"ဟုတ်တယ်... သခင်လေး ကျွန်တော်တို့ဟာ လူဆိုးဓားပြ တွေမှ မဟုတ်တာ... ဒါကိုတော့ အားလုံးရှင်းရှင်းလင်းလင်း သိစေချင် တယ်... "

"ဒါဖြင့်... တို့အိမ်မပြန်သေးဘူး... လျှို့ချင်းကို လိုက်ရှာကြ မယ်... "

အိမ်ပြန်လိုသော အားမုန်သည်မခံချင်စိတ်ကြောင့် သဘော တူလိုက်လေသည်။ သူတို့အား လူဆိုးဟုအထင်မှားမှုကိုတော့ သူသည်း မခံနိုင်ချေ။

"ဒီကိစ္စကို ဖြေရှင်းရမှ ကျွန်တော်တို့ အိမ်ပြန်လို့စိတ်ဖြောင့် မှာပဲ... ဒါမှမဟုတ်ရင် သွားပုပ်လေလွင့်ပြောတာ ခံနေရဦးမယ်... "

"အေး... မနက်ကြရင် လျှို့ချင်းအကြောင်းစုံစမ်းပြီး သူ့အိမ်ကို လိုက်သွားကြမယ်... ခုတော့ ညဥ့်နက်ပြီ အနားယူလိုက်ကြရအောင်"

"ကောင်းပါပြီ... သခင်လေး... "

သူတို့သည် မိုးလင်းသည်နှင့် လျှိုချင်းအားလိုက်ရှာရန် ဆုံးဖြတ်ကာ အိပ်ရာဝင်လိုက်ကြလေတော့သည်။

ဤသို့ဖြင့် တစ်ညတာကုန်ဆုံးသွားသည်။

နောက်တစ်နေ့နံနက်တွင်...

ကျန်းတင့်ရီနှင့် အားမုန်တို့သည် သိုင်းဆရာလျှိုချွန်းဝါ၏ အကြောင်းကိုစုံစမ်းကာ အဖြစ်မှန်ကိုရှင်းပြရန် ခရီးထွက်လာခဲ့ကြသည်။

သူတို့သည် ဟန်ကျူးသို့ရောက်ခါနီးမှ ကျောနိုင်းကာ နောက်ကြောင်းပြန်လှည့်ခဲ့ကြရခြင်းဖြစ်သည်။ သူတို့အဖို့ ယခုအရေးအကြီးဆုံးမှာ သိုင်းဆရာလျှိုချွန်းဝါကို တွေ့ရန်ပင်ဖြစ်သည်။

သူတို့သည် ခရီးတွင်စေရန် လမ်းမကြီးအတိုင်းမသွားတော့ဘဲ တောအုပ်များမှ ဖြတ်သန်းလာခဲ့ကြသည်။

သို့ဖြင့် တောအုပ်တစ်ခုသို့ ရောက်ရှိလာသောအခါ...

"ဟူး... "

လေပွေတစ်ချက်ဝှေ့ယမ်းတိုက်ခတ်သွားသည်နှင့် ကြုံရတွေ့လိုက်ရသည်။

ပတ်ဝန်းကျင်မှာ သာသာယာယာရှိနေပါသည်။

နေခြည်ဖြာကျနေသော ရောင်စုံတောပန်းကလေးများကလည်း ငွားငွားစွင့်စွင့်ဖူးဖွင့်နေကြပါသည်။

ကျေးငှက်သာရကာလေးများက သူတို့၏မာဂဓဘာသာဖြင့် သာယာစွာ သီကျူးနေကြသည်။



လေပွေတိုက်ခတ်ခြင်းမှာ တောအုပ်တစ်ခုလုံးလှုပ်ယမ်းသွားရအောင် လေပြင်း လေပွေရုတ်တရက်တိုက်ခတ်ခြင်းမျိုးမဟုတ်ဘဲ တစ်နေရာတည်း တိုက်ခတ်သွားခြင်းမျိုးသာဖြစ်သည်။

မြက်တောထဲ၌ မြွေတစ်ကောင်တိုးဝင်သဖြင့် မြက်ပင်များလှုပ်ယမ်းသွားပုံမျိုးဖြစ်သည်။

ကျန်းတင့်ရီနှင့် အားမုန်တို့အံ့ဩသွားသည်။

သေသေချာချာကြည့်လိုက်တော့မှ လူတစ်ယောက်ပြေးလွှားသွားခြင်းဖြစ်သည်ကို တွေ့ရလေသည်။

"ဒါလူမှ ဟုတ်ရဲ့လား... သမင်တစ်ကောင်ထက်တောင် အပြေးမြန်နေသေးတယ်... "

"သမင်မဟုတ်ပါဘူး... လူပါ သခင်လေးရဲ့... "

"လူတစ်ယောက်ပြေးတာ ဒီလောက်မြန်ပါ့မလား... "

ကျန်းတင့်ရီတွေ့ဖူးသမျှ အပြေးမြန်သည်ဆိုသူများမှာ ဤမျှလောက်မြန်မြန်ပြေးတတ်သူ ရှိမည်မဟုတ်ချေ။

"လူမှဟုတ်ရဲ့လား... "

"ဟုတ်ပါတယ်... ကျွန်တော်တွေ့လိုက်တယ်... "

"ဟာ... တိရစ္ဆာန်မဟုတ်ဘဲ လူတစ်ယောက်ပုံစံမျိုးဆိုရင် ရိုးရိုးလူသားတော့ မဖြစ်နိုင်ဘူး... မကောင်းဆိုးဝါးနာနာဘာဝတစ်ယောက်ပဲဖြစ်ရမယ်... "

"သခင်လေးကလည်း အထူးအဆန်းလုပ်နေပြန်ပြီ... သူ့ထက်

မြန်အောင်ပြေးနိုင်တဲ့သူတွေတောင် ရှိဦးမှာ... ဒါဟာ ကိုယ်ဖော့ပညာကိုအသုံးပြုပြီး ပြေးလွှားသွားတာဗျ... သိုင်းပညာရှင်တစ်ယောက်ပဲဖြစ်ရမယ်... "

ကျွန်းတင့်ရီ မယုံနိုင်အောင် ဖြစ်နေသည်။

ချန်ရင်ဆက်ထံ၌ သိုင်းပညာသင်ခဲ့ဖူးသော အားမုန်မှာ ကိုယ်ဖော့ပညာတတ်ကျွမ်းကြသော အလွန်လျှင်မြန်သောသိုင်းသမားများအကြောင်း သိနေလေပြီ။

သူတို့ငေးကြည့်နေစဉ်မှာပင် ထိုလူရိပ်မှာတောအုပ်တွင်းသို့ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

"ကောင်းလိုက်တဲ့ ကိုယ်ဖော့ပညာ... "

အားမုန်က ချီးကျူးလိုက်သည်။

ထိုအချိန်မှာပင်...

"ဟူး... "

အရှိန်ပြင်းသော လေအဟုန်တစ်ခုထွက်ပေါ်လာသည်။

ယခုတစ်ကြိမ်၌မူ သူတို့၏ဦးခေါင်းအထက်ပိုင်းမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

ကျွန်းတင့်ရီတို့ ကပျာကယာမော့ကြည့်လိုက်ကြသည်။

ထိုအခါ အရိပ်မည်းကြီးတစ်ခုသည် သစ်ပင်တစ်ပင်မှ တစ်ပင်သို့ လှစ်ခနဲ လှစ်ခနဲခုန်ကူးလာနေသည်ကို တွေ့လိုက်ကြရသည်။

"ဟင်... "



"ဟာ... "

ကျွန်းတင့်ရီတို့ လွတ်ခနဲ ရေရွတ်လိုက်ကြသည်။

"ငှက်ကြီးတစ်ကောင်ပါလား... "

"မဟုတ်ဘူး... သခင်လေး... အဲဒါ လူ... လူ"

ယခုတစ်ကြိမ်အရိပ်ကြီးမှာ အနီးသို့ရုတ်ချည်းရောက်လာသဖြင့် ကျွန်းတင့်ရီတို့မှာ သေသေချာချာတွေ့မြင်လိုက်ရလေသည်။

လူတစ်ယောက်သည် မြေပြင်မှမသွားဘဲ သစ်ပင်တစ်ပင်မှ တစ်ပင် ခုန်ကူးကာ သွားလာနေခြင်းဖြစ်သည်။

သေးငယ်သောသစ်ကိုင်းလေးများပေါ်၌ပင် ကျိုးမကျအောင် လှုပ်ရှားနိုင်သည်။

အနည်းငယ်လှုပ်ရှားလိုက်ရုံဖြင့် အဝေးသို့ရောက်ရှိအောင်စွမ်းဆောင်နိုင်၏။

"ဟူး... "

ထိုလူသည် သစ်ပင်ပေါ်မှနေ၍ ကျွန်းတင့်ရီတို့ရှေ့သို့ဆိုက်ကိုက်ဖြိုက်ဖြိုက် ခုန်ဆင်းလာတော့သည်။

"ဟာ... "

ကျွန်းတင့်ရီတို့ ကပျာကယာနောက်ဆုတ်လိုက်ကြသည်။

သေချာကြည့်လိုက်တော့မှဘုန်းတော်ကြီးတစ်ပါးဖြစ်နေသည်ကို တွေ့ရလေသည်။

အသက်လေးဆယ်ခန့်ရှိမည်ထင်ရပြီး အလွန်ကြည်ညိုလေး

စားဖွယ်ကောင်းသော ဥပမိရုပ်ရှိသည်။

ဘုန်းတော်ကြီးသည် ကျွန်းတင့်ရီတို့အား အကဲခတ်ရင်း ပြုံးရွှင်သောမျက်နှာထားဖြင့် မေးလာလေသည်။

"ကျုပ်နာမည်က မာပဟိုဖိန်လို့ခေါ်တယ်... ဒကာလေးတို့က ဘယ်သူတွေများလည်း ပြောပါဦး... "

ကျွန်းတင့်ရီက လက်အုပ်ချီရှိခိုးလိုက်လေ၏။

"တပည့်တော်က ကျွန်းတင့်ရီပါ... သူကတော့ အားမုန်ပါ ရွက်လှရေကန်ဘက်ကို ဖြတ်လမ်းက ခရီးနှင်လာရင်း သည်တောအုပ်ထဲကို ရောက်လာတာပါ... "

"ဩော်... ဩော် ခရီးသွားတွေကိုး... ကျုပ်လည်း ခရီးသွားတစ်ယောက်ပါပဲ... ဒီတောအုပ်ကိုရောက်တော့ သစ်ပင်တွေအစီအရီပေါက်နေပုံကို သဘောကျပြီး ကိုယ်ဖော့ပညာထုတ်သုံးကြည့်လိုက်တာအင်း... သိုင်းလောကထဲကို မရောက်တာတောင် အတော်ကြာပြီ... ဒါထက်... ဒကာလေးတို့ကိုကြည့်ရတာ ဟန်ကျူးမြို့က လာခဲ့ကြပုံရတယ်... "

"တပည့်တော်တို့ဟာ ဟန်ကျူးဇာတိပါ ဘုရား... "

"ဟေ... ဒါဆို နေရာကျတာပေါ့... ဟန်ကျူးမြို့မှာ သူဌေးကြီးကျွန်းပိုဆိုတာ ကြားဖူးသလား... သူနဲ့ သူ့ရဲ့ဆွေမျိုးတွေဟာ တစ်ချိန်က မင်းမှုထမ်းတွေဖြစ်ခဲ့ကြဖူးတယ်... "

ကျွန်းတင့်ရီ အံ့သြသွားရပြန်တော့သည်။



မာပဟိုဖိန်က သူ၏ဖခင်ကို သိနေသည်မဟုတ်လား။

"သိပါတယ် ခင်ဗျား... သူဌေးကြီးကျွန်းပိုဟာ တခြားလူမဟုတ်ပါဘူး... ကျွန်တော့်ရဲ့အဖေပါပဲ... "

"ဟား... ဟား... ဟား... "

မာပဟိုဖိန်သဘောကျစွာ ရယ်မောလိုက်လေသည်။

"လက်စသပ်တော့ ကျွန်းပိုရဲ့သားနဲ့ လာတွေ့နေရတာကိုး... အင်း... ကွဲကွာသွားကြတာ နှစ်ပေါင်းလေးဆယ်မှ မကတော့တာပဲ... ကျွန်းပိုလည်း သားသမီးတွေတောင်ရနေလောက်ပြီပေါ့... "

ကျွန်းတင့်ရီ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

မာပဟိုဖိန်၏အသက်မှာ လေးဆယ်ကျော်ခန့်သာရှိမည်ဟု သူကခန့်မှန်းထားသည် မဟုတ်ပါလား... ။

မာပဟိုဖိန်က မေးသည်။

"မင်းအဖေ နေကောင်းရဲ့လား... "

"ဟုတ်ကဲ့... ကျွန်းကျွန်းမာမာရှိပါတယ် ခင်ဗျား... "

"အေး... သူ အသက်ထင်ရှားရှိသေးတယ်... ကျန်းမာတယ်ဆိုရင် ဝမ်းသာလှပါပြီကွယ်... အိမ်ပြန်ရောက်ရင် မင်းရဲ့အဖေကို ပြောလိုက်ပါ... ဟိုးတစ်ချိန်တုန်းက လူဆိုးတွေလက်ထဲက မင်းအဘိုးကယ်ခဲ့ဖူးတဲ့ လူတွေထဲမှာပါခဲ့တဲ့ 'ဟန်ဆက်'ဘုံကျောင်းက ကိုရင်လေးမာပဟိုဖိန်ဆိုရင် သူသိပါလိမ့်မယ်... "

မာပဟိုဖိန်သည် မိမိ၏အဘိုးဖြစ်သူကိုပင် မီခဲ့သည်ဆိုလျှင် သူ

၏အသက်ကား အနည်းဆုံးခြောက်ဆယ်ကျော်ရှိနေရမည်ဖြစ်လေသည်။

"မင်းတို့နဲ့ မမျှော်လင့်ဘဲ တွေ့လိုက်ရပြီး ကျွန်းပိုရဲ့သတင်းကို ကြားလိုက်ရတော့ ဟန်ကျူးကိုသွားစရာ မလိုတော့ဘူးပေါ့... ကဲ ကျုပ်သွားဦးမယ်... နောက်မှတွေ့ကြသေးတာပေါ့... "

မာဟိုဖိန်သည် နှုတ်ဆက်စကားပြောပြီး ခန္ဓာကိုယ်တစ်ချက်လှုပ်ရှားလိုက်သည်နှင့် အဝေးသို့ရောက်ရှိသွားတော့၏။

ထူးဆန်းစွာရောက်လာပြီး ထူးဆန်းစွာပြန်လည်ထွက်ခွာသွားခြင်းဖြစ်လေသည်။

ကျွန်းတင့်ရီကား ငေးငိုင်၍ ကျန်ရစ်ခဲ့လေတော့သည်။

~~~~~~~

အခန်း [ ၁၂ ]

## နစ်ကိုယ်တူ ကြည်ဖြူ

ရွှက်လှရေကန်... ။

အနီရောင်၊ အဝါရောင်၊ အစိမ်းရောင် စသည်ဖြင့် အရောင်...သွေးစုံလင်လှသော ရွှက်လှပင်များသည် ကြီးချင်တိုင်း ကြီးထွားနေ...က ကိုက်ပေါင်းလေးငါးရာပတ်လည်ခန့် ကျယ်ဝန်းသည့်ရေကန်ကြီး...တ်လည်၌ ပေါက်ရောက်လျက်ရှိနေသည်။

ရွှက်လှပင်များကို အကြောင်းပြုကာ ထိုရေကန်သည် 'ရွှက်လှ...ကန်'ဟု ခေါ်တွင်ခဲ့ကြသည်။

ရွှက်လှကန်၏အနောက်ဘက်ကမ်းဘောင်ရိုးပေါ်၌ ဆရာကြီး...ရှုန်းဝါ၏အိမ်ရှိလေ၏။
~~~~~~~

ကျွန်းတင့်ရီနှင့် အားမုန်တို့နှစ်ယောက်မှာ ခရီးပြင်းနှင်လာ ကြရာ ရွက်လှကန် လျှိုချွန်းဝါ၏အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက် ရှိလာခဲ့ကြလေတော့သည်။ ဝင်းနံရံကာရန်ထားသည့် ခန့်ညားသည့် အိမ်ကြီးဖြစ်သည်။

အိမ်ခြံဝိုင်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် လူငါးယောက်ရှိ နေကြသည်ကို တွေ့ရလေသည်။

ထိုလူများမှာ တစ်စုံတစ်ခုအား မကျေမနပ်ဖြစ်နေပုံရပြီး တိုးဝေဖန်ပြောဆိုနေကြသည်။

ကျွန်းတင့်ရီတို့ရောက်လာသည်ကိုတွေ့ရလျှင်တစ်ယောက်က ကပျာကယာပြောလာသည်။

"မင်းတို့က ဘယ်သူတွေလဲ... ဘာကိစ္စလဲ... "

ကျွန်းတင့်ရီတို့ရောက်လာသည်ကို ဘဝင်မကျဟန်ဖြင့် မေး လေသည်။

ကျွန်းတင့်ရီက သည်းခံလိုက်သည်။

"ကျွန်တော်တို့က ဆရာကြီးလျှိုချွန်းဝါကို လာပြီးဂါရဝပြုတာ ပါ ခင်ဗျာ... ဒီကို သက်သက်မဲ့ ဂါရဝပြုဖို့လာကြတာပါ... "

"ဆရာကြီးအိမ်မှာ မရှိဘူး... "

ထိုလူက တုံးတိတိပြော၏။

ကျွန်းတင့်ရီက မမျှော်လင့်ဘဲ စွဲလမ်းမိသော မိန်းမချော လျှိုချင်းအကြောင်း မေးသည်။



"ဆရာကြီးရဲ့သမီး... မိန်းကလေးလျှိုချင်းကော မရှိဘူးလား"

"သခင်မလေးလည်း မရှိဘူး... အပြင်သွားနေတယ်... "

ကျွန်းတင့်ရီ စိတ်ပျက်သွားလေတော့သည်။

လျှိုချင်းတို့သားအဖနှစ်ယောက်မရှိကြသဖြင့် ပြီးမှနောက် တစ်ခေါက်လာတွေ့ရန် ဆုံးဖြတ်လိုက်လေသည်။

"ဒါဖြင့်... ဆရာကြီးတို့သားအဖလာရင်ပြောပေးပါ... အရေး ကြီးတဲ့ကိစ္စကြောင့် ကျွန်တော် နောက်တစ်ခေါက်ပြန်လာခဲ့ပါဦးမယ် ကျွန်းတင့်ရီလာသွားတယ်ဆိုရင် ကိစ္စကို သူတို့သိကြပါလိမ့်မယ်... "

သေသေချာချာမှာကြား၍ အားမုန်ကိုခေါ်ကာ လှည့်ထွက် လာခဲ့သည်။

သို့သော် ခက်ထန်သောအသံတစ်သံထွက်ပေါ်လာသည်။ ထို နောက် လူတစ်ယောက်ခုန်ထွက်လာ၏။

"ရပ်လိုက်စမ်း... "

ထိုလူမှ လမ်းပိတ်ဟန့်တားလိုက်၏။

ကျွန်းတင့်ရီကို မျက်ထောင့်နီကြီးဖြင့် ကြည့်ကာ မေးသည်။

"မင်းနာမည်... ကျွန်းတင့်ရီဟုတ်လား... "

"ဟုတ်ပါတယ်... ဘာဖြစ်လို့လဲ... "

"ကောင်းတယ်... သေချင်တဲ့ကျားက မြားကိုခုန်တိုးတာကိုး ပြောစမ်း... သိမ်းငှက်မည်း ရှိကျားဘယ်မှာလဲ... "

"ဘာဗျ... "

"ဟော့... ကျုပ်တို့သခင်မလေးရဲ့ ဦးရီးတော်ဆီက မင်းရဲ့ အပေါင်းအသင်းတွေက လုယက်သွားကြလို့ ဒီမှာဘယ်လောက်အခက်ကြုံနေရပြီလဲသိလား... ငွေတွေပြန်မရရင် ဆရာဝမ်ကျွန်းထိုက်အပြစ်ပေးခံရတော့မယ်... ပြောစမ်း... ရွှေကျားဘယ်မှာလဲ... မင်းက သူတို့အပေါင်းအသင်းပဲ... သူတို့ ဘယ်မှာရှိတယ်ဆိုတာကို သိရမယ်... "

ကျွန်းတင်ရှီခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မသိဘူး... "

"ဘာမသိရမှာလဲ... ကဲကွာ... "

ထိုလူသည် လျှို့ဝှက်အဖွဲ့ဝါဒီတပည့်တစ်ယောက်ဖြစ်ပြီး ဆိုးရွားသော သတင်းများကြောင့် ကျွန်းတင်ရှီအပေါ် အထင်လွဲကာ မုန်းတီးစက်ဆုပ်နေကြောင်း ပေါ်လွင်နေသည်။

ချက်ချင်းပင် တိုးပြီးတိုက်ခိုက်လာတော့သည်။

"ခင်ဗျား... ဘယ်လိုလုပ်လိုက်တာလဲ... "

ကျွန်းတင်ရှီ ရင်ထိတ်ကာ ကပျာကယာနောက်ဆုတ်လိုက်သည်။

အားမုန်က စွန့်ဝင်လာသည်။

"သခင်လေးကို မထိနဲ့... "

ချန်ရင်ဆက်ထံမှ သိုင်းပညာသင်ခဲ့ရကာ လက်တွေ့အသုံးချကာ ထိုလူနှင့်ရင်ဆိုင်တိုက်လိုက်လေသည်။

"ဖြောင်း... "



"အား... "

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

ထိုလူမှာ အားမုန်၏လက်ချက်မိကာ နောက်ဆုတ်သွားရ၏။

အခြေအနေ မဟန်မှန်းသိသည်နှင့် သူ၏အဖော်များအား အော်ဟစ်ခေါ်လိုက်သည်။

"မြန်မြန်လာကြဟေ့... သည်မှာ ရွှေကျားရဲ့အပေါင်းအပါကျွန်းတင်ရှီရောက်နေတယ်... "

ကျွန်းတင်ရှီဆိုသောအသံကြားသောအခါ ထိုလူများသည် ချက်ချင်းပြေးလာကြတော့သည်။

"သည်ကောင်တွေကို မလွှတ်စေနဲ့... "

"ဝိုင်းထား... "

"ချကွာ... "

ညာသံပေးကာ ဝိုင်းဝန်းတိုက်ခိုက်လာကြလေတော့သည်။

အားမုန်က အံတင်းတင်းကြိတ်လိုက်သည်။

"ကျုပ်ရဲ့... သခင်လေးကို ထိရဲထိကြည့်... "

အော်ပြောရင်း လက်သီးနှစ်လုံးဖြင့် ဆီးကြိုတိုက်ခိုက်လေသည်။

လှပသောအိမ်ကလေးရှေ့၌ ပြင်းထန်သောတိုက်ပွဲဖြစ်ပေါ်လာသည်။

"ဝုန်း... "

"အား... "

"အမယ်လေး... "

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာသည်။

ဝိုင်းဝန်းတိုက်ခိုက်လာသူငါးယောက်အနက် သုံးယောက်မှာ အားမုန်၏လက်ချက်မိကာ အဝေးသို့လွင့်စဉ်သွားသည်။

ကျန်နှစ်ယောက်ကိုကား အားမုန်လည်း မတတ်နိုင်ပါချေ။

ထိုလူနှစ်ယောက်၏လက်ချက်မိကာ...

"အမယ်လေးဗျ... "

"ဝုန်း... "

အားမုန် မြေပေါ်သို့လဲကျသွားလေတော့သည်။

"အားမုန်... "

ကျွန်းတင့်ရီ စိုးရိမ်သွားလေသည်။

အားမုန်ကိုပြေး၍ ဖေးမရန် ဟန်ပြင်လိုက်သည်။

"ဘယ်လိုဖြစ်နေတာလဲ... ရပ်လိုက်ကြစမ်း... "

အော်ငေါက်သံတစ်ချက် ထွက်ပေါ်လာသည်။

တိုက်ခိုက်နေသူများ ချက်ချင်းရပ်တန့်သွားကာ နောက်ဆုတ်သွားကြလေ၏။

ကျွန်းတင့်ရီက ဟန့်တားသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်ကြ၏။

ထိုအခါ မိန်းမချောလေး လျှို့ချင်းရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရတော့သည်။



အားမုန်အား ဝိုင်းဝန်းတိုက်ခိုက်ခဲ့သူ ငါးယောက် ကပျာကယာနောက်ဆုတ်လိုက်ကြသည်။

လျှို့ချင်းအား ဦးညွှတ်ကာ ကျွန်းတင့်ရီတို့က လာရောက် ရန်ရှာကြသည်ဟု တိုင်ကြားကြလေ၏။

"သခင်မလေး... သူက... ကျုပ်တို့ကို လာပြီး ရန်စပါတယ်"

"သူဟာ ဆရာကြီးဝမ်ကျွန်းထိုက်ကို ဒုက္ခပေးခဲ့တဲ့ ရှီကျားရဲ့ အပေါင်းအသင်း ကျွန်းတင့်ရီပါ... သခင်မလေး... "

"သူတို့ကစပြီး တိုက်ခိုက်လို့... ကျုပ်တို့လူသုံးယောက် ခံလိုက်ရပါသေးတယ်... "

အားမုန်သည် အခြေခံသိုင်းပညာမျှသာ တတ်မြောက်ထားသော်လည်း ကျွန်းတင့်ရီအား ကာကွယ်လိုစိတ်ဖြင့် ရင်ဆိုင်ခဲ့ခြင်းကြောင့် အစောင့်သုံးယောက်တိတိကို အနိုင်ရခဲ့ခြင်းဖြစ်သည်။

လျှို့ချင်းကြည့်လိုက်သောအခါ သူမ၏အိမ်မှအစောင့်ငါးယောက်အနက် သုံးယောက်မှာ အညိုအမည်းစွဲကာ ခံလိုက်ရသည်ကို တွေ့လိုက်ရသည်။

အားမုန်ဘက်သို့ကြည့်လိုက်ရာ သူမ၏လူနှစ်ယောက်လက်ချက်ဖြင့် အားမုန်သည်လည်း အညိုအမည်းစွဲနေသည်ကို တွေ့ရ၏။

"ကောင်းပြီ... သည်ကိစ္စကို ကျွန်မဖြေရှင်းပေးပါ့မယ်... "

လျှို့ချင်းက အစောင့်များကို ပြောကာ ကျွန်းတင့်ရီနှင့် မျက်နှာ

ချင်းဆိုင်လိုက်လေသည်။

ကျွန်းတင့်ရီ မကျေမနပ်ဖြစ်နေသည်။

"ကျုပ်တို့က... ကောင်းကောင်းမွန်မွန်လာခဲ့ကြတာ... ကျုပ်တို့ကို ရန်သူတွေလို သဘောထားပြီး လက်ဦးအောင်တိုက်ခိုက်ကြတာတော့ ဘယ်ကောင်းပါ့မလဲဗျ... "

လျှိုချင်းက ပြုံးလိုက်သည်။

"ကျွန်မတို့အိမ်က အစောင့်တွေဟာ... ဦးလေးဝမ်ကျွန်းထိုက်ကိစ္စနဲ့ ရှင်တို့ကို အထင်လွဲနေကြတာယ်လေ... "

ကျွန်းတင့်ရီ သက်ပြင်းချလိုက်၏။

"မင်းကကော အထင်လွဲနေတာပဲ မဟုတ်လား... "

"ဟင်း... ဟင်း... ဟင်း... "

လျှိုချင်းသည် စိတ်မဆိုးသည့်အပြင် ရယ်မောနေခြင်းကြောင့် ကျွန်းတင့်ရီ အံ့သြသွားလေသည်။

လျှိုချင်း၏အသွင်သဏ္ဌာန်မှာ အပြောင်းလဲကြီးပြောင်းလဲနေပြီဖြစ်ပါသည်။

သူမသည် ရန်လိုစိတ်ဆိုးသည့်အသွင်ရှိမနေတော့ဘဲ ခင်မင်ရင်းနှီးသူတစ်ယောက်ပမာရှိနေလေ၏။

အဘယ်ကြောင့် ထိုသို့ပြောင်းလဲသွားရပါသနည်း။

ကျွန်းတင့်ရီငေးမောနေစဉ် လျှိုချင်းက ရှေ့တိုးကာမေးမြန်းလိုက်သည်။



"ဟဲ... ကျွန်မအိမ်အထိ လိုက်လာတာ ဘာသဘောလဲရှင့်... ရှင့်အပေါ် စွပ်စွဲမိခဲ့တာကို ပြန်ပြီးဝန်ချတောင်းပန်နိုင်းမလို့လား... ပြောစမ်းပါဦး... "

ကျွန်းတင့်ရီ သက်ပြင်းချလိုက်ပြန်လေသည်။

"သည်လိုလည်း မဟုတ်ပါဘူးဗျာ... ကျုပ်က ဆရာကြီး လျှိုချွန်းဝါနဲ့တွေ့ပြီး... အကျိုးအကြောင်းရှင်းပြမလို့ပါ... "

"ဖေဖေ... မရှိဘူးရှင့်... "

"ကောင်းပြီလေ... ကျုပ်ပြန်မယ် နောက်မှပဲ ဆရာကြီးနဲ့ လာတွေ့ဦးမယ်... "

ကျွန်းတင့်ရီက အားမုန်ကိုခေါ်ကာ ပြန်လည်ထွက်ခွာသွားရန် ဟန်ပြင်လိုက်လေသည်။

"နေဦး... "

လျှိုချင်းက ဟန့်တားလိုက်သည်။

သူမသည် ခေါင်းထောက်ကာ မျက်နှာထားတင်းတင်းဖြင့် ငေါက်လိုက်လေသည်

"ကျွန်မတစ်ယောက်လုံးရှိနေပါလျက်နဲ့ ရှင်ထွက်သွားလို့ရမလား... ဟိုတစ်နေ့က ရှင့်ရဲ့လက်ချက်ကြောင့် ကျွန်မရဲ့လက်မောင်းတော်တော်လေးအောင့်သွားတယ်... ဒီကနေ့ ရှင့်ကိုပြန်ပြီး အကြွေးတောင်းရမယ်... "

စကားဆုံးလျှင် လက်တစ်ဘက်ဝှေ့ယမ်းလိုက်လေသည်။

ကျွန်းတင့်ရီ ရင်ထိတ်သွားသည်။

လျှိုချင်းနှင့် ရန်မဖြစ်လိုချေ။

လျှိုချင်းသည် အထင်လွဲမှားနေခြင်းကြောင့် ရန်ပြုနေခြင်းဖြစ် ကြောင်း နားလည်ထားသည်။

ထို့အပြင် သူက လျှိုချင်းအား စိတ်ဝင်စားနေသည် မဟုတ်ပါလား

ကျွန်းတင့်ရီက ကပျာကယာနောက်ဆုတ်ကာ ရှောင်တိမ်းလိုက်လေသည်။

သို့သော်...

"ရှင်... ဘယ်ပြေးမလဲ... "

လျှိုချင်းသည် အော်ငေါက်ရင် တရကြမ်းလိုက်လံတိုက်ခိုက်လိုက်၏။

"ဟော့... ဟော့... မင်း ဘယ်လိုလုပ်တာလဲ... "

ကျွန်းတင့်ရီက ဒရောသောပါးနောက်ဆုတ်သွားရာ ခြံဝင်းအပြင်ဘက်ရေကန် ကန်ဘောင်ရိုးပေါ်သို့ ရောက်သွား၏။

လျှိုချင်းကလည်း ထက်ကြပ်မကွာ လိုက်သွားပြီး အနီးသို့ ရောက်သည်နှင့် ဦးခေါင်းခါယမ်းကာ ကျစ်ဆံမြီးနှစ်ချောင်းဖြင့် ရိုက်ချလိုက်လေသည်။

"ရှမ်း... "

"အမယ်လေး... "



ကျွန်းတင့်ရီက လွတ်အောင်ရှောင်ရင်း ခန္ဓာကိုယ်မထိန်းနိုင်တော့ဘဲ ရေထဲထိုးကျသွားလေတော့သည်။

"ဝုန်း... "

ကျွန်းတင့်ရီ၏ ကိုးရိုးကားရားအဖြစ်ကြောင့် လျှိုချင်းက ခန္ဓာကိုယ်လေးသိမ့်သိမ့်တုန်၍ ရယ်မောလေတော့၏။

"သခင်လေး... သခင်လေး... "

အားမုန်က စိုးရိမ်ပူပန်စွာဖြင့် ပြေးလာလေသည်

"ဖူး... ဖလူး... "

ကျွန်းတင့်ရီမှာ ရေထဲ၌ ယက်ကန်ယက်ကန်ဖြင့် နစ်မြုပ်သွားလုမတတ်ဖြစ်နေ၏။

လျှိုချင်းမရယ်နိုင်တော့သည့်အပြင် မျက်လုံးပြူးသွား၏။

"ရှင်... ရေမကူးတတ်ဘူးလား... "

သူမသည် ချက်ချင်းပင် ရေကန်ထဲသို့ ခုန်ဆင်းကာ ကျွန်းတင့်ရီအား ဖေးမဆယ်ယူပြီး ကုန်းပေါ်တင်ပေးလိုက်လေသည်။

"သခင်လေး... "

အားမုန်က ပြေး၍ဖေးမလိုက်လေသည်။

ကျွန်းတင့်ရီမှာ တစ်ကိုယ်လုံးရွဲရွဲစိုကာ ရှက်စိတ်ကြောင့် မျက်နှာကြီးနီရဲနေ၏။

သို့သော် သူက အုံ့ညြနေသည်။

အကြောင်းမှာ လျှိုချင်းသည် ရေကန်ထဲ၌ သူအား ဆယ်

တင်ခဲ့ရှိန့်၌ လူချင်းနီးကပ်စွာရှိနေစဉ် နှစ်ကိုယ်ကြားရုံစကားတစ်ခွန်း ပြောခဲ့သည်မဟုတ်ပါလား။

ထိုစကားမှာ…

"ကျွန်မကို မိန်းမဆိုးလေးတစ်ယောက်ဆိုပြီး ရှင်စိတ်ဆိုးနေတယ် မဟုတ်လား… ကျွန်မကတော့ ရှင့်ကိုစိတ်မဆိုးတော့ပါဘူး"

ဟူ၍ ဖြစ်လေ၏။

"ဟူး… "

လှိုချင်းက ရေထဲမှနေ၍ ကုန်းပေါ်သို့ ခုန်ထလာလေသည်။

အားမုန်က မကျေမနပ်ဖြင့် ရန်တွေ့လိုက်၏။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ… ဒီမှာ ကျုပ်ရဲ့သခင်လေး တစ်ကိုယ်လုံး စိုရွဲကုန်ပြီဗျ… "

ကျွန်းတင့်ရီက ဟန့်တားလိုက်သည်။

"အားမုန်… တို့သွားကြရအောင်… "

"သခင်လေး… "

"လာစမ်းပါကွာ… "

ကျွန်းတင့်ရီက ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားလျှင် အားမုန်လည်း ပြေးလိုက်သွားရလေတော့သည်။

အားမုန်သည် လိုက်သာလိုက်လာရသော်လည်း…

လှိုချင်း၏လုပ်ရပ်ကြောင့် မကျေမနပ်ဖြစ်နေသည်။

"တော်တော်ဆိုးတဲ့ကောင်မလေး… နောက်တစ်ခါတွေ့ရင်



သူ့ကိုမှတ်လောက်သားလောက်အောင်ကို ဆုံးမရမယ်… "

ကျွန်းတင့်ရီက ခြေလှမ်းရပ်လိုက်၏။

"အားမုန်… မင်း ဘယ်လိုဖြစ်နေတာလဲ… "

"သခင်လေး… သူက… "

"သူ့ကို… မေ့ထားလိုက်စမ်းပါကွာ… "

"ဗျာ… "

ကျွန်းတင့်ရီက ရှင်းပြလိုက်၏။

"သူက ငါ့ကိုတကယ်တမ်းတိုက်ခိုက်ခဲ့တာ မဟုတ်ဘူး… ငါက အစိုးရိမ်လွန်ပြီး နောက်ဆုတ်လိုက်လို့ ရေထဲကျသွားတာကွ… သူဟာ အရင်ကလို ငါတို့အပေါ် အထင်လွဲပြီး ရန်သူလိုဆက်ဆံတော့တာ မဟုတ်ဘူး… ငါ့အကြောင်းကို သူသတင်းစုံစမ်းလို့ရသွားပြီ ထင်တယ်"

အားမုန် မကျေနပ်ပါ… ။

"ရန်သူလိုသဘောမထားလို့ တော်သေးတာပေါ့… သူ့ရဲ့လူတွေတိုက်ခိုက်တာပဲ အသက်ထွက်တော့မယ်… "

"ဟား… ဟား… ဟား… "

ကျွန်းတင့်ရီ ရယ်မောလိုက်ပါလေသည်။

ထိုစဉ်…

"သခင်လေး… သခင်လေး… "

ခေါ်သံနှင့်အတူ လူတစ်ယောက်ပြေးလွှားလိုက်လာသည်ကို တွေ့လိုက်ရသည်

ခေတ်ရ

ထိုလူများမှာ လျှိုချင်း၏အိမ်မှ အစောင့်တစ်ယောက်ဖြစ်နေ၏။

အစောင့်သည် လက်ထဲ၌ အထုပ်လေးတစ်ထုပ်ဆွဲကာ ပြေးလိုက်လာခြင်းဖြစ်လေသည်။

မကြာသေးမီက ရင်ဆိုင်တိုက်ခိုက်ခဲ့ရသူတစ်ယောက် လိုက်လာသည်ကို တွေ့ရသဖြင့် အားမုန်ဒေါပွသွား၏။

"လာခဲ့စမ်း... သည်တစ်ခါတော့ သူသေကိုယ်သေပဲ... "

သို့သော် ထိုလူသည် ရန်ပြုတိုက်ခိုက်ရန် လိုက်လာခြင်းမဟုတ်ပါချေ။

အနီးသို့ရောက်လာလျှင် ကျွန်းတင့်ရီအား ရိုသေစွာဦးညွှတ်လိုက်လေသည်။

"သခင်လေးကို အထင်မှားပြီး တိုက်ခိုက်မိခဲ့တာကို ခွင့်လွှတ်ဖို့ အနူးအညွတ် တောင်းပန်ပါတယ်... သခင်မလေးက ဟောဒီအထုပ်ကလေးကိုပေးလိုက်ဖို့ မှာလိုက်ပါတယ်... "

သူသည် အထုပ်ကလေးကို လက်နှစ်ဖက်ဖြင့် ရိုရိုသေသေပေးလေ၏။

ကျွန်းတင့်ရီ လှမ်းယူလိုက်ရ၏။

"ကျုပ်ကို ခွင့်ပြုပါဦး... "

အစောင့်က နှုတ်ဆက်ပြီး နောက်ကြောင်းပြန်ပြေးလွှားသွားလေတော့သည်။



ကျွန်းတင့်ရီတို့အချင်းချင်း ကြည့်လိုက်မိကြ၏။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် သူတို့နှစ်ဦးစလုံးကြောင်နေကြသည်။

အတော်လေးကြာမှ...

"ဒါက ဘာသဘောလဲ... "

အားမုန်က ရေရွတ်လိုက်သည်။

ကျွန်းတင့်ရီလည်း နားမလည်နိုင်အောင်ဖြစ်ကာ အထုပ်ကလေးကို ဖွင့်ကြည့်လိုက်လေသည်။

ထိုအခါ အဝတ်အစားတစ်စုံနှင့် မွေးပျံ့နေသော ပဝါတစ်ထည်ကို တွေ့ရ၏။

ရေသုတ်ရန်နှင့် ရေစိုနေသော အဝတ်များလဲလှယ်ရန် ဖြစ်လေတော့သည်။

"ဟာ... "

ကျွန်းတင့်ရီ လွှတ်ခနဲအော်လိုက်သည်။

အားမုန်လည်း အံ့ဩသွားသည်။

"မယုံနိုင်စရာဘဲ... အခုပဲဆိုးလိုက်... အခုပဲကောင်းလိုက်ဖြစ်နေပါလား... "

ကျွန်းတင့်ရီမှာ လျှိုချင်း၏မျက်နှာလေးနှင့် ရေကန်ထဲ၌ နှစ်ကိုယ်ကြားပြောလိုက်သောစကားကို ပြန်လည်ကြားယောင်လာလေသည်။

လျှိုချင်း၏သဘောထားကိုတွေးရင်း သူ၏မျက်နှာပြုံးယောင် သန်းလာတော့သည်။

အားမုန် မျက်မှောင်ကုတ်သွား၏။

"သခင်လေး... ဘယ်လိုဖြစ်တာလဲ... "

"ဩော်... ရေစိုအဝတ်ကြီးနဲ့ ခရီးသွားရမှာထက် အဝတ်အစား လဲလိုက်ရတာ ပိုကောင်းတာပေါ့... ငါ့ရဲ့အခက်အခဲကိုတွေးပြီး ကူညီ လိုက်တဲ့ ညီမလေးလျှိုချင်းရဲ့ အတွေးအခေါ်ကောင်းပုံကိုတွေးပြီး ပြုံး မိတာပါ... ဘာပဲဖြစ်ဖြစ် သူ့ကို ကျေးဇူးတင်ရမှာပဲ... "

"ဟောဗျာ... "

အားမုန်သည် ပဝါလေးကို တယုတယကိုင်ကာ ရေသုတ်ရင်း အဝတ်အစားလဲလိုက်သည့် ကျွန်းတင့်ရီအား ပါးစပ်အဟောင်းသားဖြင့် ကြည့်နေ၏။

ကျွန်းတင့်ရီမှာ စိတ်ဆိုးပုံလုံးဝမရှိဘဲ ပြုံးရွှင်နေ၏။

အားမုန်သည် လျှိုချင်း၏မျက်နှာလေးကိုပြေး၍ မြင်ယောင် လာသည်။

"လက်စသတ်တော့ ဒီလိုကိုး... "

အခြေအနေကို သဘောပေါက်သွားလေ၏။

အခန်း [ ၁၃ ]

## အရေးကြီးသည့် ကိစ္စ

ဟန်ကျူးမြို့...

ကျွန်းတင့်ရီနှင့် အားမုန်တို့သည် ဟန်ကျူးမြို့သို့ ပြန်လည် ရောက်ရှိလာခဲ့ကြလေပြီ။

အိမ်ရောက်သည်နှင့် ဖခင်ကြီးစောင့်မျှော်နေကြောင်းသိလိုက် ရသဖြင့် ကျွန်းတင့်ရီ ချက်ချင်းဝင်တွေ့လိုက်ရ၏။

သူဌေးကြီးကျွန်းပိုမှာ တစ်ဦးတည်းသောသားဖြစ်သော ကြောင့် ကျွန်းတင့်ရီအား အလွန်ချစ်မြတ်နိုးကာ အလိုလိုက်ထား၏။ ယခုလည်း ဆိုးဝါးသောအခြေအနေများကြောင့် ခရီးထွက်သွားသော သားဖြစ်သူအတွက် စိုးရိမ်ပူပန်ကာ စောင့်မျှော်နေခြင်းဖြစ်သည်။

ကျွန်းတင့်ရီ ရောက်လာလျှင် ကျွန်းပိုဝမ်းသာသွားသည်။

"ဟော... သားတောင် ပြန်ရောက်လာပြီကိုး... အတော်ပဲ ဖေဖေမျှော်နေတာ... ဒီရက်ပိုင်းအတွင်းမှာ ပြန်ရောက်မလာရင် လျှို့ဝှက်ဝါဆီကို ဖေဖေလိုက်လာမလို့... "

"ဗျာ... "

ကျွန်းတင့်ရီအံ့ဩသွားလေသည်။

"ဖေဖေက... ဆရာကြီးလျှို့ဝှက်ဝါကို သိတယ်ဟုတ်လား"

ကျွန်းပိုက ခေါင်းညိတ်လိုက်၏။

"သိတယ်... ဒါပေမဲ့ လူချင်းသိပ်ရင်းနှီးတာတော့ မဟုတ်ဘူး သူဟာ သိုင်းလောကရေးရာတွေမှာ စိတ်ဝင်စားပြီး... ဖေဖေကတော့ အရင်က အုပ်ချုပ်မှုတာဝန်တွေယူဖူးတော့... တစ်နည်းမဟုတ် တစ်နည်းနဲ့ ဆက်စပ်မှုရှိနေခဲ့ကြတာပေါ့... ကဲ ပြောပါဦး... သားဟာ အပျော်ခရီးထွက်သွားပါတယ်... ဘယ်က သိုင်းသမားဆိုးတွေနဲ့ သွားပြီးပေါင်းမိရတာလဲ... "

"ကျွန်တော်... "

ကျွန်းတင့်ရီ မည်သို့ပြောရမှန်းမသိ ဖြစ်သွား၏။

ဖခင်ကြီးမှာ အိမ်မှာနေသော်လည်း အပြင်ရောက်သည့်သူ၏ သတင်းများကို သိနေသည်မဟုတ်ပါလား။ ကျွန်းပိုပြုံးလိုက်သည်။

"ဘယ်လိုလဲ... သားအကြောင်းတွေကို ဖေဖေသိနေလို့ သား အံ့ဩနေတာလား... "

"ဟုတ်... ဟုတ်ပါတယ် ဖေဖေ... "



"မအံ့ဩနဲ့လေ... ဖေဖေ့မှာ မိတ်ဆွေသင်္ဂဟတွေအများကြီးရှိနေတာပဲ... ဖေဖေရဲ့ မိတ်ဆွေတစ်ယောက်က သားဟာလူဆိုးတွေနဲ့ ပေါင်းနေတယ်... သားရဲ့မိတ်ဆွေတွေဟာ ဆရာဝမ်ကျွန်းထိုက် တာဝန်ယူရတဲ့ ငွေတချို့ကို လုယူခဲ့ကြတယ်လို့ သတင်းပေးကြတယ်... "

ကျွန်းတင့်ရီ သက်ပြင်းချလိုက်လေသည်။

"ဒီကိစ္စဖြစ်ပွားခဲ့တာ မှန်ပါတယ်... ဒါပေမဲ့ ကျွန်တော်မပါခဲ့ပါဘူး... ဖေဖေ... "

အဖြစ်အပျက်များအား ရှင်းလင်းပြောပြလိုက်လေသည်။

ကျွန်းပို ခေါင်းညိတ်လိုက်သည်

"သားဟာ... ဘယ်တော့မှ မိုက်မဲတဲ့လုပ်ရပ်တွေကို လုပ်မှာမဟုတ်ဘူးဆိုတာ ဖေဖေ ယုံကြည်ပါတယ်... ဒါကြောင့်လည်း သားဟာ လူဆိုးတွေနဲ့ ပေါင်းသင်းခဲ့ပေမဲ့ ဆိုးသွမ်းမဲ့လူမဟုတ်ဘူး...ဖေဖေတာဝန်ယူတယ်လို့ အကြောင်းပြန်လိုက်ပါပြီ... စိတ်ပူစရာမလိုတော့ပါဘူး"

ထိုအခါမှ လျှို့ချင်းသည် သူ၏အကြောင်းသိသွားကာ သဘောထားပြောင်းလဲသွားခြင်းဖြစ်ကြောင်း ကျွန်းတင့်ရီသဘောပေါက်လိုက်လေတော့သည်။

ဖခင်ကြီးအား လွန်စွာမှပင် ကျေးဇူးတင်သွားပြီး ဦးညွှတ်လိုက်လေသည်။

"စိတ်ချပါ ဖေဖေ... ကျွန်တော်ဟာ အလည်အပတ်ခရီးထွက်ရင်း... မိတ်ဆွေတွေရှိခဲ့တယ်ဆိုပေမဲ့ လူဆိုးတွေကိုတော့ အပေါင်း

အသင်းလုပ်မှာ မဟုတ်ပါဘူး... "

"ဖေဖေ... ယုံပါတယ် သားရယ်... ဝမ်ကျွန်းထိုက်ရဲ့ကိစ္စကိုလည်း ကူညီဖြေရှင်းပေးနိုင်အောင် ဖေဖေလည်း စဉ်းစားနေပါတယ် ဆုံးရှုံးသွားတဲ့ငွေတွေကို ဖေဖေစိုက်လျော်ပေးလိုက်မယ်ဆိုရင်... ပြေလည်သွားနိုင်စရာအကြောင်းရှိပါတယ်... "

"ဟာ... ဝမ်းသာလိုက်တာ ဖေဖေရယ်... "

ကျန်းတင့်ရှိ ဟန်မဆောင်နိုင်အောင် ဝမ်းသာသွား၏။ သူ့ဖခင်က ကူညီဖြေရှင်းပေးခြင်းဖြင့် ဝမ်ကျွန်းထိုက်၏အခက်အခဲများ ပြေလည်သွားမည်ဆိုပါလျှင် သူနှင့် လျိုချင်းတို့၏ဆက်ဆံရေးမှာ ပို၍အဆင်ပြေချောမွေ့လာနိုင်သည် မဟုတ်ပါလား... ။

ကြုံကြိုက်နေသဖြင့် ကိုယ်ဖော့ပညာအလွန်တော်သောဘုန်းတော်ကြီးမာပဟိုဖိန်အကြောင်း ပြောပြလိုက်သည်။

"ဖေဖေ... ကျွန်တော်ဟာ ဘုန်းတော်ကြီးမာပဟိုဖိန်နဲ့ မမျှော်လင့်ဘဲ တွေ့ခဲ့ရပါသေးတယ်... ဟန်ဆက်ဘုံကျောင်းက ကိုရင်လေးဆိုရင် ဖေဖေသိတယ်လို့ ပြောပါတယ်... "

"ဟေ... "

ကျန်းပို အံ့သြသွား၏။

ချက်ချင်းပင် ခေါင်းညိတ်ကာ အသိအမှတ်ပြုလေသည်။

"ဖေဖေသိတာပေါ့... တစ်ချိန်က ဟန်ဆက်ဘုံကျောင်းကို လူဆိုးတွေတိုက်ခိုက်ခဲ့တုန်းက... သားရဲ့အဘိုးက နှိမ်နင်းပေးခဲ့ရတာ... သားအဘိုးကျေးဇူးကြောင့် အသက်ဘေးကလွတ်မြောက်လာသူတွေထဲမှာ မာပဟိုဖိန်ဆိုတဲ့ ကိုရင်လေးတစ်ပါးပါခဲ့တာပေါ့... အင်း နှစ်တွေကအတော်ကြာသွားပြီ... စုဖျိန်ဆို သူလည်း ဘုန်းကြီးအိုကြီးတစ်ပါးဖြစ်နေကောပေါ့... "

ကျန်းတင့်ရှိသည် မာပဟိုဖိန်အား အသက်လေးဆယ်ခန့်သာရှိသော လူရွယ်တစ်ယောက်ပမာ အရွယ်တင်စွာရှိနေကြောင်း ကိုယ်ဖော့ပညာအလွန်ကောင်းကြောင်း ပြောမပြတော့ချေ။

ကျန်းပိုသည်လည်း ဆုံးမစကားပြောပြီးဖြစ်၍ ခရီးပန်းလာသည့် ကျန်းတင့်ရှိအား အနားယူခိုင်းလိုက်တော့သည်။

နောက်တစ်နေ့...

ကျန်းတင့်ရှိ နံနက်စာ စားသောက်ပြီးချိန်တွင် အားမုန်အပြေးတစ်ပိုင်းရောက်လာသည်။

"အားမုန်... မင်း ဘယ်လိုဖြစ်လာတာလဲ... "

ကျန်းတင့်ရှိက ဆီး၍မေးလိုက်၏။

အားမုန်က ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြီး လူရှင်းနေသည်ကို တွေ့ရမှ ပြောပြသည်။

"သခင်လေး... ကျွန်တော့်ဆရာ ချန်ရင်ဆက် ဟန်ကျူးမြို့ကိုရောက်နေတယ်... အဲဒါ သူ့ကိုသွားပြီး ဂါရဝပြုမလို့ ဆရာ့ဆီကနေ သိုင်းလောကအကြောင်းသိခွင့်ရနိုင်တယ်... သခင်လေးမရှင်းတဲ့ကိစ္စတွေရှိရင်လည်း မေးလို့ရတာပေါ့... ဒါကြောင့် လာခေါ်တာပါ... "

ကျန်းတင့်ရီ တွေဝေသွားလေသည်။

ချန်အန်း၌ တုံးဖန်းလိူင်တို့နှင့် တွေ့ဆုံသိကျွမ်းခဲ့ရသည်ကိုလည်းကောင်း၊ ကျောက်ထပ်တောင်ရွာနားသိုက်ကိစ္စကိုလည်းကောင်း လေပွေညီနောင်နှင့် သိမ်းငှက်မည်း ရှီကျားတို့၏အကြောင်းများကိုလည်းကောင်း ရှင်းရှင်းလင်းလင်းမဖြစ်ခဲ့၍ သိလိုစိတ်များရှိနေပါ၏။

ဝါရင့်သိုင်းသမားကြီးတစ်ယောက်ဖြစ်သည့် ချန်ရင်ဆက်ကမူ သူသိလိုသောအကြောင်းချင်းရာများအား ပြောပြနိုင်လိမ့်မည်ဟု ယူဆမိသည်။

ထို့ကြောင့်...

"ကောင်းပြီလေ... မင်းအဆင်သင့်ပြင်ထား ဖေဖေအနားယူဖို့ စာဖတ်ခန်းထဲ ဝင်သွားတာနဲ့ ငါထွက်လာခဲ့မယ်... "

အားမှန်ဝမ်းသာသွားသည်... ။

"ကောင်းပါပြီ... သခင်လေး... '

ချက်ချင်းပင် ကျန်းတင့်ရီကို နှုတ်ဆက်ကာ ထွက်သွားလေတော့သည်။



ည...

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေ၏။

လရောင်ဖြင့်-ပတ်ဝန်းကျင်တစ်ခုလုံးသာယာလှပနေသည်။

ညဉ့်နက်ပြီဖြစ်သော်လည်း ကျန်းတင့်ရီ အိပ်မပျော်နိုင်သေးချေ။

ချန်အန်းသို့အလည်တစ်ခေါက်သွားခဲ့ရာမှ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြန်ပြောင်းစဉ်းစားနေမိသည်။

တိုင်းပြည်အရေးရှိသကဲ့သို့ ခံယူချက်ကိုယ်စီဖြင့် လှုပ်ရှားနေကြသော တကွဲတပြားသိုင်းလောကသားများကြောင့် ရှုပ်ထွေးပွေလီမှုများ ဖြစ်ပေါ်နေပါသည်။

တုံးဖန်းလိူင်က သူနောက်လိုက်လိုလျှင် ဆရာတင်ခငွေပေးရမည်ဆိုသောကြောင့် လေပွေညီနောင်နှင့် ရှီကျားတို့က ငွေရှာ အောင် ရှာဖွေရင်း လျို့ချင်း၏ဦးလေးဝမ်ကျန်းထိုက်တာဝန်ယူရသော နေပြည်တော်မှငွေအချို့ကို လုယက်ယူငင်ခဲ့ကြသည်။

ထိုပြဿနာကို အစပြုကာ လျို့ချင်းနှင့် တွေ့ဆုံခဲ့ရ၏။

လျို့ချင်း၏အထင်လွဲမှုခံခဲ့ရသေးသော်လည်း သူ၏ဖခင်ကစာရေးပြီး ဖြေရှင်းပေးသဖြင့် ပြေလည်သွားခဲ့ပြီဖြစ်သည်။

ချန်ရင်ဆက်နှင့် သွားရောက်တွေ့ဆုံ ဂါရဝပြုခဲ့စဉ်ကလည်း ချန်ရင်ဆက်က ဆရာကြီးလျို့ချွန်းဝါမှာ သူနှင့်ရင်းနှီးသော မိတ်ဆွေတစ်ယောက်ဖြစ်ကြောင်း မိမိတို့အတွက် ရှင်းပြပေးမည်ဖြစ်ကြောင်း

အားပေးစကားပြောခဲ့သည်။

ထို့အတွက် လျှိုချင်းနှင့် ခင်မင်ရင်းနှီးရမည့်ကိစ္စမှာ အနှောင့်အယှက်မရှိတော့သည့်အပြင် ဖခင်ကြီးက ဝမ်ကျွန်းထိုက်၏ကိစ္စအား ငွေရေးကြေးရေးအကူအညီပေးမည်ပြောသဖြင့် ပို၍ပင် အဆင်ပြေချောမွေ့သွားတော့၏။

ကျွန်းတင့်ရီသည် လျှိုချင်းနှင့် နီးစပ်နိုင်မည့်အရေးကို တွေးတောရင်း ရင်ထဲပျော်ရွှင်ကြည်နူးကာ ညဥ့်နက်သည့်တိုင်အောင် အိပ်မရနိုင်ဘဲဖြစ်နေတော့သည်။

လျှိုချင်း၏လှပချောမောသော မျက်နှာလေးကိုမြင်ယောင်လာရင်း မနေနိုင်တော့ဘဲ တေးကဗျာတစ်ပုဒ်ကို တီးတိုးရွတ်ဆိုမိလေသည်။

ထိုအခိုက်မှာပင်...

"ဟူး... "

လေမတိုက်ပါဘဲ သစ်ရွက်များမလှုပ်ပါဘဲ လေတိုးသံတစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ကျွန်းတင့်ရီ၏ကဗျာရွတ်ဆိုသံ တစ်ပိုင်းတစ်စဖြင့်ရပ်တန့်သွားပြီး လေတိုးသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်လျှင် မလှမ်းမကမ်း၌ လူရိပ်တစ်ခုရှိနေသည်ကို တွေ့လိုက်ရသည်။

သေသေချာချာကြည့်လိုက်ရာ ဘုန်းတော်ကြီးတစ်ပါးဖြစ်နေသည်ကို တွေ့လိုက်ရသည်။



ဘုန်းတော်ကြီးက ရှေ့တိုးလာ၏။

"ဒကာလေး... ကျုပ်ကိုမမှတ်မိတော့ဘူးလား... "

ထိုအခါမှ ဘုန်းတော်ကြီးမာပဲ့ဖိန်ဖြစ်နေသည်ကို ကျွန်းတင့်ရီသိလိုက်ရသည်။

"ဩော်... တပည့်တော်အဖေကို လာတွေ့တာ ထင်ပါတယ်"

မာပဲ့ဖိန်က ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူးကွဲ့... မင်းကို လာတွေ့တာ... "

"ဘုရား... "

"ကျုပ်မှာ အရေးကြီးတဲ့ကိစ္စတစ်ခုရှိနေတယ်... မင်းကူညီမှ ဖြစ်လိမ့်မယ်... ဒါကြောင့် လာတွေ့တာပါ... "

"ဘုရား... "

ကျွန်းတင့်ရီ ကြောင်အမ်းအမ်းဖြစ်နေ၏။

မာပဲ့ဖိန်ပြောသည့်စကားများကိုလည်း နားမလည်နိုင်အောင်ဖြစ်နေရတော့သည်။

မာပဲ့ဖိန်သည် ကိုယ်ဖော့ပညာပြိုင်စံရှားသော ထိပ်တန်းသိုင်းသမားတစ်ဦးဖြစ်ပါလျက် သိုင်းပညာစိုးစဉ်းမျှ မရှိသည့် သူ့ထံ၌လာရောက် အကူအညီတောင်းခြင်းမှာ သဘာဝမကျဟု ယူဆမိသည်။

ကျွန်းတင့်ရီက ဦးညွတ်ကာပြောလိုက်သည်။

"တပည့်တော်... ဘယ်လိုလုပ် ကူညီနိုင်မှာလဲ ဘုရား... "

"မင်းကူညီနိုင်မှန်းသိလို့ ကျုပ်လာခဲ့တာပဲ... "

"မဖြစ်နိုင်ပါဘူး... တပည့်တော်ဟာ သိုင်းပညာလည်း မတတ် ဘာလဲမတတ်နဲ့... "

"နေဦး... မင်းဟာ တိမ်ဖြူဂိုဏ်းက ဓားဘီလူးနဲ့တွေ့တော့ တုံးဖန်းလှိုင်ရဲ့ အထိမ်းအမှတ်မြားတံဆိပ်ကို ထုတ်ပြပြီး အခက်အခဲက လွတ်မြောက်လာခဲ့တယ် မဟုတ်လား... "

မာပိုဖိန်က လက်ကာပြပြီး ကြားဖြတ်ပြောလိုက်၏။

"ဟင်... "

ကျွန်းတင့်ရီ အံ့သြသွားသည်။

သူ၏အကြောင်းအရာများကို မာပိုဖိန်က သိနေသည်မဟုတ်လား။

"ဒါ အမှန်ပါပဲ... သည်ကိစ္စကို ဘယ်လိုလုပ်ပြီး သိနေတာလဲ အတော့်ကို အံ့သြစရာကောင်းနေပြီ... "

"မအံ့သြနဲ့ တုံးဖန်းလှိုင်ဟာ သိုင်းလောကမှာ နာမည်ကြီးတစ်ယောက်ပဲ... သူနဲ့ပတ်သက်တဲ့ကိစ္စတွေ လျှို့ဝှက်ထားဖို့ ခက်ခဲတယ်ကွဲ... ပြောစမ်းပါ မင်းဆီမှာ မြားတံဆိပ်ရှိနေသေးတယ် မဟုတ်လား"

ကျွန်းတင့်ရီ မတတ်သာဘဲ အမှန်အတိုင်း ဝန်ခံလိုက်ရလေသည်။

"ရှိပါတယ် ဘုရား... "

ယင်းမြားတံဆိပ်ပြားကြောင့် သူ့အပေါ် အထင်လွဲမှားစရာများ ဖြစ်ခဲ့၍ မာပိုဖိန်က မေးလာသောအခါ စိတ်ထဲဘဝင်မကျနိုင်အောင်



ဖြစ်ခဲ့ရသည်ကတော့ အမှန်ပင်... ။

မာပိုဖိန်ကား ဝမ်းသာသွားပုံရသည်။

"ဟန်ကျလိုက်လေကွာ... ဒီမြားတံဆိပ်နဲ့ ဒုက္ခရောက်နေတဲ့ ကျုပ်ရဲ့မိတ်ဆွေတစ်ယောက်ကို ကူညီရလိမ့်မယ်... "

ကျွန်းတင့်ရီက...

"ဘယ်သူ့ကို ကူညီရမှာလဲ... ဒီမြားတံဆိပ်ကို နောင်ကြီးတုံးဖန်းလှိုင်က ပေးခဲ့တယ်ဆိုပေမဲ့ တပည့်တော်သဘောနဲ့ တပည့်တော်ဘာမှ လုပ်လို့ရတာမဟုတ်ပါဘူး... "

"ကိစ္စမရှိပါဘူး... ဒီတစ်ခါတော့ မြားတံဆိပ်ကိုသုံးပြီး လျှို့ဝှက်ဝါတို့သားအဖနှစ်ယောက်ကို မင်းကယ်ရလိမ့်မယ်... "

"ဗျာ... '

လျှို့ဝှက်ဝါ၏အမည်ပါလာလေသောကြောင့် ကျွန်းတင့်ရီပိုပြီး အံ့သြသွားရလေတော့သည်

"သူ... သူတို့ ဒုက္ခရောက်နေတယ် ဟုတ်လား... "

"အင်း... ဝမ်ကျွန်းထိုက်လုယက်ခံရတာကြောင့် လျှို့ဝှက်ဝါတို့က ဖြေရှင်းပေးဖို့ ကြိုးစားနေတာကို... သိမ်းငှက်မည်းရှိကျားက မကျေနပ်ဘူးလေ... သူ့ကိစ္စထဲ ဝင်ရှုပ်ရကောင်းမလားဆိုပြီး လျှို့ဝှက်ဝါတို့ကို ဒုက္ခပေးလိမ့်မယ်... "

ဤတွင် ကျွန်းတင့်ရီသည် ရှိကျား၏မျက်နှာကို ဖြေး၍မြင်ယောင်မိလိုက်လေသည်။

ရှိကျားသည် ရက်စက်ကြမ်းကြုတ်သည့်အပြင် ကောက်ကျစ်စဉ်းလဲမည့်သူဖြစ်ကြောင်း ရှိကျားသည် ဆရာကြီးလျှိုရွှန်းဝါအား ဒုက္ခပေးနိုင်ပါမည်လားဟု တွေးမိသည်။

မာပဟိုဖိန်ကလည်း ကျန်းတင့်ရှီ၏အတွေးကို ရိပ်မိပုံရှိ၏။

"ရှိကျားဟာ သိုင်းလောကက ပျောက်နေတာ အတော်ကြာခဲ့ပြီးမှ အခုမှပြန်ပေါ်လာတာ... သူ့ရဲ့သိုင်းပညာလည်း တိုးတက်လာပုံရတယ်... ဝမ်ကျန်းထိုက်ကို ဒုက္ခပေးနိုင်ခဲ့တာက သက်သေခံနေတာပဲ နယ်ခြားမှာ... သိမ်းငှက်သိုင်းကို ကျိတ်ပြီးလေ့ကျင့်ခဲ့လို့ဖြစ်မယ်... ပြီးတော့ သူတစ်ယောက်တည်း မဟုတ်ဘူး... အဖော်တစ်ယောက်ပါသေးတယ်... "

"လေပွေညီနောင်လား... "

ကျန်းတင့်ရှီ လွှတ်ခနဲ မေးလိုက်လေသည်။

မာပဟိုဖိန် ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး... အမျိုးသမီးတစ်ယောက်ပဲ ရှိကျားထက် နှစ်ဆလောက်ပိုပြီး ကြောက်စရာကောင်းတယ်... ရှိကျားက လျှိုရွှန်းဝါကို ရင်ဆိုင်ရာမှာ သေချာအောင် အကူအညီတောင်းပြီးခေါ်လာတာ... ကျုပ် ကလည်း လျှိုချင်းရဲ့ဆရာနဲ့ ရင်းနှီးနေတယ်... သိုင်းလောကထဲ ထွက် လာတော့ လျှိုချင်းကိုတွေ့ရင် စောင့်ရှောက်လိုက်ပါလို့မှာလိုက်တာနဲ့ သူ့ကိုအခက်ကြုံမဲ့သတင်းကြားလို့ ကူညီဖို့ဆုံးဖြတ်တာပါ... ။

ကျန်းတင့်ရှီ နေမထိ ထိုင်မသာဖြစ်လာလေ၏။



လျှိုချင်းဒုက္ခရောက်မည်ကိုတော့ မည်သည့်နည်းနှင့်မျှ သူမလိုလားချေ။

လျှိုချင်းကို သူချစ်နေမိသည် မဟုတ်ပါလား။

"တပည့်တော် ကူညီချင်ပါတယ်... ဒါပေမဲ့ ဆရာကြီးလျှိုရွှန်းဝါဆီကိုသွားဖို့ဆိုတာ ခရီးကဝေးတော့ အချိန်မီမရောက်နိုင်မှာ စိုးရိမ်ရပါတယ်... "

"မပူနဲ့... "

မာပဟိုဖိန်က ရယ်မာကာ ပြောလေသည်။

"ကျုပ်တာဝန်ထားလိုက်စမ်းပါ... ဒီညပဲ အချိန်မီရောက်ရလိမ့်မယ်... မဟုတ်ဘူးဆိုရင် နှစ်ပေါင်းများစွာ ဒုက္ခခံပြီးလေ့ကျင့်ခဲ့တဲ့ ကျုပ်ရဲ့ကိုယ်ဖော့ပညာတွေ အလကားဖြစ်သွားတော့မှာပေါ့... "

"ဒါဆို... "

"မြားတံဆိပ်ကော... "

"ကျွန်တော့်အိတ်ထဲမှာ အဆင်သင့်ရှိပါတယ်... "

"ဒါဆို... သွားစို့... "

"ကောင်းပါပြီ... "

ကျန်းတင့်ရှီသည် မာပဟိုဖိန်နှင့် လိုက်သွားရန် သဘောတူလိုက်သည်။

မာပဟိုဖိန်က ကျန်းတင့်ရှီ၏ လက်မောင်းကိုဖျတ်ခနဲ ဆွဲကာ ပြေးထွက်သွား၏။

"ဟူး... ဟူး... ဟူး... "

ကျွန်းတင့်ရီမှာ အရုပ်ကလေးတစ်ရုပ်ပမာ မာပုဒ်ဖိန်ဆွဲခေါ်ရာ နောက်သို့ ဇွေ့ခနဲ ပါသွားလေတော့သည်။

~~~~~~~

အခန်း [ ၁၄ ]

## အချစ်၏ အစ

"ဟူး... ဟူး... ဟူး... "

ကျွန်းတင့်ရီ၏နားထဲ၌ လေတိုးသံများ တစ်ဟူးဟူးမြည်နေ၏။

မာပုဒ်ဖိန်၏အပြေးနှုန်းမှာ မြင်းတက်ကောင်ထက်ပင် လျှင်မြန်နေခြင်းကြောင့် ပတ်ဝန်းကျင်ရှိ တောအုပ်များ၊ သစ်ပင်ချုံနွယ်များ တောင်ကုန်းတောင်တန်းများမှာ တရိပ်ရိပ်ကျန်ရစ်ခဲ့သည်။ ကြာသော် ကျွန်းတင့်ရီ မျက်လုံးများပြာဝေလာပြီး ဦးခေါင်းထဲမူးနောက်လာသဖြင့် မျက်လုံးမှိတ်ထားလိုက်ရ၏။

"တို့... အချိန်မီကလေးပဲ... "

မာပုဒ်ဖိန်က ခြေလှမ်းရပ်လိုက်သဖြင့် မျက်လုံးဖွင့်ကြည့်လိုက်
~~~~~~~

ရာ မလှမ်းမကမ်း၌ မီးရောင်များ ထိန်ထိန်လင်းနေသော အိမ်ကလေး တစ်လုံးရှိနေသည်ကို တွေ့လိုက်ရလေတော့သည်။

ထိုအိမ်ကလေးမှာ လျှိုချွန်းဝါ၏ အိမ်ဖြစ်ပါတော့သည်။

ကျွန်းတင့်ရီသည် လျှိုချင်းတို့အတွက် စိတ်ပူနေခြင်းကြောင့် မာဟိုဖိန်၏ ကိုယ်ဖော့ပညာကို ချီးကျူးဖို့ပင် မေ့လျော့နေတော့၏။

မာဟိုဖိန်က အိမ်အနောက်ဘက်သို့ ညွှန်ပြလိုက်၏။

"အိမ်ရှေ့က မသွားနဲ့... အနောက်ဘက်က ကျော့ပတ်ပြီးဝင် သွားပါ လျှိုချွန်းဝါထက်စာရင် လျှိုချင်းက သိုင်းပညာနည်းသေးတယ် သူ့ကို အရင်ရှာပြီး ကူညီပါ... ကိစ္စပြီးရင် ချက်ချင်းပြန်လာခဲ့ရမယ်"

"ကောင်းပါပြီ... "

ကျွန်းတင့်ရီ ထွက်သွားရန်ဟန်ပြင်လိုက်စဉ် မာဟိုဖိန်က ဟန့် တားလိုက်လေသည်။

"နေဦး... "

ကျွန်းတင့်ရီ ခြေလှမ်းရပ်ကာ လှည့်ကြည့်လိုက်လျှင် မာဟိုဖိန် က တည်ကြည်သောမျက်နှာထားဖြင့် မှာကြားလေသည်။

"သူတို့ မေးရင် ငါ့အကြောင်းမပြောနဲ့... မင်းဘာသာ အဆ ပြောသလို ကြည့်သာပြော... သိုင်းလောကထဲ ငါဆင်းလာတာ လော လောဆယ် ဘယ်သူ့ကိုမှ မသိစေချင်သေးဘူး... "

ကျွန်းတင့်ရီ ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ... ဘုရား... "



"ကဲ... ဒါဖြင့် သွားတော့... "

ကျွန်းတင့်ရီလည်း လျှိုချင်းအား ကူညီနိုင်ရန် ခပ်သွက်သွက် ပြေးသွားလေတော့သည်။

လျှိုချွန်းဝါ၏အိမ်မှာ မီးရောင်များထွက်ပေါ်နေသော်လည်း အသံဗလံမကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်။

ကျွန်းတင့်ရီက အိမ်အနောက်ဘက်သို့ ကျော့ပတ်ကာသွားနေ စဉ်မှာပင်...

"ချွမ်း... ချွမ်း... ချွမ်း... "

အိမ်ရှေ့မှ ထူးခြားသောအသံများထွက်ပေါ်လာသည်ကိုကြား သိလိုက်ရလေသည်။

ကျွန်းတင့်ရီ ဇဝေဇဝါဖြစ်ကာ ခြေလှမ်းရပ်သွား၏။ သို့သော် မလှမ်းမကမ်းရှိ အခန်းတစ်ခုအတွင်းမှ မီးခိုးများထွက်ပေါ်နေသည်ကို တွေ့လိုက်ရ၏။

"ဟာ... မီးလောင်နေပါလား... "

ကျွန်းတင့်ရီ ဘာမှတွေးမနေတော့ဘဲ ထိုအခန်းဆီသို့ ပြေး သွားကာ အသင့်ဖွင့်ထားသောပြတင်းပေါက်မှတစ်ဆင့် အခန်းတွင်းသို့ ခုန်ဝင်လိုက်သည်။

ထိုအခန်းမှာ မိန်းမပျိုလေးတစ်ယောက် အိပ်ခန်းဖြစ်နေပါ သည်။

အခန်းတွင်းသို့ ရောက်လျှင် အဝတ်အစားများ ခြင်ထောင်

များကို စုပုံကာ မီးရှို့ထားသည်ကို တွေ့ရ၏။

ထို့အပြင် ကြိုးတုပ်ခံထားရသော မိန်းကလေးတစ်ယောက်ကို လည်း တွေ့ရလေသည်။

ထိုမိန်းကလေးကား လျှိုချင်းဖြစ်နေပါတော့သည်။

"ညီမ... "

ကျန်းတင့်ရီ ကပျာကယာသွားပြီး လျှိုချင်းအား ကြိုးဖြေပေး လိုက်သလို မီးကိုလည်း ငြိမ်းသတ်လိုက်လေသည်။

လျှိုချင်း အံ့ဩသွားသည်။

"ရှင်... ရှင် ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ... "

ကျန်းတင့်ရီ လက်ကာပြလိုက်သည်။

"ဒါက အရေးမကြီးဘူး... ညီမရဲ့ အဖေကို ကူညီနိုင်ဖို့ပါအရေး ကြီးတယ်... "

"ဟုတ်တယ် ဖေဖေနဲ့ သိမ်းငှက်မည်းကြီးတို့ တိုက်ခိုက်နေကြ တယ်... သူနဲ့ ပါလာတဲ့ အမျိုးသမီးက တော်တော်ကြောက်စရာကောင်း တယ်... အစ်ကို မြန်မြန်လိုက်ခဲ့... "

"ကောင်းပြီ... "

နှစ်ယောက်သား အခန်းတွင်းမှ ပြေးထွက်သွားကြပြီး ဧည့် ခန်းထဲသို့ရောက်လျှင် တိုက်ပွဲတစ်ခုအား တွေ့မြင်လိုက်ရလေသည်။

လျှိုချွန်းဝါသည် အသက်သုံးဆယ်ငါးနှစ်ခန့်ရှိသော အစိမ်း ရောင်ဝတ်အမျိုးသမီးတစ်ယောက်နှင့် တိုက်ခိုက်နေ၏။



သိမ်းငှက်မည်းရှိကျားက မလှမ်းမကမ်း၌ရပ်ကာ အခြေ အနေစောင့်ကြည့်နေပြီး တစ်ချက်တစ်ချက် အခိုက်ဖမ်းကာ လျှိုချွန်းဝါ အား လက်နက်ပုန်းဖြင့် ပစ်လိုက်၏။

လျှိုချွန်းဝါလည်း သတိကြီးစွာထားကာ ရှိကျားပစ်လိုက်သည့် လက်နက်ပုန်းများကို အားလပ်နေသော လက်တစ်ဖက်ဖြင့် ရိုက်ချနေရ သည်။

ကျန်းတင့်ရီကြားခဲ့ရသောအသံမှာ လျှိုချွန်းဝါက ရှိကျား၏ လက်နက်ပုန်းများကို ရိုက်ချလိုက်၍ လက်နက်ပုန်းကလေးများ ကြမ်း ပြင်ပေါ်ကျသွားသော အသံဖြစ်သည်

လျှိုချင်းသည် ဖခင်အခက်ကြုံနေသည်ကို မြင်လျှင်...

"ဖေဖေ... "

ဟုခေါ်ကာ ကူညီရန် ပြေးဝင်သွားလေသည်။

သို့သော် သူမမှာ ဖခင်အနီးသို့ပင် မရောက်လိုက်ပါချေ။

"သွားစမ်း... "

အမျိုးသမီးက လက်ဝှေ့ယမ်းလိုက်လျှင် ပြင်းထန်သော လေ ဟုန်သံများ ထွက်ပေါ်လာကာ...

"ဝုန်း... "

လျှိုချင်းမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရတော့သည်။

"ဟာ... "

ကျန်းတင့်ရီ လွှတ်ခနဲ အော်လိုက်သည်။

မာပဟိုဖိန့်ပြောသည့်အတိုင်း လူျှိုချင်းတို့သားအဖ အခက်ကြုံနေရမှန်း ကောင်းကောင်းကြီးနားလည်သွား၏။

အချိန်မဖြုန်းတော့ဘဲ တုံးဖန်းလှိုင်၏ မြားတံဆိပ်ကို ထုတ်ယူကာ လက်ထဲကိုင်မြှောက်ရင်း ရှေ့တိုးလိုက်လေသည်။

"အားလုံးရပ်လိုက်ကြပါ... သည်မှာ ဘာပစ္စည်းလဲဆိုတာကြည့်ပါဦး... "

သူ၏စကားကြောင့် အမျိုးသမီးကော ရှိုကျားပါ လှမ်းကြည့်လာကြလေသည်။

ရှိုကျားသည် ကျွန်းတင့်ရီကို မြင်လျှင် မျက်မှောင်ကုတ်သွား၏။

"မင်းကိုး... "

အမျိုးသမီးကား အရွယ်ရလာသည့်တိုင် ချောမောလှပသူတစ်ယောက်ဖြစ်ကြောင်း ပေါ်လွင်နေ၏။

စိတ်ထင်ရာပြုလုပ်မည့် အသွင်သဏ္ဍာန်လည်း ရှိလေသည်။

သူမသည် ကျွန်းတင့်ရီ၏လက်ထဲမှ မြားတံဆိပ်ကိုမြင်လျှင် အံ့ဩသွားလေသည်။

"ဒါဟာ... မောင်လေး တုံးဖန်းလှိုင်ရဲ့ အမှတ်အသားပဲ... "

ကျွန်းတင့်ရီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ... သိုင်းလောကမှာ သည်တံဆိပ်ကိုမြင်ရင် အစ်ကိုကြီးတုံးဖန်းလှိုင်ကိုယ်တိုင်ရောက်လာတယ်လို့ သ... တားကြပါတယ်... "

"အို... ဒါ အမှန်ပဲပေါ့... "

အမျိုးသမီးက ကျွန်းတင့်ရီ၏စကားကို သဘောတူလိုက်၏။ ကျွန်းတင့်ရီ အားတက်သွားကာ ဆက်ပြောလိုက်၏။

"အစ်ကိုကြီးတုံးဖန်းလှိုင်က တိုက်ပွဲကိုရပ်လိုက်စေချင်ပါတယ် ...ရာကြီးလူျှိုချွန်းဝါတို့ကို နှောင့်ယှက်တာလည်း မလိုလားပါဘူး... "

အမျိုးသမီး သက်ပြင်းချလိုက်သည်။

"အင်းလေ... သူ မနှစ်သက်တဲ့ကိစ္စဆိုရင်... လုပ်လို့ ဘယ်ဖြစ်...လဲ... ဝေးဝေးရှောင်ရမှာပေါ့... "

သူမသည် ဆက်၍တိုက်ခိုက်ခြင်းမပြုတော့ဘဲ နောက်ဆုတ်...က်လေသည်။

ရှိုကျားမကျေမနပ်ဖြစ်သွား၏။

ဘာမှမပြောသော်လည်း သူ၏မျက်ဝန်းအစုံ၌ ကောက်ကျစ်...လသော အရိပ်အယောင်များ အထင်းသားပေါ်လွင်နေသည်။

အမျိုးသမီးသည် ကျွန်းတင့်ရီ မည်သူမည်ဝါဖြစ်သည်။ ...ယ်ကြောင့်ရောက်လာသည်ကို မမေးပါ။ တုံးဖန်းလှိုင်၏ မျက်နှာ...င် ပြုံးရွှင်သောမျက်နှာထားဖြင့် ရင်းရင်းနှီးနှီးပြောလေသည်။

"မသွားတော့မယ်... မောင်လေးတုံးဖန်းလှိုင်နဲ့တွေ့ရင် မမ...က်များက သူ့ကို အမြဲသတိရနေမှာပါဆိုတာကို ပြောဖြစ်အောင်...ပိုက်ပါ... "

စကားဆုံးလျှင် ချာခနဲလှည့်ထွက်သွားလေသည်။

ဤတွင် ရှိကျားလည်း တစ်ယောက်တည်းမနေရဲတော့သည့်အလား ပြေးလွှားလိုက်ပါသွားလေတော့သည်။

ပေးရက်ချားဆိုသော အမျိုးသမီးနှင့် ရှိကျားတို့ထွက်သွ ကြသဖြင့် ကျွန်းတင့်ရီစိတ်သက်သာရာရသွား၏။

"ဟင်း... "

ထိုအခါကျမှ သူသက်ပြင်းချနိုင်တော့သည်

လျှိုချင်းတို့အား ကူညီနိုင်ပြီဟူ၍ ဝမ်းသာသွားသည်။

လျှိုဆွန်းဝါလည်း ဝမ်းသာသွား၏... ။

"ငါ့တူကို ကျေးဇူးတင်ပါတယ်... ဒီကနေ့ည ငါ့တူသာရော မလာဘူးဆိုရင်... ပေးရက်ချားဟာ အတော်ကိုကြောက်စရာကော တာ... သူက ဦးတို့ကို သတ်တော့မှာ... "

ကျွန်းတင့်ရီက ပြုံးလိုက်သည်။

"ကျွန်တော့်ကို ကျေးဇူးတင်ဖို့ မလိုပါဘူး ခင်ဗျာ... ခုလို နိုင်တာကိုပဲ ဝမ်းသာလှပါပြီ... "

လျှိုဆွန်းဝါက မရှင်းသည်ကို မေးလိုက်၏။

"ငါ့တူကို တုံးဖန်းလှိုင်က လွှတ်လိုက်တာလား... "

"ဟုတ်ပါတယ်... ခင်ဗျား... "

မာပိုဖိန်က သူ့အကြောင်းပြောမပြရန် မှာထားသဖြင့် တင့်ရီလည်း အဆင်ပြေသလိုပြောလိုက်ရလေသည်



လျှိုဆွန်းဝါ သက်ပြင်းချလိုက်၏။

"အင်း... ကျုပ်တို့က တုံးဖန်းလှိုင်ကို ဘယ်တုန်းကမှ အကောင်းမြင်ခဲ့ကြတာ မဟုတ်ဘူး... ခုလို ဒုက္ခရောက်နေတဲ့အချိန်ကျ တော့ သူက ကူညီဖို့ ဝန်မလေးပါလား... ရှိကျားကတော့ လူယုတ်မာ တစ်ယောက်ပဲ... ကျုပ်ယောက်ဖဝမ်ကျန်းထိုက်ဆီက ငွေတွေလုယက် သွားတာလည်း သူပဲ... ခုလည်း ဒီကိစ္စကို ဆက်မလိုက်ဖို့ ကျုပ်ကိုလာ ပြီး ခြိမ်းခြောက်တာ... ပေးရက်ချားကိုလည်း သူပဲခေါ်လာတာ... အင်း... ပေးရက်ချားက တုံးဖန်းလှိုင်ကို တစ်ဖက်သက်မေတ္တာရှိနေ တော့ တုံးဖန်းလှိုင်က ကျုပ်ကိုတိုက်ခိုက်တာ မလိုလားဘူးဆိုတာနဲ့ ချက်ချင်းလက်လျှော့ပြန်သွားတာပဲ... "

ယခုမှ အစိမ်းရောင်မိန်းမချောသည် မြားတံဆိပ်ကိုတွေ့ရ သည်နှင့် ဆက်၍တိုက်ခိုက်ခြင်းမပြုတော့ဘဲ မိမိဖြစ်စေလိုသည့်အတိုင်း လက်လျှော့ပြန်သွားရသည့်အကြောင်းရင်းကို ကျွန်းတင့်ရီ သိလိုက်ရ လေတော့သည်။

တုံးဖန်းလှိုင်မှာ သိုင်းလောက၌ အကြောင်းအမျိုးမျိုးဖြင့် အရှိန်အဝါကြီးနေသူတစ်ယောက်ဖြစ်ကြောင်း တစ်စထက် တစ်စ လက် ခံလာမိတော့သည်။

တစ်ဖန်...

"ကျုပ်က မင်းကိုအထင်လွဲခဲ့မိတာ ခွင့်လွှတ်စေချင်တယ်"

လျှိုဆွန်းဝါက တောင်းပန်လေသည်။

လျှိုချင်းလည်း မနေနိုင်တော့ဘဲ ဝင်ပြော၏။

"ကျွန်မ မှားယွင်းခဲ့မိတာတွေကိုလည်း တောင်းပန်ပါတယ်ရှင်... "

သားအဖနှစ်ယောက်စိုင်း တောင်းပန်နေကြသဖြင့် ကျန်းတင့်ရီ မျက်နှာမထားတတ်အောင် ဖြစ်သွားလေသည်။

ထို့အပြင် လျှိုချွန်းဝါတို့အား ကူညီပြီးသည်နှင့် ချက်ချင်းပြန်ခဲ့ရန် မာပတိုဖိန်မှာကြားလိုက်သည်ကို သတိရလာ၏။

ညအချိန်မတော် အိမ်မှပျောက်သွားသဖြင့် ဖခင်ကြီးကလည်း စိတ်ပူနေမည်ဖြစ်လေသည်။

ကျန်းတင့်ရီက ဦးညွှတ်လိုက်သည်။

"ကျွန်တော့်အပေါ်မှာ အထင်မှားပြီးဖြစ်ပျက်ခဲ့တာတွေကို ဘယ်လိုမှ သဘောမထားပါဘူး ခင်ဗျာ... ရှိကျားတို့လည်း သွားကြပြီဆိုတော့ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး... တခြားအရေးကြီးတဲ့ကိစ္စတွေလည်း ရှိနေသေးလို့ပါ... "

အရေးကြီးသောကိစ္စရှိသည်ဟု ထည့်ပြောလိုက်ခြင်းကြောင့် လျှိုချွန်းဝါတို့သည် တားလိုသော်လည်း မတားကြတော့ချေ။

"ကောင်းပြီလေ... နောက်လည်း ကျုပ်တို့အိမ်ကို ဝင်ထွက်သွားလာနိုင်ပါတယ်... ကဲ သမီး... သူ့ကို လိုက်ပို့ပေးပါ... "

"ဟုတ်ကဲ့... ဖေဖေ"

ကျန်းတင့်ရီသည် လျှိုချွန်းဝါအား နှုတ်ဆက်ကာ လျှိုချင်းနှင့်



အတူ ထွက်လာခဲ့လေတော့သည်။

လရောင်ဖြာကျနေသဖြင့် ဝန်းကျင်တစ်ခုလုံး သာယာနေ၏။

ညသည် အေးမြသော်လည်း ကျန်းတင့်ရီ၏ရင်ထဲ၌ကား နွေးနွေးထွေးထွေးဖြစ်နေ၏။

တိတ်တခိုးမေတ္တာသက်ဝင်မိသော လျှိုချင်းနှင့်အတူတွဲ၍ လျှောက်လာခဲ့ကြသည် မဟုတ်ပါလား။

အိမ်ကလေးနှင့် ခပ်လှမ်းလှမ်းသို့ရောက်၍လာကြသောအခါ လျှိုချင်းက ပြုံး၍ မေးလေသည်။

"ဟိုတစ်နေ့က ရှင့်ကိုရောကန်ထဲပစ်ချလိုက်လို့ ကျွန်မကို စိတ်ဆိုးနေတယ် မဟုတ်လား... "

ကျန်းတင့်ရီ ပျာပျာသလဲဖြစ်သွားသည်။

"ဟာ... စိတ်မဆိုးပါဘူး... တကယ်ပါ... "

"အင်းလေ... ကျွန်မကလည်း အထင်လွဲပြီး စိတ်ဆိုးအောင် လုပ်ခဲ့မိတာကို တောင်းပန်ပါတယ်... "

"ကိစ္စမရှိပါဘူးဗျာ... ဘယ်လိုမှ သဘောမထားပါနဲ့တော့..."

"ရှင် စိတ်မဆိုးဘူးဆိုတာ... ဒီနေ့ည ကူညီခဲ့တာကို ကြည့်ရင် သိနိုင်ပါတယ်... ကျေးဇူးတင်ပါတယ်ရှင်... "

ကျန်းတင့်ရီ သက်ပြင်းချလိုက်သည်။

"ညီမရယ်... ကျုပ်ကိုခင်မင်တယ်ဆိုရင် ကျေးဇူးတင်တယ်ဆိုတဲ့ စကားမပြောပါနဲ့လား... "

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ရယ်မိကြ၏။

နှစ်ဦးသားရင်ထဲ ခံစားချက်ကိုယ်စီရှိနေကြသော်လည်း ဖွင့်ပြောဖို့ အချိန်စောလွန်းသေးသည် မဟုတ်လား။

လှိုင်ချင်းက စကားလမ်းကြောင်းပြောင်းလိုက်လေသည်။

"အစ်ကိုနဲ့ တုံးဖန်းလှိုင်တို့ဟာ အတော့်ကိုရင်းနှီးကြတာပဲ"

"ဟုတ်တယ်... ညီမ"

"တုံးဖန်းလှိုင်က ကျောက်ထပ်တောင်ရွာနားကိစ္စလုံးပမ်းနေတယ်ဆိုတာ အစ်ကိုသိမှာပေါ့... "

ကျွန်းတင့်ရီ ခေါင်းညိတ်လိုက်သည်။

"သိသင့်သလောက်တော့ သိပါတယ်... "

"ဒါဖြင့်... အစ်ကိုပါ သိုင်းပြိုင်ပွဲကို သွားမယ်ပေါ့... "

"ဟင်... "

သိုင်းပြိုင်ပွဲဆိုသောစကားကြောင့် ကျွန်းတင့်ရီ နားမလည်နိုင်အောင်ဖြစ်သွားရလေသည်။

လှိုင်ချင်းက ဆက်ပြောလာသည်။

"ဖေဖေလည်း စိတ်ဝင်စားနေတယ်... ကျောက်ထပ်တောင်ကို သွားဖြစ်မယ်ထင်တာပဲ... "

"ဩော်... "

"ကျွန်မတို့ ပြန်တွေ့ကြသေးတာပေါ့ရှင်... "



အင်းမလုပ် အဲမလုပ်ဖြစ်နေသော ကျွန်းတင့်ရီမှာ ယခုတစ်ကြိမ်၌မူ စိတ်ပါလက်ပါပြောလိုက်လေသည်။

"စိတ်ချပါ... ကျုပ်တို့ ပြန်ဆုံကြမှာပါ... "

လှိုင်ချင်းက မော့ကြည့်လာ၏။

သူမ၏မျက်လုံးလေးများ အရောင်ရွှန်းလဲ့တောက်ပနေ၏။

ကျွန်းတင့်ရီလည်း သူမအား စိုက်ကြည့်လိုက်မိသည်။

လှိုင်ချင်း၏မျက်နှာလေး နီမြန်းသွားသည်။

"ကျွန်မ သွားတော့မယ်... "

ချက်ချင်း ခေါင်းကလေးငုံ့ကာ နောက်လှည့်ပြေးထွက်သွားသည်။

ကျွန်းတင့်ရီမှာ ရင်ထဲဟာ၍ ကျန်ရစ်ခဲ့လေတော့သည်။

## အခန်း [ ၁၅ ]

## အပေးအယူ

ညသည် ပြန်လည်တိတ်ဆိတ်သွား၏။

လျှို့ချင်း ပြန်သွားလေသည်။

ကျွန်းတင့်ရီကား တွေဝေငေးမောလျက် မလှုပ်မယှက်ရပ်ကာ ကျွန်ရစ်ခဲ့သည်။

ယနေ့ညသည် သူ့ဘဝတွင် အလှပဆုံးညဖြစ်သည်ဟု ကြည်နူး နှစ်သိမ့်မှုများ ခံစားနေရ၏။

ည၌နက်ပြီဖြစ်သော်လည်း အိမ်ပြန်ဖို့ကိုပင် သတိမရနိုင် အောင် ဖြစ်နေတော့သည်။ ကျွန်းတင့်ရီ၏ နှလုံးသားသည် လျှို့ချင်းထံ ၌ ပါသွားသည်။ သို့သော်... သူ ကြည်နူးနေသည်။ နှစ်သိမ့်နေသည်။ ဤသို့သော ရင်သိမ့်ဖိုရခြင်းမှာ သူ့ဘဝ၏ ပထမဆုံးသော ကာလပင် ဖြစ်သည်။



ထိုစဉ်...

"မင်း... သိပ်ပျော်နေတယ် ဟုတ်လား... "

မေးခွန်းသဲ့သဲ့ကို ကြားလိုက်ရသည်။

ကျွန်းတင့်ရီမှာ ပခုံးကို ကြမ်းကြမ်းတမ်းတမ်း ဆွဲကိုင်လှုပ် ယမ်းခံလိုက်ရသဖြင့် သတိဝင်လာကာ လှမ်းကြည့်လိုက်သည်။ သူ... ရှုံ့မှုန်းမိသူတစ်ယောက်အား တွေ့လိုက်ရသဖြင့် အလန့်တကြား ဖြစ် သွားလေတော့သည်။

"ဟင်... ရှိကျား... "

"ဟား... ဟား... ဟား... ဟုတ်ပါတယ်ကွာ... ကျုပ်က ရှိကျား အစစ်ပါ... အတုမဟုတ်ပါဘူး... ပြောစမ်း... တုံးဖန်းလှိုင်နဲ့မင်း ဘယ် တုန်းကတွေ့တာလဲ... မင်းပြောစမ်း... မပြောလို့ကတော့ မလွယ်ဘူး"

ရှိကျားမှာ ရယ်မောနေရာမှ မျက်နှာထား တင်းမာသွားသကဲ့ သို့ လေသံလည်း ပြောင်းသွား၏။

ကျွန်းတင့်ရီ၏ပခုံးကို ခပ်ကြမ်းကြမ်း ဆွဲကိုင်လှုပ်ယမ်းလိုက် သဖြင့် နာကျင်သွားသောကြောင့် ကျွန်းတင့်ရီ၏မျက်နှာ ရှုံ့မဲ့သွားလေ တော့သည်။

"နောင်ကြီးရှိကျား... ကျုပ်ကို သည်လိုမကျိုစယ်သင့်ပါဘူး... ကျုပ်ပခုံးကို ဒီလို ကြမ်းကြမ်းတမ်းတမ်းမကိုင်ပါနဲ့... "

ရှိကျား ခေါင်းညိတ်လိုက်သည်။

"အေး... လွှတ်ပေးမယ်... တုံးဖန်းလှိုင်နဲ့ ဘယ်မှာတွေ့တာ

လဲ... ငါ့ကို မညာနဲ့... မင်းနဲ့ တုံးဖန်းလှိုင် အခုအချိန်မှာ ဘယ်လိုမှ မတွေ့နိုင်ဘူး... အဲဒါကို ငါသိနေတယ်... "

ကျန်းတင့်ရီမှာ လိမ်ညာပြောဆို၍မရနိုင်မှန်း သိသဖြင့် အမှန်အတိုင်း ပြောလိုက်ရသည်။

"သူနဲ့ မတွေ့ပါဘူးဗျာ... နောင်ကြီးအတွက် နောက်ထပ် ပြဿနာတွေ ဖြစ်လာမှာစိုးရိမ်လို့... အစ်ကိုကြီးတုံးဖန်းလှိုင် ပေးထားတဲ့ မြားတံဆိပ်ကို အသုံးချပြီး... ကျုပ်သဘောနဲ့ကျုပ် ကြားက ဝင်ဖြေရှင်းပေးခဲ့တာပဲ... "

ရှိုကျား နှာခေါင်းရှုံ့လိုက်သည်။

"လက်စသတ်တော့... မင်းက တုံးဖန်းလှိုင်ကို ခုတုံးလုပ်ပြီး သူ့ရဲ့ကောင်းဝင်လုပ်ခဲ့တာကိုး... အင်း... မင်း သေချင်လို့ပဲဖြစ်မှာ... "

ကျန်းတင့်ရီ ရင်ထိတ်သွား၏။ သူသည် ရှိုကျားအကြောင်း သိသည်။ ရှိုကျားသည် လောဘကြီးသည်။ ဒေါသကြီးသည်။ သူ့ကို မသတ်ဟု သူမပြောနိုင်ချေ။ သတ်ချင်လည်း သတ်နိုင်သည်။ သူ့အား မသတ်စေရန် တုံးဖန်းလှိုင်၏အမည်ကိုပင် အသုံးပြုရပေလိမ့်မည်။

"ကျုပ်ကို ခုက္ခပေးမယ်ဆိုရင်... ခင်ဗျားရဲ့အစ်ကိုကြီး တုံးဖန်းလှိုင်က သဘောကျမှာမဟုတ်ဘူးဗျ... သူ့ရဲ့ အထိမ်းအမှတ်မြားတံဆိပ်က ကျုပ်အိတ်ထဲမှာ ရှိနေသေးတယ်... အဲဒါကို သတိထားပါ... "

"ဟား... ဟား... ဟား... ကျလည်းကျတဲ့ကောင်ကွာ... "

ရှိုကျားက ဟားတိုက်ရယ်မောလိုက်သည်။



"တုံးဖန်းလှိုင်က မဆိုးပါဘူး... ဒါပေမဲ့... သည်နေရာမျိုးမှာ လူသူအင်မတန် ကင်းရှင်းတာပဲ... ဘယ်သူမှ မသိနိုင်တဲ့နေရာမှာ... မင်းကို ငါကသတ်ပြီး တစ်ချောင်ချောင်မှာ ပစ်ထားလိုက်ရင်... မင်း အလောင်းကို ဘယ်သူရှာတွေ့မလဲ... မင်း မြေလျှိုးမိုးပျံပြီး ပျောက်ကွယ်သွားပြီလို့ ထင်ကြတော့မှာပေါ့... ငါ့ကို ဘယ်သူက တရားခံလို့ ထင်တော့မှာလဲ... မင်းမရှိရင် ငါလည်း ငါ့အလုပ်ကို အေးအေးဆေးဆေးလုပ်ရုံပဲ... "

"ခင်ဗျား... "

"ဟင်း... ဟင်း... ကျောက်ထပ်တောင်က ရတနာတွေအတွက် တုံးဖန်းလှိုင်ဟာ... ငါ့ကို လက်လွှတ်လို့မရသေးပါဘူးလေ... သူ အသုံးချချင်တဲ့လူတွေထဲမှာ... ငါဟာ ထိပ်ဆုံးကပါနေတာပဲ... နှစ်ဦးနှစ်ဖက် အကျိုးရှိမှာမို့... ငါကလည်း သူနဲ့ လက်တွဲနေတယ်ဆိုတာ မှတ်ထားပါ... "

ရှိုကျားသည် ယုံကြည်စိတ်ချ၍မရသော လူစားမျိုးဖြစ်နေပါသည်။ တုံးဖန်းလှိုင်ကို အမှုမထားဘဲ အခွင့်အရေးရတိုက် မိမိအား သတ်ပစ်လိမ့်မည်ဟု ကျန်းတင့်ရီ ယုံကြည်လာသဖြင့် ဇောချွေးများ ပြန်လာတော့သည်။ တုန်လှုပ်လာမိသည်။

"နောင်ကြီးရှိုကျား... ချန်အန်းမှာ ကျုပ်တို့မိတ်ဆွေတွေ ဖြစ်ခဲ့ကြတာပဲ... ဘာကြောင့် ကျုပ်ကို မုန်းတီးနေရတာလဲဗျာ... "

"ဩော်... မင်း ဝင်ရှုပ်ခဲ့တာကော... ဘာပြောမလဲ... မင်း

ကော လျှို့ဝှက်ချက်ဝါးကိုပါ ရှင်းပစ်ရမယ်... ဒါမှ ဝမ်ကျွန်းထိုက်ကို လုယက်ခဲ့တဲ့ကိစ္စ အေးသွားမှာ... ”

ကျွန်းတင့်ရီ ခေါင်းခါယမ်းလိုက်သည်။

“ဒါဆိုရင်တော့ ခင်ဗျားမှားပြီ... နောက်ကြောင်းမအေးတဲ့ အပြင် ပြဿနာတွေတောင် ပိုများလာဦးမယ်... ဆရာကြီးလျှို့ဝှက်ချက်ဝါရဲ့ မိတ်ဆွေတွေက လက်ပိုက်ကြည့်နေပုံမလား... အဖြစ်မှန်ကို သိသွားရင် အစ်ကိုကြီးတုံးဖန်းလှိုင်ကလည်း... ခင်ဗျားကို ချမ်းသာပေးမယ် ထင်သလား... ဝေးပါသေးရဲ့ဗျာ... ”

ရှိုကျားက ခေါင်းမာနေ၏။

“ဘာပဲဖြစ်ဖြစ်... မင်းကို ရှင်းပစ်ရမှာပဲ... မင်းကိုရှင်းပစ်မှ ငါ့ရဲ့ ခလုတ်ကန်သင်း ရှင်းသွားမှာ... ”

“ခင်ဗျားမှာ... ဖြေရှင်းစရာ တခြားနည်းလမ်းတွေ ရှိနေသေးတာပဲဗျာ... ဘာကြောင့် စိတ်လိုက်မာန်ပါ လုပ်ချင်ရတာလဲ... ”

“ဘာကွ... လျှို့ဝှက်ချက်ဝါကြောင့် နေပြည်တော်ကလူတွေ ငါ့ကို သဲကြီးမဲကြီး ဖြစ်လာတော့မယ်... သည့်ကြားထဲ... မင်းက ဝင်ရှုပ်လိုက်သေးတယ်... အားလုံးကို ရှင်းပစ်တာပဲအေးမယ်... ”

ရှိုကျားမှာ ပြောရင်း ဒေါသထွက်လာ၏။ ကျွန်းတင့်ရီ၏ပခုံးကို ဆွဲယမ်းလှုပ်ခါလိုက်သည်။

အခြေအနေမဟန်မှန်းသိ၍ ကျွန်းတင့်ရီ ကပျာကယာ ပြောလိုက်ရသည်။



“သည်ကိစ္စကို... ကျုပ်ဖြေရှင်းပေးမယ်ဆိုရင်ကောဗျာ... ”

“ဘာပြောတယ်... မင်း ရှင်းပေးမယ်ဟုတ်လား... ”

“ဟုတ်တယ်... ကျုပ်ရှင်းပေးမယ်... ”

ရှိုကျား မဲ့ပြုံးပြုံးလိုက်သည်။

“ကဲ... ကဲ... ဘယ်လိုရှင်းပေးမယ်ဆိုတာသာ ပြောစမ်းပါဦး”

ကျွန်းတင့်ရီက တည်ကြည်သော မျက်နှာထားဖြင့် ပြောပြလေသည်။

“ဝမ်ကျွန်းထိုက် လုယက်ခံလိုက်ရတဲ့ငွေတွေကို အစားပြန်လျော်ပေးလိုက်ရင် ပြီးတာပဲမဟုတ်လား... သည်ကိစ္စအတွက် ကျုပ်တာဝန်ယူတယ်... ကျုပ်ပဲ ကြားကစိုက်လျော်ပေးလိုက်မယ်... ဒါဆို... ပြဿနာ ရှင်းသွားပြီပေါ့... ”

ဤတွင် ဒေါပွနေသော ရှိုကျားလည်း ငြိမ်ကျသွားလေတော့သည်။ သူ၏စကားကို စိတ်ဝင်စားသွားမှန်းသိ၍ ကျွန်းတင့်ရီ ဝမ်းသာသွားသည်။

“ခင်ဗျား... သဘောတူတယ်မဟုတ်လား... ”

သူ၏စကားအဆုံးတွင် ရှိုကျားက ခေါင်းခါယမ်းလိုက်သည်။

ကျွန်းတင့်ရီ ခေါင်းကိုက်သွားလေ၏။

“သဘောမတူဘူးကွ... ဘာလဲ... မင်းက ငါ့ကိုအရူးမှတ်နေသလား... သည်လောက်များတဲ့ငွေတွေကို မင်းဘယ်လိုလုပ်ပြီး စိုက်ပေးနိုင်မှာလဲ... ပြောစမ်းပါဦး... ”

ရုတ်တရက်မို့ ကျွန်းတင့်ရီ ထိတ်လန့်သွားသော်လည်း နှိုကျား၏စကားအဆုံး၌ စိတ်သက်သာရာ ရသွားသည်။

"သည်အတွက် မပူပါနဲ့... ကျုပ် ကောင်းကောင်းကြီး စိုက်ပေးနိုင်ပါတယ်... ကျုပ်ရဲ့အဖေဟာ ဟန်ကျူးမှာ ကျိုကျိုတက်ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးကျုန်းပိုဆိုတာ လူတိုင်းသိပါတယ်... ခင်ဗျား ကြားဖူးတယ်မဟုတ်လား... "

"ဟင်... "

နှိုကျား ချက်ချင်းငြိမ်ကျသွား၏။ သူဌေးကြီးကျုန်းပိုဆိုသည် မကြားသိချင်၍လည်း မရပေ... ။

သူ တွေဝေနေသည်။ အခွင့်အရေးကို လက်လွှတ်မခံဘဲ ကျွန်းတင့်ရီက ဖျောင်းဖျလိုက်လေသည်။

"ငွေရေးကြေးရေးအတွက် စိတ်မပူပါနဲ့ဗျာ... ကျုပ် ကြားဝင်ဖြေရှင်းပေးလိုက်ရင်... ခင်ဗျားအတွက် ပြဿနာတစ်ခု ပြေလည်သွားမယ်မဟုတ်လား... ဒါမှမဟုတ်ဘဲ ရှေ့ဆက်တိုးရင် တစ်ပူပေါ် နှစ်ပူဆင့်တာကလွဲပြီး အကျိုးရှိလာမှာမှ မဟုတ်တာ... စဉ်းစားစမ်းပါဗျာ... တစ္ဆတ်ထိုးလုပ်လိုက်တာက လွယ်တယ်... ပြန်ပြင်ရရတာက ခက်တယ်ဗျ... "

နှိုကျား တဖြည်းဖြည်း စိတ်ပြောင်းသွားတော့၏။

ကျွန်းတင့်ရီကို စိုက်ကြည့်လိုက်သည်။

"မင်း... တကယ်ပြောနေတာလား... ညာပြောနေတာလား"



"တကယ်ပါဗျာ... ကျုပ်ပြောတဲ့အတိုင်း မလုပ်ခဲ့ရင်... အချိန်မရွေး ကျုပ်ကို ရန်ပြုနိုင်တာပဲမဟုတ်လားဗျာ... "

"အင်း... "

နှိုကျားသည် ဦးခေါင်းတညိတ်ညိတ် လုပ်နေပြီးမှ သဘောတူလိုက်လေတော့သည်။

"ကောင်းပြီလေ... မင်း ရှင်းပေးမယ်ဆိုရင် ပြီးတာပဲ... ဝမ်ကျုန်းထိုက်နဲ့တွေ့ပြီး ဖြေရှင်းဖို့ကိစ္စကလည်း ရှိသေးတယ်... "

"မပူပါနဲ့ဗျာ... ကျုပ်ပဲ ဆက်သွယ်လိုက်ပါ့မယ်... ကိစ္စအားလုံးပြီးပြတ်သွားအောင် သူနဲ့တိုင်ပင်ပြီး ဆောင်ရွက်လိုက်ပါ့မယ်ဗျာ... "

"ကောင်းတယ်... ဒီလိုဆိုရင် စိတ်ပူစရာမရှိတော့ဘူး... "

"ဒါဆို... ကျုပ်ကိုလွှတ်ပေး... "

"အေး... မင်းနဲ့ငါ အပေးအယူလုပ်တာကို ဘယ်သူမှ မသိစေနဲ့နော်... "

"စိတ်ချပါဗျာ... "

နှိုကျားက ကျွန်းတင့်ရီအား လွှတ်ပေးလိုက်လေသည်။

ကျွန်းတင့်ရီ၏ပခုံးကို နှိုကျားက ကြမ်းတမ်းစွာကိုင်ထား၍ ကျွန်းတင့်ရီမှာ လွန်စွာနေကျင်နေ၏။

ထိုစဉ်...

မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာသည်။

"အဟမ်း... "

ချောင်းဟန့်သံတစ်ချက် ထွက်ပေါ်လာခြင်း ဖြစ်သည်။

ကျွန်းတင့်ရီနှင့် ရှိကျားတို့ ရင်ထိတ်သွားပြီး လှမ်းကြည့်လိုက်သောအခါ မလှမ်းမကမ်းမှ ချုံပုတ်တစ်ခု လှုပ်ရှားသွားပြီး လူတစ်ယောက် တိုးထွက်လာသည်ကို တွေ့လိုက်ရတော့သည်။ မည်သူနည်း။ အဘယ်ကြောင့် ချောင်း၍နားထောင်နေရသနည်း... ။

ထိုလူသည် ချုံပုတ်အပြင်ဘက်သို့ရောက်လျှင် ရယ်ကျဲကျဲဖြင့် ပြောဆိုလာလေ၏။

"မင်းတို့ လုံ့သိမခံချင်တဲ့ကိစ္စကို... ကျုပ် သိသွားပြီ... ဘယ့်နှယ့်လုပ်ကြမလဲ... "

သူက ရယ်စရာအဖြစ် ပြောနေသော်လည်း ရှိကျားအဖို့မှ မသက်သာဖွယ်စကားသာ ဖြစ်တော့သည်။

လူတစ်ယောက်... ။

ဟောင်းနွမ်းပြီး ဖာထေးရာ ဗလပွရှိသော အဝတ်အစားများ ဝတ်ဆင်ထားသူတစ်ယောက်ဖြစ်သည်။

ခြေလက် မျက်နှာများ ညစ်ပတ်ပေကျံနေသလို ဦးခေါင်းပေါ်မှ ဆံပင်များလည်း ကျိုးကန်းသိုက်ပမာ ရှုပ်ပွနေ၏။

တောင်ဝှေးရှည်ကြီးတစ်ချောင်း ကျောဘက်၌ လွယ်ထားကာ တောင်ဝှေးထိပ်ဖျား၌ အရက်အိုးတစ်လုံး ချိတ်ထားသည်။

အရပ်တကာလှည့်၍ တောင်းရမ်းစားသောက်နေသော သူတောင်းစားတစ်ယောက်နှင့် တူလှတော့သည်။



သူ၏စကားသံကို ကြားလိုက်ရသည်က ရုတ်တရက်မို့ ရှိကျား ခေါင်းနားပန်းကြီးသွားသော်လည်း သူ၏ပုံပန်းသဏ္ဌာန်ကို တွေ့ရသောအခါ စိုးရိမ်စိတ်များ ပျောက်ကွယ်သွားသည်။ ဤသူတောင်းစားကို သူ ကြောက်စရာမဟုတ်ဟု သူ ယုံကြည်သွားသည်။

"ဟိတ်... ခင်ဗျားဘယ်သူလဲ... သည်နေရာမှာ ဘာလာလုပ်နေတာလဲ... ဘာကြောင့် ကျုပ်တို့ပြောဆိုနေတာကို ချောင်းပြီးနားထောင်ရတာလဲ... "

အသံမာမာဖြင့် ဆီးဝေါက်လိုက်လေသည်။

ထိုလူက ရယ်မောလိုက်၏။

"ငါက လူလေကွာ... လူဆိုတော့ လူ့စကားနားလည်တာပေါ့... ငါ့ဘာသာ ချုံပုတ်ထဲ အိပ်နေတာ... မင်းတို့က အနားလာပြီး ပြောဆိုနေကြတော့... မင်းတို့ပြောတဲ့စကားတွေ ငါ့နားထဲဝင်လာပြီး အလိုလိုကြားခဲ့ရတာပေါ့... ဘာကြောင့် ငါက ချောင်းပြီးနားထောင်ရမှာလဲ... မင်းက လူတကာကို ချောင်းနားထောင်နေတဲ့ လူတွေချည်း ထင်နေသလား... "

"ဘာဗျ... "

ထိုလူ၏ ပြက်ချော်ချော်စကားကြောင့် ရှိကျား ဒေါပွသွားတော့သည်။

"ခင်ဗျား... သေချင်ပြီထင်တယ်... "

"ဟော... "

"ကျုပ်နောက်ကို... ခင်ဗျားလိုက်ချောင်းနေတာမဟုတ်လား"

"ဟေ့... မင်း ဘာတွေပြောနေတာလဲ... "

"ဘာပြောရမလဲ... ခင်ဗျားကို ရှင်းပစ်ရမယ်... "

ရှိကျားက ဓားဆွဲထုတ်လိုက်လျှင် ထိုလူ မျက်လုံးပြူးသွား၏။

ရှိကျား၏ဓားကို စိုက်ကြည့်ရင်း အမလေးတလိုက်သည်။

"အမလေး... ကြောက်စရာပါလား... ဓားကြီးနဲ့... ဓားဆိုတာ ဟင်းသီးဟင်းရွက် ခုတ်လို့လည်းရတယ်... လူသတ်လို့လည်း ရတယ်နော်... မင်း မနောက်နဲ့... "

ထိုသူသည် ကြောက်ချင်ဟန်ဆောင်နေကြောင်း သိသည်။ ထိုလူ၏ စကားသံနှင့် အမူအရာတို့ကြောင့် ရှိကျား စိတ်မထိန်းနိုင်တော့ပါ။

"သေဖို့သာပြင်ထား... "

ဓားဝှေ့ယမ်းကာ ကြိုးဝါးရင်း တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်လေတော့၏။

ထိုလူက ခုခံခြင်းမပြုဘဲ ထွက်ပြေးလေ၏။

"ကယ်တော်မူပါ... "

ကျယ်လောင်စွာ အော်ဟစ်ကာ ထွက်ပြေးသွားတော့၏။

"မပြေးနဲ့... "

ရှိကျားလည်း တစ်ဟုန်ထိုး ပြေးလိုက်သွားလေတော့သည်။

မမျှော်လင့်ဘဲ ထွက်ပေါ်လာသော သူတောင်းစားတစ်



ယောက်ကြောင့် အခြေအနေ ပြောင်းလဲသွားသည်။

ထိုသူတောင်းစားသည် ရှိကျားအား အမှန်တကယ်မကြောက်ဘဲ ကြောက်ချင်ဟန်ဆောင်နေကြောင်း ကျွန်းတင့်ရီ ရိပ်မိသည်။

သူ စိတ်ဝင်စားနေသဖြင့် သူဖုန်းစားနှင့် ရှိကျားတို့နှစ်ယောက် ပြန်ရောက်လာကြလေမည်လားဟု စောင့်ကြည့်နေလိုက်မိ၏။

ထိုအချိန်မှာပင်...

"မင်း ဘာလုပ်နေတာလဲ... ရှိကျား ရောက်မလာခင် မြန်မြန် ထွက်သွားပါတော့လား... "

အော်ငေါက်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျွန်းတင့်ရီ ရင်ထိတ်သွား၏။

ကပျာကယာ လှမ်းကြည့်လိုက်သောအခါ...

"ဟူး... "

လေတိုးသံနှင့်အတူ လူရိပ်တစ်ခု လျင်မြန်စွာ ရွေ့လျားရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူကား ဘုန်းတော်ကြီးမာဟိုဖိန် ဖြစ်ပါတော့၏။

ကျွန်းတင့်ရီ ဝမ်းသာသွားသည်။ မာဟိုဖိန်သည် စောစောကပင် ရောက်လာသင့်သည်။ သူ ပြဿနာပြီးမှ ရောက်လာခဲ့သည်။

"ကျွန်တော်ဟာ... ဆရာကြီးလျို့ချွန်းဝါတို့ကို ကူညီနိုင်ခဲ့ပါပြီ... ဟေးရက်ချားဆိုတဲ့ အမျိုးသမီးလည်း ထွက်သွားပါပြီ... သူက

တုန်းဖန်းလှိုင်ရဲ့ တံဆိပ်ပြားကို တကယ်အလေးထားတာပဲ... "

မာဟိုဇိန် ခေါင်းညိတ်လိုက်သည်။

"ဒါတွေအားလုံး... ငါသိပြီးပြီ... ရှိကျားက သူ့အကြံ မအောင်လို့ မင်းအပေါ် မကျေမနပ်ဖြစ်နေတယ်... သည်မှာနေတာ အန္တရာယ်များတယ်... ကဲ ပြန်ကြစို့... "

စကားဆုံးလျှင် ကျွန်းတင့်ရီ၏လက်မောင်းကိုဆွဲကာ လျှင်မြန်စွာ ပြေးလွှားသွားလေတော့သည်။

ကျွန်းတင့်ရီလည်း အလာတုန်းကကဲ့သို့ပင် မာဟိုဇိန်ခေါ်ဆောင်ရာနောက်သို့ အရုပ်ကလေးတစ်ရုပ်ပမာ ပါသွားရှာတော့သည်။

သို့ဖြင့် ကျွန်းတင့်ရီသည် မိုးမလင်းမီ သူ၏အိမ်သို့ ပြန်လည်ရောက်ရှိလာလေတော့သည်။

~~~~~~~

အခန်း [ ၁၆ ]

## သိမ်းငှက်မည်းဓါးကွ

ရာသီဥတုမှာ သာသာယာယာ ရှိနေသည်။

ဟန်ကျူးသည်လည်း ထုံးစံအတိုင်း စည်ကားသိုက်မြိုက်နေသည်၊ အခြားမြို့များ လန့်ဖျပ်နေကြသော်လည်း ဟန်ကျူးကတော့ ဟန်မပျက်ပေ။

နယ်ခြားတွင် နယ်ချဲ့မန်ချူးမျိုးများက ကျူးကျော်တိုက်ခိုက်လာနေကြသည်။

နေရာအနှံ့အပြား၌ တောကြောင်များ ထကြွနေ၏။

သိုင်းလောက၌လည်း ရှုပ်ထွေးနေသည်။

နန်းတွင်း၌ ကျုံကျင်ဘုရင် နာမကျန်းဖြစ်နေချိန်တွင် မင်းညီမင်းသားများ၊ မှူးမတ်များသည်လည်း လျှို့ရှိလျှို့ရဲ ဖြစ်နေကြ၏။

အခြေအနေဆိုးများ ဖြစ်ပေါ်နေသည့်တိုင် ဟန်ကျူးသည်
~~~~~~~

ဘာမှုသက်ဆိုင်ခြင်းမရှိသကဲ့သို့ သာယာလှပကာ စည်ကားသိုက်မြိုက်နေခြင်းဖြစ်လေသည်။

သူဌေးကြီးကျွန်းပိုသည် တိုင်းပြည်ရေးရာများကို မိတ်ဆွေများနှင့် ဆွေးနွေးရင်း မအားမလပ်ဖြစ်ကာ အိမ်၌နေချိန်နည်းသွား၏။

အားမုန်ကလည်း မည်သည့်နေရာ လျှောက်သွားနေသည် မသိပါ။

ကျွန်းသူဌေးအိမ်တော်၌ ကျွန်းတင့်ရီတစ်ယောက်တည်း ပျင်းရိနေတော့သည်။ သူ့တွင် ဘာမှုလုပ်စရာမရှိပေ။ အိပ်လိုလျှင်အိပ်၊ မအိပ်လျှင် စာဖတ်နေရုံသာ ရှိသည်။

ခါတိုင်းလို... စာဖတ်ခန်းသို့ဝင်ကာ စာဖတ်နေသော်လည်း စိတ်အာရုံက စာထဲမရှိဘဲ လွင့်ပျံ့နေ၏။ အတွေးများက လွင့်ပျံ့နေသည်။ ထို့ကြောင့် ချန်အန်းသို့ သွားရောက်လည်ပတ်စဉ် သိုင်းလောကသားများနှင့် ဆုံတွေ့ခဲ့ရပုံများကို ပြန်ပြောင်းတွေးတောစဉ်းစားနေမိလေတော့သည်။

အထူးသဖြင့် မမျှော်လင့်ဘဲ ဆုံတွေ့မိကာ သံယောဇဉ်ငြိတွယ်ခဲ့ရသော လျှိုချင်းအား အချိန်တိုင်းပင် သတိရနေမိလေတော့သည်။ လျှိုချင်းသည် ချစ်စရာကောင်းသည်။ ခန္ဓာကိုယ် အရျိုးအစားကလည်း ပြေပြစ်လှသည်။ မည်သည့်ယောကျ်ားကလေးမဆို သဘောကျမည်သာဖြစ်သည်။

တစ်နေ့...



လျှိုချင်းအကြောင်း ထိုင်ကာတွေးတောစဉ်းစားနေစဉ်မှာပင် အားမုန်က အပြေးအလွှားရောက်ရှိလာလေ၏။

"သခင်လေး... သခင်လေး... "

အားမုန်၏အသံကြောင့် ကျွန်းတင့်ရီ အတွေးပျက်သွားသည်။ သူ၏ရှေ့သို့ ရောက်လာသောအားမုန်ကို ငေါက်လိုက်သည်။

"အားမုန်... ဘာကြောင့် သည်လောက်တောင် ဆူဆူညံညံဖြစ်နေရတာလဲ... ဘာတွေ အရေးကြီးလာပြန်ပြီလဲ... "

အားမုန်မှာ အဆူခံလိုက်ရသော်လည်း မျက်နှာမချိုမချဉ်ဖြစ်နေ၏။

"သခင်လေးအတွက် သတင်းကောင်းလာပြောတာ... အင်း... သခင်လေး နားမထောင်ချင်ဘူးဆိုရင်လည်း... ကျွန်တော် မပြောတော့ပါဘူး... "

"ဘာကွ... "

"ကျွန်တော့်ကို ခွင့်ပြုပါဦး သခင်လေး... "

အားမုန်က ထွက်သွားရန် ဟန်ပြင်လိုက်သောအခါ... ကျွန်းတင့်ရီ ထိုင်ရာမှ စုန်ထကာ ဟန့်တားလိုက်လေသည်။

"ရပ်လိုက်စမ်း... ဖို့ကို လာပြီးအစလုပ်တယ်... ပြီးတော့... မပြောဘဲ ပြန်သွားချင်တယ်... ဘယ်ရမလဲ... မင်းမပြောရင် မင်းကို ငါသတ်မယ်... "

"ကျွန်တော်... "

"ပြောစမ်း... သတင်းကောင်းဆိုတာ ဘာလဲ... "

"ဟို... ဟို... "

အားမှုန်က ရယ်ကျဲကျဲလုပ်နေသဖြင့် ကျွန်းတင့်ရီ စိတ်ဆိုးသွားလေတော့သည်။

"အားမှုန်... မင်း ပြောမလား... မပြောဘူးလား... "

အားမှုန် ကပျာကယာ လက်ကာပြလိုက်သည်။

"ပြောပါ့မယ် သခင်လေးရယ်... ပြောပါ့မယ်... ကျွန်တော့် ဆရာချန်ရင်ဆက်ကို သိတယ်မဟုတ်လား... "

"အေး... သိတယ်... ဒါများ အဆန်းလုပ်လို့... "

"ဆရာဟာ လျို့ချွန်းဝါနဲ့ မိတ်ဆွေဖြစ်ကြတာလည်း... သခင်လေးသိမှာပေါ့... "

ကျွန်းတင့်ရီ စိတ်မရှည်နိုင်ဘဲ ဖြစ်သွားလေသည်။

"ဟာ... သည်ကောင် လိုရင်းကိုပြောစမ်း... လျှာရှည်မနေနဲ့"

"ဟဲ... ဟဲ... ပြောမှာပါ... ဆရာလျို့ချွန်းဝါတို့ဟာ... ရှိကျား တို့လူစုက ဟန်ကျူးအနီးပတ်ဝန်းကျင်မှာ လှုပ်ရှားနေတာကြောင့် လိုက်လာကြတယ်... ဝမ်ကျွန်းထိုက်ရဲ့ ကိစ္စက မပြီးပြတ်သေးဘူးလေ... အဲဒီကိစ္စကို သူတို့ဖြေရှင်းကြရဦးမယ်... "

"ဟင်... "

ကျွန်းတင့်ရီ စိတ်လှုပ်ရှားသွားလေတော့သည်။

သူကိုယ်တိုင်လည်း ရှိကျားကို ပြောခဲ့သည့်အတိုင်း ဝမ်ကျွန်းထိုက်၏ကိစ္စကို မဖြေရှင်းရသေးပါ... ။

ထို့ကြောင့် လျို့ချွန်းဝါက မနေနိုင်ဘဲ လှုပ်ရှားနေရခြင်းဖြစ်ကြောင်း နားလည်လိုက်သည်။

"သည်လောက် အရေးကြီးတဲ့ကိစ္စကို... ငါ ဘာကြောင့်မေ့နေရတာလဲ... ဖေဖေနဲ့တိုင်ပင်ပြီး အမြန်ဆုံးစီစဉ်မှဖြစ်မယ်... "

မိမိကိုယ်ကို အားမလို အားမရ ညည်းတွားလိုက်လေသည်။

အားမှုန်က ဆက်ပြောသည်။

"လျို့ချွန်းဝါက ကျွန်တော့်ဆရာကိုလည်း တတ်နိုင်သလောက် ကူညီဖို့ မေတ္တာရပ်ခံထားတယ်... ဝမ်းသာစရာကောင်းတာက... မမလေးလျို့ချင်းပါ လိုက်လာတာပဲ... "

"ဘာ... "

"မမလေးက... သခင်လေးကိုတောင် မေးသေးတယ်... "

"မင်း... မင်း... "

ကျွန်းတင့်ရီသည် ကြားလိုက်ရသော စကားများကို မယုံနိုင်အောင် ဖြစ်နေပါတော့သည်။

"အားမှုန်... မင်း ဘာတွေလျှောက်ပြောနေတာလဲ... "

"ကျွန်တော် တကယ်ပြောတာပါ သခင်လေးရဲ့... မမလေးလျို့ချင်းကတောင် သည်ကနေ့ သခင်လေးအားလပ်ရင် မြို့ပြင်တောအုပ်ကိုလာခဲ့ဖို့ မှာလိုက်သေးတယ်... "

ကျွန်းတင့်ရီ ပါးစပ်အဟောင်းသား ဖြစ်နေ၏။

အားမုန်က...

"ကျွန်တော်ပြောတာယုံပါ သခင်လေး... ဆရာ့ဆီကို... ကျွန်တော်သွားရင်း သူတို့နဲ့တွေ့ခဲ့ရတာ... သခင်လေးရဲ့အကြောင်းကို တောင်မေးသေးလို့... အကျိုးအကြောင်းပြောပြခဲ့ရသေးတယ်... ရွာကြီး အကောက်ကြီးချင်တာကို သိသွားကြလို့ ဒေါပွနေကြတယ်... ရွာကြီးကို မွှားခေါ်ထုတ်သွားတဲ့ သူတောင်းစားကြီးဟာ ခေတ္တလူမဟုတ်ဘူးလို့လည်း ဝေဖန်နေကြတယ်... "

ကျွန်းတင့်ရီက ရှေ့တိုးလိုက်သည်။

"အားမုန်... မင်းပြောတာ အမှန်တွေချည်းပဲနော်... "

"ဟာ... သခင်လေးကို ဘယ်နှစ်ခါလိမ်ပြောခဲ့ဖူးလို့လဲ... ကျွန်တော် အမှန်အတိုင်းပြောနေတာပါ... ခုချိန်ဆို မမလေးလျှိုချင်းဟာ မြို့ပြင်မှာစောင့်နေတော့မယ်... ကဲ... ကျွန်တော်ပြောတဲ့သတင်းဟာ ဝမ်းသာစရာမကောင်းဘူးလား... "

"တော်စမ်းပါကွာ... "

ကျွန်းတင့်ရီသည် ရုက်ကိုးရုက်ကန်းဖြင့် အော်ငေါက်ကာ ပြေးထွက်သွားတော့၏။

သူက လျှိုချင်းနှင့်တွေ့ရန် မြို့ပြင်သို့ သွားတော့မည်ဖြစ်ကြောင်း အားမုန် နားလည်ထား၏။

အဝတ်အစားပင်မလဲနိုင်ဘဲ အိမ်နေဝတ်ဖြင့် အူယားဖားယားထွက်သွားသော ကျွန်းတင့်ရီကိုကြည့်ရင်း ရယ်မောမိလိုက်လေသည်။



သူက လျှိုချင်းအား မကျေနပ်ခဲ့ပါ။

သို့သော်... ကျွန်းတင့်ရီက လျှိုချင်းအား စိတ်ဝင်စားနေမှန်း ရိပ်မိသဖြင့် မကျေနပ်စိတ်များပျောက်ကာ သူလည်း အလိုလိုသဘောကျလာလေတော့သည်။ အားမုန်သည် ကျွန်းတင့်ရီကို ချစ်လည်းချစ်သည်။ သစ္စာလည်း ရှိသည်။ ကျွန်းတင့်ရီအတွက်ဆိုလျှင် သူ့အသက်ကိုပင် စွန့်လွှတ်ရန် ဝန်မလေးပေ။

~~~~~~~

မြို့ပြင်တွင် သစ်ပင်ကြီးများ ဖုံးလွှမ်းလျက် စိမ်းစိမ်းနုနု ရှိနေပါသည်။

ကျွန်းတင့်ရီသည် မြို့ပြင်သို့ ရောက်ရှိလာပြီး အမောတကောရှာဖွေကြည့်လိုက်လေသည်။

ထိုအချိန်မှာပင်...

"ဘာများ လိုက်ရှာနေတာလဲရှင့်... "

ချို့လွင်သာယာသောအသံလေး နောက်ကျောဘက်မှ ထွက်ပေါ်လာသောအခါ ကျွန်းတင့်ရီ ကမူးကယာ လှည့်ကြည့်မိလိုက်လေသည်။

အစိမ်းရောင်ဝတ်စုံလေးနှင့် လှပနေသော လျှိုချင်းအား မလှမ်းမကမ်း၌ ရပ်နေသည်ကို တွေ့ရ၏။

"ညီမ... "
~~~~~~~

ကျန်းတင့်ရီ ဝမ်းသာအားရ ပြေးသွားရန် ဟန်ပြင်လိုက်ပြီးမှ ချက်ချင်းကိုယ်ရှိန်သတ်လိုက်၏။

မိန်းကလေးတစ်ယောက်ရှေ့၌ ဣန္ဒြေမရ ဖြစ်နေမိသည်ကို တွေးပြီး မျက်နှာနီသွား၏။ လျှိုချင်းကလည်း ထိုအဖြစ်ကို ရိပ်မိလေ၏။

လျှိုချင်းသည်လည်း ကျန်းတင့်ရီနှင့် ပြန်လည်ဆုံတွေ့လိုက်ရသဖြင့် ဝမ်းသာနေဟန်ရှိသည်။

"ကျွန်မတို့ ပြန်ဆုံကြပြီနော်... "

"ဟုတ်... ဟုတ်ပါတယ်... အစ်ကိုတို့ ပြန်ဆုံဖို့ကံပါပါတယ်... "

"ဟန်ကျူးရောက်ရင် အစ်ကို့ကို တွေ့ရနိုင်တာမို့... ဖေဖေနဲ့ အတူ... ကျွန်မ လိုက်လာခဲ့တာ... "

"ကျေး... ကျေးဇူးပါပဲ... "

ကျန်းတင့်ရီမှာ တုန်တုန်ယင်ယင် ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၍ လျှိုချင်း မျက်မှောင်ကုတ်သွားလေသည်။

"ဘာကို... ကျေးဇူးတင်တာလဲရှင့်... "

"ဟို... ဟို... "

လျှိုချင်း ပြုံးလိုက်သည်။

"ကျွန်မ... ရှင့်ကိုတွေ့ချင်နေတာ မေးစရာတစ်ခုရှိနေလို့ပါ ရှင်... "

"ဩော်... မေးပါ... မေးပါ... ဘာမဆို မေးလို့ရပါတယ်... "

ယခုမှ... ကျန်းတင့်ရီသည် ပုံမှန်အနေအထားသို့ ပြန်လည်



ရောက်ရှိသွားသည်။

ကျန်းတင့်ရီက ဆက်ပြောလိုက်၏။

"ဘာများ မေးချင်တယ်ဆိုတာ သိပါရစေလား... "

လျှိုချင်းက ကျန်းတင့်ရီအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီးမှ မေးလေသည်။

"ရှင့်ရဲ့အိမ်ဖော်ကပြောတယ်... ရှင်ဟာ သိုင်းပညာမတတ်ဘူးတဲ့... အဲဒါ တကယ်ပဲလား... "

ကျန်းတင့်ရီ ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ဗျာ... "

"ရှင်... တကယ်ပြောတာနော်... "

"မလိမ်ခဲ့ပါဘူး... တကယ်ပြောတာပါ... "

"ဒါဖြင့်... တည်းခိုခန်းမှာ ဖြစ်ပျက်ခဲ့တာကကော... "

ကျန်းတင့်ရီ ချက်ချင်းသဘောပေါက်သွားသည်။

သူ၏ခန္ဓာကိုယ်ထဲရှိ ကိန်းအောင်းနေသော ခွန်အားများကြောင့် သိုင်းပညာတတ်ထားသည့် လျှိုချင်းကိုပင် အဝေးသို့ လွင့်စဉ်သွားစေခဲ့သည်မဟုတ်ပါလား... ။

ထိုအချက်သည် သူ့အပေါ် လျှိုချင်း တအံ့တဩဖြစ်စေသည့် အချက်တစ်ခု ဖြစ်နေ၏။

ကျန်းတင့်ရီ သက်ပြင်းချလိုက်သည်။ သူသည် လျှိုချင်းအား ချစ်နေသူဖြစ်သည်။ လျှိုချင်းအပေါ်တွင် ဘာမှမဖုံးကွယ်လိုပေ။ ထိန်ချန်

ကွယ်ဝှက်ထားလိုစိတ် မရှိသဖြင့် မမျှော်လင့်ဘဲ ရေမြေဘုရင်အား စားသောက်ခဲ့ရကာ အတွင်းအားများ ရရှိခဲ့ပုံကို ပြောပြလိုက်သည်။

လျှိုချင်း တွေဝေသွား၏။

အတော်ကလေးကြာတော့မှ…

"အတော်ကို ထူးဆန်းတဲ့အဖြစ်ပဲ… ရှင်သာ ခုလိုမှင်ပြောမပြရင်… ကျွန်မ ယုံနိုင်မှာမဟုတ်ဘူး… သည်အတိုင်းဆို ရှင် သိုင်းပညာသင်ချင်တယ်ဆိုရင် မခဲယဉ်းတော့ဘူး… "

သူမက မှတ်ချက်ချလိုက်လေသည်။

ကျန်းတင်ရီက သိုင်းပညာသင်ကြားရန် ဝါသနာမပါကြောင်း ပြောမည်ပြုသော်လည်း လျှိုချင်းက ဆက်ပြောလာသဖြင့် သူ၏သဘောထားကို မပြောလိုက်ရတော့ချေ။

"ကျောက်ထပ်တောင်မှာ အတော်လေး စည်ကားလိမ့်မယ်… ပွဲကြီးပွဲကောင်းတွေလည်း တွေ့ရလိမ့်မယ်… ရှင် သွားဦးမယ်မဟုတ်လား… "

"ကျုပ်က… "

ယခုတစ်ကြိမ်လည်း ကျန်းတင်ရီမှာ သူ၏သဘောထားကို ပြောမပြလိုက်ရပါချေ။

အကြောင်းကား… မလှမ်းမကမ်းရှိ သစ်ပင်ချုံပုတ်များ ဝရုန်းသုန်းကား ဖြစ်သွားကာ လူတစ်ယောက် ပြေးလွှားလာသည်ကို တွေ့လိုက်သောကြောင့်ဖြစ်သည်။



ထိုလူကိုမြင်လျှင် ကျန်းတင်ရီတို့ ထိတ်လန့်သွားကြလေတော့သည်။

"ဟာ… နှီကျားပါလား… "

"ကျွန်မတို့ကို ဒုက္ခမပေးခဲ့ရလို့ မကျေမနပ်နဲ့ လိုက်လာတာ ထင်တယ်… "

လျှိုချင်းက ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်သော်လည်း သူမ၏ပညာဖြင့် နှီကျားအား ယှဉ်နိုင်မည်မဟုတ်ကြောင်း နားလည်ထားသည်။

သို့သော်…

နှီကျားသည် ဒုက္ခပေးရန် ရောက်လာခြင်းမဟုတ်ပေ။

ကျန်းတင်ရီအားတွေ့လျှင် ဝမ်းသာအားရ ဖြစ်သွားသည်။

"ကျန်းတင်ရီ… ကျုပ်ကို ကယ်ပါဦး… "

အော်ဟစ်အကူအညီ တောင်းလာလေသည်။

ယခုမှ… နှီကျားမှာ တစ်စုံတစ်ခုသော အန္တရာယ်ကို ကြောက်လန့်ကာ သွေးရူးသွေးတန်း ဖြစ်နေသည်ကို ကျန်းတင်ရီတို့ သတိပြုမိလိုက်ကြလေ၏။

နှီကျားသည် တစ်ဟုန်ထိုးပြေးလာပြီး ကျန်းတင်ရီ၏နောက်ကျောဘက်၌ ဝင်ရောက်ပုန်းကွယ်နေလိုက်သည်။ ဒူးများတဆတ်ဆတ်တုန်နေသကဲ့သို့ လွန်စွာလည်း မောဟိုက်နေသည်။

သိမ်းငှက်မည်းနှီကျားကဲ့သို့ လူဆိုးကြီးတစ်ယောက်အား

ကြောက်လန့်တကြားဖြစ်အောင် မည်သူက စွမ်းဆောင်ခဲ့ပါသနည်း... ။

ကျွန်းတင့်ရီက နှီကျားဘက်သို့ လှည့်မေးလိုက်၏။

"ခင်ဗျား... ဘယ်လိုဖြစ်နေတာလဲဗျ... "

"ဘာဖြစ်ရမလဲ... မင်းကြောင့်ပေါ့... "

"ဗျာ... "

"ငါ့ကို ဖမ်းပေးဖို့ လီကျိုရှောင်ကို မင်းက အကူအညီတောင်းခဲ့တယ်မဟုတ်လား... လီကျိုရှောင်က ငါ့နောက်ကို တကောက်ကောက်လိုက်နေတော့... စားဖို့အိပ်ဖို့တောင် အချိန်မပေးနိုင်ဘူး... တပြေးထဲပြေးနေရတယ်... မင်း ဘာကြောင့် ငါ့အပေါ် သည်လောက်တောင် ရက်စက်ချင်ရတာလဲ... "

"ဗျာ... "

ကျွန်းတင့်ရီမှာ နှီကျား၏စကားကို နားမလည်နိုင်အောင် ဖြစ်နေပါတော့သည်။

နှီကျားက ငိုမဲ့မဲ့ဖြင့် ပြောသည်။

"သူတောင်းစားကြီး လီကျိုရှောင်ဟာ... အလယ်ပိုင်းသိုင်းဝိဇ္ဇာလေးယောက်ထဲမှာ တစ်ယောက်အပါအဝင်ပဲကွ... သူ့ကို ငါက ဘယ်လိုလုပ်ပြီးယှဉ်နိုင်မှာလဲ... ငါ့ကို လိုက်ဖမ်းနေလို့ ခွေးပြေးဝက်ပြေး ပြေးနေရတယ်... အဲဒါ မင်းရဲ့လက်ချက်ပဲမဟုတ်လား... သူ့လက်ထဲမှာ မိသွားရင် အသေပဲကွ... ဘယ်လိုမှ သက်သာခွင့် မရနိုင်ဘူး... "

သူတောင်းစားကြီးဆိုမှ အဖြစ်အပျက်တစ်ခုကို ကျွန်းတင့်ရီ



ပြန်သတိရလိုက်မိလေ၏။

လွန်ခဲ့သောနှစ်ရက်က ဖြစ်သည်။

ကျွန်းတင့်ရီသည် ပျင်းပျင်းရှိသဖြင့် မြို့ထဲသို့ ထွက်လာခဲ့ရာ စားသောက်ဆိုင်တစ်ဆိုင်ရှေ့သို့ အရောက်တွင် လူအများ စုရုံး စုရုံးဖြစ်နေသည်ကို တွေ့ရသဖြင့် စိတ်ဝင်စားသွားပြီး ဝင်ကြည့်လိုက်ရာ ဆိုင်လုလင်များက သူတောင်းစားကြီးတစ်ယောက်အား ရိုက်မောင်း ပုတ်မောင်း ပြုလုပ်နေကြသည်ကို တွေ့မြင်လိုက်ရသည်။

ကျွန်းတင့်ရီက အကျိုးအကြောင်း မေးမြန်းစုံစမ်းကြည့်ရာ...

"သူက... ဆိုင်ထဲဝင်လာပြီး ခပ်တည်တည်နဲ့ မှာစားတယ်... ပြီးတော့... ပိုက်ဆံမပေးဘဲ ထွက်သွားတယ်... ဒီလိုလုပ်တာ သုံးလေးကြိမ်ရှိနေပြီ... ဒါကြောင့် ခုတစ်ကြိမ်တော့ မှတ်အောင်ဆုံးမနေရတာ... ဒါမှ... နောက် မလုပ်ရဲမှာ... "

ဆိုင်လုလင်များက ရှင်းပြကြသည်။

ကျွန်းတင့်ရီလည်း မနေနိုင်တော့ဘဲ သူတောင်းစားကြီး၏ ကျသင့်ငွေကို စိုက်ထုတ်ဖြေရှင်းပေးလိုက်လေသည်။

ကျွန်းတင့်ရီမှာ စိတ်အလွန်ကောင်းသူဖြစ်သည်။ သူ့နှလုံးသားသည် နူးညံ့လှသည်။

သူတောင်းစားကြီး ကျေးဇူးတင်သွား၏။

"မင်းကို... နှီကျား ဒုက္ခပေးနေတယ်မဟုတ်လား... ဘာမှ မပူနဲ့... နှီကျားကို ငါဖမ်းခေါ်လာခဲ့မယ်... မင်း ဆုံးမပေါ့... "

သူဖုန်းစားကြီး၏စကား ကြားရသောအခါ ကျန်းတင့်ရီ တအံ့တသြ ဖြစ်သွားရ၏။

သေသေချာချာ ကြည့်လိုက်တော့မှ... တစ်ချိန်က ရှိကျားအား ကြောက်ချင်ဟန်ဆောင်ကာ လှောင်ပြောင်ရင်း မှုားခေါ်ထုတ်သွားသည့် သူတောင်းစားဖြစ်ကြောင်း သူသိလိုက်ရသည်။

ထိုသူတောင်းစားကြီးမှာ သိုင်းပညာခေသူမဟုတ်**ကြောင်း** ထင်ရှားသော်လည်း ဆိုင်လုလင်များ၏ ထိုးကြိ**တ်ခြင်း၊ ခံရသည်**ကို မည်သို့မျှ နားမလည်နိုင်အောင် ဖြစ်ရသည်။

ထို့ကြောင့်... မေးမြန်းကြည့်သော**အခါ သူတောင်းစား**ကြီးက ရယ်မောပြောပြလေ၏။

"ငါက... သူဖုန်းစားဆိုတော့ တောင်းရမ်းစားသောက်ရမှာပေါ့... ခုတော့ ကိုယ့်သဘောနဲ့ကိုယ် ဆိုင်ထဲဝင် မှာကြား... စားသောက်ပြီး ပိုက်ဆံမပေးတော့... အရိုက်ခံရတာတောင် နည်းသေးတာပေါ့... သူတို့ကို ရန်မူတုံ့ပြန်မယ်ဆိုရင်... ဘယ်တရားပါ့မလဲ... ဒါကြောင့် ငြိမ်ခံနေတာပေါ့ကွာ... ငါ့မှာလည်း တရားတော့ ရှိပါသေးတယ်... "

ကျန်းတင့်ရီမှာ ထူးဆန်းသော သူတောင်းစားကြီးအား ဘယ်တော့မှ မေ့နိုင်တော့မည်မဟုတ်ချေ။

ယခု...

သူ ကူညီခဲ့သော သူတောင်းစားကြီးမှာ အလယ်ပိုင်းသိုင်းဝိဇ္ဇာလေးဦး၌ တစ်ဦးအပါအဝင်ဖြစ်နေ၏။ လီကျိုရှောင်ဟု အမည်တွင်



သည်။

စားသောက်ဆိုင်ရှေ့၌ ပြောခဲ့သည့်အတိုင်း ရှိကျားအား ဖမ်းဆီးပေးရန် ကြိုးစားနေပြီ ဖြစ်လေသည်။

သိုင်းပညာသင်ရန် စိတ်မပါသောကျန်းတင့်ရီမှာ သိုင်းလောကသားများနှင့်မှ ပတ်သက်နေရတော့သည်။ ဤသည်မှာ ထူးဆန်းလှသော လှူက်တရားပင် ဖြစ်ပါတော့သည်။

"အတော့်ကို အံ့သြစရာကောင်းတာပဲ... "

ကျန်းတင့်ရီ တီးတိုးရေရွတ်မိလိုက်၏။

ရှိကျားသည် ကြောက်လည်းကြောက်၊ ဒေါသလည်းထွက်နေဟန်ရှိသော်လည်း ကျန်းတင့်ရီအား လက်ဖျားနှင့်ပင်မတို့ရဲအောင် ဖြစ်နေ၏။

ထိုအချိန်တွင်...

"သိမ်းငှက်စုတ်... မင်း ဘယ်ပြေးမလဲ... "

အော်ငေါက်သံနှင့်အတူ သူတောင်းစားကြီးလီကျိုရှောင် ပြေးလွှားရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရတော့သည်။

~~~~~~~
~~~~~~~

## အခန်း [ ၁၇ ]

# ရေနစ်သူ ဝါးကူထိုးသူ

နှိုက်ျား ကြောက်လန့်နေသော... လီကျိုရှောင် ရောက်ရှိလာခဲ့လေပြီ။ နှိုကျားမှာ နေစရာမရှိတော့ပေ။

"ဒုက္ခပါပဲ... "

နှိုကျား ညည်းတွားလိုက်သည်။

ကျုန်းတင့်ရီ၏နောက်ကျောဘက်၌ ပုန်းကွယ်နေရသည်ကို မလုံခြုံဟု သူထင်နေပြီ မဟုတ်ပါလား... ။

"ဟိတ်... "

သူသည်... မြေပေါ်မြေဆောင့်ကာ ခုန်ထွက်သွားတော့၏။ ကိုယ်လွတ်ရုန်းပြေးဖို့ ကြိုးစားလိုက်ခြင်း ဖြစ်ပါသည်။ သို့သော်...



"မင်း... ပြေးလို့လွတ်မလား... ဒီလောက် နီးကပ်နေပြီးမှ လွတ်သွားရင် ငါ အသုံးမကျလို့ပေါ့ကွ... "

လီကျိုရှောင်၏ အော်ငေါက်သံနှင့်အတူ အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာ၏။

လီကျိုရှောင်သည် ငှက်ကြီးတစ်ကောင်ပမာ ပျံဝဲကာ နှိုကျား၏ရှေ့သို့ ရောက်သွားပြီး လမ်းပိတ်ထားလိုက်လေတော့သည်။

"ဟာ... "

နှိုကျား အထိတ်တလန့်အော်ကာ ထိုးဖောက်ရန်ကြိုးစားသည့်သဘောဖြင့်...

"ယား... "

ညာသံပေးရင်း လက်ဝါးစောင်းဖြင့် တိုက်ခိုက်လိုက်လေသည်။

"မင်း ဘာတတ်နိုင်မှာမို့လဲ... "

လီကျိုရှောင်က ခါးစည်းကြိုးကိုဖြုတ်ကာ ဝှေ့ယမ်းလိုက်လျှင် နှိုကျား၏လက်နှစ်ဖက်ကို ရစ်ပတ်တုတ်နှောင်ပြီးသား ဖြစ်သွားလေတော့သည်။

"လွှတ်... လွှတ်... ကျုပ်ကိုလွှတ်... "

နှိုကျား အကြောက်အကန် ရုန်းကန်လိုက်သော်လည်း မလွတ်မြောက်နိုင်ဘဲ အဖမ်းခံလိုက်ရလေတော့သည်။

သိုင်းလောက၌ သူ အဖမ်းခံရပုံမှာ တကယ်ရယ်စရာကောင်း

သည်။ လက်နှစ်ချောင်းပူးကြီးဖြင့် အတုတ်နှောင်ခံ အဖမ်းခံရခြင်း ဖြစ်သည်။

"ဟား... ဟား... ဟား... မင်း ဘာတတ်နိုင်သေးသလဲ... "

ရှီကျားအား အောင်မြင်စွာ ဖမ်းဆီးနိုင်လိုက်ခြင်းကြောင့် လီကျိုရှောင်က ကျေနပ်စွာ ရယ်မောလိုက်လေတော့သည်။

ရှီကျားကား မြေပေါ်ဒူးထောက်ထိုင်ချကာ မျက်နှာငယ်လေးဖြင့် တောင်းပန်လေ၏။

"ကျုပ်... ကျုပ်ကို ချမ်းသာပေးပါဗျာ... "

လီကျိုရှောင်က ဘာမှမပြောဘဲ လက်တစ်ဖက် ဆန့်ထုတ်ကာ ရှီကျား မလှုပ်နိုင်အောင် သွေးကြောပိတ်လိုက်၏။ တတွတ်တွတ် တောင်းပန်နေသော ရှီကျား၏အသံ ပျောက်ကွယ်သွားသောအခါ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

ကျန်းတင့်ရှိမှာ ရှီကျားအား ဖမ်းဆီးနိုင်ခဲ့သော်လည်း ဝမ်းမသာမိပါချေ။

တုံးဖန်းလိုင်၊ လေဗွေညီနောင်တို့နှင့် ပတ်သက်ပြီး သိကျွမ်းရင်းနှီးခဲ့ရသဖြင့် ကောင်းသည် မကောင်းသည်အပထား မိတ်ဆွေသူငယ်ချင်းတစ်ယောက်ပမာ သဘောထားမိ၏။

အကယ်၍... မိတ်ဆွေသူငယ်ချင်းအဖြစ် သဘောမထားသင့်ဟု ယူဆရသည့်တိုင် သိကျွမ်းဖူးခဲ့ခြင်းကြောင့် ဒုက္ခရောက်မည်ကို မတွေ့လိုပါချေ။ ဤကား ကျန်းတင့်ရှိ၏ စိတ်ကောင်းပင်တည်း။



သူသည်...

လီကျိုရှောင်အား တောင်းပန်ရန် ဟန်ပြင်လိုက်စဉ်...

"ဟား... ဟား... ဟား... "

လီကျိုရှောင်က ရယ်မောရင်း ရှေ့တိုးလာသည်။

"ရှီကျား... ငါက ကျန်းတင့်ရှိအတွက် မင်းနောက်ကို သဲကြီးမဲကြီးလိုက်နေတာ မဟုတ်ဘူးကွ... ငါမှာ တကယ်တမ်း တာဝန်ရှိနေတာက ကျူးပန်ရှင်းပဲ... ကျူးပန်ရှင်းဟာ ငါ့ရဲ့တူတော်တယ်... သူ့ရဲ့အမေဟာ ငါ့ရဲ့နှမဝမ်းကွဲတစ်ယောက်ပဲ... "

ကျူးပန်ရှင်းဟူသော အမည်ကြားလျှင် ချန်အန်း၌ တွေ့ဆုံရင်းနှီးခဲ့ရသည့် မင်းညီမင်းသားမျိုးရိုးမှ ဥပဓိရုပ်ကောင်းပြီး အသန့်အပြန့်ကြိုက်သော ကျူးပန်ရှင်းအား ဖျတ်ခနဲ သတိရလိုက်မိသည်။

"လက်စသတ်တော့... သူဟာ ကျူးပန်ရှင်းရဲ့ ဦးရီးတော် ဖြစ်နေတာကိုး... "

လီကျိုရှောင်က... ကျူးပန်ရှင်းအတွက် ရှီကျားအား မကျေမနပ်ဖြစ်ခြင်းသည်မည်သို့ အဓိပ္ပာယ်ဆောင်ပါသနည်း... ။

မကြာချေ။ သူ မကျေမနပ်ဖြစ်နေသည့်အကြောင်းကို သိရတော့သည်။

လီကျိုရှောင်က ရှီကျားအား မကျေမနပ်ကြည့်ကာ ပြောလိုက်သည်။

"ကျူးပန်ရှင်းဟာ မျိုးရိုးဂုဏ်သိက္ခာမြင့်မားတဲ့... မင်းညီမင်းသားတစ်ယောက်ကွ... မင်းတို့လို လူဆိုးဓားပြတွေနဲ့ ပတ်သက်တယ်ဆိုရင် ဘယ်လောက်သိက္ခာကျမလဲ... ဝမ်ကျန်းထိုက်ဆီက မင်းတို့လုယူလာတဲ့ငွေနဲ့ တုံးဖန်းလှိုင်က ကျွေးမွေးတာကို တစ်ဝိုင်းတည်းထိုင်ပြီး စားသောက်ခဲ့တယ်ဆိုရင်... သူလည်း ကြိုရာပါလို့ အပြောခံရတော့မယ်... မင်းတို့ကြောင့် နာမည်ပျက်ရောဖြစ်လာတာပဲ... "

ကျန်းတင့်ရီသည် မလုံမလဲဖြစ်သွား၏။ လီကျိုရှောင်ပြောသည့်အတိုင်းဆိုလျှင် သူလည်း ကြိုရာပါဖြစ်နေပြီမဟုတ်ပါလား... ။ ထို့ကြောင့်... ကျန်းတင့်ရီသည် ငြိမ်ကုတ်နေရလေ၏။

လီကျိုရှောင်က ခပ်ပြတ်ပြတ်ပြော၏။

"ဝမ်ကျန်းထိုက်ဆီက မင်းတို့လုယက်ခဲ့တာ... ကျူးပန်ရှင်းနဲ့မဆိုင်ဘူး... မင်းကို ဖမ်းပို့လိုက်မှ သည်ကိစ္စ ပြီးပြတ်လိမ့်မယ်... "

သူက လျှိုချင်းအား လှမ်းကြည့်လိုက်သည်။

"ကျုပ်က တရားခံဖမ်းပေးတာဆိုရင်... ဝမ်ကျန်းထိုက်နဲ့ လျှိုချွန်းဝါတို့ မျက်နှာပျက်စရာဖြစ်လိမ့်မယ်... မင်းတို့က ရှီကျားကို လျှိုချွန်းဝါဆီ ခေါ်သွားပါ... သူက ဖမ်းပို့ပြီး ဖြေရှင်းတယ်ဆိုတာ... အကောင်းဆုံးနည်းလမ်းဖြစ်လိမ့်မယ်... "

သူကိုယ်တိုင် ရှီကျားအား ဖမ်းဆီးခေါ်ဆောင်သွားကာ ဖြေရှင်းလျှင် ရသော်လည်း ဝမ်ကျန်းထိုက်အတွက် ကြိုးစားနေသော လျှိုချွန်းဝါကို အခွင့်အရေးပေးသည့်သဘောဖြစ်လေသည်။



ထို့နောက်...

"ငါသွားတော့မယ်... "

စကားဆုံးလျှင် ခန္ဓာကိုယ်တစ်ချက်လှုပ်ရှားလိုက်ရာ အဝေးသို့ရောက်ရှိကာ မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

လီကျိုရှောင် ထွက်သွားပြီဖြစ်သည်။

အမျိုးမျိုးဒုက္ခပေးနေသော ရှီကျားအား ဖမ်းဆီးနိုင်ခဲ့ပြီဖြစ်သည်။ ရက်စက်ပြီး ကောက်ကျစ်စဉ်းလဲသော ရှီကျားမှာ အဆိပ်မရှိသောမြွေတစ်ကောင်ပမာ ဖြစ်သွားသည်။

မြေပေါ်တွင် ဒူးထောက်လျက် မလှုပ်မယှက်ဖြစ်နေ၏။ သူ သွေးကြောပိတ်ခံထားရသည်မဟုတ်ပါလား... ။

လျှိုချင်း ဝမ်းသာသွားသည်။

"သူ့ကို လက်ရဖမ်းနိုင်ပြီဆိုတော့... ဦးလေးဝမ်ကျန်းထိုက်ကို ကြိမ်းသေ ကယ်တင်နိုင်တော့မှာပဲ... "

သူမသည် လီကျိုရှောင်ထွက်သွားရာဘက်သို့ မှန်းမျှော်ကာ ဦးညွှတ်လိုက်လေသည်။

"ဦးရဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးရှင်... "

ကျန်းတင့်ရီမှာ ရှီကျား၏အဖြစ်ကို စိတ်မကောင်းနိုင်ပါ။

"သူ့ကို နေပြည်တော် ပို့လိုက်မယ်ဆိုရင်... သေဒဏ်အပြစ်ပေးခံရမှာ ကျိန်းသေတယ်... ဒုက္ခပါပဲ... "

ဝမ်းသာနေသော လျှိုချင်းမှာ ကျန်းတင့်ရီ တွေဝေငေးမောနေ

သည်ကို တွေ့ရလျှင် အံ့ဩသွားလေသည်။

"အစ်ကို... ဘာဖြစ်လို့လဲဟင်... "

ကျွန်းတင့်ရီ သက်ပြင်းချလိုက်သည်။

"ကျုပ်မှာ အခက်အခဲတစ်ခုကြုံနေရလို့ပါ.. "

"ဟင်... ဘယ်လိုအခက်အခဲမျိုးလဲ... ကျွန်မကို ပြောပါဦး... "

ကျွန်းတင့်ရီက ရှိကျားအား ညွှန်ပြလိုက်သည်။

"သူဟာ... ကျုပ်ရဲ့အသက်ကို တစ်ကြိမ်ချမ်းသာပေးခဲ့ဖူးတယ်... အဲသည်ကျေးဇူးကြောင့် အခုအချိန်မှာ... သူ့အသက်ကို ချမ်းသာပေးသင့်တယ်... ဒါဟာ အစ်ကို့အတွက် အခက်အခဲဖြစ်နေတယ်... "

လျှိုချင်း ငိုင်သွားလေသည်။

ရှိကျား၏ အန္တရာယ်မှာ မသေးကြောင်း သူမနားလည်ထား၏။ ယခုကဲ့သို့ ရှိကျားအား ဖမ်းမိခြင်းမှာ လီကျိုရှောင်က ကူညီသွားခြင်းကြောင့်ဖြစ်သည်။ သို့မဟုတ်လျှင် မလွယ်ချေ။

"သူ့ကို လွှတ်ပေးလိုက်လျှင်... ဘယ်လောက်အန္တရာယ်များတယ်ဆိုတာ အစ်ကိုသိပါတယ်နော်... "

ကျွန်းတင့်ရီ ခေါင်းညိတ်လိုက်သည်။

"ဒါပေမဲ့... သူ့အတွက် အစ်ကိုတာဝန်ယူတယ်ဆိုရင်ကော... "

"ရှင်... "

"နောက်တော့... ညီမ ရှင်းသွားမှာပါ... အစ်ကို သူ့ကို လွှတ်ပေးလိုက်ချင်တယ်... ဒါဟာ အပြန်အလှန် ကျေးဇူးတရားပါ... "



ယခုတစ်ကြိမ် လျှိုချင်းသည် စဉ်းစားခြင်းပင်မပြုတော့ဘဲ သဘောတူလိုက်သည်။

"အင်းလေ... အစ်ကို့သဘောပါပဲ... "

သူမသည် မဟာရန်သူတော်ကြီးပမာ ဖြစ်နေသော ရှိကျား၏ ကိစ္စတွင် ကျွန်းတင့်ရီ၏ဆန္ဒကို လိုက်လျောခဲ့သဖြင့် ကျွန်းတင့်ရီအပေါ်၌ မည်သို့သဘောထားကြောင်း ထင်ရှားနေပါတော့သည်။

ကျွန်းတင့်ရီ ဝမ်းသာသွားသည်။

ရှိကျားနှင့် မျက်နှာချင်းဆိုင်လိုက်ပြီး အလေးအနက်ထားကာ ပြောလိုက်သည်။

"ရှိကျား... ကျုပ်မှာ ဘယ်လောက်အခက်အခဲကြုံရတယ်ဆိုတာ... ခင်ဗျား သိပါတယ်နော်... ကျုပ် ခင်ဗျားကို လွှတ်ပေးလိုက်မယ်... ခုချိန်ကစပြီး လျှိုမိသားစုကို ခင်ဗျား လုံးဝဒုက္ခမပေးပါနဲ့... "

ရှိကျား ဝမ်းသာသွားသည်။

"ညီလေး ကျွန်းတင့်ရီရယ်... မင်းကို ကျေးဇူးတင်လိုက်တာ ဘယ်လိုပြောရမှန်းတောင်မသိဘူး... စိတ်ချပါကွာ... လျှိုမိသားစုကို ဒုက္ခမပေးဘူးလို့ ကတိပေးပါတယ်... "

"ကောင်းပြီ... ခင်ဗျား ကတိတည်ပါစေ... "

ကျွန်းတင့်ရီက လျှိုချင်းအား မျက်ရိပ်ပြလိုက်သည်။

လျှိုချင်းလည်း ရှိကျားအား သွေးကြောဖွင့်ပေးလိုက်၏။

သွေးကြောပွင့်ကာ ခြေလက်များ လှုပ်ရှားလာနိုင်သည်နှင့်

နို့ကျားသည် ကျန်းတင့်ရီတို့ကို နှုတ်မဆက်နိုင်ဘဲ ဒရောသောပါး ထွက်ပြေးသွားလေတော့သည်။

~~~~~~~

ကျန်းတင့်ရီမှာ အိမ်သို့ ပြန်ရောက်လာသည်။

သူ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များအား ပြောပြကာ ဖခင်ကြီးအား အကူအညီတောင်းလိုက်သည်။

သူဌေးကြီးကျန်းပိုလည်း ကူညီဖြေရှင်းပေးရန် ဆုံးဖြတ်လိုက်လေသည်။ သူဌေးကြီးသည် သားဖြစ်သူအား လုံးဝယုံကြည်သည်။ ငွေဒင်္ဂါးသုံးသောင်းဆိုသည်မှာ ထိုအချိန်က အလွန်များပြားသော ငွေပမာဏဖြစ်သည်။

ကျန်းပိုကဲ့သို့သော သူဌေးကြီးတစ်ဦးပင် စဉ်းစားရသော ငွေပမာဏဖြစ်သည်။ သို့သော်... သူ ဆုံးဖြတ်လိုက်ပါသည်။

သူက အသက်အရွယ်ကြီးရင့်လာပြီဖြစ်၍ တရားစခန်းဝင်ရန် ဆုံးဖြတ်ထားသည်။ တရားစခန်းမဝင်ဖြစ်ခြင်းမှာ ကျန်းတင့်ရီအား စိတ်မချနိုင်၍သာ နေ့ရွှေ့ညရွှေ့ လုပ်နေခြင်းဖြစ်သည်။ ယခုတော့... ကျန်းတင့်ရီမှာ အရွယ်ရလာသကဲ့သို့ အတွေ့အကြုံများလည်း ရှိလာပြီဖြစ်သည်။
~~~~~~~

ချမ်းအန်းသို့ အပျော်ခရီးလွှတ်လိုက်သည်မှာလည်း ထိုရည်ရွယ်ချက်ပင်ဖြစ်သည်။

ဝမ်ကျုန်းထိုက်၏ကိစ္စကို ဖြေရှင်းပေးပြီးလျှင် ကျုန်းတင်ရိအတွက် မိတ်ဆွေကောင်းများ ရလာတော့မည်ဖြစ်သည်။

တဖြည်းဖြည်း စိတ်ချလာသည်နှင့် ကျုန်းတင်ရိအား ထားခဲ့ပြီး တရားစခန်းဝင်သွားတော့မည် ဖြစ်ပါသည်။

သူ၏ ကုန်ပစ္စည်းတချို့၊ ဆိုင်အချို့နှင့် အတွင်းပစ္စည်းအချို့တို့ကို ရောင်းချကာ ငွေဒင်္ဂါးသုံးသောင်းပြည့်အောင် စုဆောင်းလိုက်သည်။

ထို့နောက်... ဝမ်ကျုန်းထိုက်ကိစ္စအား ဖြေရှင်းရန် ကျုန်းတင်ရိနှင့် အားမုန်တို့အား နေပြည်တော်သို့ စေလွှတ်လိုက်လေတော့သည်။

တစ်ရက်... ။

နှစ်ရက်... ။

သုံးရက်... ။

ကျုန်းတင်ရိနှင့် အားမုန်တို့ ခရီးထွက်လာကြသောအခါ ချမ်းအန်းသို့ တော်တော်နှင့် ရောက်မလာနိုင်ချေ။

ဝမ်ကျုန်းထိုက်အား ကူညီလိုစိတ်ဖြင့် ခရီးပြင်းနှင်ခဲ့ကြ၍ ပင်ပန်းနွမ်းနယ်နေကြလေသည်။

ချမ်းအန်းအား လှမ်းပြီးမြင်တွေ့ရချိန်၌ လူတစ်စု မြင်းဒုန်းစိုင်းနှင်လာနေကြသည်ကို တွေ့မြင်လိုက်ရသည်။



ကျုန်းတင်ရိတို့သည် ကပျာကယာ လမ်းဘေးသို့ဆင်းကာ လမ်းဖယ်ပေးလိုက်ကြရသည်။

သို့သော်...

ထိုလူများမှာ ကျော်ဖြတ်မသွားဘဲ မလှမ်းမကမ်း၌ ရပ်တန့်သွားကြလေသည်။

ထိုလူများမှာ နေပြည်တော်မှ တပ်ဖွဲ့ဝင်များဖြစ်ကြသည်။

ခေါင်းဆောင်လာသူမှာ ကျုန်းတင်ရိကိုမြင်လျှင် ကျယ်လောင်စွာ အော်ပြောလိုက်သည်။

"ကျုန်းတင်ရို... မင်း ပြေးလို့မလွတ်တော့ဘူး... ဟား... ဟား ဟား... ကျုပ်တို့ အခန့်သင့် ဖမ်းမိတာပဲ... "

"ဗျာ... "

ကျုန်းတင်ရိ အံ့ဩသွားလေသည်။

"မပြေးနဲ့... မင်း ဘယ်လိုမှမလွတ်ဘူး... "

"ဝိုင်းထား... "

ချက်ချင်း ဝိုင်းရံထားခြင်း ခံလိုက်ရသည်။

"ဘယ်လိုဖြစ်တာလဲ... အခြေအနေကိုလည်း ပြောဦးမှပေါ့"

အားမုန်က အော်လိုက်သည်။

"ဟား... ဟား... ဟား... "

ခေါင်းဆောင်က ဟားတိုက်ရယ်မောလိုက်သည်။

"ကျုန်းတင်ရို... မင်းအကြောင်း ငါတို့သိထားပြီးပြီ... ဝမ်ကျုန်း

ထိုက်ဆီက ငွေဒင်္ဂါးတွေ လုယူသွားတဲ့ကိစ္စမှာ ရှိကျားတို့နဲ့အတူ… မင်းလည်းပါဝင်ပတ်သက်နေတယ်မဟုတ်လား… ဘာငြင်းဦးမလဲ… ”

“ခင်ဗျား… မတရားမပြောနဲ့… ”

ခေါင်းဆောင်က နှာခေါင်းရှုံ့လိုက်သည်။

“သည်ကောင့်ကို ဖမ်းလိုက်ကြစမ်း… ”

အားမှန် ဒေါပွသွားသည်။

“ကျုပ်ရဲ့ သခင်လေးကို မထိနဲ့… ”

အံကြိတ်ကာ ရင်ဆိုင်တိုက်ခိုက်ရန် ပြင်လိုက်၏။

ကျန်းတင့်ရီ ကပျာကယာ တားလိုက်သည်။

“အားမှန်… မလုပ်နဲ့… ထို့မှာ အပြစ်မှမရှိတာ ဖြေရှင်းလို့ရပါတယ်… တိုက်ခိုက်လိုက်မှ ပိုပြီး အပြစ်ကြီးသွားလိမ့်မယ်… မလုပ်နဲ့”

သူ၏ ဖျောင်းဖျပြောဆိုမှုကြောင့် အားမှန် စိတ်လျှော့လိုက်၏။ နောက်ဆုတ်ကာ မလှုပ်မယှက် ရပ်နေလိုက်သည်။

မြင်းသည်တော်များသည် ကျန်းတင့်ရီတို့အား ဝိုင်းရံထားလိုက်ကြပြီးလျှင်…

“သူတို့ကို ကြိုးတုတ်လိုက်ကြဟေ့… ”

ခေါင်းဆောင်က အမိန့်ပေးလိုက်၍ ကျန်းတင့်ရီတို့မှာ ဘာမှန်းညာမှန်းမသိဘဲ ကြိုးတုတ်အဖမ်းခံလိုက်ကြရတော့သည်။

ထိုအချိန်မှာပင်…

“ကျန်းတင့်ရီ… မင်း ဘာတတ်နိုင်သေးသလဲ… ”



လူတစ်ယောက်က ရယ်မောရင်း ရောက်ရှိလာလေသည်။

ထိုလူကား ဝမ်ပိုလော့ ဖြစ်ပါတော့သည်။

ကျန်းတင့်ရီမှာ ဝမ်းသာအားရဖြစ်ကာ လှမ်းပြီးအကူအညီတောင်းလိုက်လေသည်။

“ဝမ်ပိုလော့… ကျွန်တော့်ကို ကူညီပါဦးဗျ… ”

ဝမ်ပိုလော့သည် ထိုအခါကျမှ တဟားဟား အော်ဟစ်ရယ်မောလေတော့၏။

“ကျန်းတင့်ရီ… ကျုပ်က မင်းကို ကူညီမယ်ထင်လို့လား… ”

“ဟင်… ”

“ကျန်းတင့်ရီ… မင်းက တုံးဖန်းလိုင်တို့နဲ့ ပေါင်းသင်းနေတယ်မဟုတ်လား… အေး… ဒါကြောင့်… မင်းအဖေရဲ့ မျက်နှာကို မထောက်နိုင်တော့ဘူး… ထိုက်သင့်သလို အပြစ်ပေး အရေးယူရမှာပဲ… ”

ကျန်းတင့်ရီမှာ ရှေ့နေဆောင်မှ ထောင်လုံးလုံးကျလေတော့၏။

“ခင်… ခင်ဗျား… ”

ကျန်းတင့်ရီ ဒေါပွသွားသည်။

တိမ်ဖြူဂိုဏ်းမှ ဓားဘီလူးက နှောင့်ယှက်ခဲ့စဉ် တုံးဖန်းလိုင်၏ မြားတံဆိပ်ကြောင့် ဝမ်ပိုလော့ အသက်ချမ်းသာရာရခဲ့သည်မဟုတ်ပါလား။ ယခု… သူသည် ဤကျေးဇူးကို မထောက်ပေ။

တုံးဖန်းလိုင်အား ကျေးဇူးမတင်သည့်အပြင် အပြစ်မြင်နေသည်ကို နားမလည်နိုင်အောင် ဖြစ်သွားသည်။

ဝမ်ပိုလော့သည် နေပြည်တော်မှ သိုင်းလောကသားများအား မုန်းတီးသည့် မှူးမတ်များ၏ ဘက်တော်သားတစ်ယောက် ဖြစ်နေသည်ကို ကျွန်းတင့်ရီ မသိခဲ့ချေ။

ဝမ်ပိုလော့က လက်ဝှေ့ယမ်းပြလိုက်၏။

"ကျွန်းတင့်ရီ... မင်း ယောကျ်ားမဟုတ်ဘူးလား... လုပ်ရဲရင် ခံရဲရမှာပေါ့... မင်းဟာ တုံးဖန်းလှိုင်တို့... ရှိကျားတို့နဲ့ တစ်ဖွဲ့တည်းပဲ ဆိုတော့ နေပြည်တော်ကို အံတုသူအဖြစ်နဲ့ အပြစ်ပေး အရေးယူခံရတော့မယ်... ကဲ... သူ့ကို ဖမ်းခေါ်သွားကြပေတော့... "

မြင်းသည်တော်များသည် ကျွန်းတင့်ရီနှင့် အားမုန်တို့အား ဖမ်းဆီးခေါ်ဆောင်သွားလေတော့သည်။

စာစဉ်(၁)ပြီး၏

စာစဉ်(၂)ဆက်လက်ဖတ်ရှုပါ။

တက္ကသိုလ်နေလင်းအောင်

ခေတ်လူ
၁၁၉ပ